
ဤကျမ်းစာသည်

သောတုဇနတို့၏ အလိုဆန္ဒကို

ယုံကြည်စိတ်ချစွာ ပြည့်ဝစေအံ့။



အရှင်နန္ဒဝံသ(ဒွိပိဋကဓရ) သင်ကြားပို့ချသော ကျမ်းစာများ
ပထမငယ်တန်း + ပထမလတ်တန်း = ဇာတ်အဋ္ဌကထာပါဠိ + နိဿယ
ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူးကျမ်းနှင့် ပဋိသမ္ဘိဒါမဂ် ပုစ္ဆာ + အဖြေလွှာပေါင်းချုပ်
ရရှိမည်။

http://www.dhammadownload.com

(အောင်ပွဲဆင်)

# ပဋိသမ္ဘိဒါမဂ် ပုစ္ဆာ + အဖြေလွှာပေါင်းချုပ်

● ဓမ္မာစရိယ မြန်မာဂုဏ်ထူးတန်း ●



၁၃၂၃-ခုနှစ်မှ
၁၃၆၂-ခုနှစ်အထိ
ပုစ္ဆာ+အဖြေလွှာများ
ပါဝင်သည်။

အရှင်နန္ဒဝံသ(ဒွိပိဋကဓရ) သင်ကြားပို့ချသည်

ဓမ္မဒါန

http://www.dhammadownload.com

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့မှ
ကြီးမှူးကျင်းပသော

# ဓမ္မာစရိယစာမေးပွဲ

ဓမ္မာစရိယ မြန်မာဂုဏ်ထူးတန်းအတွက်

## ပဋိသမ္ဘိဒါမဂ် – ပုစ္ဆာ + အဖြေလွှာပေါင်းချုပ်

( ၁၃၂၃ – ခုနှစ် မှ ၁၃၆၂ – ခုနှစ်ထိ )

အရှင်နန္ဒဝံသ (ဒွိပိဋကဓရ) သင်ကြားပို့ချသည်။

ဓမ္မဒါန

http://www.dhammadownload.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | (၃၃/ ၂၀၀၂) (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | - | (၆၁/၂၀၀၂) (၁၁) |
| ကွန်ပျူတာစာစီ | – | ဦးချမ်းသာ (ဝိနယပါဠိပါရဂူ)<br>(မိသားစုကွန်ပျူတာ)<br>မြသီရိလမ်း၊ စစ်တောင်းလမ်း၊ ဒဂုံမြို့သစ်<br>(မြောက်ပိုင်း) ၅၈၀၇၂၈ |
| ထုတ်ဝေသူ | – | ဒေါ်ရွှေအိမ် (တိုင်လင်းစာပေ)<br>၈/၆၅၊ အုပ်စု ၃၊<br>အောင်သိဒ္ဓိလမ်း၊<br>အင်းစိန်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | ဦးဝင်းကြိုင်၊ (သိဒ္ဓိမြိုင်ပုံနှိပ်တိုက်)<br>အမှတ် ၁၃၃၊ ၃၄-လမ်း၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ဓမ္မဒါန |

http://www.dhammadownload.com

# ပဏာမ + ပဏ္ဏနာ

တုမရ သဗ္ဗညုတဗုဒ္ဓါ။

ဟောမြွက်ကြား တရားရွှေစာနှင့်၊

ထေရ်ဆရာ သံဃာတို့ကိုရယ်၊

ဦးချမွှန်စွာ။

သို့ပြီးခါ ကျမ်းစာတရား။

အပြီးကို ရေးသားမယ်ကွယ်၊

ဘေးကင်းစေသား။

ထိုမှတပါး ဤကျမ်းစာကို ။

ပို့ချသူ ဗိုလ်လူဆရာများနှင့်၊

စာသင်ပျို ထိုထိုရဟန်းရှင်တို့၊

ချမ်းသာစေလို။ ။

http://www.dhammadownload.com

# " နိဒါန်း "

ဓမ္မာစရိယ မြန်မာဂုဏ်ထူးတန်းကို အချိန်တိုတိုအတွင်းမှာ အလွယ်တကူ အောင်ပန်းကို ဆွတ်ခူးယူလိုကြသော အာဇာနည် နွယ်ဝင် အရှင်သူမြတ်တို့အတွက် အထောက်အကူဖြစ်စေရန် ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူးကျမ်းနှင့် ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူးတန်း - ပုစ္ဆာ+အဖြေလွှာ ပေါင်းချုပ်ကျမ်းတို့ကို ရေးသားခဲ့ ပါသည်။

ဤ"ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူးကျမ်းနှင့် ပဋိသမ္ဘိဒါမဂ်-မြန်မာဂုဏ်ထူးတန်း၊ ပုစ္ဆာ+အဖြေလွှာပေါင်းချုပ်ကျမ်း"တို့သည် ဓမ္မာစရိယဂုဏ်ထူးတန်းဝင် အာဇာနည် အရှင်မြတ်တို့အား စာမေးပွဲအောင်မြင်ရန် 'သိရီပဝရ ဓမ္မာစရိယ'ဟူသော ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်ကို ဆင်မြန်းနိုင်ရန်အတွက် အထောက်အကူ များစွာ ပြုလိမ့်မည်ဟု စာရေးသူ ယုံကြည်ပါသည်။

ထို့ကြောင့် ဤ "ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူးကျမ်းနှင့် ပဋိသမ္ဘိဒါမဂ်-မြန်မာဂုဏ်ထူးတန်း-ပုစ္ဆာ+အဖြေလွှာ ပေါင်းချုပ် ကျမ်း"တို့ကို စာမေးပွဲဝင် အရှင်သူမြတ်တို့က မိမိတို့၏ရှိရင်းစွဲ ကိုယ်ပိုင်စွမ်းအားကို ထုတ်သုံး၍ ဂရုတစိုက် လေ့လာမှတ်သားသွား ပါက "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ"ဟူသော ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်တော်ကို ဂုဏ်ယူဝင့်ကြွားစွာ ဆင်မြန်းနိုင်ပေလိမ့် မည်ဟု စာရေးသူသည် ရဲဝံ့စွာ တာဝန်ယူပါသည်။

http://www.dhammadownload.com

ဓမ္မာစရိယ ဂုဏ်ထူးတန်းဝင် အရှင်သူမြတ်တို့၏ နှလုံးအိမ်ဝယ် အထူးလိုအပ်နေသောကွက်လပ်ကို ဤ "ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူးကျမ်း နှင့် ပဋိသမ္ဘိဒါမဂ်-မြန်မာဂုဏ်ထူးတန်း-ပုစ္ဆာ+အဖြေလွှာ ပေါင်းချုပ်ကျမ်း" တို့ဖြင့် ဖြည့်ဆည်းပေးနိုင်သည့် အတွက် စာရေးသူအား အထူးဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

ဤကျမ်းစာ၌ အမှားတွေများ တစ်ချို့တစ်လေ တွေ့ရှိခဲ့ပါလျှင် စာရှုသူအရှင်သူမြတ်တို့သည် မေတ္တာစိတ်ထား၍ အမှားကိုအမှန် ပြင်ဆင်၍ လေ့လာမှတ်သားကြလျက် အောင်ပန်းကို အလွယ်တကူ ဆွတ်ခူးနိုင်ကြပါစေ။

သင်ကြားပို့ချသူ

အရှင်နန္ဒဝံသ (ဒွိပိဋကဓရ)

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ (ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး)

တိ + နိ ကျောင်းတိုက်။

မင်းကွန်းတောင်ရိုး။

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com

# မာတိကာ


| | | | စာမျက်နှာ |
|---|---|---|---|
| ၁၃၂၃ | – | ခုနှစ် ။ | ပုဆ္ဆာ + အဖြေလွှာ | ၁ |
| ၁၃၂၄ | – | ခုနှစ် ။ (၁) | ။ | ၆ |
| ၁၃၂၄ | – | ခုနှစ် ။ (၂) | ။ | ၁၁ |
| ၁၃၂၆ | – | ခုနှစ် ။ | ။ | ၁၅ |
| ၁၃၂၇ | – | ခုနှစ် ။ | ။ | ၂၀ |
| ၁၃၂၈ | – | ခုနှစ် ။ | ။ | ၂၄ |
| ၁၃၂၉ | – | ခုနှစ် ။ | ။ | ၃၀ |
| ၁၃၃၀ | – | ခုနှစ် ။ | ။ | ၃၆ |
| ၁၃၃၁ | – | ခုနှစ် ။ | ။ | ၄၁ |
| ၁၃၃၂ | – | ခုနှစ် ။ | ။ | ၄၆ |
| ၁၃၃၃ | – | ခုနှစ် ။ | ။ | ၅၁ |
| ၁၃၃၄ | – | ခုနှစ် ။ | ။ | ၅၄ |
| ၁၃၃၅ | – | ခုနှစ် ။ | ။ | ၆၀ |
| ၁၃၃၆ | – | ခုနှစ် ။ | ။ | ၆၄ |
| ၁၃၃၇ | – | ခုနှစ် ။ | ။ | ၆၉ |
| ၁၃၃၈ | – | ခုနှစ် ။ | ။ | ၇၄ |
| ၁၃၃၉ | – | ခုနှစ် ။ | ။ | ၇၈ |
| ၁၃၄၀ | – | ခုနှစ် ။ | ။ | ၈၃ |
| ၁၃၄၁ | – | ခုနှစ် ။ | ။ | ၈၈ |
| ၁၃၄၂ | – | ခုနှစ် ။ | ။ | ၉၂ |

http://www.dhammadownload.com

# မာတိကာ


| | | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၃၄၃ | – | ခုနှစ် ။ | ပုစ္ဆာ + အဖြေလွှာ | ၉၆ |
| ၁၃၄၄ | – | ခုနှစ် ။ | ။ | ၁၀၁ |
| ၁၃၄၅ | – | ခုနှစ် ။ | ။ | ၁၀၆ |
| ၁၃၄၆ | – | ခုနှစ် ။ | ။ | ၁၁၀ |
| ၁၃၄၇ | – | ခုနှစ် ။ | ။ | ၁၁၄ |
| ၁၃၄၈ | – | ခုနှစ် ။ | ။ | ၁၁၉ |
| ၁၃၅၀ | – | ခုနှစ် ။ (၁) | ။ | ၁၂၄ |
| ၁၃၅၀ | – | ခုနှစ် ။ (၂) | ။ | ၁၂၈ |
| ၁၃၅၁ | – | ခုနှစ် ။ | ။ | ၁၃၃ |
| ၁၃၅၂ | – | ခုနှစ် ။ | ။ | ၁၃၇ |
| ၁၃၅၃ | – | ခုနှစ် ။ | ။ | ၁၄၂ |
| ၁၃၅၄ | – | ခုနှစ် ။ | ။ | ၁၄၈ |
| ၁၃၅၅ | – | ခုနှစ် ။ | ။ | ၁၅၂ |
| ၁၃၅၆ | – | ခုနှစ် ။ | ။ | ၁၅၇ |
| ၁၃၅၇ | – | ခုနှစ် ။ | ။ | ၁၆၃ |
| ၁၃၅၉ | – | ခုနှစ် ။ | ။ | ၁၆၉ |
| ၁၃၆၀ | – | ခုနှစ် ။ | ။ | ၁၇၃ |
| ၁၃၆၁ | – | ခုနှစ် ။ | ။ | ၁၇၉ |
| ၁၃၆၂ | – | ခုနှစ် ။ | ။ | ၁၈၄ |


မာတိကာပြီး၏။

http://www.dhammadownload.com



# ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

# ဓမ္မာစရိယ စာမေးပွဲ

# ပဋိသမ္ဘိဒါမဂ္ဂပါဠိ အဋ္ဌကထာ မေးခွန်း

# ၁၃၂၃ -ခုနှစ်

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ(မွန်းတည့်၁၂-နာရီမှညနေ(၄)နာရီအထိ)

✤ ✤ ✤

**၁** ကထံ သုတ္တာန သံဝရေ ပညာ သီလမယေ ဉာဏံ၊ ပဉ္စသီလာနိ ပရိယန္တပါရိသုဒ္ဓိသီလံ အပရိယန္တပါရိသုဒ္ဓိလီလံ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ အပရာမဋ္ဌ ပါရိသုဒ္ဓိသီလံ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလန္တိ- ဟူသော ပါဠိဝါကျကို အတ္ထယောဇနာပါ။ (ပါ - ၄၁)

အဖြေ။ သုတ္တာန-နာကြား၍။ သံဝရေ-စောင့်စည်းခြင်း၌။ (ဇာတာ-ဖြစ်သော။) ပညာ-ပညာသည်။ သီလမယေ-သီလဖြင့်ပြီးသော။ ဉာဏံ-ဉာဏ်တော်သည်။ ကထံ ဟောတိ-အဘယ်သို့ဖြစ်သနည်း။ ဝါ-ကထံ- အဘယ်နည်း။ သီလာနိ-သီလတို့သည်။ ပရိယန္တပါရိသုဒ္ဓိသီလံ-အပိုင်းအခြားရှိသော လူ, သာမဏေတို့၏ စင်ကြယ်သောသီလ လည်းကောင်း။ အပရိယန္တပါရိသုဒ္ဓိသီလံ-အပိုင်းအခြားမရှိသော ရဟန်းတို့၏ စင်ကြယ်သော သီလ လည်းကောင်း၊ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ- ကလျာဏပုထုဇဉ်တို့၏ ပြည့်စုံစင်ကြယ်သောသီလလည်းကောင်း၊ အပရာမဋ္ဌပါရိသုဒ္ဓိသီလံ- သေက္ခပုဂ္ဂိုလ်တို့၏ အပြစ်တစ်စုံတစ်ခု သုံးသပ်ခြင်းမရှိ စင်ကြယ်သော သီလ လည်းကောင်း၊ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလံ-အပူအေးငြိမ်းသော ရဟန္တာပုဂ္ဂိုလ်စသည်တို့၏ စင်ကြယ်သောသီလလည်းကောင်း၊ ဣတိ-ဤသို့။ ပဉ္စ-ငါးပါးတို့တည်း။

http://www.dhammadownload.com



၂ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယာတိ ဧတ္ထ ယသ္မာ အယံ ဧတံ ဒုက္ခနိရောဓံ ဂစ္ဆတိ၊ အာရမ္မဏကရဏဝသေန တဒဘိမုခီဘူတတ္တာ၊ ပဋိပဒါ စ ဟောတိ ဒုက္ခနိရောဓပ္ပတ္တိယာ၊ တသ္မာ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ ဝုစ္စတိ- ဟူသော အဋ္ဌကထာဝါကျကို အတ္ထယောဇနာပေး။(ဌ - ၁/၅၁)

အဖြေ။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယာတိ ဧတ္ထ-၌။ ယသ္မာ-ကြောင့်။ အယံ-ဤအရဟတ္တမဂ်ဉာဏ်ကို။ ဧတံ ဒုက္ခနိရောဓံ-ထိုဆင်းရဲဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့။ အာရမ္မဏကရဏဝသေန-အာရုံပြုသောအားဖြင့်။ တဒဘိမုခီဘူတတ္တာ-ထိုဆင်းရဲဒုက္ခငြိမ်းရာနိဗ္ဗာန်သို့ ရှေးရှုဖြစ်သည်၏အဖြစ်ကြောင့်။ ဂစ္ဆတိ-သွား၏။ ဒုက္ခနိရောဓပ္ပတ္တိယာ-ဆင်းရဲဒုက္ခငြိမ်းရာနိဗ္ဗာန်သို့ရောက်ခြင်းငှာ။ ပဋိပဒါစ ကျင့်သည်လည်း။ ဟောတိ- ၏။ တသ္မာ-ကြောင့်။ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ-ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

၃ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလဟူသည် အဘယ်ပုဂ္ဂိုလ်တို့၏သီလပါနည်း၊ ပုဂ္ဂလသရုပ် ထုတ်ပြပါ။ (ပါ - ၄၁)

အဖြေ။ ရဟန္တာ, ပစ္စေကဗုဒ္ဓါ, မြတ်စွာဘုရားတို့၏ သီလသည် ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ မည်၏။

၄ အခြင်းအရာ(၅)မျိုးတို့ဖြင့် အဝိဇ္ဇာအပြစ်ဖြစ်သည်ဟုဆိုရာ အခြင်းအရာ (၅)မျိုးပြပါ။ (ပါ - ၄၁)

အဖြေ။ အနိစ္စအနက်သဘောအားဖြင့် အဝိဇ္ဇာ၏အပြစ် ဖြစ်၏။

ဒုက္ခအနက်သဘောအားဖြင့် အဝိဇ္ဇာ၏အပြစ် ဖြစ်၏။

အနတ္တအနက်သဘောအားဖြင့် အဝိဇ္ဇာ၏အပြစ် ဖြစ်၏။

ပူပန်သောသန္တာပ အနက်သဘောအားဖြင့် အဝိဇ္ဇာ၏အပြစ် ဖြစ်၏။

ဖောက်ပြန်သော ဝိပရိဏာမအနက်သဘောအားဖြင့်အဝိဇ္ဇာ အပြစ် ဖြစ်၏။

http://www.dhammadownload.com



၅ (၁) ပုစ္ဆာ သံဝရအရ သံဝရတရား (၅)ပါးကို ထုတ်ပြပါ။(ဋ -၁/၁၄)

အဖြေ။ သံဝရ တရား ၅-ပါးဟူသည်။
၁။ ပါတိမောက္ခသံဝရ
၂။ သတိသံဝရ
၃။ ဉာဏသံဝရ
၄။ ခန္တီသံဝရ
၅။ ဝီရိယသံဝရ တို့ဖြစ်ပါသည်။

၆ ပဋိစ္စသမုပ္ပါဒ်အကြောင်း ဒွါဒသကို ခြင်းရာနှစ်ဆယ်အသွယ်သွယ်ဖြင့် လေးဝယ်အစု သုံးခုအဒ္ဓါ သုံးဖြာသန္ဓိ လက်ာရှိကို မှတ်သိနောင်လာ များသူငါတို့ သိသာရှေ့ရှု ဆင်ခြင်မှုဖြင့် ဖြေပြမှတ်တမ်းတင်စမ်းပါလော့။ (ဋ - ၁/၂၂၄-၂၂၅)

အဖြေ။ <u>ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး ဟူသည်</u>
အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏတို့ဖြစ်ကြပါသည်။

<u>အခြင်းအရာ ၂၀-ဟူသည်</u>

* အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ-ဟူသောအတိတ်အကြောင်းငါးပါး။

* ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ-ဟူသောပစ္စုပ္ပန်အကျိုး ငါးပါး။

* တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ-ဟူသောပစ္စုပ္ပန်အကြောင်းငါးပါး။

* ဇာတိ, ဇရာ, မရဏ သဘောဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ-ဟူသော အနာဂတ်အကျိုးငါးပါး။ ပေါင်း ၂၀-ပါးဖြစ်သည်။

<u>အစုအလွှာ ၄-ပါးဟူသည်</u>

* အတိတ်အကြောင်း တစ်စုတစ်လွှာ၊

http://www.dhammadownload.com



* ပစ္စုပ္ပန်အကျိုး တစ်စုတစ်လွှာ၊
* ပစ္စုပ္ပန်အကြောင်း တစ်စုတစ်လွှာ၊
* အနာဂတ်အကျိုး တစ်စုတစ်လွှာ။

အခွန့် ၃-ပါးဟူသည်

* အဝိဇ္ဇာ၊ သင်္ခါရတို့သည် အတိတ်အခွန့်၊
* ဇာတိ ဇရာ မရဏတို့သည် အနာဂတ်အခွန့်၊
* ကြွင်းသော (၈)ပါးတို့သည် ပစ္စုပ္ပန်အခွန့်။

အစပ် ၃-ပါးဟူသည်

* အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတစ်စပ်။
* ပစ္စုပ္ပန်အကျိုးနှင့် အနာဂတ်အကြောင်းတစ်စပ်။
* ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။

**၇** နာမဠ္ဌ နာမမေတံ စတုဗ္ဗိဓံ သာမညနာမံ ဂုဏနာမံ ကိတ္တိမနာမံ ဩပပါတိကနာမန္တိ၌ သာမညနာမံ၏သဘောအဓိပ္ပါယ်ကို အဋ္ဌကထာစကားအရ ရှင်းပြပါ။ (ဠ - ၁/၂၇၇)

အဖြေ။ ကမ္ဘာအဦးအစတို့၌ လူအပေါင်းသည် သမုတ်၍ ထားအပ်သည်၏အဖြစ်ကြောင့် "မဟာသမ္မတ" ဟူသောမင်း၏အမည်သည် သာမညနာမံ မည်၏။

**၈** တန္တာကုလကဇာတာ၏အဓိပ္ပါယ်ကို အဋ္ဌကထာ လာသည့်အတိုင်း ဥပမာဆောင်၍ သိသာအောင် ရှင်းပြပါ။ (ဠ -၂/၁၇)

အဖြေ။ အထားအသိုမကောင်းသဖြင့် ကြွက်တို့ခဲအပ်သော ယက်ကန်းသည်တို့၏ ချည်သည် ထိုထိုအရပ်၌ ရှုပ်ထွေးလေ၏၊ "ဤကားအဖျား၊ ဤကားအရင်း" ဟူ၍ သိခြင်းငှာခဲယဉ်းသကဲ့သို့ ဤအတူသာလျှင် သတ္တဝါတို့သည် ပဋိစ္စသမုပ္ပါဒ်၌ ချွတ်ချော် ရှုပ်ထွေးနှောက်ယှက်ကုန်၏။ ပဋိစ္စသမုပ္ပါဒ်ကို ဖြောင့်မှန်စွာ ပြုခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ ၆၂-ပါးသောဒိဋ္ဌိ၏အစွမ်းဖြင့် ရှုပ်ထွေးခြင်းသည် 'တန္တာကုလကဇာတ'မည်၏။

http://www.dhammadownload.com



၉ သံဝေဂဝတ္ထု (၈)မျိုး သရုပ်ကို ထုတ်ပြပါ။ (၄ -၂/၁၄၅)

အဖြေ။ သံဝေဂဝတ္ထု ၈-ပါးဟူသည်
ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အပါယဒုက္ခ၊ အတီတေ ဝဋ္ဋမူလက ဒုက္ခ၊ အနာဂတေ ဝဋ္ဋမူလကဒုက္ခ၊ ပစ္စုပ္ပန်၌ အာဟာရကိုရှာဖွေရသော ဆင်းရဲဒုက္ခ။

၁၀ အဟောသိကမ္မံ၊ အဟောသိကမ္မဝိပါကဟူသည် အဘယ်နည်း ဖြေဆိုပါ။ (၄ -၂/၁၃၄-၅)

အဖြေ။ အတိတ်ဘဝတို့၌ ပြုအပ်သောကံ၏ အတိတ်ဘဝတို့၌သာလျှင် ရင့်ကျက်သော အကျိုးကိုယူ၍"အဟောသိကမ္မံ၊ အဟောသိကမ္မဝိပါကော"ဟူ၍ ဆို၏။

http://www.dhammadownload.com


## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၂၄ -ခုနှစ်၊

❶ အောက်ပါ ပါဠိတော်နှင့်အဋ္ဌကထာတို့ကို အနက်သမ္ဗန်ခဲ့ပါ။
ဝိတက္ကဝိပ္ဖါရဝသေန နာနတ္တေကတ္တသဒ္ဒနိမိတ္တာနံ ပရိယောဂါဟဏေ ပညာ သောတဓာတု ဝိသုဒ္ဓိဉာဏံ။ (ပါ - ၃)

အဖြေ။ ဝိတက္ကဝိပ္ဖာရဝသေန-ကြံစည်ခြင်းဝိတက် ပျံ့နှံ့သည်၏ အစွမ်းအားဖြင့်။ နာနတ္တေကတ္တသဒ္ဒနိမိတ္တာနံ-အထူး အထူးသဘောရှိသောအသံနိမိတ်, တစ်မျိုးတည်းသာ သဘောရှိသောအသံနိမိတ်တို့သို့။ ပရိယောဂါဟဏေ-သက်ဝင်ရာ၌။(ဇာတာ-ဖြစ်သော)ပညာ-သည်။ သောတ ဓာတုဝိသုဒ္ဓိဉာဏံ-မည်၏။

❷ ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနောတိ။ (ဋ္ဌ - ၁/၃၀)

အဖြေ။ ပဌမံ-ပဌမသတ္တာဟ၌။ ကလလံ-ကလလရုပ်သည်။ ဟောတိ-ဖြစ်တည်၏။ ကလလာ-ကလလရေကြည် အဖြစ်မှနောက်၌။ အဗ္ဗုဒံ-အမြှုပ်ပွက်သည်။ ဟောတိ-၏။ အဗ္ဗုဒါ-အမြှုပ်ပွက် အဖြစ်မှ နောက်၌။ ပေသိ-အသားတစ်သည်။ ဇာယတေ-ဖြစ်၏။ ပေသိ-အသားတစ်အဖြစ်မှနောက်၌။ ဃနော-မာမာခက်ခက် တစ်ခဲနက်သည်။ နိဗ္ဗတ္တတိ-ဖြစ်၏။

❸ ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုသောယောဂီပုဂ္ဂိုလ်သည် အဘယ်မျှလောက်သော လက္ခဏာတို့ကို အဘယ်သို့မြင်ပါသနည်း။ (ပါ - ၅၃)

အဖြေ။ ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုသောယောဂီသည် ငါးပါးကုန်သောလက္ခဏာတို့ကို မြင်၏။
"အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တို့ဖြစ်ခြင်းကြောင့်ရုပ်ဖြစ်၏" ဟူ၍ အကြောင်းဖြစ်ခြင်းဟူသော အနက်သဘောအားဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို မြင်၏။ (၄)
ဖြစ်ခြင်းနိဗ္ဗတ္တိ လက္ခဏာကို ရှုသော ယောဂီသည်လည်း ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို မြင်၏။ (၁)

http://www.dhammadownload.com



၄ အောက်ပါဉာဏ်တို့၏ အဓိပ္ပာယ်ကို ပါဠိတော်လာသည့်အတိုင်း အကျဉ်းမျှဖြေဆိုခဲ့ပါ။
(က) ဝိရိယာရမ္ဘဉာဏ် (ခ) အတ္ထသန္ဒဿနဉာဏ်
(ဂ) ဒဿနဝိသုဒ္ဓိဉာဏ်။ (ပါ - ၃၈၉)

အဖြေ။ (က) မဆုတ်မနစ်သော စိတ်ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိလျက် အားထုတ်ခြင်း သဘော၌ဖြစ်သော ပညာသည် ဝီရိယာရမ္ဘဉာဏ် မည်၏။
(ခ) အထူးထူးသောတရားတို့ကို ဟောတတ်သည်၏ အဖြစ်တည်းဟူသော ပညာသည် အတ္ထသန္ဒဿနဉာဏ် မည်၏။
(ဂ) ခပ်သိမ်းကုန်သောတရားတို့၏ တူသောအားဖြင့်ရေတွက်အပ်သည်၏အဖြစ်, အထူးထူးသော သဘော+တစ်မျိုးတည်းသောသဘောတို့ကို သိရာ၌ဖြစ်သောပညာ သည် ဒဿနဝိသုဒ္ဓိဉာဏ် မည်၏။

၅ အဘယ်ကြောင့် လူတို့သည် နာနတ္တကာယ နာနတ္တသညီ ဖြစ်၏ဟု အဋ္ဌကထာဆိုပါသနည်း။ (ဋ - ၁/၁၀၄)

အဖြေ။ အပိုင်းအခြားမရှိကုန်သော စကြာဝဠာတို့၌ အပိုင်းအခြားမရှိကုန်သော လူတို့၏ အဆင်း, သဏ္ဌာန်အစရှိသည်တို့၏အစွမ်းဖြင့် လူနှစ်ယောက်တို့သည် ချွတ်ချွတ်တူသည် မရှိ။ အဆင်း, သဏ္ဌာန်အားဖြင့် တူကြသော်လည်း ရှေ့တည့်တည့်ကြည့်ခြင်း, စောင်းငဲ့၍ကြည့်ခြင်းအစရှိသည် တို့ဖြင့် မတူကွဲပြားကြသည်သာဖြစ်သောကြောင့်လည်းကောင်း, လူတို့၏ပဋိသန္ဓေသညာသည်လည်း တိဟိတ်+ဒွိဟိတ်+အဟိတ်အားဖြင့် ကွဲပြားခြားနားကြသည်သာဖြစ်သောကြောင့်လည်းကောင်း လူတို့သည် နာနတ္တကာယ နာနတ္တသညီ ဖြစ်၏-ဟုအဋ္ဌကထာဆရာ ဆိုပါသည်။

http://www.dhammadownload.com



**၆** ဉာဏကထာ၌ ပဉ္စင်္ဂိကော သမာဓိ ဟုဟော်တော်မူရာ ပဉ္စင်္ဂိက အရဖော်ပြ၍၊ ၎င်းတို့၏အဓိပ္ပာယ်ကိုလည်း ဖြေဆိုခဲ့ပါ။ (၄ - ၁/၁၀၇)

အဖြေ။ ပဉ္စင်္ဂိက သမာဓိ-၌ ပဉ္စင်္ဂိကော-အရ-ဟူသည်
ပီတိဖရဏတာ၊ သုခဖရဏတာ၊ စေတောဖရဏတာ၊ အာလောက ဖရဏတာ၊ ပစ္စဝေက္ခဏနိမိတ်တို့ ဖြစ်ကြပါသည်။ (သမာဓိ-အရဟူသည်-စတုတ္ထဈာန်သမာဓိဖြစ်၏။)

ဝမ်းမြောက် ခြင်းပီတိကို ဖြန့်လျက်ဖြစ်ပေါ်လာသောကြောင့် နှစ်ပါးကုန်သောဈာန်တို့၌ ဖြစ်သောပညာသည် ပီတိဖရဏတာ-မည်၏။

ချမ်းသာသုခကို ဖြန့်လျက် ဖြစ်ပေါ်လာသောကြောင့် သုံးပါးကုန်သောဈာန်တို့၌ ဖြစ်သောပညာသည် သုခဖရဏတာ မည်၏။

သူတစ်ပါးတို့၏စိတ်ကို ဖြန့်လျက် ဖြစ်ပေါ်လာသောကြောင့် စေတောပရိယပညာသည် စေတောဖရဏတာ မည်၏။

အလင်းရောင်ကို ဖြန့်ကျက်လျက် ဖြစ်ပေါ်လာသောကြောင့် ဒိဗ္ဗစက္ခုပညာသည် အာလောကဖရဏတာ မည်၏။

ပစ္စဝေက္ခဏဉာဏ်သည် ပစ္စဝေက္ခဏနိမိတ် မည်၏။

**၇** သုတမယဉာဏနိဒ္ဒေသ၌ သမ္မာဝါစာ၏အခြားမဲ့၌ သမ္မာကမ္မန္တ၊ သမ္မာဝါစာ+သမ္မာကမ္မန္တတို့၏အခြားမဲ့၌ သမ္မာအာဇီဝကို ဟောတော်မူရခြင်းအကြောင်းကို ဖြေဆိုခဲ့ပါ။ (၄ - ၁/၁၅၁)

အဖြေ။ "ဤအမှု+ဤအမှုကို ငါတို့ပြုလုပ်ကြကုန်အံ့"ဟု ရှေးဦးစွာ နှုတ်ဖြင့်စီရင်၍ လောက၌ အမှုအလုပ်တို့ကို ပြုလုပ်အားထုတ်ကြသောကြောင့် နှုတ်ဝစီသည် ကာယကံအား အနီးဆုံးအကျိုးပြုတတ်၏။ ထို့ကြောင့် သမ္မာဝါစာ၏ အခြားမဲ့၌ သမ္မာကမ္မန္တကိုဟောတော်မူ၏။

ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးကို ပယ်စွန့်၍ နှစ်ပါးသောသုစရိုက်ကို ဖြည့်ဆည်းသောပုဂ္ဂိုလ်အားသာလျှင် အာဇီဝဋ္ဌမကသီလပြည့်စုံ၏။ တစ်ပါးသောပုဂ္ဂိုလ်အား မပြည့်စုံနိုင်၊ ထို့ကြောင့် သမ္မာဝါစာ+သမ္မာကမ္မန္တ နှစ်ပါးတို့၏ အခြားမဲ့၌ သမ္မာအာဇီဝကို ဟောတော်မူ၏။

http://www.dhammadownload.com



**၈** အဘယ်ပုဂ္ဂိုလ်တို့သည် ကာယာနုပဿီပုဂ္ဂိုလ်တို့မည်ပါသနည်း။ သုတမယဉာဏနိဒ္ဒေသ၌ အဋ္ဌကထာဆိုသည့်အတိုင်း ဖြေဆိုခဲ့ပါ။

(၄-၁/၁၆၅)

အဖြေ။ ဝိပဿနာနှင့်ယှဉ်သော ကာယာနုပဿနာသတိနှင့် ပြည့်စုံသော ဝိပဿကပုဂ္ဂိုလ်သည်လည်းကောင်း၊ ဝိပဿနာအားထုတ်ပြီး၍ အရိယမဂ်သို့ရောက်သော ပုဂ္ဂိုလ်၏ မဂ် ခဏ၌ မဂ်နှင့်ယှဉ်သော ကာယာနုပဿနာသတိနှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်သည်လည်းကောင်း ကာယာနုပဿီပုဂ္ဂိုလ် မည်၏။ ။

**၉** အောက်ပါ ကံတို့၏ ဇော စေတနာနှင့်ဝိပါက ကာလတို့ကို ဖြေဆိုခဲ့ပါ။

(က) ဒိဋ္ဌဓမ္မဝေဒနီယကမ္မ၊ (ခ) ဥပပဇ္ဇဝေဒနီယကမ္မ၊

(ဂ) အပရာပရိယဝေဒနီယကမ္မ။ (၄-၂/၁၇၆)

အဖြေ။ (က) ဇောဝနဝီထိ၌ ခုနှစ်ပါးကုန်သော စိတ်တို့တွင် ကုသိုလ်+အကုသိုလ် ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ ဤပစ္စုပ္ပန်ဘဝ အတ္တဘော၌ပင်လျှင် အကျိုးပေး၏။

(ခ) သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏။ ဤကံသည် အခြားမဲ့ဘဝ အတ္တဘော၌ အကျိုးပေး၏။

(ဂ) ပဌမဇော စေတနာနှင့် သတ္တမဇော စေတနာနှစ်ပါးတို့၏ အကြား၌ဖြစ်သော ငါးပါးသောဇော စေတနာသည် အပရာပရိယဝေဒနီယကံမည်၏။ ဤကံသည် အနာဂတ်ဘဝ၌ အခွင့်ရသော အခါတွင် အကျိုးပေး၏။ ။

(သံသရာမှာဖြစ်နေသမျှ အဟောသိကံ မဖြစ်၊)

http://www.dhammadownload.com



၁၀ ဧကံ သစ္စံ တီဟိ သစ္စေဟိ သင်္ဂဟိတံ ဟူဟောတော်မူရာ သင်္ဂဟိတဖြစ်ပုံကို အဋ္ဌကထာလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။ (၄ - ၂/၂၀၀)

အဖြေ။ ဒုက္ခသစ္စာတစ်ပါးကို သီးခြားအကုသိုလ်, ကုသိုလ်, အဗျာကတဖြစ်ကုန်သော သမုဒယ+မဂ္ဂ+နိရောဓသစ္စာတို့ဖြင့် သိမ်းဆည်းယူ၏။ ။

ကေစိဆရာတို့၏အလိုကား-

ဒုက္ခ+သမုဒယသစ္စာတို့ကို အကုသိုလ်အနက်သဘောရှိ သော သမုဒယသစ္စာဖြင့် သိမ်းဆည်းယူကုန်၏။ ဒုက္ခ+ မဂ္ဂသစ္စာတို့ကို ကုသိုလ်သဘောဖြစ်သော မဂ္ဂသစ္စာဖြင့် သိမ်းဆည်းယူကုန်၏။ ဒသာနဋ္ဌအားဖြင့် မသိမ်းဆည်းပါ။ ဒုက္ခ + နိရောဓသစ္စာတို့ကို အဗျာကတသဘောဖြစ်သော နိရောဓသစ္စာဖြင့် သိမ်းဆည်းယူကုန်၏။ (အသင်္ခတဋ္ဌ အားဖြင့် သိမ်းဆည်းယူသည်မဟုတ်)

[ကေစိဆရာအလို ကို ဗဟုသုတအဖြစ်ဖြင့် တင်ပြပါသည်။]

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၂၄-ခုနှစ်၊

၁။ ကမ္မံ လောကံ-ဟူသော ကံကို ကြိယာသုံးခုနှင့် ယှဉ်၍ ဖြင့်သင့်သောအနက်နှင့်တကွ အောက်ပါ ပါဠိတော်ကို အတ္ထယောဇနာ ခွဲပါ။
အတ္တဒမတ္ထတ္တံ ယထတ္ထံ အဘိသမ္ဗုဒ္ဓတ္တာ သော(ကမ္မံ လောကံ) ဩဘာသေတိ ဘာသေတိ ပဘာသေတိ။ (ပါ - ၁၇၃)

အဖြေ။ အတ္တဒမတ္ထတ္တံ-မိမိကို ဆုံးမခြင်းအကျိုးငှာ ယတတ္ထံ-မဖောက်မပြန် ဟုတ်မှန်စွာ။ အဘိသမ္ဗုဒ္ဓတ္တာ-ထိုးထွင်း၍ သိမြင်တော်မူသည်၏ အဖြစ်ကြောင့်။ သော-ထိုရဟန်း ရှင်လူပုဂ္ဂိုလ်သည် ကမ္မံလောကံ-၏ကာမာဝစရလောက ကို။ ဩဘာသေတိ-ထွန်းလင်းတောက်ပစေ၏။ ကမ္မံ လောကံ-၏ရူပါဝစရလောကကိုးဘာသေတိ-ထင်ရှား တောက်ပစေ၏။ ကမ္မံ လောကံ-၏အရူပါဝစရလောက ကို။ ပဘာသေတိ-မိမိ၏ ဉာဏ်အား ထင်ရှားပွင့်လင်း စေ၏။

၂။ သံဝိဇ္ဇမာနမှိ ဝိသုဒ္ဓဒဿနော၊ တဒန္ဝယံ နေတိ အတီတနာဂတေ။
သဗ္ဗေပိ သင်္ခါရဂတာ ပလောကိနော၊ ဥဿာဝဗိန္ဒူ သုရိယေဝ ဥဂ္ဂတေ။
(ဋ္ဌ - ၁/ ၂၄၁)

အဖြေ။ သံဝိဇ္ဇမာနမှိ-သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန်၏ အစွမ်းဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး၌။ ဝိသုဒ္ဓဒဿနော ဘင်ခဏ၌ ရှုသောအားဖြင့် စင်ကြယ်သော ဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ်သည်။ သူရိယေ-နေသည်။ ဥဂ္ဂတေ-တက်လတ်သည်ရှိသော်။ ဥဿာဝဗိန္ဒူ-နှင်းရည်ပေါက်သည်။ ပလောကိနော္ဝ-ပျက်စီးသကဲ့သို့။ အတီတနာဂတေ-အတိတ်ကာလအနာဂတ်ကာလ၌။ သဗ္ဗေပိ-ကုန်သော။ သင်္ခါရဂတာ-သင်္ခါရတရားအပေါင်းတို့သည်။ ပလောကိနော-ပျက်စီးကုန်၏။ ဣတိ-၏သို့။ တဒန္ဝယံ-ထိုပစ္စုပ္ပန်ခန္ဓာသို့ အစဉ်လိုက်သော ဉာဏ်ကို။ နေတိ-အတိတ်, အနာဂတ် ခန္ဓာသို့ ဆောင်၏။

http://www.dhammadownload.com



**၃** ဝယလက္ခဏဝိပဿနာဟူသည် အဘယ်သဘောအားဖြင့် ပိုင်းခြားမှတ်သားခြင်း၊ အဘယ်၌ ညွတ်ကိုင်းခြင်းပါနည်း။ (ပါ - ၅၆)

အဖြေ။ ဝယလက္ခဏဝိပဿနာ ဟူသည် မျက်မှောက်မြင်အပ် ပြီးသော အာရုံသို့ အစဉ်လိုက်သော အနုမာနဉာဏ်ဖြင့် နှစ်မျိုးလုံးသော အာရုံတို့ကို တူညီသည်ဟု ပိုင်းခြားမှတ်သားခြင်းဖြစ်၍ ဘင်ဟု ဆိုအပ်သော ချုပ်ခြင်း၌ စိတ်ဝင်စားသည်၏ အဖြစ်ဖြင့် ညွတ်ကိုင်းခြင်း ဖြစ်ပါသည်။

**၄** သမာဓိဝိပ္ဖါရိဒ္ဓိဟူသည် အဘယ်ပါနည်း၊ ထိုသမာဓိဝိပ္ဖါရိဒ္ဓိသည် အဘယ်ပုဂ္ဂိုလ်တို့အား ဖြစ်ပါသနည်း။ (ပါ - ၃၈၉)

အဖြေ။ ပဌမဈာန်ဖြင့် နီဝရဏတို့ကိုငင်း၊ ဒုတိယဈာန်ဖြင့် ဝိတက်ဝိစာရတို့ကိုငင်း၊ တတိယဈာန်ဖြင့် ပီတိကိုငင်း၊ စတုတ္ထဈာန်ဖြင့် သုခဒုက္ခတို့ကိုငင်း၊ အာကာသာနဉ္စာယတန သမာပတ်ဖြင့် ရူပသညာ, ပဋိဃသညာ, နာနတ္တသညာကိုငင်း၊ ဝိညာဏဉ္စာယတနသမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာ ကိုငင်း၊ အာကိဉ္စညာယတနသမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာ ကိုငင်း၊ နေဝသညာနာသညာယတနသမာပတ်ဖြင့်အာကိဉ္စညာယတနသညာ ကိုငင်း၊ ပယ်ခြင်းသဘောသည် ပြီးစီးပြည့်စုံသည်၏ အဖြစ်ကြောင့် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

ထိုသမာဓိဝိပ္ဖါရိဒ္ဓိသည် အရှင်သာရိပုတ္တရာ၊ အရှင် သဉ္ဇိဝ၊ အရှင်ခါဏုကောဏ္ဍည၊ ဥတ္တရာဥပါသိကာတို့နှင့် သာမာဝတီဥပါသိကာတို့အား ဖြစ်ပါသည်။

**၅** ခိဏာသဝရဟန်း၏ ပဋိသလ္လာန၌ နိဒ္ဒသဝတ္ထုဖြစ်ပုံကို ရေးခဲ့ပါ။ (၄ - ၁၊ ၆၈)

အဖြေ။ တစ်ယောက်အထည်းတည်း ကိန်းအောင်းခြင်း၌ ထက်သော ဆန္ဒရှိသော ရဟန္တာပုဂ္ဂိုလ်သည် ဆဲယ်နှစ်ရသောအခါ၌ ပရိနိဗ္ဗာန်ပြုလတ်သော် နောက်တစ်ဖန် ပဋိသန္ဓေမရှိတော့သဖြင့်

http://www.dhammadownload.com



တစ်ယောက်တည်းကိန်းအောင်းခြင်း၌ တစ်ဖန်ဆယ်နှစ်ပြန် မဖြစ်, ပြန်၍မရရှိနိုင်သောကြောင့် နိဒ္ဒသဝတ္ထု မည်၏။

၆ အောက်ပါပုဒ်တို့၏ ဖြစ်သင့်သောအဓိပ္ပါယ်ကို ဖြစ်သင့်သောမဂ် ပညာများနှင့်ယှဉ်တွဲ၍ ညွှန်ပြပါ။ (၄ - ၁၊ ၉၄)

ကေတ္တေ ပဋိဋ္ဌော တနုတ္တော။ ကေတ္တေ သဋ္ဌော တနုတ္တော။

အဖြေ။ တစ်ခုတည်းသော အာရုံ၌ ပြန်၍ ထွန်းလင်းသော အနက် သဘောသည် ကေတ္တေ ပဋိဋ္ဌော တနုတ္တ မည်၏။

တစ်ခုတည်းသော အာရုံ၌ ကောင်းစွာထွန်းလင်းသောအနက် သဘောသည် ကေတ္တေ သဋ္ဌော တနုတ္တ မည်၏။

အနာဂါမိမဂ်ပညာ၏အစွမ်းဖြင့် ပဋိဋ္ဌော တနု၌ကို မှတ်အပ်၏။

အရဟတ္တမဂ်ပညာ၏အစွမ်းဖြင့် သဋ္ဌော တနု၌ ကို မှတ်၏။

တစ်နည်းကား။

အရဟတ္တမဂ်ပညာ၏အစွမ်းဖြင့် ကေတ္တေပဋိဋ္ဌော တနု၌ ကိုမှတ်အပ်၏။

ဖိုလ်ပညာ၏အစွမ်းဖြင့် ကေတ္တေ သဋ္ဌော တနု၌ ကိုမှတ်အပ်၏။

၇ ဂေါတြဘူဉာဏ်ကိုဆိုလျှင် အဘယ်ကြောင့် အနုလောမဉာဏ်ကို ဆိုရာရောက်ပါသနည်း။ (၄ - ၁၊ ၉၇)

အဖြေ။ အနုလောမဉာဏ်ဖြင့် ဂေါတြဘူဉာဏ်သည် ပြီးစီးလေသော ကြောင့် ဂေါတြဘူဉာဏ်ကိုဆိုလျှင် အနုလောမဉာဏ်ကို ဆိုပြီး ရာရောက်ပါသည်။

၈ ခန္ဓာနံဘေဒေါ၊ ကဠေဝရာနံ နိက္ခေပေါ တို့၌ အဓိပ္ပါယ်ကို သက်ဆိုင်ရာဘုံများနှင့်ယှဉ်တွဲ၍ နှစ်နည်းမျှ ဖော်ပြပါ။

(၄ - ၁၊ ၁၄၁)

အဖြေ။ ခန္ဓာနံဘေဒေါ၊ ကဠေဝရာနံ နိက္ခေပေါ-အဓိပ္ပါယ် ပရမတ္ထအားဖြင့် ခန္ဓာတို့သည်သာ ပျက်စီးကုန်၏။ သတ္တဝါ

http://www.dhammadownload.com



တစ်ဦးတစ်ယောက်သေသည်မဟုတ်။ ခန္ဓာတို့သည် ပျက်စီးကုန်သော် သတ္တဝါသည် သေ၏။ ခန္ဓာတို့သည် ပျက်စီးကုန်သော် သတ္တဝါသည် သေ၏။ ခန္ဓာ ပျက်စီးခြင်းတို့၌ သေသည်ဟူ၍ ခေါ်ဆို၏။

စတုဝေါကာရ ပဉ္စဝေါကာရဘုံ၏အစွမ်းဖြင့် ခန္ဓာနံ ဘေဒေါ-ကိုမှတ်၏။ ဧကဝေါကာရဘုံ၏အစွမ်းဖြင့် ကဠေဝရဿ နိက္ခေပေါ-ကိုမှတ်အပ်၏။

တစ်နည်းကား (၁)-

စတုဝေါကာရဘုံ၏အစွမ်းဖြင့် ခန္ဓာနံ ဘေဒေါ-ကို မှတ်အပ်၏။ ပဉ္စဝေါကာရ, ဧကဝေါကာရဘုံ၏အစွမ်းဖြင့် ကဠေဝရဿ နိက္ခေပေါကို မှတ်အပ်၏။အကြောင်းကား--- ဘုံနှစ်ခုလုံးအပေါင်း၌လည်း ရူပကာယ-ဟု ဆိုအပ်သော အလောင်းသည် ဖြစ်သင့်သောကြောင့်တည်း။

တစ်နည်းကား (၂)-

စတုမဟာရာဇ်အစရှိသော ဘုံတို့၌လည်း ခန္ဓာတို့သည် ပျက်စီးကုန်ကြသည်သာ၊ တစ်စုံတစ်ခုကိုပစ်မချရ။ ထို့ကြောင့် ထိုစတုမဟာရာဇ်အစရှိကုန်သော ဘုံတို့၏အစွမ်းဖြင့် ခန္ဓာနံ ဘေဒေါ ခန္ဓာတို့ပျက်စီး၏။ လူအစရှိသည်တို့၌ ကဠေဝရဿ နိက္ခေပေါ-အလောင်းကို ပစ်ချရ၏။ ဤနေရာ၌ အလောင်းကို ပစ်ချမှုကို ပြုရသောကြောင့် သေခြင်းကို"ကဠေဝရဿ နိက္ခေပေါ"ဟု ဆိုရ၏။

(ကွင်းစကွင်းပိတ်မှာရှိသောအဓိပ္ပါယ်တို့သည် လေ့လာ မှတ်သားနိုင်ရန် အပြည့်အစုံ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။)

**၉** အာဒေဝ နှင့် ပရိဒေဝတို့၏အထူးကို ရေးခဲ့ပါ။ (၄ - ၁၊ ၁၄၃)

အဖြေ။ "ငါ၏သမီး၊ ငါ၏သား"ဟု ရည်ရွယ်၍ ရည်ရွယ်၍(ဝါ) ညွှန်ပြ၍ ညွှန်ပြ၍ ငိုကြွေးခြင်းသည် အာဒေဝ-မည်၏။ ထိုထိုဂုဏ်ကျေးဇူးကို ရေရွတ်၍ ရေရွတ်၍ ငိုကြွေးခြင်း သည် ပရိဒေဝ-မည်၏။ ဤကား အထူးတည်း။

http://www.dhammadownload.com



**၁၀** အဝိစိနိရယ်၌ ဝိစိ အန္တရံ ဆိဒ္ဒံ ဧတ္ထ နတ္ထိ ဟုဖွင့်ဆိုသည်ဖြစ်ရာ အဘယ်တို့၏ဆိဒ္ဒ မရှိပါသနည်း။

အဖြေ။ မီးကျီးမီးလျှံ, သတ္တဝါ, ဝေဒနာတို့၏(အကြားအပေါက်) ဆိဒ္ဒမရှိ။

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၂၆-ခုနှစ်၊

**၁** အောက်ပါ ပါဠိတော်ကို အဋ္ဌကထာနှင့်အညီ စသဒ္ဒါကို အဌာနပယုဇ်ကြံ လျက် အနက် ယောဇနာပါ။

ဒွီဟိ ဗလေဟိ သမန္နာဂတတ္တာ တယော စ သင်္ခါရာနံ ပဋိပ္ပဿဒ္ဓိယာ သောဠသဟိ ဉာဏစရိယာဟိ နဝဟိ သမာဓိစရိယာဟိ ဝသီဘာဝတာ ပညာ နိရောဓသမာပတ္တိယာ ဉာဏံ။

(ပါ - ၃)

အဖြေ။ ဒွီဟိ-နှစ်ပါးကုန်သော။ ဗလေဟိ-သမထဗလ, ဝိပဿနာဗလ တို့နှင့်။ သမန္နာဂတတ္တာစ- ပြည့်စုံသည်၏အဖြစ် ကြောင့်လည်း ကောင်း။ တယော+တိဏ္ဏံ-သုံးပါးကုန်သော။ သင်္ခါရာနံ-ကာယ, ဝစီ, စိတ္တသင်္ခါရတို့၏။ ပဋိပ္ပဿဒ္ဓိယာ စ-ချုပ်ငြိမ်းသော ကြောင့်လည်းကောင်း။ သောဠသဟိ-တစ်ဆယ့်ခြောက်ပါး ကုန်သော။ ဉာဏစရိယာဟိစ-ဉာဏစရိယတို့ဖြင့် လည်း ကောင်း။ နဝဟိ-ကိုးပါးကုန်သော။ သမာဓိစရိယာဟိစ-သမာဓိ စရိယတို့ဖြင့်လည်းကောင်း။ ဝသီဘာဝတာ-အဝါးဝစွာလေ့လာ ဆည်းပူးပြီးသည်ဖြစ်သော။ ပညာ-ပညာသည်။ နိရောဓသမာ ပတ္တိဉာဏံ-အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ နိရောဓသမာပတ် အကြောင်းဖြစ်သောဉာဏ် မည်၏။ ဝါ+နိရောဓ သမာပတ္တိ ဉာဏ် မည်၏။

**၂** အောက်ပါအဋ္ဌကထာပါဠိကို ဟိနိပါတ်၏ဖောတေတဗ္ဗတ္ထပေါ်အောင် အနက်ယောဇနာပါ။

တတ္ထ အဘိညာပညာတိ ဓမ္မာနံ ရုပ္ပနာဒိသဘာဝ ဝေန ဇာနနပညာ၊ သာ ဟိ သောဘနဋ္ဌေန အဘိသဒ္ဒေန "တေသံ တေသံ ဓမ္မာနံ သဘာဝဇာ နနဝသေန သောဘနံ ဇာနန"န္တိ ကတွာ အဘိညာတိ ဝုစ္စတိ။(၄ - ၁၃၃)

http://www.dhammadownload.com



အဖြေ။ တတ္ထ-ထို အဘိညာပညာ အစရှိသောပါဌ်တို့၌။ အဘိညာပညာတိ-အဘိညာပညာပုဒ်၏။ အတ္ထော-အနက်ကို။ ဧဝံ-ဤသို့။ ဝေဒိတဗ္ဗော-သိအပ်၏။ ဓမ္မာနံ-တရားဓမ္မ တို့၏။ ရုပ္ပနာဒိသဘာဝေန-ဖောက်ပြန်သော ရုပ္ပနအစရှိသောသဘော ဖြင့်။ ဇာနနပညာ-သိတတ်သောပညာသည်။ (အဘိညာပညာ-အဘိညာပညာမည်၏။)

ဟိ-ချဲ့၍ဆိုဦးအံ့။ သာ-ထိုပညာကို။ သောဘနဋ္ဌေန-တင့်တယ်သောအနက်ရှိသော။ အဘိသဒ္ဒေန-အဘိသဒ္ဒါဖြင့်။ "တေသံ တေသံ ဓမ္မာနံ- ထိုထိုတရားဓမ္မတို့၏။ သဘာဝဇာနနဝသေန-သဘောကိုသိသည်၏အစွမ်းဖြင့်။ သောဘနံ-ကောင်းသော။ ဇာနနံ-သိခြင်းတည်း"ဣတိ-ဤသို့။ ကတွာ-ပြု၍။ အဘိညာတိ-အဘိညာ-ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

**၃။** (၁) ပုစ္ဆာပါ ပါဠိတော်ဝယ် ဒွိဟိ တယောတို့၏ သရုပ်ကို ထုပ်ပြပြီးလျှင် ဝသိဘာဝတာ၌ ရသင့်သောဝသီတော် ၅ ပါးကိုလည်းရေတွက်ပြပါ။ (ပါ - ၉၅-၉၆)

အဖြေ။ ဒွိဟိ ဗလေဟိ-အရ-သမထဗလ၊ ဝိပဿနာဗလ။
တယော သင်္ခါရာနံ-အရ-ကာယ၊ ဝစီ၊ စိတ္တသင်္ခါရ။
ဝသီတော်- ၅-ပါး
အာဝဇ္ဇနဝသီတော်၊ သမာပဇ္ဇနဝသီတော်၊ အဓိဋ္ဌာနဝသီတော် ဝုဋ္ဌာနဝသီတော်၊ ပစ္စဝေက္ခဏဝသီတော်တို့ဖြစ်ကြပါသည်။

**၄။** အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေတို့သည်အဘယ်မျှသောဌာနတို့သို့ ရောက်ပါကုန်သနည်း။ ရောက်ရာဌာနတို့ကို အသီးသီး အာသွက္ခယညာဏနိဒ္ဒေသ ပါဠိတော်လာအတိုင်း ဖော်ပြပါ။ (ပါ - ၁၁၁)

အဖြေ။ အနညာတညဿာမီတိန္ဒြေသည် သောတာပတ္တိမဂ် တည်းဟူသော တစ်ခုတည်းသောဌာနသို့ ရောက်၏။

http://www.dhammadownload.com



အညိန္ဒြေသည် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိ ဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်-တည်းဟူသော ခြောက်ဌာနတို့သို့ ရောက်၏။

အညာတာဝိန္ဒြေသည် အရဟတ္တဖိုလ်တည်းဟူသော တစ်ခုတည်းသောဌာနသို့ ရောက်၏။

**၅** သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာဟူသော ဒေသနာတော်အရ အဘယ်ဘုံ၌ အဘယ် အာဟာရများရသည်ကို အဋ္ဌကထာလာတိုင်းဖော်ပြပါ။ (ဋ္ဌ - ၁၊ ၆၁)

အဖြေ။ ကာမဘုံ၌ မုချအားဖြင့် အာဟာရလေးပါး ရ၏။

အသညသတ်ကြဉ်သော ရူပ, အရူပဘုံတို့၌ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရ သုံးပါးရ၏။

အသညသတ်ဘုံ၌ ပစ္စယာဟာရ တစ်ပါး ရ၏။

**၆** ကသိဏာနိဒ္ဒေသလာ ကသိုဏ်း ၁၀ ပါးတွင် ဝိညာဏကသိုဏ်းအရ ယူသင့်သောဝိညာဏ်ကို အဋ္ဌကထာညွှန်ပြတိုင်း ကောက်ပြ၍ မဏ္ဍလကသိုဏ်း နိမိတ္တကသိုဏ်း ဈာနကသိုဏ်း ၃ ပါးတို့တွင် ဤ၌လိုအပ်သော ကသိုဏ်းကိုလည်း ဖော်ပြပါ။ (ဋ္ဌ - ၁၊ ၇၅)

အဖြေ။ ဝိညာဏကသိဏ်-အရ-

အာကာသာနဉ္စာယတနဝိညာဏ်၊ ထိုအာကာသာနဉ္စာယတနကိုအာရုံပြုသော ဝိညာဏဉ္စာယတန-တို့ကို ရ၏။

မဏ္ဍလကသိုဏ်း၊ နိမိတ္တကသိုဏ်း၊ ဈာနကသိုဏ်း သုံးပါးတို့တွင် ဤ၌ ဈာနကသိုဏ်းကို အလိုရှိ၏။

**၇** (၁) ပုစ္ဆာပါ ပါဠိဝယ် နဝဟိ သမာဓိစရိယာဟိ၌ နဝသရုပ်ကို သိသာရုံပြ၍အဘယ်ကြောင့် ဗလ စရိယဟု အသီးသီးခေါ်ဆိုရပါသနည်း၊ အဋ္ဌကထာလာတိုင်း ဖော်ပြခဲ့ပါ။ (ဋ္ဌ - ၁၊၂၈၄)

http://www.dhammadownload.com



အဖြေ။ နဝဟိ သမာဓိစရိယာဟိ-၌ နဝ-သရုပ်
ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ၄-ပါး
အရူပါဝစရ ဈာန် ၄-ပါး။
ပဥ္စမဈာန် အစရှိသည်တို့ကို ရခြင်းငှာ အလုံးစုံသောဈာန်၌
ဥပစာရဈာန်၏အစွမ်းဖြင့် ၁-ပါး။ ပေါင်း ၉-ပါး ဖြစ်သည်။
ထိုဈာန် ၉-ပါးတို့သည် မတုန်မလှုပ်သော အနက်သဘော
ကြောင့် ဗလ-ဟုခေါ်ဆို၏။
အဝါးဝစွာလေ့လာ ဆည်းပူးပြီးသော ဝသီဘောဟူသောအနက်
သဘောကြောင့် စရိယ-ဟုခေါ်ဆို၏။

**၈** နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ် မဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကို ခွဲပြပြီးလျှင် ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့သည်လည်း အဘယ်ဘုံသားများ ဖြစ်သည်ဟုအကြောင်းနှင့်တကွဖော်ပြခဲ့ပါ။ (၄ - ၁၊၂၈၆၊ ၂၈၉)

အဖြေ။ နိရောဓသမာပတ်ကိုဝင်စားနိုင်သောပုဂ္ဂိုလ်-
သမာပတ်ရှစ်ပါးရရှိပြီးသော အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်
တို့ဖြစ်ပါသည်။
နိရောဓသမာပတ် မဝင်စားနိုင်သောပုဂ္ဂိုလ်-ပုထုဇဉ်အားလုံး၊
သောတာပန်၊ သကဒါဂါမ်၊ သုက္ခဝိပဿက အနာဂါမ် ရဟန္တာ
ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။
[စတုဝေါကာရဘုံ၌ ပထမဈာန်စသည်တို့၏ ဖြစ်ခြင်းမရှိသော ကြောင့်၊
သမာပတ်မဝင်စားနိုင်ပါ။]

**၉** ကောဗိဇ် ကောလံကောလ သတ္တက္ခတ္တုပရမဟူ၍ သောတာပန်အမျိုးအစား ၃ပါး ခွဲဝေတော်မူရာဝယ် အဘယ်ဘုံ၏အစွမ်းအားဖြင့် ပိုင်းခြားတော်မူပါသနည်း၊ ၇ကြိမ်ထက် အလွန် ပဋိသန္ဓေနေနိုင်သောတာပန် ရှိ/မရှိကိုလည်း ဖော်ပြပါ။ (၄ - ၂၊ ၆၇)

အဖြေ။ ကောဗိဇ်၊ ကောလံကောလ၊ သတ္တက္ခတ္တုပရမ ဟူသော
သောတာပန်အမျိုးအစား သုံးပါးတို့သည် ကာမဘုံ၏ အစွမ်း
ဖြင့် ပိုင်းခြား၍ဆိုထားပါသည်။

http://www.dhammadownload.com



ရူပဘုံ၊ အရူပဘုံ၌ကား ခုနစ်အကြိမ်အထက်, အကြိမ်များစွာလည်း ပဋိသန္ဓေနေနိုင်သော သောတာပန်ရှိပါသည်။
[မှတ်ချက်။ ။ ကေဝိဖိအစရှိသော သောတာပန်နာမည် သုံးမျိုးတို့ကို ဂုဏ်သတ္တဝါတို့၏ ပြုခဲ့သောရှေးကောင်းမှုနှင့် အညီ တိက္ခပညာ၊ မဇ္ဈိမပညာ၊ မုဒုပညာ အစွမ်းဖြင့် ဘုရားရှင်က မှည့်ခေါ်၍ ဟောကြားခဲ့ပါသည်။]

၁၀ ဘုရားရှင်သည် တရားကိုသာ ဟောတော်မူသင့်ပါလျက် ဟော်တော်မမူသေးဘဲ အဘယ်အကျိုးငှါ ဘိက္ခဝေ ဘိက္ခဝေါစသည်ဖြင့် အာလုပ်ပုဒ်ထုတ်၍ ရဟန်းတော်တို့ကို ခေါ်တော်မူပါသနည်း။(ဒ္ဓ - ၂၊ ၁၃၀-၁၃၁)

အဖြေ။ ဘုရားရှင်သည် ရဟန်းတို့အား သတိတရား ဖြစ်စေခြင်း အကျိုးငှာ တရားမဟောခင် ရှေးဦးစွာ ဘိက္ခဝေ၊ ဘိက္ခဝေါ-ဟု အာလုပ်ပုဒ်ထုတ်၍ ရဟန်းတို့ကို ခေါ်တော်မူပါသည်။
[မှန်၏။ ပရိသာတ်၌ ရဟန်းတို့သည် အခြားအကြောင်းအရာကို စဉ်းစားကြကုန်၍လည်းကောင်း, စိတ်ကပျံ့ လွင့်ကြကုန်၍လည်းကောင်း တရားကို ဆင်ခြင်နေကြ ကုန်၍လည်းကောင်း၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းနေကြကုန်၍လည်းကောင်း ထိုင်နေကြကုန်၏။ ထိုရဟန်းတို့ကို မခေါ်မူ၍ တရားကို ဟောတော်မူသော် "ဤဒေသနာသည် အဘယ်နိဒါန်းနည်း၊ အဘယ်အကြောင်းပစ္စည်းနည်း၊ အဘယ်အတ္ထုပ္ပတ်ဖြင့် ဟောကြားတော်မူပါသနည်း"ဟု မှတ်သားခြင်းငှာ မစွမ်းနိုင်ကြသည်ဖြစ်၍ စိတ်ပြန့်လွင့်ခြင်းသို့ ရောက်ကုန်ရာ၏။ မကောင်းစွာလည်း မှတ်ယူကြကုန်ရာ၏။ ထို့ကြောင့် ထိုရဟန်းတို့အား သတိဖြစ်စေခြင်းအကျိုးငှာ ဘုရားရှင်သည် ရှေးဦးစွာ ရဟန်းကို ခေါ်ဆို၍ နောက်မှ တရားကို ဟောတော်မူ၏]

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၂၇-ခုနှစ်၊

❶ အောက်ပါ ပါဠိတော်ကို ပဋိသင်္ခါ-၌ သဒ္ဒတ္ထ + အဓိပ္ပါယတ္ထ ထင်စေလျက် တသဒ္ဒ၏အနိယတ်ကို ထည့်စွက်၍ အနက်ယောဇနာပါ။
ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပ ဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။ (ပါ - ၅၅)

အဖြေ။ ရူပါရမ္မဏတာ-ရူပါရုံဖြစ်သော၊ ဝါ-ရူပါရုံအဖြစ်၌။ စိတ္တံ-သမ္ပယုတ်စိတ်သည်။ ဥပ္ပဇ္ဇိတွာ-ဖြစ်၍။ ဘိဇ္ဇတိ-ပျက်၏။ ယေန စိတ္တေန-အကြင်စိတ်ဖြင့်၊ [အနိယတ်ထည့်] တံ အာရမ္မဏံ-ထိုရူပါရုံကို။ ပဋိသင်္ခါ+ပဋိသင်္ခါယ-သိ၍။ [သဒ္ဒတ္ထ]။ ဝါ-ပျက်ခြင်းအားဖြင့် မြင်၍။[အဓိပ္ပါယတ္ထ]။ တဿ စိတ္တဿ-ထို[အခြားသော]စိတ်ဖြင့်။ ဘင်္ဂံ-ပျက်စီး ခြင်းကို။ အနုပဿတိ-အဖန်ဖန်ရှု၏။ ။

❷ အောက်ပါ အဋ္ဌကထာပါဌ်ကို အနက်ယောဇနာပါ။
အဿာသပဋိကင်္ခနာ နိကန္တိတဏှာစရိယာတိ နာသိကာဝါတာယတ္တမိဒံ ကမ္မဋ္ဌာနန္တိ သလ္လက္ခေတွာ ဩဠာရိကောဠာရိကဿ အဿာသဿ ပတ္ထနာသင်္ခါတာ နိကာမနာဝေ တဏှာ ပဝတ္တတိ၊ တဏှာပဝတ္တိယာ သတိ ဓေတ္တော အသဏ္ဌဟနတော သမာဓိဿ ပရိပန္ထော။(ဋ္ဌ - ၂၇၂)

အဖြေ။ အဿာသပဋိကင်္ခနာ နိကန္တိတဏှာစရိယာတိ ဧတ္ထ-အဿာသပဋိကင်္ခနာနိကန္တိတဏှာစရိယာဟူသော ဤပါဌ်၌။ အတ္ထော-အနက်သည်။ ဧဝံ-ဤသို့၊ ဟောတိ-၏။ ဣဒံ ကမ္မဋ္ဌာနံ-ဤကမ္မဋ္ဌာန်သည်။ နာသိကာဝါတာယတ္တံ -နှာခေါင်းလေနှင့်ဆက်စပ်၏။ ဣတိ-သို့။ သလ္လက္ခေတွာ-မှတ်သား၍။ ဩဠာရိကောဠာရိကဿ-ရုန့်ရင်းရုန့်ရင်း သော။ အဿာသဿ-ဝင်လေ၏။ ဝါ-ဝင်လေကို။ ပတ္ထနာသင်္ခါတာ-တောင့်တသည်ဟုဆိုအပ်သော။ နိကာမနာ ဧဝ-အလိုရှိအပ် သည်သာလျှင် ဖြစ်သော။ တဏှာပဝတ္တိ-တပ်မက်မှုတဏှာ အလေ့အကျင့်အဖြစ်သည်။ ဟောတိ-ဖြစ်၏။ တဏှာ ပဝတ္တိယာ-

http://www.dhammadownload.com



တပ်မက်မှုတဏှာ ဖြစ်သည်။ သတိ-ရှိသော်။ ကေတွေ-တစ်ခုတည်းသော အာရုံ၌။ အသမ္မောဟနတော-မတည်သော ကြောင့်၊ သမာဓိဿ-သမာဓိ၏။ ပရိပန္ထော-အန္တရာယ်အယှက် ရန်သူဆန့်ကျင်ဘက်သည်။ ဟောတိ-၏။

၃ (၁) နံပါတ်ပုစ္ဆာ ပါဠိတော်၌ အနုပဿတိဟု ဟောတော်မူရာ အဘယ်သူသည် အဘယ်ကို အဘယ်ဖြင့် အဘယ်ပုံ ထပ်ကာထပ်ကာ ရှုပါသနည်း။ (ဋ္ဌ - ၁၊ ၂၄၀)

အဖြေ။ ဘင်္ဂ အနုပဿတိ-၌ ရှုပုံ

ဘင်္ဂါနုပဿနာကို ရှုလေ့ရှိသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံ သောရုပ်ရုံကို အနိစ္စအားဖြင့် အဖန်ဖန်ရှု၏။ နိစ္စ အားဖြင့်မရှု။ အနိစ္စသည် ဒုက္ခဖြစ်သောကြောင့်ငင်း၊ ဒုက္ခသည် အနတ္တဖြစ် သောကြောင့်ငင်း၊ ထိုအနိစ္စကိုပင် ဒုက္ခအားဖြင့်ရှု၏။ သုခအား ဖြင့်မရှု။ ထိုဒုက္ခကိုပင် အနတ္တအားဖြင့် အဖန်ဖန်ရှု၏။ အတ္တ အားဖြင့် မရှု။

၄ နဝ တဏှာမူလကာ-၌ နဝ သရုပ်ကို ဖော်ထုတ်ရေတွက်ခဲ့ပါ။ (ဋ္ဌ - ၁၊၁၁၁)

အဖြေ။ နဝ တဏှာမူလကာ-၌ နဝသရုပ်

တဏှာ၊ ပရိယေသန(ရှာမှီးခြင်း)၊ လာဘ-(ရခြင်း)၊ ဝိနိစ္ဆယ-ဆုံးဖြတ်ခြင်း။ ဆန္ဒရာဂ၊ အဇ္ဈောသာန-ငါ-ငါ့ ဥစ္စာဟု ပြင်းစွာ ဆုံးဖြတ်ခြင်း။ ပရိဂ္ဂဟ-တဏှာဒိဋ္ဌိအားဖြင့် သိမ်းဆည်းခြင်း။ မစ္ဆရိယ-တွန့်တိုခြင်း။ အာရက္ခ-စောင့် ရှောက်ခြင်း။ (မှတ်ချက်။ ။ အဋ္ဌကထာ ၁/၁၁၁၊ ၁၁၂-ကိုပြန်ကြည့်ပါ။)

၅ (က) ဧသနာဘာဝနာ၊ (ခ) ပဋိလာဘဘာဝနာ၊ (ဂ) ဧကရသာဘာဝနာ၊ (ဃ) အာသေဝနာဘာဝနာ၊ ၎င်းတို့၏အဓိပ္ပါယ်ကို အဋ္ဌကထာ လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။ (ဋ္ဌ - ၁၊ ၁၂၂)

http://www.dhammadownload.com



အဖြေ။ (က) အပ္ပနာ၏ရှေ့အဘို့၌ဖြစ်သော, အပ္ပနာကို ရှာဖွေသောဘာဝနာသည် ဧသနဘာဝနာ မည်၏။

(ခ) အပ္ပနာဘာဝနာကို ရရှိသောဘာဝနာသည် ပဋိလာဘဘာဝနာ မည်၏။

(ဂ) ရရှိခဲ့သော ဘာဝနာ၌ ဝသီဘောသို့ရောက်အောင် လေ့ကျင့်အားထုတ်သောကာလ၌ဖြစ်သော ဘာဝနာသည် ဧကရသဘာဝနာ မည်၏။

(ဃ) ရရှိခဲ့သော ဘာဝနာ၌ ဝသီဘောသို့ရောက်ပြီးသော ယောဂီအား အလိုရှိသည် အားလျော်စွာ သုံးဆောင်သောကာလ၌ ဖြစ်သောဘာဝနာသည် အာသေဝနာဘာဝနာ မည်၏။

၆ ကာမာဝစရကုသိုလ်သည်လည်း ဘာဝနာမယကုသိုလ်ဖြစ်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ဤပါဠိတော်၌ ကာမာဝစရာနံ ကုသလာနံ ဘာဝနာ- ဟုဟောတော်မမူသနည်း ရှင်းလင်းဖြေဆိုပါ။ (၄ - ၁၊၁၂၀)

အဖြေ။ အပ္ပနာသို့ ရောက်ရှိသော ဘာဝနာကိုသာလျှင် အဘိဓမ္မာ၌ ဘာဝနာဟူ၍ အလိုရှိအပ်သည်၏ အဖြစ်ကြောင့် ဤပါဠိတော်၌ ကာမာဝစရကုသလာနံ ဓမ္မာနံ ဘာဝနာ- ဟု မဟောပါ။

၇ စတ္တာရိ သင်္ဂဟဝတ္ထူနိ-၌ သင်္ဂဟဝတ္ထုသရုပ်ကို အဓိပ္ပါယ်နှင့် တကွ တခုစီ တခုစီ ရှင်းလင်းဖြေဆိုပါ။ (၄ - ၁၊ ၂၇၀-၂၇၂)

အဖြေ။ သင်္ဂဟဝတ္ထု ၄-ပါး

ဒါန ဟူသည် အထိုက်အလျောက် အလှူဒါနပေးကမ်း စွန့်ကြဲခြင်းတည်း။

ပေယျဝဇ္ဇ ဟူသည် အထိုက်အလျောက် ချစ်ခင်သော စကားကို ဆိုခြင်းတည်း။

အတ္ထစရိယ ဟူသည် ထိုထိုအမှု၌ ပြုသင့်ပြုထိုက် သောသူအား ပြုလုပ်ပေးခြင်းအားဖြင့် လည်းကောင်း၊ ပြုသင့်, မပြုသင့်တို့၌

http://www.dhammadownload.com



ပြောဆိုဆုံးမခြင်း၏ အစွမ်းဖြင့် လည်းကောင်း ကြီးပွားအောင် ပြုမူခြင်းတည်း။

သမာနတ္တတာ ဟူသည် "ဤသူသည် ငါထက်ယုတ်နိမ့်၏။ ဤသူသည် ငါနှင့်တန်းတူ၏။ ဤသူသည် ငါထက်အဆင့် မြင့်၏ဟု ပိုင်းခြား၍ ထိုသူတို့နှင့်လျော်ညီစွာ ပြုကျင့်ခြင်းတည်း။

**၈** အဘိနိဝေသပရာမာသောဒိဋ္ဌိ-ဟုဟောတော်မူရာ အဘယ်ကို အဘယ်သို့ မှားသောအားဖြင့် နှလုံးသွင်းသုံးသပ်ခြင်းကြောင့် ဒိဋ္ဌိဖြစ်ပါသနည်း။ (ဠ - ၂၊ ၄၂)

အဖြေ။ အနိစ္စအစရှိသော အခြင်းအရာကို ကျော်လွန်၍ နိစ္စဟူ၍ အစရှိသည်၏အစွမ်းဖြင့်ဖြစ်သော မှားယွင်းစွာ နှလုံးသွင်းသုံးသပ်ခြင်းကြောင့် ထိုဒိဋ္ဌိသည် အဘိနိဝေသပရာမာသောဒိဋ္ဌိဖြစ်၏။

**၉** ဤပါဠိတော် မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ-လာ မိစ္ဆာဒိဋ္ဌိဆယ်ပါးသရုပ်ကို ရေတွက်ပြပါ။ (ဠ - ၂၊၃၃)

အဖြေ။ မိစ္ဆာဒိဋ္ဌိ ၁၀-ပါး

၁။ နတ္ထိ ဒိန္နံ-ဒါနအကျိုးသည်မရှိ။ ၂။ နတ္ထိ ယိဋ္ဌံ- ယဇ်ငယ်ပူဇော်ခြင်းအကျိုးသည်မရှိ။ ၃။ နတ္ထိ ဟုတံ- ယဇ်ကြီး ပူဇော်ခြင်းအကျိုးသည်မရှိ။ ၄။ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံဖလံ ဝိပါကော-ကောင်းမှု, မကောင်းမှုကံတို့၏ အကျိုးသည်မရှိ။ ၅။ နတ္ထိအယံလောကော- ရှေး၌ပြုခဲ့သော ကံကြောင့် ဤလောကသည်ဖြစ်သည်မဟုတ်။ ၆။ နတ္ထိပရောလောကော- ပရလောကသည်မရှိ။ ၇။ နတ္ထိမာတာ။ ၈။ နတ္ထိပိတာ။ ၉။ နတ္ထိသတ္တာ ဩပပါတိကာ- ကံအကြောင်းကြောင့် သတ္တဝါဖြစ်သည် မဟုတ်။ ၁၀။ နတ္ထိလောကေ သမဏဗြာဟ္မဏာ။ ပ။ ပဝေဒေန္တိ။ -လောက၌ ဤလောက, ပရလောကကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိသော ကောင်းသောအကျင့်ကို ကျင့်ကြသော ရဟန်းတို့သည် မရှိ။

[မှတ်ချက်။ မြန်မာဘာသာတစ်မျိုးဖြင့်သာ ဖြေဆိုလည်းရ၏။]

http://www.dhammadownload.com



**၁၃** အနိစ္စ, အနိစ္စတာ, အနိစ္စာနုပဿနာ, အနိစ္စာနုပဿီ-တို့၏အရကို အသီးအသီး ဖော်ပြပါ။ (၄ - ၂၊ ၁၀၂)

အဖြေ။ အနိစ္စ-အရ-ခန္ဓာငါးပါးတည်း။

အနိစ္စတာ-အရ-ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်း ဖောက်ပြန်ခြင်းတည်း။ ဝါ-ဖြစ်ပြီးပြန်မဖြစ်ခြင်းတည်း။

အနိစ္စာနုပဿနာ-အရ-အနိစ္စ၏အစွမ်းဖြင့် ရုပ်အစရှိသည်တို့၌'အနိစ္စ' ဟု အဖန်ဖန်ရှုခြင်းတည်း။

အနိစ္စာနုပဿီ-အရ-ထိုအနိစ္စာနုပဿနာနှင့်ပြည့်စုံခြင်းတည်း။

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၂၈-ခုနှစ်၊

**၁** မဏ္ဍပေယျမိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ၊ သတ္ထာ သမ္မုခီဘူတော။ တိဓတ္တမဏ္ဍော သတ္ထရိသမ္မုခီဘူတေ ဒေသနာမဏ္ဍော ပဋိဂ္ဂဟမဏ္ဍော ဗြဟ္မစရိယ မဏ္ဍော-ဟူသောပါဠိတော်ကို အနက်ယောဇနာပါ။(ပါ-၂၇၇)

အဖြေ။ ဘိက္ခဝေ-တို့။ ဣဒံဗြဟ္မစရိယံ-ဤသာသနဗြဟ္မစရိယသည်။ ဝါ-ဤသိက္ခာသုံးပါးတည်းဟူသော မြတ်သောအကျင့်ဖြစ်သော သာသနဗြဟ္မစရိယသည်။ မဏ္ဍပေယျံ- အညစ်အကြေးကင်းစင် အထူးကြည်လင်သော သောက်ဖွယ်ပေတည်း။ သတ္ထာ-ဘုရားရှင်သည်။ သမ္မုခီဘူတော- မျက်ဝါးထင်ထင် ဖူးမြင်တွေ့ရှိနေရသည်၏အဖြစ်သည်။ ဟောတိ-၏။ သမ္မုခီဘူတေ-မျက်မှောက်ဖြစ်သော။ သတ္ထရိ-ဘုရားရှင်၌။ ဒေသနာမဏ္ဍော-ဓမ္မဒေသနာမဏ္ဍသည်လည်းကောင်း။ ပဋိဂ္ဂဟမဏ္ဍော-ဒေသနာကိုခံယူသော ပဋိဂ္ဂဟမဏ္ဍသည်လည်းကောင်း။ ဗြဟ္မစရိယ မဏ္ဍော-မဂ္ဂဗြဟ္မစရိယမဏ္ဍသည်လည်းကောင်း။ ဣတိ-ဤသို့။ တိဓတ္တမဏ္ဍော-မဏ္ဍသုံးပါးအပြားရှိ၏။

http://www.dhammadownload.com



**၂** ပဋိနိဿဂ္ဂါနုပဿီတိ ဧတ္ထာပိ ဒွေ ပဋိနိဿဂ္ဂါ ပရိစ္စာဂပဋိနိဿဂ္ဂေါ စ ပက္ခန္ဒနပဋိနိဿဂ္ဂေါစ၊ ပဋိနိဿဂ္ဂေါယေဝ အနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာ၊ ဝိပဿနာမဂ္ဂါနမေတံ အဓိဝစနံ-ဟူသော အဋ္ဌကထာပါဠ်ကို အနက်ယောဇနာပါ။ (၄ - ၂၊ ၁၀၂)

အဖြေ။ ပဋိနိဿဂ္ဂါနုပဿီတိဧတ္ထာပိ- ပဋိနိဿဂ္ဂါနုပဿီဟူသော ဤပါဠ်၌လည်း။ ပဋိနိဿဂ္ဂါ-ပဋိနိဿဂ္ဂတို့သည်။ ပရိစ္စာဂပဋိနိဿဂ္ဂေါစ-သည်လည်းကောင်း။ ပက္ခန္ဒနပဋိနိဿဂ္ဂေါစ-သည်လည်းကောင်း။ ဒွေ-နှစ်ပါးအပြားရှိကုန်၏။ ပဋိနိဿဂ္ဂေါယေဝ-ပဋိနိဿဂ္ဂသည်ပင်လျှင်၊ အနုပဿနာ-အဖန်ဖန်ရှုခြင်းသည်။ ပဋိနိဿဂ္ဂါနုပဿနာ-မည်၏။ ဧတံ-ဤပဋိနိဿဂ္ဂါနုပဿနာဟူသော အမည်သည်။ ဝိပဿနာမဂ္ဂါနံ-ဝိပဿနာမဂ်တို့၏။ အဓိဝစနံ-အမည်ပေတည်း။

**၃** သလ္လေခဠာဏနိဒ္ဒေသ-၌ ဟောတော်မူအပ်သော တန်ခိုးငါးပါးတို့တွင် အဘယ်တန်ခိုးဖြင့် အဘယ်ကိုကုန်စေသနည်း၊ အကြောင်းနှင့်တကွ ရှင်းလင်းဖော်ပြပါ။ (ပါ - ၉၉-၁၀၀)

အဖြေ။ ပဉ္စ တေဇာ-(တန်ခိုး ၅-ပါး)

စရဏ၊ ဂုဏ၊ ပညာ၊ ပုည၊ ဓမ္မတေဇ။

၁။ သီလတန်ခိုးတည်းဟူသော စရဏတေဇဖြင့် ထက်မြက်အောင်ပြုအပ်သည်၏အဖြစ်ကြောင့် ဒုဿီလတေဇကို ကုန်ခမ်းစေ၏။

၂။ သမာဓိတန်ခိုးတည်းဟူသော ဂုဏတေဇဖြင့် ထက်မြက်အောင် ပြုအပ်သည်၏အဖြစ်ကြောင့် ပုံ့လွင့်ခြင်းတန်ခိုးတည်းဟူသောအဂုဏတေဇကို ကုန်ခမ်းစေ၏။

၃။ ဝိပဿနာတန်ခိုးတည်းဟူသော ပညာတေဇဖြင့် ထက်မြက်အောင်ပြုအပ်သည်၏ အဖြစ်ကြောင့် မောဟတန်ခိုးတည်း-ဟူသောဒုပ္ပညတေဇကို ကုန်ခမ်းစေ၏။

http://www.dhammadownload.com



၄။ အရိယမဂ်ကုသိုလ်တန်ခိုးတည်းဟူသော ပုညတေဇဖြင့် ထက်မြက်အောင် ပြုအပ်သည်၏ အဖြစ်ကြောင့် အကုသိုလ် ကံတန်ခိုးတည်းဟူသောအပုညတေဇကို ကုန်ခမ်းစေ၏။

၅။ ဘုရားရှင်၏ ဧကရားစကားတော်တန်ခိုးတည်းဟူသောဓမ္မတေဇဖြင့် ထက်အောင်ပြုအပ်သည်၏အဖြစ်ကြောင့် တိတ္ထိတို့၏ဝါဒစကားတန်ခိုးတည်းဟူသော အဓမ္မတေဇကို ကုန်ခမ်းစေ၏။

**၄** သမန္တစက္ခု-အရဖြစ်သော ၁၄-ပါးကုန်သော ဗုဒ္ဓဉာဏ်တော်တို့ကို စုံလင်စွာ ဖော်ပြပါ။ (ပါ - ၁၂၇)

အဖြေ။ သမန္တစက္ခု-အရ ဗုဒ္ဓစက္ခု ၁၄-ပါး

၁။ ဒုက္ခေဉာဏံ ဗုဒ္ဓဉာဏံ၊

၂။ ဒုက္ခသမုဒယေ ဉာဏံ ဗုဒ္ဓဉာဏံ၊

၃။ ဒုက္ခနိရောဓေ-ဉာဏံ ဗုဒ္ဓဉာဏံ၊

၄။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ ဗုဒ္ဓဉာဏံ၊

၅။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ ဗုဒ္ဓဉာဏံ၊

၆။ ဓမ္မပဋိသမ္ဘိဒါဉာဏ်၊

၇။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊

၈။ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်၊

၉။ ဣန္ဒြိယပရောပရိယတ္တဉာဏ်၊

၁၀။ သတ္တာနံ အာသယာနုသယဉာဏ်၊

၁၁။ ယမကပါဋိဟီရဉာဏ်၊

၁၂။ မဟာကရုဏာသမာပတ်ဉာဏ်၊

၁၃။ သဗ္ဗညုတဉာဏ်၊

၁၄။ အနာဝရဏဉာဏ်၊

http://www.dhammadownload.com



၅ သုဒ္ဓိကပဋိသမ္ဘိဒါ ဉာဏနိဒ္ဒေသ-၌ ပညာပဘေဒမရှိသည်ဖြစ်ပါလျက် အဘယ်ကြောင့် အတ္ထနာနတ္တေ ပညာ အတ္ထပဋိသမ္ဘိဒေ ဉာဏံ-စသည်ကို ဟောတော်မူအပ်သနည်း၊ ရှင်းလင်းဖော်ပြပါ။ (၄ - ၁၊ ၃၄၄)

အဖြေ။ သုဒ္ဓိကပဋိသမ္ဘိဒါဉာဏနိဒ္ဒေသ-၌ ပညာပဘေဒမရှိသော်လည်း မိမိသည် ထိုးထွင်း၍သိအပ်သော သစ္စာလေးပါး တရားမျှလောက်အားဖြင့် အတ္ထအစရှိသည်တို့၏ များပြားသည်၏အဖြစ်သည် ဖြစ်သင့်သောကြောင့် အတ္ထနာနတ္တေ ပညာ အတ္ထပဋိသမ္ဘိဒေဉာဏံ စသည်ကို ဟောတော်မူအပ်သည်။

၆ ဝိပဿနာနှင့်မဂ်ကို ပရိစ္စာဂပဋိနိဿဂ္ဂ ပက္ခန္ဒနပဋိနိဿဂ္ဂ-ဟူ၍ ဆိုရခြင်း၏ အကြောင်းများကို ရှင်းလင်းဖော်ပြပါ။(၄ - ၂၊ ၁၀၂-၁၀၃)

အဖြေ။ ဝိပဿနာ သည် တဒင်္ဂအားဖြင့် ခန္ဓာဘိသင်္ခါရတို့နှင့် တကွ ကိလေသာတို့ကို စွန့်၏။ သင်္ခတ၏ အပြစ်ကို မြင်သဖြင့်လည်း သင်္ခတ၏ ဆန့်ကျင်ဘက်နိဗ္ဗာန်၌ ညွတ်ကိုင်းသောအားဖြင့် ပြေးဝင်၏။ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂ + ပက္ခန္ဒနပဋိနိဿဂ္ဂ ဟူ၍ ဆိုရသည်။

မဂ် သည် သမုစ္ဆေဒအားဖြင့် ခန္ဓာဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို စွန့်၏။ အာရုံပြုသောအားဖြင့်လည်း နိဗ္ဗာန်သို့ပြေးဝင်၏။ ထို့ကြောင့် ပရိစ္စာဂ ပဋိနိဿဂ္ဂ + ပက္ခန္ဒနပဋိနိဿဂ္ဂ ဟူ၍ ဆိုရပါသည်။

၇ နာနတ္တသညာနံ အမနသိကာရာ-၌ နာနတ္တသညာ-တို့၏သရုပ်ကို စုံလင်စွာ ထုတ်ပြပြီးလျှင်၊ နာနတ္တသညာမည်ခြင်း၏အကြောင်းကိုလည်း ပြဆိုခဲ့ပါ။ (၄ - ၂၊ ၁၅၅)

အဖြေ။ နာနတ္တသညာတို့၏ သရုပ်

ကာမာဝစရကုသိုလ်သညာ ၈-ပါး၊ အကုသိုလ်သညာ ၁၂-ပါး၊ ကာမာဝစရကုသလဝိပါက်သညာ ၁၁-ပါး၊ အကုသလဝိပါက်

http://www.dhammadownload.com



သညာ ၂-ပါး၊ ကာမာဝစရကိရိယာ သညာ ၁၁-ပါး၊ စုစုပေါင်း ၄၄-ပါးကုန်သော ဤသညာ တို့သည် အချင်းချင်းမတူကွဲပြား ထူးခြားသော သဘောရှိသောကြောင့် "နာနတ္တသညာ" ဟုဆိုကြကုန်၏။

❶ အဘယ်ကံ၏ အဘယ်အကျိုးကို ယူ၍ အတ္ထိ ကမ္မံ အတ္ထိ ကမ္မဝိပါကော၊ အတ္ထိကမ္မံ နတ္ထိ ကမ္မဝိပါကော၊ အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော- ဟုဟောတော်မူအပ်ပါသနည်း၊ အဋ္ဌကထာအာဘော်ကျ ရှင်းလင်း ဖော်ပြခဲ့ပါ။ (၄ - ၂၊ ၁၇၅)

အဖြေ။ ပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော ဒိဋ္ဌဓမ္မဝေဒနီယကံ၏ ဤဘဝ၌ ပင် အကျိုးပေးမှုကိုယူ၍ "အတ္ထိကမ္မံ အတ္ထိ ကမ္မဝိပါကော"ဟု ဟောတော်မူအပ်သည်။

ပစ္စုပ္ပန်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကြောင်းချွတ်ယွင်းသော ကြောင့် ဤပစ္စုပ္ပန်ဘဝ၌ အကျိုးမပေးမှုကိုလည်းကောင်း ဤမျက်မှောက်ဘဝ၌ပင် ပရိနိဗ္ဗာန်ပြုသောသူ၏ ဤဘဝ၌ အကျိုးမပေးသော အကျိုးကိုလည်းကောင်းယူ၍ အတ္ထိကမ္မံ နတ္ထိ ကမ္မဝိပါကော ဟု ဟောတော်မူအပ်သည်။

ပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော ဥပပဇ္ဇဝေဒနီယကံ၏ လည်း ကောင်း၊ အပရာပရိယဝေဒနီယကံ၏လည်းကောင်း အနာ ဂတ်ဘဝ၌ အကျိုးပေးမည့် အကျိုးဝိပါက်ကိုယူ၍ အတ္ထိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော ဟု ဟောတော်မူသည်။

❹ ဒသဗလဉာဏ်တော် ၁၀-ပါးကို သဝိတက္က သဝိစာရ, အဝိတက္က ဝိစာရမတ္တ၊ အဝိတက္ကာဝိစာရ။ ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကိယ လောကုတ္တရာအားဖြင့် ဝေဘန်၍ ပြပါ။ (၄ - ၂၊ ၂၇၅)

အဖြေ။ ဌာနာဋ္ဌာန ကောသလ္လဉာဏ်မှစ၍ အစဉ်အတိုင်း ခုနှစ်ပါး ကုန်သော ဒသဗလဉာဏ်တို့သည် သဝိတက္က သဝိစာရ+ ကာမာဝစရ ဖြစ်ကုန်၏။

http://www.dhammadownload.com



ဗုဗ္ဗေနိဝါသဉာဏ် နှင့် ဒိဗ္ဗစက္ခုဉာဏ် ၂-ပါးတို့သည် အဝိတက္ကအဝိစာရ + ရူပါဝစရ ဖြစ်ကုန်၏။
အာသဝက္ခယဉာဏ်သည် ရံခါ သဝိတက္ကသဝိစာရ၊ ရံခါ အဝိတက္ကဝိစာရ မတ္တ၊ ရံခါ အဝိတက္ကအဝိစာရ+ လောကုတ္တရာ ဖြစ်၏။
(မှတ်ချက်။ ။ သဗ္ဗညုတဉာဏ်သည် သဝိတက္က သဝိစာရ၊ ကာမာဝစရ၊ လောကိယ-ဖြစ်၏။)

၁၀ အပရေပိ တယော သင်္ခါရာ၊ ကါယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော-၌ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရမည်သော တရားတို့ကို သိသာထင်ရှားစွာ ဖော်ပြပါ။ (၄ - ၂၊ ၂၄၁)

အဖြေ။ ကာယဝိညတ်, ဝစီဝိညတ်ကိုဖြစ်စေ၍ ကာယဒွါရ, ဝစီဒွါရ မှဖြစ်သော ကာမာဝစရ ကုသိုလ်စေတနာ ၈-ပါး၊ အကုသိုလ်စေတနာ ၁၂-ပါး၊ အဘိညာဉ်စေတနာ ၁-ပါး၊ ပေါင်း စေတနာ ၂၀-ပါး သည် ကာယသင်္ခါရ မည်၏။ ဝစီသင်္ခါရ မည်၏။
မနောဒွါရ ၌ဖြစ်သော နှစ်ဆယ့်ကိုးပါးသော စေတနာအားလုံး သည် စိတ္တသင်္ခါရတရား မည်၏။

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၂၉-ခုနှစ်၊

**၁** အောက်ပါ ပါဠိတော်ကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။

ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော စ ပဿန္တိ၊ ဣဓဘိက္ခဝေဘိက္ခု ဘူတံ ဘူတတော ပဿတိ၊ ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ။ ဧဝံ ခေါ ဘိက္ခဝေ စက္ခုမန္တော စ ပဿန္တိ။ (ပါ - ၁၅၉)

အဖြေ။ ဘိက္ခဝေ-တို့။ ကထဉ္စ-အဘယ်သို့လျှင်။ စက္ခုမန္တော-ပညာမျက်စိရှိကုန်သည်ဖြစ်၍။ ပဿန္တိ-မြင်ကြကုန် သနည်း။ [စ-သဒ္ဒါအတိရေကအနက်၊] ဘိက္ခဝေ-တို့။ ဣဓ-ဤသာသနာတော်၌။ ဘိက္ခု-ရဟန်းသည်။ ဘူတံ-အကြောင်းကြောင့်ဖြစ်သော ခန္ဓာငါးပါးတည်းဟူသော ဒုက္ခကို။ ဘူတတော-အကြောင်းကြောင့်ဖြစ်သော ခန္ဓာငါးပါးတည်းဟူသော ဒုက္ခအားဖြင့်။ ပဿတိ-မြင်၏။ ဘူတံ-ကို၊ ဘူတတော-အားဖြင့်။ ဒိသွာ-မြင်၍။ ဘူတဿ-အကြောင်းကြောင့်ဖြစ်သော ခန္ဓာငါးပါးဆင်းရဲဒုက္ခ၏။ နိဗ္ဗိဒါယ-ငြီးငွေ့သော ဝိပဿနာအကျိုးငှာ။ ဝိရာဂါယ-တပ်မက်ခြင်းကင်းသော အရိယမဂ်၏ အကျိုးငှာ။ နိရောဓာယ-တပ်မက်ခြင်းကင်းရာ နိဗ္ဗာန်၏အကျိုးငှာ။ ပဋိပန္နော-ကျင့်ကြံကြိုးကုတ် အားထုတ်သည်။ ဟောတိ-၏။ ဘိက္ခဝေ-တို့။ ဧဝံခေါ-ဤသို့လျှင်။ စက္ခုမန္တော-ပညာမျက်စိရှိကုန်သည်ဖြစ်၍။ ပဿန္တိ-မြင်ကုန်၏။

**၂** အောက်ပါ အဋ္ဌကထာလာ ဂါထာကို အနက်ပေးပါ။

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။ (၄ - ၂၊ ၂၆၈)

အဖြေ။ ပါတော-နံနက်အချိန်အခါ၌။ ဖုလ္လံ-ပွင့်သော။ အဝီတဂန္ဓံ-အနံ့လည်းမကင်းသော။ ကောကနဒံ-ကောက နာဒဟုဆို အပ်သော။ ပဒုမံ-ပဒုမာကြာပန်းသည်။ ဝိရောစမာနံ-

http://www.dhammadownload.com



တင့်တယ်ခြင်းသည်။ သိယာ ယထာ-ဖြစ် သည်ကဲ့သို့။ သုဂန္ဓ-မိမိ၏ရနံ့ဂုဏ်ဖြင့် ကောင်းစွာ အနံ့ ရှိတော်မူသော။ အန္တလိက္ခေ-ကောင်းကင်၌။ တပန္တံ-အလင်းအရောင်ရှိသော။ အာဒိစ္စံဣဝ-နေမင်းကဲ့သို့။ ဝိရောစမာနံ-တင့်တယ်တော်မူသော။ အင်္ဂီရသံ-မြတ်စွာဘုရားကို။ ပဿ-ဖူးလော့။

၃ အားနှစ်မျိုးနှင့်ပြည့်စုံခြင်း သင်္ခါရသုံးမျိုးတို့၏ ငြိမ်းခြင်းကြောင့်ဖြစ်သောပညာသည် နိရောဓသမာပတ္တိဉာဏ်မည်၏-ဟုဆိုရာ အားနှစ်မျိုးကိုဖော်ပြ၍၊ သင်္ခါရသုံးမျိုးတို့၏ငြိမ်းရာဌာနများကိုလည်း ညွှန်ပြခဲ့ပါ။ (ပါ - ၉၅-၉၆)

အဖြေ။ အားနှစ်မျိုးသရုပ်-

သမထဗလ၊ ဝိပဿနာဗလ တို့ဖြစ်သည်။

သင်္ခါရ ၃-မျိုးတို့၏ ငြိမ်းရာဌာနများ-

* ဒုတိယဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ဝိတက်ဝိစာရဟုဆိုအပ်သော ဝစီသင်္ခါရတို့သည် ငြိမ်းကုန်၏။
* စတုတ္ထဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ဝင်သက်၊ ထွက်သက် ဟုဆိုအပ်သော ကာယသင်္ခါရတို့သည် ငြိမ်းကုန်၏။
* သညာ ဝေဒနာ ချုပ်ငြိမ်းခြင်းကို ဝင်စားသောပုဂ္ဂိုလ်အား သညာဝေဒနာဟုဆိုအပ်သော စိတ္တသင်္ခါရတို့သည် ငြိမ်းကုန်၏။

၄ အဘယ်ပုဂ္ဂိုလ်မျိုးကို အပ္ပရဇက္ခ ကိလေသာမြူနည်းသူ-ဟု ခေါ်ဆိုပါသနည်း၊ ပါဠိတော်သွားကို စဉ်းစား၍ မမှားအောင်ရေးသားခဲ့ပါ။ (ပါ - ၁၀၆)

အဖြေ။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာရှိသောပုဂ္ဂိုလ်သည် ကိလေသာမြူနည်းသူ+အပ္ပရဇက္ခပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသည်။

http://www.dhammadownload.com



၅။ သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ်နှစ်ပါးတို့သည် အတူတူပင်လော, တခြားစီလော၊ ခိုင်လုံသောအကြောင်း ပြ၍၊ ရှင်လင်းဆုံးဖြတ်ခဲ့ပါ။

(၄ -၂၃၆။ ပါ-၁၂၅-၁၂၆)

အဖြေ။ သဗ္ဗညုတဉာဏ်နှင့် အနာဝရဏဉာဏ်နှစ်ပါးတို့သည် အတူတူပင်ဖြစ်ကုန်၏။ ထိုစကားသည်မှန်၏။ အနာဝရဏဉာဏ်သည် တရားဓမ္မအားဖြင့်သီးခြားမရှိ၊ ဉာဏ်တခုတည်းကိုပင် အခြင်းအရာအာကာရထူးခြားသောအားဖြင့် သဒ္ဒိန္ဒြိယ သဒ္ဓါဗလ အစရှိသည်တို့ကဲ့သို့ သဗ္ဗညုတဉာဏ်+ အနာဝရဏဉာဏ်-ဟုအပြားအားဖြင့် ဟောတော်မူအပ်၏။

သဗ္ဗညုတဉာဏ်သည်ပင်လျှင် အပိတ်အပင်အတားအဆီးမရှိသောကြောင့်လည်းကောင်း တစ်စုံတစ်ခုသော ဓမ္မသည်ငင်း၊ ပုဂ္ဂိုလ်သည်ငင်း၊ တားမြစ်ပိတ်ပင်ခြင်းအမှုကို ပြုခြင်းငှာ မတတ်စွမ်းနိုင်သောကြောင့်လည်းကောင်း၊ အလုံးစုံကုန်သောတရားတို့သည် အာဝဇ္ဇန်းနှင့် ဆက်စပ်နေသည်၏ အဖြစ်ကြောင့် အနာဝရဏ-ဟုဆိုအပ်၏။

၆။ ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်, ဤကာမဘုံကိုစွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်များကို အသီးသီး ခွဲခြားကောက်ပြ၍၊ အဘယ်တရားများကို ဇီဝိတသီသ-ဟုခေါ်ဆိုရပါသနည်း။

(ပါ - ၁၆၀။၄ - ၂၊ ၆၇။၄ -၂၊ ၁၇၂)

အဖြေ။ * ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်များ-

သတ္တကၡတ္တုပရမသောတာပန်, ကောလံကောလသောတာပန်၊ ဧကဗီဇီ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်နှင့်မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်သောပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



ဤကာမဘုံကို စွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်များ-

* အသက်အပိုင်းအခြားအလယ်၏ အကြား၌ပင်လျှင် ကိလေသာပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသောအနာဂါမ် ပုဂ္ဂိုလ်။ (အန္တရာပရိနိဗ္ဗာယီအနာဂါမ်ပုဂ္ဂိုလ်)

အသက်အပိုင်းအခြားအလယ်ကို ကျော်လွန်၍ဂင်း သေဆုံးသွား၍ဂင်း ကိလေသာပရိနိဗ္ဗာန်ဖြင့်ပရိနိဗ္ဗာန် ပြုသော အနာဂါမ်ပုဂ္ဂိုလ်။ (ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်)

ပြုပြင်စီရင်ခြင်း လုံ့လပယောဂဖြင့် ပြင်းစွာအား ထုတ်မှုကိုမပြုမူ၍သာ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြု သောအနာဂါမ်ပုဂ္ဂိုလ်။ (အသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်)

ပြုပြင်စီရင်ခြင်းပယောဂဖြင့် ဆင်းရဲစွာပြင်းစွာသော အားထုတ်မှုကိုပြု၍သာလျှင် ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်။ (သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်)

အကနိဋ္ဌာ ဗြဟ္မာ့ဘုံ၌ အထက်မဂ်ကိုရရှိ၍ ပရိနိဗ္ဗာန် ပြုသော ဥဒ္ဓံသောတအကနိဋ္ဌဂါမိ အနာဂါမ်ပုဂ္ဂိုလ်-တို့ ဖြစ်ပါသည်။

* ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေ-ဟုဆိုအပ်သော'အာ ယု+အသက်၊ တေဇောဓာတ်ဟုဆိုအပ်သော ကိုယ်ငွေ့၊ ပဋိသန္ဓေဝိညာဏ်ဟုဆိုအပ်သောဝိညာဏ်၊ ဤတရားသုံးပါး တို့သည် ဇီဝိတသင်္ခါရ မည်ကုန်၏။

(၇) မေတ္တာအကျိုးဆယ့်တစ်မျိုးကို ပြည့်စုံစွာ ထုတ်ပြပြီးလျှင်၊ သစ္စာလေးပါးကို သခ်တသစ္စာ၊ အသခ်တသစ္စာ ခွဲခြားပြခဲ့ပါ။

(ပါ -၃၁၄။ ၄ - ၂၁၉၉)

http://www.dhammadownload.com



အဖြေ။ မေတ္တာအကျိုး-၁၁-မျိုး

ချမ်းသာစွာအိပ်ရ၏၊ ချမ်းသာစွာနိုး၏၊ အိပ်မက်ဆိုးကို မမြင်မက်၊ လူတို့ချစ်ခင်၏၊ နတ်တို့ချစ်ခင်၏၊ နတ်တို့စောင့်ရှောက်ကုန်၏၊ မေတ္တာပွားသူအား မီး, အဆိပ်, လက်နက် မတွေ့မထိ၊ စိတ်သည် လျင်စွာတည်ကြည်၏၊ မျက်နှာအဆင်းကြည်လင်၏၊ အထက်မဂ်ဖိုလ်မရသော် ပြဟ္မာ့ဘုံသို့လားရ၏။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာတို့သည် (ကံအစရှိသောအကြောင်းတို့သည် ပေါင်းဆုံ၍ ပြုပြင် စီရင်အပ်သောကြောင့်) သင်္ခတသစ္စာ မည်ကုန်၏။

နိရောဓသစ္စာသည် (ကံ အစရှိကုန်သော အကြောင်းတို့ သည် ပေါင်းဆုံ၍ မပြုအပ် သည်၏ အဖြစ်ကြောင့်) အသင်္ခတသစ္စာ မည်၏။

၈ ဝိကုပ္ပနိဒ္ဓိနှင့် မနောမယိဒ္ဓိနှစ်မျိုးတို့၏တန်ခိုးဖန်ဆင်ပုံခြားနားချက်ကို ရှင်းလင်းဖော်ပြပြီးလျှင်၊ ရှင်ဗာကုလ၏ငါးမျှ သော်လည်း မသေခြင်း, သာမာဝတီအား ဥတေနမင်း လေးနှင့်ပစ်ခွင်းသော်လည်း ပစ်၍မရခြင်းတို့ သည် အဘယ်ဣဒ္ဓိတို့၏အစွမ်းများ ဖြစ်ကြပါသနည်း။

(၄ - ၂၊ ၂၆၅။ ပါ - ၃၈၉-၃၉၀)

အဖြေ။ ပင်ကိုယ်အဆင်းကို စွန့်လွှတ်ခြင်း အခြင်းအရာ အားဖြင့် ဖန်ဆင်းအပ်သော တန်ခိုးသည် ဝိကုပ္ပနိဒ္ဓိ မည်၏။

ကိုယ်တွင်း၌ အခြားသောစိတ်ဖြင့်ပြီးသောကိုယ်၏ ပြုပြင် ဖန်ဆင်းခြင်းအားဖြင့် ဖြစ်သောတန်ခိုးသည် မနောမယိဒ္ဓိ မည်၏။

ရှင်ဗာကုလ၏ ငါးမျှသော်လည်း မသေခြင်းသည် ဉာဏ ဝိပ္ဖာရာဣဒ္ဓိ၏အစွမ်းကြောင့် ဖြစ်ပါသည်။

သာမာဝတီအား ဥတေနမင်း လေးဖြင့်ပစ်ခွင်း၍မရခြင်း သည် သမာဓိဝိပ္ဖာရာဣဒ္ဓိ၏အစွမ်းကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



၉ ဘုရားရှင်၏ကာယဗလကို ပုရိသဗလအရေအတွက်အားဖြင့် အတိအကျ တွက်ချက်ဖော်ပြခဲ့ပါ။ (၄ - ၂၊ ၂၃၀)

အဖြေ။ ဘုရားရှင်၏ကာယဗလသည် အားကောင်းသော ယောကျ်ား ပေါင်း ကုဋေတစ်သောင်းတို့၏ အင်အားနှင့် ညီမျှသော အားရှိ၏။

၁၀ ပါဋိဟာရိယသုံးပါးသရုပ်ကို ဖော်ထုတ်ပြီးလျှင်၊ အဘယ်သို့သော ပါဋိဟာရိယကို အနုသာသနီပါဋိဟာရိယဟု ခေါ်ဆိုရပါသနည်း၊ ပါဠိတော်သွားကျကျ ရေးသားခဲ့ပါ။ (ပါ - ၄၀၁- ၄၀၂)

အဖြေ။ ပါဋိဟာရိယ ၃-မျိုး

ဣဒ္ဓိပါဋိဟာရိယ၊ အာဒေသနာပါဋိဟာရိယ၊ အနုသာသနီ ပါဋိဟာရိယ။

"သင်တို့သည် ဤသို့ ကြံစည်ကြ၊ ဤသို့ မကြံစည်ကြ ပါကုန်လင့်၊ ဤသို့ နှလုံးသွင်းကြ၊ ဤသို့ နှလုံးမသွင်းကြပါ လင့်၊ ဤတရားကို ပယ်ကြ၊ ဤတရားကိုရအောင် အားထုတ် ၍နေကြ"ဟု ဆိုဆုံးမခြင်းအားဖြင့် ဖြစ်သော ပြာဋိဟာကို အနုသာသနီပါဋိဟာရိယ-ဟုခေါ်ဆို၏။

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၀-ခုနှစ်၊

၁ အောက်ပါ ပါဠိတော်ကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။

ကထံ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ? နေက္ခမ္မဝသေန စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ၊ တတ္ထ ဇာတေ ဓမ္မေ အနိစ္စတော အနုပဿနဋ္ဌေန ဝိပဿနာ၊ ဒုက္ခတော အနုပဿနဋ္ဌေန ဝိပဿနာ၊ အနတ္တတော အနုပဿနဋ္ဌေန ဝိပဿနာ။ ဣတိ ပဌမံ သမထော ပစ္ဆာ ဝိပဿနာ။ (ပါ - ၂၈၄)

အဖြေ။ ကထံ-အဘယ်သို့။ သမထပုဗ္ဗင်္ဂမံ-သမထရှေ့သွားရှိသော။ ဝိပဿနံ-ကို။ ဘာဝေတိ-ပွားသနည်း။ [ဣတိ-အယံ-ဤသည်ကား။ ပုစ္ဆာ-အမေးတည်း။ နေက္ခမ္မဝသေန အားဖြင့်။ စိတ္တဿ-၏။ ဧကဂ္ဂတာ-တစ်ခုတည်းသောအာရုံရှိသော။ အဝိက္ခေပေါ-မပျံ့လွင့်သော။ သမာဓိ-တည်း။ တတ္ထ-ထိုသမာဓိ၌။ ဇာတေ-ဖြစ်သော။ ဓမ္မေ-စိတ်စေတသိက်တရားတို့ကို။ အနိစ္စတော-အားဖြင့်။ အနုပဿနဋ္ဌေန-အဖန်ဖန်ရှုသောအနက် သဘောကြောင့်။ ဝိပဿနာ-သည်။ ဟောတိ-၏။ ဒုက္ခတော-အားဖြင့်။ အနုပဿနဋ္ဌေန-ကြောင့်။ ဝိပဿနာ-သည်။ ဟောတိ-၏။ အနတ္တတော-အားဖြင့် အနုပဿနဋ္ဌေန-ကြောင့်။ ဝိပဿနာ-သည်။ ဟောတိ-၏။ ဣတိ-ဤသည်ကား။ ပဌမံ-ရှေးဦးစွာ။ သမထော- သမထ တည်း။ ပစ္ဆာ-နောက်၌။ ဝါ-နောက်မှ။ ဝိပဿနာ-တည်း။

၂ အောက်ပါ အဋ္ဌကထာကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။

ယထာ နာမ ဒုန္နိက္ခိတ္တံ မူသိကစ္ဆိန္နံ ပေသကာရာနံ တန္တံ တဟိံ တဟိံ အာကုလံ ဟောတိ၊ ဣဒံ အဂ္ဂံ ဣဒံ မူလန္တိ အဂ္ဂေန ဝါ အဂ္ဂံ, မူလေန ဝါ မူလံ သမာနေတုံ ဒုက္ကရံ ဟောတိ၊ ဧဝမေဝ သတ္တာ ပစ္စယာကာရေ ခလိတာ အာကုလာ ဗျာကုလာ ဟောန္တိ၊ န သက္ကောန္တိ ပစ္စယာကာရံ ဥဇုံ ကာတုံ။ (၄ - ၂၁၇)

http://www.dhammadownload.com



အဖြေ။ (ယထာ နာမ-ဥပမာမည်သည်ကား) ဒုန္နိက္ခိတ္တံ-မကောင်းသဖြင့်ထားအပ်သော။ မူသိကစ္ဆိန္နံ-ကြွက်သည် ကိုက်ဖြတ်အပ်သော။ ပေသကာရာနံ-ယက်ကန်းသည် တို့၏။ တန္တံ-ချည်သည်။ တဟိံ+တဟိံ-ထိုထိုအရပ်၌။ အာကုလံ - ရှုပ်ထွေးသည်။ ဟောတိ-၏။ "ဣဒံ-ဤအရာသည်။ အဂ္ဂံ-အဖျားတည်း။ ဣဒံ-ဤအရာသည်။ မူလံ-အရင်းတည်း။" ဣတိ-သို့။ အဂ္ဂေန-အဖျားဖြင့်။ အဂ္ဂံဝါ-အဖျားကိုလည်းကောင်း။ မူလေန-အရင်းဖြင့်။ မူလံဝါ-အရင်း ကိုလည်းကောင်း။ သမာနေတုံ-ကောင်းစွာဆောင်ယူခြင်းငှာ။ ဒုက္ကရံ-ခဲယဉ်းသည်။ ဟောတိ ယထာ-ဖြစ်သည် သကဲ့သို့။ ဧဝမေဝ-ဤဥပမာ တူစွာသာလျှင်။ သတ္တာ-သတ္တဝါတို့သည်။ ပစ္စယာကာရေ-ပဋိစ္စ သမုပ္ပါဒ်၌။ အာကုလာ+ဗျာကုလာ-ရှုပ်ထွေးနောက် ကျုကုန်သည်။ ဟောန္တိ-ကုန်၏။ ပစ္စယာကာရံ-ပဋိစ္စသမုပ္ပါဒ်ကို။ ဥဇုံ-ဖြောင့်စွာ။ ကာတုံ-ငှာ။ နသက္ကောန္တိ-မတတ်နိုင်ကုန်။

**၇** ပုဗ္ဗန္တာနုဒိဋ္ဌိဖြစ်ကြောင်းတဆယ့်ရှစ်ပါး, အပရန္တာနုဒိဋ္ဌိဖြစ်ကြောင်းလေးဆယ့်လေးပါး တို့ကို ဖော်ပြပါ။ (ပါ - ၁၅၄)

အဖြေ။ ပုဗ္ဗန္တာနုဒိဋ္ဌိဖြစ်ကြောင်း ၁၈-ပါး

သဿတဝါဒ ၄-ပါး။ ဧကစ္စသဿတဝါဒ ၄-ပါး။

အန္တာနန္တိက ၄-ပါး။ အမရာဝိက္ခေပိက ၄-ပါး။

အဓိစ္စသမုပ္ပန္နိက ၂-ပါး။ ပေါင်း ၁၈-ပါးတို့တည်း။

အပရန္တာနုဒိဋ္ဌိဖြစ်ကြောင်း ၄၄-ပါး

သညီဝါဒ ၁၆-ပါး။ အသညီဝါဒ ၈-ပါး။

နေဝသညီနာသညီဝါဒ ၈-ပါး။ ဥစ္ဆေဒဝါဒ ၇-ပါး။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး။ ပေါင်း ၄၄-ပါးတို့တည်း။

http://www.dhammadownload.com



၄ သတ္တဝါအားလုံးကို ရန်ကင်း ဘေးကင်း ချမ်းသာခြင်း ရှိစေရန် မေတ္တာပို့ရာ၌ မည်သည့် တရားကြောင့် ဗိုလ်ငါးပါးတို့၏ မတုန်လှုပ်ပုံကို ဖြေပါ။ (ပါ - ၃၁၇)

အဖြေ။ အဗျာပါဒိန္ဒြိယတရား, အကောသဇ္ဇတရား, အပမာဒတရား, ဥဒ္ဓစ္စတရား, အဝိဇ္ဇာတရားတို့ကြောင့် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဗိုလ်ငါးပါးတို့ မတုန်လှုပ်။

၅ နိရောဓာနုပဿနာ ဖြစ်ကြောင်းနှင့် ယင်း၏ဆန့်ကျင်ဘက်, ပဋိနိဿဂ္ဂါနုပဿနာ ဖြစ်ကြောင်းနှင့် ယင်း၏ဆန့်ကျင်ဘက်တို့ကို ဖြေပါ။ (၄ - ၁၊ ၈၆)

အဖြေ။ အနိစ္စအစရှိသော အနုပဿနာ ငါးပါးတို့၏ ပြည့်စုံသည်၏ အဖြစ်ကြောင့် နိရောဓာနုပဿနာ ဖြစ်၏။ ယင်း၏ ဆန့်ကျင်ဘက်ကား သမုဒယ တည်း။
အနိစ္စအစရှိသော အနုပဿနာခြောက်ပါးတို့၏ပြည့်စုံသည်၏အဖြစ်ကြောင့် ပဋိနိဿဂ္ဂါနုပဿနာ ဖြစ်၏။ ယင်း၏ဆန့်ကျင်ဘက်ကား အာဒါန တည်း။

၆ သစ္စာလေးပါးတို့၏လက္ခဏာ, ဒုက္ခသစ္စာကို ရှေးဦးစွာဟောရခြင်း အကြောင်း နှစ်ပါး ရောဂါစွဲကပ်နေသော လူနာကြီးနှင့်တူပုံတို့ကို ဖြေပါ။ (၄ - ၁၊ ၁၈၃)

အဖြေ။ ဒုက္ခသစ္စာ သည် ညှဉ်းဆဲနှိပ်စက်, နာကျင်ခြင်း ဗာဓန လက္ခဏာရှိ၏။ သမုဒယသစ္စာသည် အမွန်အစ ပဘဝ လက္ခဏာရှိ၏။ နိရောဓသစ္စာသည် ငြိမ်းအေးခြင်း သန္တိ လက္ခဏာရှိ၏။ မဂ္ဂသစ္စာသည် သံသရာမှထွက်မြောက်ခြင်း နိယျာနလက္ခဏာ ရှိ၏။
ရုန့်ရင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း အလုံးစုံ သော သတ္တဝါတို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် လည်းကောင်း လွယ်ကူစွာသိနိုင်၏။ ထို့ကြောင့် ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောရသည်။

http://www.dhammadownload.com



| | |
|---|---|
| ဒုက္ခသစ္စာသည် | ရောဂါစွဲနေသူနှင့်တူ၏။ |
| သမုဒယသစ္စာသည် | ရောဂါဖြစ်ရခြင်းအကြောင်းနှင့် တူ၏။ |
| နိရောဓသစ္စာသည် | ရောဂါကင်းပျောက်သည်နှင့် တူ၏။ |
| မဂ္ဂသစ္စာသည် | ဆေးနှင့်တူ၏။ |

၇ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ အနိစ္စမည်ကြောင်း သုံးပါး, ဒုက္ခမည်ကြောင်းသုံးပါး, အနတ္တမည်ကြောင်း သုံးပါးတို့ကို ဖြေပါ။ (၄ - ၁၊ ၂၅၀)

အဖြေ။ <u>အနိစ္စမည်ကြောင်း ၃-ပါး</u>

ဖြစ်ပြီးပြန်မဖြစ်သော အနက်သဘောကြောင့်ရင်း၊ အနိစ္စ ဇကန် စင်စစ်ဖြစ်သောကြောင့်ရင်း၊ အစအဆုံး ရှိသောကြောင့်ရင်း တည်း။

<u>ဒုက္ခမည်ကြောင်း ၃-ပါး</u>

အမြဲမပြတ် နှိပ်စက်တတ်သော အနက်သဘောကြောင့်ရင်း၊ ဖြစ်ပျက်ခြင်းဖြင့် နှိပ်စက်တတ်သော သဘော ကြောင့်ရင်း၊ ဒုက္ခဝတ္ထုဖြစ်သောကြောင့်ရင်းတည်း။

<u>အနတ္တမည်ကြောင်း ၃-ပါး</u>

အလိုသို့မလိုက်တတ်သော အနက်သဘောကြောင့်ရင်း၊ အကြောင်းနှင့်စပ်ယှဉ်၍ ဖြစ်သည်၏အဖြစ်ကြောင့်ရင်း၊ အရှင်သခင်, နေတတ်သူ, ပြုတတ်သူ, ခံစားတတ်သူ, မရှိသောကြောင့်ရင်းတည်း။

၈ နာမ်လေးပါးတို့၏ သရုပ်ကို ထုတ်ဖော်၍ ယင်းနာမ်တို့၏ ဗျဥ္ဇန, နိရုတ္တိ အဘိလာပ မည်ခြင်းအကြောင်းတို့ကို ဖြေပါ။ (၄ - ၁၊ ၂၇၇)

http://www.dhammadownload.com



အဖြေ။ နာမ် ၄-ပါး

သာမညနာမ်၊ ဂုဏနာမ်၊ ကိတ္တိမနာမ်၊ ဩပပါတိကနာမ်၊ ယင်းနာမ်တို့သည် အနက်အဓိပ္ပါယ်ကို ထင်စွာ ပြတတ်သော ကြောင့် ဗျဉ္ဇန-မည်၏။ "ပြုပြင်စီရင်တတ်ကုန်သောကြောင့် သင်္ခါရ-ဟုဆိုကုန်၏" ဤသို့ထုတ်ဆောင်၍ အကြောင်းနှင့် တကွပြု၍ ဆိုအပ်သည်၏ အဖြစ်ကြောင့် နိရုတ္တိ မည်၏။ ဤနာမ်သည် အနက်ကို ခေါ်ဝေါ်အပ်သောကြောင့် အဘိလာပ မည်၏။

**၉** သဗ္ဗံ ဇာနာတိ ဟူသော ပါဠိတော်၌ မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်၏ရူပါရုံကို သိတော်မူပုံကို ဖြေပါ။ (၄ - ၂၊ ၃၈-၃၉)

အဖြေ။ သဗ္ဗံ ဇာနာတိ-၌ သဗ္ဗညုတဉာဏ်သည် ရူပါရုံကို သိပုံ- အပိုင်း အခြားမဲ့ကုန်သော လောကဓာတ်တို့၌ ဤလူနတ် လောကအား 'နီလ၊ ပီတ' ဟု အစရှိသော ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာ၏။ ဤသတ္တဝါသည် ဤခဏ၌ ဤမည်သော ရူပါရုံကိုမြင်၍ ဝမ်းသာခြင်းသည် လည်းကောင်း, စိတ်ဆိုးခြင်းသည်လည်းကောင်း, လျစ်လျူရှုခြင်းသည် လည်းကောင်း ဖြစ်၏-ဟူသော ထိုအလုံးစုံကို ဘုရားရှင်၏ သဗ္ဗညုတဉာဏ် က သိတော်မူ၏။

**၁၀** အာနာပါန အားထုတ်သူတို့ သိနိုင်ဘို့ရာ ထွက်သက် ဝင်သက်တို့၏ အစ, အလယ်, အဆုံးကို ဖြေ၍၊ ယင်းသုံးပါးသို့ လိုက်၍ ပွါးများနေသော ယောဂီအား စိတ်ပျံ့လွင့်ခြင်း သမာဓိမရခြင်း အကြောင်းကို ဖြေပါ။ (၄ - ၂၊ ၇၂)

အဖြေ။ ထွက်သက်၏အစကား ချက်တည်း။ အလယ်ကား ဟဒယ နှလုံးတည်း။ အဆုံးကား-နှာဖျား, မုခနိမိတ်, ပြင်ပအာကာ သတည်း။ ဝင်သက်၏ အစကား-နှာဖျား, မုခနိမိတ်တည်း။ အလယ်ကား ဟဒယနှလုံးတည်း။ အဆုံးကား ချက်တည်း။

http://www.dhammadownload.com



ယင်းထွက်သက်ဝင်သက်၏ အစအလယ် အဆုံး သုံးပါးသို့လိုက်၍ ပွားများသော ယောဂီအား ဌာနအမျိုး မျိုးသို့ အစဉ်လိုက်နေရသဖြင့် စိတ်သည် ကိုယ်တွင်း၌ ပျံ့လွင့်သွား၏။ ကိုယ်တွင်း၌ ပျံ့လွင့်နေသော စိတ်သည် တစ်ခုတည်း သောအာရုံ၌ မတည်နိုင်သောကြောင့် သမာဓိမရနိုင်။

✹ ✹ ✹

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၁-ခုနှစ်၊

၁ အောက်ပါ ပါဠိတော်ကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။

ကထံ ဂေါစရဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ? ဥဒ္ဒစ္စံ ပဇဟတော စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓဂေါစရော၊ အဝိဇ္ဇံ ပဇဟတော အနုပဿနဋ္ဌေန ဝိပဿနာ နိရောဓဂေါစရော။ ဣတိ ဂေါစရဋ္ဌေန သမထဝိပဿနာ ဧကရသာ ဟောန္တိ၊ ယုဂနဒ္ဓါ ဟောန္တိ၊ အညမညံ နာတိဝတ္တန္တီ။ (ပါ - ၂၈၈)

အဖြေ။ ကထံ-အဘယ်သို့။ ဂေါစရဋ္ဌေန-အာရုံကျက်စားရာ မှီအပ်သောအရာဟူသော အနက်သဘောဖြင့်။ ယုဂနဒ္ဓံ-အစုံဖြစ်သော။ သမထဝိပဿနံ-ကို။ ဘာဝေတိ-သနည်း။ ဥဒ္ဒစ္စံ-ကို။ ပဇဟတော-ပယ်စွန့်သောအားဖြင့်။ စိတ္တဿ-၏။ ဧကဂ္ဂတာ-တစ်ခုတည်းသော အာရုံရှိသော။ အဝိက္ခေပေါ မပျံ့လွင့်သော။ သမာဓိသည်။ နိရောဓဂေါစရော-နိဗ္ဗာန်လျှင်အာရုံရှိ၏။ အဝိဇ္ဇံ-ကို။ ပဇဟတော-အားဖြင့်။ အနုပဿနဋ္ဌေန-အဖန်ဖန်ရှုသောအနက်သဘောကြောင့်။ ဝိပဿနာ-သည်။ နိရောဓဂေါစရော-နိဗ္ဗာန်လျှင် အာရုံရှိ၏။ ဣတိ-ဤသို့။ ဂေါစရဋ္ဌေန-ကြောင့်။ သမထဝိပဿနာ တို့သည်။ ဧကရသာ-တစ်ခုတည်းသော ကိစ္စရှိကုန်သည်။ ယုဂနဒ္ဓါ-အစုံတို့သည်။ ဟောန္တိ-ကုန်၏။ အညမညံ-အချင်းချင်း။ နာတိဝတ္တန္တိ-မကျော်လွန်ကုန်။

http://www.dhammadownload.com



၂ သမာဓိဿ ဝုဋ္ဌာနကုသလတာတိ သန္တတိဝသေန ယထာရုစိ ပဝတ္တဿ သမာဓိဿ ယထာပရိစ္ဆိန္နကာလေယေဝ ဝုဋ္ဌာနေန သမာဓိဿဝုဋ္ဌာနေ ဆေကဘာဝေါ။ဟူသော အဋ္ဌကထာပါဌ်ကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။ (၄ - ၁၊ ၂၀၅)

အဖြေ။ သမာဓိဿ ဝုဋ္ဌာနကုသလတာတိ-ဟူသည်ကား။ သန္တတိဝသေန-အားဖြင့်။ ယထာရုစိ-အလိုရှိသည် အားလျော်စွာ။ ပဝတ္တဿ-ဖြစ်သော။ သမာဓိဿ-၏။ ယထာပရိစ္ဆိန္န ကာလေယေဝ-အကြင်ပိုင်းခြားသတ်မှတ်အပ်သော အချိန်ကာလ၌သာလျှင်။ ဝုဋ္ဌာနေန-ထခြင်းဖြင့်။ သမာဓိဿ-၏။ ဝုဋ္ဌာနေ-ထခြင်း၌။ ဆေကဘာဝေါ-လိမ္မာသည်၏အဖြစ်သည်။

၃ မည်သည့်သီလသည် ကိုယ်အင်္ဂါဖြင့်ရင်း၊ အသက်ဖြင့်ရင်း၊ မပိုင်းခြားသော သီလမည်သည်ကို အသီးသီးဖော်ပြခဲ့ပါ။ (ပါ - ၄၃)

အဖြေ။ ဤလောက၌ ကိုယ်အင်္ဂါဟူသော အကြောင်းကြောင့် ဆောက်တည်ယူထားသော သိက္ခာပုဒ်ကို ကိုယ်စိတ်ဖြင့် မလွန်ကျူးသော ပုဂ္ဂိုလ်၏ သီလသည် ကိုယ်အင်္ဂါဖြင့် မပိုင်းခြားသော သီလမည်၏။

ဤလောက၌ အသက်ဟူသော အကြောင်းကြောင့် အကြင်ဆောက်တည် ယူထားသော သိက္ခာပုဒ်ကို ကိုယ်စိတ်ဖြင့် မလွန်ကျူးသောပုဂ္ဂိုလ်၏ သီလသည် အသက်ဖြင့် မပိုင်းခြားသော သီလမည်၏။

၄ မဏ္ဍပေယျံ-၌ မဏ္ဍ၏သရုပ်ကို ထုတ်၍၊ မဏ္ဍပေယျ-အရကိုလည်း ဖော်ပြပါ။ (ပါ - ၂၇၇)

အဖြေ။ မဏ္ဍပေယျံ-၌ မဏ္ဍသရုပ် ၃-ပါး
ဒေသနာမဏ္ဍ၊ ပဋိဂ္ဂဟမဏ္ဍ၊ ဗြဟ္မစရိယမဏ္ဍ။
မဏ္ဍပေယျံ-အရကား-သာသနာ ဗြဟ္မစရိယ ဖြစ်၏။

http://www.dhammadownload.com



**၅** သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ပါးတို့၏ အချင်းချင်း သဘာဂ, ဝိသဘာဂဖြစ်ပုံကို အကြောင်းနှင့်တကွ ရှင်းလင်းဖော်ပြပါ။ (ဠ - ၁၊ ၁၈၅)

အဖြေ။ ဒုက္ခသစ္စာ+သမုဒယသစ္စာ နှစ်ပါးတို့သည် သက်ဝင်နိုင်ခဲသော အနက်အားဖြင့် နက်နဲသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ လောကီယဖြစ်သောကြောင့် လည်းကောင်း၊ သာသဝဖြစ်သောကြောင့်လည်းကောင်း၊ အချင်းချင်း သဘာဂ-ဖြစ်ကုန်၏။ အကျိုး အကြောင်းအားဖြင့် ပြားသောကြောင့်လည်းကောင်း၊ ပရိညေယျ ပဟာတဗ္ဗ ဖြစ်သောကြောင့်လည်းကောင်း အချင်းချင်း ဝိသဘာဂ ဖြစ်ကုန်၏။

**၆** အကုသိုလ်သီလကို ပရိယာယ်အားဖြင့် ဖော်ပြ၍၊ ၎င်းသီလကို သီလမယဉာဏ်အရာ၌ အလိုရှိအပ်သောသီလ ဟုတ်/မဟုတ် အကြောင်းပြဆုံးဖြတ်ခဲ့ပါ။ (ဠ - ၁၊ ၂၀၂)

အဖြေ။ သုခသီလ, ဒုက္ခသီလ, ကလဟသီလ, မဏ္ဍနသီလ တို့သည် ပရိယာယ်အားဖြင့် အကုသလသီလ-ဟုဆို၏။ [လောက၌ ထိုထိုသတ္တဝါတို့၏ ပင်ကိုယ်ပကတိသည် သီလ-ဟုဆို၏။]

၎င်းသီလကို "သုတ္တာန သံဝရေ ပညာ" ဟုဟောတော်မူသောကြောင့် သီလမယဉာဏ်အရာ၌ အလိုရှိအပ်သော သီလ မဟုတ်ပါ။

**၇** အောက်ပါ ဉာဏတ္တယနိဒ္ဒေသ-လာပုဒ်တို့၏ ပရမတ္ထတရားကို ကောက်ပြပါ။ (က) ပဏိဓိ၊ (ခ) သုညတ၊ (ဂ) အဘိနိဝေသ။ (ဠ - ၁၊ ၂၇၈)

အဖြေ။ (က) ပဏိဓိ အရကား-တဏှာ ဖြစ်၏။

(ခ) သုညတ အရကား-အတ္တကင်းသော နိဗ္ဗာန် ဖြစ်၏။

http://www.dhammadownload.com



(ဂ) အဘိနိဝေသ အရကား-အတ္တာဘိနိဝေသ ဖြစ်၏။

၈ မိစ္ဆာဒိဋ္ဌိယာပိ ဝေဒယိတံ-ဟူသောပါဠိတော်၌ မိစ္ဆာဒိဋ္ဌိကို အမှီပြု၍ ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာဖြစ်ပုံကို အကျယ်ဖွင့်ပြပါ။ (၄ - ၁၊ ၂၉၈၊ ၂၉၉)

အဖြေ။ မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်တို့သည် မိစ္ဆာဒိဋ္ဌိကို မှီ၍ လဆန်း လဆုတ်ပက္ခနေ့တို့၌ ယာဂုထမင်းစသည်တို့ကို ပေးလှူကုန်၏။ အကန်းအနူ အစရှိသော သူတို့အား ဝတ်တည်ကြကုန်၏။ လမ်းလေးခွ၌ ဇရပ်ကို ပြုလုပ်ကုန်၏။ ရေကန်ကို တူးစေကြကုန်၏။ ပန်းအာရာမ်, သစ်သီးအာရာမ်ကို စိုက်ပျိုးကုန်၏။ တံတားခင်းကြကုန် ၏။ လမ်းပြင်ကြကုန်၏။ ဤသည်တို့ကား ထိုမိစ္ဆာအယူရှိသူတို့အား ကုသိုလ်ဝေဒနာ ဖြစ်၏။

မိစ္ဆာဒိဋ္ဌိကို မှီ၍ သမ္မာဒိဋ္ဌိအယူရှိသူတို့ကို ဆဲကုန်၏။ တိုင်ထွာကုန်၏၊ ရိုက်နှက်သတ်ဖြတ် နှောင်ဖွဲ့ကြကုန် ၏။ သတ္တဝါကိုသတ်၍ နတ်တို့အား ဆောင်ကုန်၏။ ဤသည်တို့ကား ထိုမိစ္ဆာအယူရှိသူတို့အား အကုသိုလ်ဝေဒနာ ဖြစ်၏။ [မှတ်ချက်။ ။ ပဒေသဝိဟာရ ဉာဏနိဒ္ဒေသဝဏ္ဏနာကို ဗဟုသုတရရှိရန် ကြည့်ရှုကြပါဟု တိုက်တွန်းပါသည်။]

၉ တိတ္ထိတို့သည် အားနည်းသောပညာရှိကြသောကြောင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ကမ္ဘာလေးဆယ်ထက်အလွန် မအောက်မေ့နိုင်ကြဟုဆိုရာ အဘယ်ကြောင့် ပညာအားနည်းကြရသည်ကို ပြ၍၊ ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝကတို့သည် ကမ္ဘာမည်မျှလောက် အောက်မေ့နိုင်ကြသည်ဟုလည်း အသီးသီးခွဲခြား ဖြေဆိုခဲ့ပါ။(၄-၁၊ ၃၂၃)

အဖြေ။ တိတ္ထိတို့သည် နာမ်ရုပ်ကို ပိုင်းခြားဝေဘန်မှတ်သားခြင်း ကင်းကြသည်၏အဖြစ်ကြောင့် ပညာအားနည်းကြရ၏။ ပကတိသာဝက တို့သည် ကမ္ဘာတစ်ရာ, ကမ္ဘာတစ်ထောင် အောက်မေ့နိုင်ကြ၏။

http://www.dhammadownload.com



မဟာသာဝက တို့သည် ကမ္ဘာတစ်သိန်း အောက်မေ့နိုင်ကြ၏။ အဂ္ဂသာဝက တို့သည် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း အောက်မေ့နိုင်ကြ၏။

**၁၀** အောက်ပါ ပညာတို့၏ သဘောသွားထူးခြားဟန်ကို သိသာရုံမျှ ဖြေဆိုခဲ့ပါ။ (က) ဝိစယ၊ (ခ) ဓမ္မဝိစယ၊ (ဂ) ဘူရိ၊ (ဃ) မေဓာ။

(၅ - ၁၊ ၃၄၂- ၃၄၃)

အဖြေ။ (က) အနိစ္စ စသည်တို့ကို စူးစမ်းဆင်ခြင်တတ်သော ပညာသည် ဝိစယ မည်၏။

(ခ) သစ္စာလေးပါးတရားကို စူးစမ်းဆင်ခြင်တတ်သော ပညာသည် ဓမ္မဝိစယ မည်၏။

(ဂ) ဟုတ်မှန်သော အနက်သဘော၌ မွေ့လျော်တတ်သော ပညာသည် ဘူရိ မည်၏။

(ဃ) မိုးကြိုးသွားကဲ့သို့ ကျောက်တောင်တည်း ဟူသော ကိလေသာတို့ကို ဖျက်ဆီးတတ်သော ပညာသည် မေဓာ မည်၏။

✿ ✿ ✿

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၂-ခုနှစ်၊

**၁** ကထံ ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏံ သောတာပတ္တိမဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ တေန ဝုစ္စတိ ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏံ။ ဟူသောပါဠိတော်ကို အနက်ယောဇနာခဲ့ပါ။ (ပါ -၆၆)

အဖြေ။ ကထံ-အဘယ်သို့။ ဒုဘတော-နှစ်ပါးသောအားဖြင့်။ ဝုဋ္ဌာနဝိဝဋ္ဋနေ-ထခြင်း, ဝဋ်မှကင်းခြင်း၌။ ပညာ-သည်။ မဂ္ဂေ-၌။ ဉာဏံ-သည်၊ ဟောတိ-သနည်း။ သောတာပတ္တိမဂ္ဂက္ခဏေ-၌။ ဒဿနဋ္ဌေန-ဒဿနအနက်ကြောင့်။ သမ္မာဒိဋ္ဌိ-သည်။ (သမုစ္ဆေဒသေန-ဖြင့်) မိစ္ဆာဒိဋ္ဌိယာ-၆၂-ပါးသော မိစ္ဆာဒိဋ္ဌိမှ။ ဝုဋ္ဌာတိ-ထ၏။ တဒနုဝတ္တကကိလေသေဟိစ- ထိုမိစ္ဆာဒိဋ္ဌိ၏ နောက်လိုက်ကိလေသာတို့မှ လည်းကောင်း၊ ခန္ဓေဟိစ- ခန္ဓာတို့မှ လည်းကောင်း။ ဝုဋ္ဌာတိ-ထ၏။ ဗဟိဒ္ဓါစ- ပြင်ပ၌လည်း။ သဗ္ဗနိမိတ္တေဟိ-ခပ်သိမ်းသော နိမိတ်တို့ မှ။ ဝုဋ္ဌာတိ-၏။ တေန-ကြောင့်။ ဒုဘတော-နှစ်ပါး သောအားဖြင့်၊ ဝါ-နှစ်ပါးမှ။ ဝုဋ္ဌာနဝိဝဋ္ဋနေ-၌။ ပညာ- သည်။ မဂ္ဂေ-၌၊ ဉာဏံ-ကို။ ဝုစ္စတိ-၏။

**၂** နာနာဒိဋ္ဌိသု န ကမ္ပတီတိ သဿတဒိဋ္ဌိအာဒီသု နာနပ္ပကာရာသု ဒိဋ္ဌီသု နဝေဓတိ၊ သော ဇဝံ အဝေဓမာနော "အနိရုဒ္ဓမေဝ နိရုဇ္ဈတိ၊ အဘိန္နမေဝ ဘိဇ္ဇတီ"တိ ပဝတ္တမနသိကာရော ဒုဗ္ဗလဘာဇနဿ ဝိယ ဘိဇ္ဇမာနဿ သုခုမရဇဿေဝ ဝိပ္ပကိရိယမာနဿ, တိလာနံ ဝိယ ဘိဇ္ဇိယမာနာနံ သဗ္ဗသင်္ခါရာနံ ဥပ္ပါဒဋ္ဌိတိပဝတ္တနိမိတ္တံ ဝိဿဇ္ဇေတွာ ဘေဒမေဝ ပဿတိ။ ဟူသော အဋ္ဌကထာဝါကျကို အနက်ယောဇနာခဲ့ပါ။
(ဋ္ဌ - ၁၊ ၂၄၁-၂၄၂)

အဖြေ။ နာနာဒိဋ္ဌီသု န ကမ္ပတီတိ-ဟူသည်ကား။ သဿတဒိဋ္ဌိအာဒီသု-ကုန်သော။ နာနပ္ပကာရာသု-အထူးထူးအပြားပြားကုန်သော။ ဒိဋ္ဌီသု-တို့၌။ နဝေဓတိ-မတုန်လှုပ်။ ဇဝံ-

http://www.dhammadownload.com



ဤသို့။ အဝေဓမာနော-တုန်လှုပ်ခြင်းမရှိသော။ သော-ထိုယောဂီသည်။ "အနိရုဒ္ဓမေဝ-မချုပ်သော တရားသည်သာ။ နိရုဇ္ဈတိ-ချုပ်၏။ အဘိန္နမေဝ-မပျက် စီးသောတရားသည်သာ။ ဘိဇ္ဇတိ-ပျက်စီး၏။" ဣတိ-သို့။ ပဝတ္တမနသိကာရော-ဖြစ်သောနှလုံးသွင်းမှုသည်။ ဟုတွာ-ဖြစ်၍။ ဘိဇ္ဇမာနဿ-ပျက်စီးကွဲရှတတ်သော။ ဒုဗ္ဗလဘာဇနဿဝိယ-အားနည်းသောပုဂံခွက်၏သကဲ့သို့။ ဝိပ္ပကိရိယမာနဿ-ပျံ့ကျဲတတ်သော။ သုခုမရဇဿေဝ-သေးသိမ်သောမြူ၏သကဲ့သို့။ ဘိဇ္ဇိယမာနာနံ- ပျက်စီးကြကုန်သော။ တိလာနံဝိယ-နှမ်းတို့၏သကဲ့သို့။ သဗ္ဗသင်္ခါရာနံ-တို့၏။ ဥပ္ပါဒဋ္ဌိတိ ပဝတ္တနနိမိတ္တံ-ဖြစ်ပေါ်ခြင်း, တည်ခြင်း, ဖြစ်ပွားခြင်းနိမိတ်ကို။ ဝိဿဇ္ဇေတွာ-စွန့်၍။ ဘေဒမေဝ-အပျက်ကိုသာလျှင်။ ပဿတိ-ရှု၏။ မြင်၏။

**၇** အဘယ်အနက်ကြောင့် အရဏဝိဟာရ မည်ပါသနည်း-ဟူသောပုစ္ဆာ၏ အဖြေကို ပါဠိတော်နှင့်အညီ စုံလင်စွာဖော်ပြပါ။ (ပါ - ၉၄)

အဖြေ။ ပထမဈာန်ဖြင့် နီဝရဏတို့ကို ပယ်၏။

ဒုတိယဈာန်ဖြင့် ဝိတက်ဝိစာရတို့ကို ပယ်၏။

တတိယဈာန်ဖြင့် ပီတိကို ပယ်၏။

စတုတ္ထဈာန်ဖြင့် သုခဒုက္ခ တို့ကို ပယ်၏။ အာကာသာနဉ္စာယတနသမာပတ်ဖြင့် ရူပသညာ ပဋိဃသညာ နာနတ္တသညာကို ပယ်၏။

ဝိညာဏဉ္စာယတနသမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာ ကိုပယ်၏။

အာကိဉ္စညာယတနသမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကို ပယ်၏။

http://www.dhammadownload.com



နေဝ သညာနာသညာယ တနသမာ ပတ်ဖြင့် အာကိဥ္စညာ ယတနသညာကို ပယ်၏။ ထို့ကြောင့် အရဏဝိဟာရ မည်၏။

၄ သမယဝိမောက္ခ၊ အသမယဝိမောက္ခတို့၏အရကို ပါဠိတော်နှင့်အညီ ထုတ်ပြ၍၊ ဝိမောက္ခကထာ၌ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား သင်္ခါရတို့သည် အဘယ်သို့ ထင်ကုန်သည်ကို လည်း အသီးသီး ဖော်ပြပါ။ (ပါ - ၂၃၆၊ ၂၄၄)

အဖြေ။ သမယဝိမောက္ခ-အရကား-ရူပဈာန် ၄-ပါး၊ အရူပသမာ ပတ် ၄-ပါးတို့ ဖြစ်၏။

အသမယဝိမောက္ခအရကား- အရိယမဂ် ၄-ပါး၊ သာမညဖိုလ် ၄-ပါး၊ နိဗ္ဗာန်တို့ဖြစ်၏။

အနိစ္စအားဖြင့် နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား အပျက် အားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏။ ဒုက္ခအားဖြင့် နှလုံး သွင်းသောယောဂီပုဂ္ဂိုလ်အား ဘေးဘယအားဖြင့် သင်္ခါရ တို့သည် ထင်ကုန်၏။ အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား အတ္တသုညအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏။

၅ (၁) နံပါတ် တဒနုဝတ္တကကိလေသေဟိ စ-၌ သဟဇေကဋ္ဌ၏အစွမ်းဖြင့် ၎င်း၊ ပဟာနေကဋ္ဌ၏အစွမ်းဖြင့်၎င်း၊ ပယ်အပ်သော ကိလေသာတို့ကို အဋ္ဌကထာအာဘော်ကျ ရှင်းလင်းဖော်ပြပါ။ (၄ - ၁၊ ၂၅၅-၂၅၆)

အဖြေ။ သဟဇေတဋ္ဌ၏အစွမ်းဖြင့် ပယ်အပ်သောကိလေသာ များ- မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်ကုန်သော အသင်္ခါရိကစိတ်နှစ်ပါးတို့၌ ထိုဒိဋ္ဌိနှင့်တကွဖြစ်သော လောဘ, မောဟ, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ကိလေသာတို့သည်လည်းကောင်း။ မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်ကုန်သော သသင်္ခါရိကစိတ်နှစ်ပါးတို့၌ ထိုမိစ္ဆာဒိဋ္ဌိနှင့် တကွဖြစ်သော လောဘ၊ မောဟ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပကိလေသာတို့သည်၎င်း၊ သဟဇေကဋ္ဌ၏ အစွမ်း ဖြင့် ပယ်ကုန်၏။

http://www.dhammadownload.com



ပဟာနေကဋ္ဌ၏အစွမ်းဖြင့် ပယ်အပ်သောကိလေသာများ-

မိစ္ဆာဒိဋ္ဌိနှင့်တကွ ပုဂ္ဂိုလ်တစ်ဦး၌ တည်ကုန်သော အပါယဂမနီယဖြစ်ကုန်သော လောဘ, ဒေါသ, မောဟ, မာန, ဝိစိကိစ္ဆာ, ထိန, ဉဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာတို့ကို ပဟာနေကဋ္ဌ၏ အစွမ်းဖြင့် ပယ်ကုန်၏။

၆ စရိယာနာနတ္တနိဒ္ဒေသဉာဏနိဒ္ဒေသ၌ ဝိညာဏစရိယာ အညာဏစရိယာ ဉာဏစရိယာတို့၏အရကို ထုတ်ပြ၍၊ စရိယသုံးပါးမှ လွတ်သောတရားတို့ကိုလည်း ဖော်ပြပါ။ (၄ - ၁၊ ၂၆၄-၂၆၅။ ၂၆၈)

အဖြေ။ ဝိညာဏစရိယာအရကား- အဟိတ်စိတ္တုပါဒ် ၁၈-ပါး တို့တည်း။

အညာဏစရိယာအရကား- အကုသိုလ်စိတ္တုပ္ပါဒ် ၁၂-ပါး တို့တည်း။

ဉာဏစရိယာအရကား- အထူးသဖြင့် ဉာဏ်ကိစ္စကိုပြုကုန်သော ဝိပဿနာ မဂ်ဖိုလ် တို့တည်း။

စရိယ သုံးပါးမှလွတ်ကုန်သော တရားများ

ဝိပဿနာကြဉ်၍ သဟိတ်ကာမာဝစရ ကိရိယာ ကုသိုလ်ဝိပါက်တို့သည်လည်းကောင်း၊ ရူပါဝစရ အရူပါဝစရ ကုသိုလ် အဗျာကတတို့သည်လည်းကောင်း စရိယသုံးပါးတို့မှလွတ်ကုန်၏။

၇ အာနာပါနကမ္မဋ္ဌာနယောဂီအား ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ထင်ရာ၌ အချို့သောယောဂီအား ကြယ်ရောင်ကဲ့သို့ရင်း ပတ္တမြားလုံးကဲ့သို့ရင်း ပုလဲလုံးကဲ့သို့ရင်း ထင်၏။ အချို့သော ယောဂီအား ဝါးရိုးကဲ့သို့ရင်း သစ်သားနှစ်ကဲ့သို့ရင်း ပန်းဆိုင်းကဲ့သို့ရင်း အခိုးညွှန်းကဲ့သို့ရင်း ထင်၏ တခုတည်းသောလျှင်ဖြစ်သော ကမ္မဋ္ဌာန်းသည် အဘယ့်ကြောင့် အထူးအားဖြင့် ထင်သနည်း ရှင်းလင်းဖော်ပြပါ။ (၄ - ၂၊ ၉၉)

http://www.dhammadownload.com



အဖြေ။ တစ်ခုတည်းသော ကမ္မဋ္ဌာန်းဖြစ်သော်လည်း သညာအမျိုးမျိုး ကွဲပြားခြားနားသောကြောင့် ပဋိဘာဂနိမိတ်အမျိုးမျိုး အားဖြင့် ထင်မြင်၏။

၈ အာနာပါနသတိကထာ စတုတ္ထ စတုက္က အနိစ္စာနုပဿီ-ဟူသောပါဠိ၌ အနိစ္စ, အနိစ္စတာ အနိစ္စာနုပဿနာ, အနိစ္စာနုပဿီတို့၏အရကို အသီးသီးဖော်ပြပါ။(၁၃၂၇-ခုနှစ်မေးပြီး) (၄ - ၂၊ ၁၀၂)

အဖြေ။ အနိစ္စ အရကား ခန္ဓာငါးပါးတို့တည်း။
အနိစ္စတာ အရကား ခန္ဓာငါးပါးဖြစ်ပျက်ဖောက်ပြန်သည်၏အဖြစ်ရ၏။
အနိစ္စာနုပဿနာ အရကား-ထိုအနိစ္စတာ၏အစွမ်းဖြင့် ရူပအစရှိသည်တို့၌ "အနိစ္စ" ဟု အဖန်ဖန်ရှုခြင်းတည်း။
အနိစ္စာနုပဿီ အရကား-ထိုအနိစ္စာနုပဿနာနှင့်ပြည့်စုံခြင်းတည်း။

၉ သတ္တပါဏစသော ငါးပုဒ်မှတပါး သဗ္ဗေ ဇန္တူ သဗ္ဗေ ဇီဝါ စသော သတ္တဝါတို့၏ဝေဝုစ်ပရိယာယ်တို့သည် ရှိကုန်လျက် အဘယ့်ကြောင့် သတ္တ, ပါဏစသော ငါးပုဒ်တို့ကိုသာလျှင် ပဉ္စဟာကာရေဟိ အနောဓိသော ဖရဏာ စေတောဝိမုတ္တိ-ဟူ၍ဆိုအပ်ပါသနည်း ရှင်းလင်းဖော်ပြပါ။ (၄ - ၂၊ ၂၀၉)

အဖြေ။ "သဗ္ဗေ ဇန္တူ သဗ္ဗေ ဇီဝါ" အစရှိကုန်သော သဗ္ဗသတ္တ ပရိယာယ်များရှိသော်လည်း သတ္တ, ပါဏစသော ငါးပုဒ်တို့သည်သာ ထင်ရှားသောကြောင့် ယင်းသတ္တ, ပါဏ စသောငါးပုဒ်တို့ကိုသာ ပဉ္စဟာကာရေဟိ အနောဓိသော ဖရဏာ စေတောဝိမုတ္တိ-ဟူ၍ ဆိုပါသည်။

၁၀ သမာပတ်ရှစ်ပါးကို ရသောအနာဂါမ်, ရဟန္တာတို့သည် အဘယ့်ကြောင့် နိရောဓ သမာပတ်ကို ဝင်စားကုန်သနည်း၊ နိရောဓသမာပတ်ကို သင်္ခတ, အသင်္ခတ, လောကိယ, လောကုတ္တရာ-ဟူ၍ မဆိုသင့်ကြောင်းကိုလည်း ဖော်ပြပါ။ (၄ - ၁၊ ၂၈၇၊ ၂၉၀)

http://www.dhammadownload.com



အဖြေ။ သမာပတ်ရှစ်ပါးကိုရသော အနာဂါမ်, ရဟန္တာတို့သည် သင်္ခါရတို့၏ ဖြစ်ခြင်းပျက်ခြင်း၌ ငြီးငွေ့၍ ရွံရှာ၍ မျက်မှောက် ဘဝ၌ပင် စိတ်မရှိကုန်သည်ဖြစ်၍ အေးငြိမ်းသော နိဗ္ဗာန်သို့ ရောက်၍ ချမ်းသာစွာ နေလိုကြသောကြောင့် နိရောဓ သမာပတ်ကို ဝင်စားကုန်၏။

နိရောဓသမာပတ်သည် သဘာဝအားဖြင့် မရှိသော ကြောင့် သင်္ခတ, အသင်္ခတ, လောကိယ, လောကုတ္တရာဟူ၍ မဆိုသင့်။

[မှတ်ချက်။ ။ နိရောဓသမာပတ်ကိုဝင်စားသော ယောဂီ ပုဂ္ဂိုလ်၏အစွမ်းဖြင့် သမာပန္နမည်သောကြောင့် နိပ္ဖန္နာဟူ၍ ဆိုသင့်၏။ အနိပ္ဖန္န-ဟူ၍ကား မဆိုသင့်ပါ။]

✣ ✣ ✣

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၃-ခုနှစ်၊

၁ အောက်၌ရှိသော ပါဠိတော်ကို ပဋိသင်္ခါ၌ သဒ္ဒါနက် အဓိပ္ပါယ်နက်နှင့် တသ၏အနိယမကို ထည့်၍ အနက်သမ္ဗန်ပြခဲ့ပါ။

ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ ရ စိတ္တဿ ဘင်္ဂံ အနုပဿတိ။(၁၃၂၇-ခုနှစ် မေးပြီး) (ပါ - ၅၅)

အဖြေ။ ရူပါရမ္မဏတာ-ရူပါရုံဖြစ်သော။ ဝါ-ရူပါရုံအဖြစ်၌။ စိတ္တံ-သသမ္ပယုတ်စိတ်သည်။ ဥပ္ပဇ္ဇိတွာ-ဖြစ်၍။ ဘိဇ္ဇတိ-ပျက်၏။ ယေန စိတ္တေန-ဖြင့်။ တံ အာရမ္မဏံ-ထိုရူပါရုံကို။ [ခယတော ဝယတော-အပျက်အားဖြင့်။] ပဋိသင်္ခါ+ ပဋိသင်္ခါယ-သိ၍။ သဒ္ဒတ္ထ။ ဝါ-မြင်၍။ အဓိပ္ပါယတ္ထ။ တဿစိတ္တဿ-၏။ [အပရေန စိတ္တေန-ဖြင့်။] ဘင်္ဂံ-အပျက်ကို။ အနုပဿတိ-အဖန်ဖန်ရှု၏။

http://www.dhammadownload.com



**၂** အောက်၌ရှိသော အဋ္ဌကထာပါဌ်ကို အနက်ယောဇနာပြခဲ့ပါ။
အဿာသ ပဋိကင်္ခနာ နိကန္တိတဏှာစရိယာတိ. နာသိကာဝါတာယတ္တမိဒံ ကမ္မဋ္ဌာနန္တိ သလ္လက္ခေတွာ ဩဠာရိကောဠာရိကဿ အဿာသဿ ပတ္ထနာသင်္ခါတာ နိကာမနာဇဝ တဏှာပဝတ္တိ။ တဏှာပဝတ္တိယာ သတိ ဧကတ္တေ အသဏ္ဌဟနတော သမာဓိဿ ပရိပန္ထော။ (၁၃၂၇-ခုနှစ် မေးပြီး)
(ဋ္ဌ - ၂/ ၇၂)

အဖြေ။ ၁၃၂၇-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

**၃** အားနှစ်မျိုးနှင့်ပြည့်စုံခြင်း၊ သင်္ခါရသုံးပါးတို့၏ငြိမ်းခြင်းကြောင့် ဖြစ်သော ပညာသည် နိရောဓသမာပတ္တိဉာဏ်မည်၏ဟုဆိုရာ၌ အားနှစ်မျိုးနှင့် သင်္ခါရသုံးပါးတို့၏ ငြိမ်းရာဌာနတို့ကို ဖြေပြခဲ့ပါ။
(၁၃၂၆-၁၃၂၉-ခုနှစ် မေးပြီး) (ပါ - ၉၅-၉၆)

အဖြေ။ ၁၃၂၉-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

**၄** မည်သည့်ပုဂ္ဂိုလ်မျိုးကို အပ္ပရဇက္ခပုဂ္ဂိုလ်ခေါ်ရသည်ဟု ပါဠိတော်ကို သတိပြု၍ဖြေပြခဲ့ပါ။(၁၃၂၉-ခုနှစ် မေးပြီး) (ပါ - ၁၁၆)

အဖြေ။ ၁၃၂၉-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

**၅** ဧသနာ၊ ပဋိလာဘ၊ ဧကရသ၊ အာသေဝန၊ ယင်းဘာဝနာလေးပါးတို့၏ အဓိပ္ပါယ်များကိုဖော်ပြခဲ့ပါ။ (၁၃၂၇-ခုနှစ် မေးပြီး) (ဋ္ဌ - ၁၊ ၁၂၂)

အဖြေ။ ၁၃၂၇-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

**၆** ဝိပဿနာနှင့်မဂ်ကို ပရိစ္စာဂပဋိနိဿဂ္ဂ၊ ပက္ခန္ဒနပဋိနိဿဂ္ဂဟူ၍ ခေါ်ဆိုရခြင်း အကြောင်းများကို ဖော်ပြခဲ့ပါ။ (၁၃၂၈-ခုနှစ် မေးပြီး)
(ဋ္ဌ - ၂/၁၀၂-၁၀၃)

အဖြေ။ ၁၃၂၈-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

**၇** စတ္တာရိ သင်္ဂဟဝတ္ထူနိ၌ သင်္ဂဟဝတ္ထုလေးပါးတို့ကို အဓိပ္ပါယ်နှင့် တွဲဘက်၍ဖော်ပြခဲ့ပါ။ (၁၃၂၇-ခုနှစ် မေးပြီး) (ဋ္ဌ - ၁/ ၂၇၁)

အဖြေ။ ၁၃၂၇-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

http://www.dhammadownload.com



၈ မည်သည့်ကံ၏ မည်သည့်အကျိုးကိုယူ၍ အတ္ထိ ကမ္မံ အတ္ထိကမ္မဝိပါကော၊ အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော၊ အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကောဟု ဟောတော်မူရသည်ကို ဖော်ပြခဲ့ပါ။

(၁၃၂၈-ခုနှစ် မေးပြီး) (၄ - ၂/ ၁၇၅)

အဖြေ။ ၁၃၂၈-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

၉ မြတ်စွာဘုရား၏ကာယဗလ ကိုယ်တော်အစွမ်းအားသည် ယောကျ်ားတို့၏ အစွမ်းအားဖြင့် မည်မျှရှိသည်ဟု ဖော်ပြခဲ့ပါ။ (၁၃၂၉-ခုနှစ် မေးပြီး)

(၄ - ၂၊ ၂၃၀)

အဖြေ။ ၁၃၂၉-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

၁၀ အနိစ္စ၊ အနိစ္စတာ၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿီ။ ယင်းလေးပါးတို့၏ အရကို တမျိုးစီကောက်ပြခဲ့ပါ။ (၁၃၂၇-၁၃၃၂-ခုနှစ် မေးပြီး)

(၄ - ၂/၁၀၂)

အဖြေ။ ၁၃၂၇-ခုနှစ်၊ အမေး+အဖြေမှာ ကြည့်ပါ။

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၄-ခုနှစ်၊

**၁** စာရော စ ဝိဟာရော စ အနုဗုဒ္ဓေါ ဟောတိ ပဋိဝိဒ္ဓေါ။ ယထာ စရန္တံ ယထာဝိဟာရန္တံ ဝိညူ သဗြဟ္မစာရီ ဂမ္ဘီရေသု ဌာနေသု ဩကပ္ပေယျုံ၊ အဒ္ဓါ အယမာယသ္မာ ပတ္တောဝါ ပါပုဏိဿတိ ဝါ။ ကိုအနက်ပေးပါ။ (ပါ - ၂၁၅)

အဖြေ။ စာရောစ-ကျင့်ခြင်းသည်လည်းကောင်း၊ ဝိဟာရောစ-နေထိုင်ခြင်းသည်လည်းကောင်း၊ အနုဗုဒ္ဓေါစ-လျော်စွာ သိခြင်းသည်လည်းကောင်း၊ ပဋိဝိဒ္ဓေါစ-ထိုးထွင်းသိခြင်းသည်လည်းကောင်း၊ ဟောတိ-၏။ ယထာစရန္တံ-သဒ္ဓါစသဖြင့် ကျင့်သည်အားလျော်စွာ။ ယထာဝိဟာရန္တံ-သဒ္ဓါစသည်ဖြင့် နေသည်အားလျော်စွာ။ ဝိညူ-ပညာရှိကုန်သော။ သဗြဟ္မစာရီ-သီတင်းသုံးဖော်တို့သည်။ ဂမ္ဘီရေသု-နက်နဲကုန်သော။ ဌာနေသု-(ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်၊ မဂ်ဖိုလ်၊ အဘိညာဏ်၊ ပဋိသမ္ဘိဒါတည်းဟူသော)ဌာနတို့၌။ ဩကပ္ပေယျုံ-သက်ဝင်ယုံကြည်ကုန်ရာ၏။ အဒ္ဓါ-စင်စစ်။ အယံ-အာယသ္မာ-ဤအရှင်သည်။ ပတ္တောဝါ-(ဈာန်စသည်တို့ကို)ရသည်လည်းရနိုင်၏။ ပါပုဏိဿတိဝါ-ရောက်သည်လည်းရောက်လတ္တံ့။

**၂** အာရုပ္ပဝိပါကေသုစာပိ သင်္ခါရဝိပရိဏာမဒုက္ခတံ အနဝဗုဇ္ဈမာနော သဿတာဒိဝိပလ္လာသေန စိတ္တသင်္ခါရဘူတံ အာနေဉ္ဇာဘိသင်္ခါရံ အာရဘတိ ဒိသာမူဠှော ဝိယ ပိသာစနဂရာဘိမုခ မဂ္ဂဂမနံ-ဟူသော အဋ္ဌကထာပါဌ်ကို ဥပမာန, ဥပမေယျအစဉ်ကျအောင် အနက်သမ္ဗန်ခဲ့ပါ။ (ဋ္ဌ - ၁၊ ၃၁၈)

အဖြေ။ အာရုပ္ပဝိပါကေသုစာပိ-အရူပဝိပါက်တို့၌လည်း။ သင်္ခါရဝိပရိဏာမဒုက္ခတံ-သင်္ခါရဖောက်ပြန်သော ဆင်းရဲ အဖြစ်ကို၊ အနဝဗုဇ္ဈမာနော-လျော်စွာမသိသည်ဖြစ်၍။ သဿတာဒိဝိပလ္လာသေန-သဿတအစရှိသော ဝိပလ္လာသဖြင့်။ ဒိသာမူဠှော-အရပ်တွေဝေသော သူသည်။ ပိသာစနဂရာဘိမုခမဂ္ဂဂမ

http://www.dhammadownload.com



နံဝိယ-မြေဘုတ် ဘီလူးမြို့သို့ ရှေးရှုသောလမ်းသို့ သွားသကဲ့သို့။ စိတ္တသင်္ခါရဘူတံ-စိတ္တသင်္ခါရဖြစ်သော။ အာနေဥ္စာဘိသင်္ခါရံ-ကို။ အာရဘတိ- အားထုတ်၏။

**၃** ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ-၌ ဓမ္မဋ္ဌိတိ-အရ ဌိတိဘေဒတို့ကို ဖော်ပြပြီးလျှင်၊ ဓမ္မဋ္ဌိတိဉာဏ်သည် အကြောင်းတို့ကိုသာ သိမ်းဆည်းသလော၊ ပါဠိတော် အထောက်ဖြင့် ရှင်းလင်းဖြေဆိုပါ။ (ပါ - ၄၈)

အဖြေ။ ဓမ္မဋ္ဌိတိဉာဏံ-၌ ဌိတိဘေဒ-သရုပ်

ဥပါဒဋ္ဌိတိ၊ ပဝတ္တဋ္ဌိတိ၊ နိမိတ္တဋ္ဌိတိ၊ အာယူဟနဋ္ဌိတိ၊ သညောဂဋ္ဌိတိ၊ ပလိဗောဓဋ္ဌိတိ၊ သမုဒယဋ္ဌိတိ၊ ဟေတုဋ္ဌိတိ၊ ပစ္စယဋ္ဌိတိ-ပေါင်း ဌိတိအပြား ၉-ပါးတို့တည်း။

"အဝိဇ္ဇာ ပစ္စယော၊ သင်္ခါရာ ပစ္စယသမုပ္ပန္နာ၊ ဥဘောပေတေ ဓမ္မာ ပစ္စယသမုပ္ပန္နာတိ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ-ဟူသော ပါဠိတော်ကိုထောက်၍ ဓမ္မဋ္ဌိတိဉာဏ်သည် အကြောင်းအကျိုးနှစ်မျိုးလုံးတို့ကို သိမ်းဆည်းပါသည်။

**၄** စာရဝိဟာရ-လာ စရိယအပြားကို ဖော်ပြ၍၊ မည်သည့်စရိယသည် မည်သည့်ပုဂ္ဂိုလ်တို့အား ဖြစ်သည်ဟု ပါဠိတော်ပထမနည်းလာတိုင်းသာ နားလည်အောင် ဖြေဆိုပါ။ (ပါ - ၂၁၅-၂၁၆)

အဖြေ။ <u>စာရဝိဟာရ-လာ စရိယ အပြား(သရုပ်)</u>

ဣရိယာပထစရိယ၊ အာယတနစရိယ၊ သတိစရိယ၊ သမာဓိစရိယ၊ ဉာဏစရိယ၊ မဂ္ဂစရိယ၊ ပတ္တိစရိယ၊ လောကတ္ထ စရိယ ပေါင်း ရှစ်ပါးတို့တည်း။

<u>စရိယနှင့် ပုဂ္ဂိုလ်တွဲပြပုံ-</u>

ဣရိယာပထစရိယာ သည် ငြိမ်သက်သော ဣရိယာပုထ်နှင့် ပြည့်စုံကုန်သောပုဂ္ဂိုလ်တို့အား ဖြစ်၏။

အာယတနစရိယ သည် စက္ခုစသောဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသောဒွါရရှိကုန်သော ပုဂ္ဂိုလ်တို့အား ဖြစ်၏။

http://www.dhammadownload.com



သတိစရိယ သည် ဒွီလစသည်တို့၌ မမေ့မလျော့နေကုန်သော ပုဂ္ဂိုလ်တို့အား ဖြစ်၏။
သမာဓိစရိယ သည် အဓိစိတ္တ ဟုဆိုအပ်သော သမာဓိကို အဖန်ဖန် အားထုတ်ကုန်သော ပုဂ္ဂိုလ်တို့အား ဖြစ်၏။
ဉာဏစရိယသည် နာမရူပပရိစ္ဆေဒဉာဏ်မှ ဂေါတြဘူဉာဏ်တိုင်အောင် ယင်းဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့အား ဖြစ်၏။
မဂ္ဂစရိယ သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား ဖြစ်၏။
ပတ္တိစရိယ သည် ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ဖြစ်၏။
လောကတ္ထစရိယ သည် ဘုရားရှင်တို့အား ဖြစ်၏။ တစ်စိတ်တစ်ပိုင်း၌ ပစ္စေကဗုဒ္ဓါ, သာဝကတို့အားလည်း ဖြစ်၏။

**၅** ပရိညာသုံးပါးတို့၏ သိပုံအထူးကို ဖော်ပြပြီးလျှင်၊ ဖြစ်ရာဘုံအစွမ်းဖြင့် ပရိညာသုံးပါးကို ပိုင်းခြားပြခဲ့ပါ။ (၄ - ၁၊ ၃၂)

အဖြေ။ "ရုပ်သည်ဖောက်ပြန်သော လက္ခဏာရှိ၏။ ဝေဒနာသည် ခံစားတတ်သော လက္ခဏာရှိ၏" ဤသို့ ထိုထို တရားတို့၏ မိမိကိုယ်ပိုင်လက္ခဏာ, သလ္လက္ခဏ, ၏အစွမ်းဖြင့် ဖြစ်သော ပညာသည် ဉာတပရိညာ မည်၏။
"ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ" အစရှိသောနည်းဖြင့် ထိုထိုတရားတို့၏ သာမညလက္ခဏာသို့ တင်၍ဖြစ်သော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာသည် တီရဏပရိညာ မည်၏။
ထိုတရားတို့၌ပင်လျှင် နိစ္စသညာ စသည်တို့ကို ပယ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော လက္ခဏာလျှင်အာရုံရှိသော ဝိပဿနာသည်ပင် ပဟာနပရိညာ မည်၏။

http://www.dhammadownload.com



ပရိညာ ၃-ပါး၊ တို့ ဖြစ်ရာဘူမိ

(၁) သင်္ခါရပရိစ္ဆေဒဉာဏ်မှစ၍ ပစ္စယပရိဂ္ဂဟဉာဏ်တိုင်အောင်သည် ဉာတပရိညာဘူမိ ဖြစ်၏။

(၂) ကလာပသမ္မသနမှစ၍ ဥဒယဗ္ဗယာနုပဿနာတိုင်အောင်သည် တီရဏပရိညာဘူမိ ဖြစ်၏။

(၃) ဘင်္ဂါနုပဿနာမှစ၍ အထက်ဉာဏ်တိုင်အောင်သည် ပဟာနပရိညာဘူမိ ဖြစ်၏။

၆ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးရှိလျက် ၁၁-ပါးကိုသာ ဓမ္မဋ္ဌိတိ ဉာဏနိဒ္ဒေသ၌ အဘယ်ကြောင့် ဟောပြပါသနည်း။ ဓမ္မဋ္ဌိတိဉာဏ်သည် ဇရာ၊ မရဏ၏အစွမ်းဖြင့် မသင့်သလော၊ ရှင်းလင်းပြခဲ့ပါ။ (၄-၁၊ ၂၂၃)

အဖြေ။ လေးပါးကုန်သော ထိုဝါရတို့၌ ဆယ့်နှစ်ပါးကုန်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့၏ ပစ္စယအကြောင်း၏အစွမ်းဖြင့်သာ ဓမ္မဋ္ဌိတိဉာဏ်ကို အကျယ်ပြအပ်သည်၏အဖြစ်ကြောင့် အဝိဇ္ဇာအစရှိကုန်သော ဆယ့်တစ်ပါးကုန်သော အင်္ဂါတို့၏ အစွမ်းဖြင့်သာ ဓမ္မဋ္ဌိတိဉာဏ်ကို ပြအပ်၏။

[ဇရာမရဏသည် အဆုံး၌ တည်သည်၏အဖြစ်ကြောင့် ထိုဇရာမရဏ၏အစွမ်းဖြင့် အကျယ်မပြအပ်။] မှတ်ရန်သာ။

ဇရာမရဏသည် သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတို့၏အကြောင်း ပစ္စယဖြစ်သောကြောင့် ထိုသောကစသည်တို့၏အကြောင်းပစ္စယကိုပြု၍ ဇရာမရဏ၏အစွမ်းဖြင့် ဓမ္မဋ္ဌိတိဉာဏ်သည် သင့်မြတ်သည်သာတည်း။

၇ ဗိုလ်၊ ဗောဇ္ဈင်-တို့ကို မဂ္ဂင်၊ အမဂ္ဂင်-အားဖြင့် အသီးသီး ခွဲပြခဲ့ပါ။ (၄ - ၁၊ ၂၆၀)

အဖြေ။ သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ သမာဓိ၊ သမ္ဗောဇ္ဈင်တို့သည် မဂ္ဂင်တို့ ဖြစ်ကုန်၏။

ပီတိ၊ ပဿဒ္ဓိ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်တို့သည် အမဂ္ဂင်တို့ဖြစ်ကုန်၏။

http://www.dhammadownload.com



၈ အနာဂါမ်ပုဂ္ဂိုလ်များသည် သုဒ္ဓါဝါသမှတပါး အခြားဘုံတို့၌ မဖြစ်ကုန်သလော၊ အကြောင်းနှင့်တကွ ပြဆိုပြီးလျှင်၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမိနှင့်စပ်သော အနာဂါမ်အမျိုးအစားတို့ကိုလည်း ပါဠိ+မြန်မာတွဲစပ်၍ ထုတ်ဆောင်ပြခဲ့ပါ။ (၄ - ၂၊ ၆၈)

အဖြေ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ရူပရာဂတို့ကို မပယ်ရသေးသောကြောင့် အလိုရှိကြသော် ကြွင်းကုန်သော ရူပ အရူပဘုံတို့၌လည်း ဖြစ်ကုန်၏။

[သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော အနာဂါမ်တို့သည် အခြား ဘုံ၌ မဖြစ်ကုန်။]

ဥဒ္ဓံသောတ အကနိဋ္ဌဂါမိ အနာဂါမ်သရုပ်

၁။ အဝိဟာမှစ၍ ပြဟ္မာလေးဘုံတို့ကို သုတ်သင်ပြီး၍ အကနိဋ္ဌာသို့သွား၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ် ပြဟ္မာသည် ဥဒ္ဓံသောတော အကနိဋ္ဌဂါမိ မည်၏။

၂။ အောက်ပြဟ္မာသုံးဘုံတို့ကို သုတ်သင်၍ သုဒဿီ ပြဟ္မာဘုံ၌တည်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်သည် ဥဒ္ဓံသောတော နအကနိဋ္ဌဂါမိ မည်၏။

၃။ ဤလူ့ဘုံမှ အကနိဋ္ဌဘုံသို့သာသွား၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်သည် နဥဒ္ဓံသောတော အကနိဋ္ဌဂါမိ မည်၏။

၄။ အောက်ပြဟ္မာလေးဘုံတို့တွင် ထိုထိုဘုံအရပ်၌ သာလျှင် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်သည် နဥဒ္ဓံသောတော နအကနိဋ္ဌဂါမိ မည်၏။

၉ သိတိ သိယာ ဝိမောက္ခ-၏သရုပ်ကို အကျဉ်းမျှဖော်ပြ၍၊ ထိုသိတိဘာဝဉာဏ်၏အနုတ္တရဖြစ်ခြင်းအကြောင်းကိုလည်း ဖော်ပြခဲ့ပါ။
(ပါ - ၂၄၀။ ၄ - ၂၊ ၁၅၈)

http://www.dhammadownload.com



အဖြေ။ သီတိ သိယာ ဝိမောက္ခ သရုပ်

၁။ ဧကော သီတိသိယာဝိမောက္ခော ဒသသီတိ သိယာ ဝိမောက္ခာ။

၂။ ဒသ သီတိသိယာဝိမောက္ခာ ဧကော သီတိသိယာ ဝိမောက္ခော။

သီတိဘာဝဉာဏ်သည် သာသနာတော်၌သာဖြစ်သင့်သောကြောင့် မြတ်သောအနက်သဘောအားဖြင့် အနုတ္တရ ဖြစ်၏။ အနုတ္တရ၏အကြောင်း ပစ္စယဖြစ်သောကြောင့်လည်း အနုတ္တရ ဖြစ်၏။

**၁၀** ဓမ္မစက္က၏အပြားကို သရုပ်နှင့်တကွ ခွဲပြပြီးလျှင်၊ ကာလအားဖြင့်လည်း ပိုင်းခြားပြခဲ့ပါ။ (၄ - ၂/ ၂၂၁)

အဖြေ။ ဓမ္မစက္က အပြား ၂-ပါး

ပဋိဝေဓ ဓမ္မစက္က၊ ဒေသနာ ဓမ္မစက္က တို့ဖြစ်သည်။

ပဋိဝေဓ ဓမ္မစက္ကသည် ဗောဓိပလ္လင်၌ ဖြစ်၏။

ဒေသနာ ဓမ္မစက္ကသည် ဣသိပတန မိဂဒါဝုန်၌ ဖြစ်၏။

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၅-ခုနှစ်

**၁** အောက်ပါ ပါဠိတော်ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

အာနာပါနဿတိ ယဿ၊ ပရိပုဏ္ဏာ သုဘာဝိတာ။
ကာယောပိ အနိဉ္ဇိတော ဟောတိ၊ စိတ္တမ္ပိ ဟောတိ အနိဉ္ဇိတံ။
ကာယောပိ အဖန္ဒိတော ဟောတိ၊ စိတ္တမ္ပိ ဟောတိ အဖန္ဒိတံ။

(ပါ - ၁၆၆)

အဖြေ။ ယဿ-အကြင်ပုဂ္ဂိုလ်၏။ ဝါ-သည်။ အာနာပါနဿတိ-ကို။ ပရိပုဏ္ဏာ-ပြည့်စုံစွာ။ သုဘာဝိတာ-ကောင်းစွာပွားများအပ်ပြီးသည်။ ဟောတိ-၏။ တဿ-ထိုပုဂ္ဂိုလ်၏။ ကာယောပိ-သည်လည်း။ အနိဉ္ဇိတော- မတုန်လှုပ်သည်။ ဟောတိ-၏။ စိတ္တမ္ပိ-သည်လည်း။ အနိဉ္ဇိတံ-မလှုပ်သည်။ ဟောတိ-၏။ ကာယောပိ-သည်လည်း။ အဖန္ဒိတော-မတုန်လှုပ်သည်။ ဟောတိ-၏။ စိတ္တမ္ပိ-သည်လည်း။ အဖန္ဒိတံ-သည်။ ဟောတိ-၏။

**၂** အောက်ပါ အဋ္ဌကထာဂါထာကို အနက်မှန်မှန်ပေးခဲ့ပါ။

ဂန္တွာန သော သတ္တ ပဒါနိ ဂေါတမော၊
ဒိသာ ဝိလောကေသိ သမာ သမန္တတော။
အဋ္ဌင်္ဂုပေတံ ဂိရမဗ္ဘုဒီရယိ၊
သီဟော ယထာ ပဗ္ဗတ မုဒ္ဓနိဋ္ဌိတော။ (ဋ္ဌ - ၁၊ ၁၉၂)

အဖြေ။ ဂေါတမော-အနွယ်တော်အရ ဂေါတမ မည်တော်မူသော။ သော-ဘဂဝါ-ထိုမြတ်စွာဘုရားသည်။ သတ္တပဒါနိ-ခုနှစ်လှမ်းတို့တိုင်တိုင်။ ဂန္တွာန-ကြွတော်မူပြီး၍။ သမန္တတော ထက်ဝန်းကျင်၌။ သမာ-တူမျှကုန်သော။ ဒိသာ-အရပ်မျက်နှာတို့ကို။ ဝိလောကေသိ-အစဉ်လှည့်၍ ကြည့်တော်မူပြီ။ ပဗ္ဗတမုဒ္ဓနိ-တောင်ထိပ်၌။ ဌိတော-တည်သော။ သီဟော-ခြင်္သေ့သည်။ အဘိနဒိယထာ- မရွံ့မကြောက် ဟောက်သကဲ့သို့။ အဋ္ဌင်္ဂုပေတံ-ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ဂိရံ-"အဂ္ဂေါဟမသ္မိ"အစရှိသော အသံတော်ကို။ အဗ္ဘုဒီရယိ-မိန့်မြွက်တော်မူပြီ။

http://www.dhammadownload.com



**၃** အဘယ်တရားကို ဆင်ခြင်သောသူအား အဘယ်ဣန္ဒြေစင်ကြယ်ပါသနည်း အသီးသီးပြည့်စုံအောင် ဖော်ပြပါ။ (ပါ - ၁၉၈)

အဖြေ။ ကြည်ညိုဖွယ် သုတ္တန်တရားတို့ကို ဆင်ခြင်သောသူအား သိဒ္ဓိန္ဒြေသည် စင်ကြယ်၏။

သမ္မပ္ပဓာန်တရားတို့ကို ဆင်ခြင်သော သူအား ဝီရိယိန္ဒြေသည် စင်ကြယ်၏။

သတိပဋ္ဌာန် တရားတို့ကို ဆင်ခြင်သောသူအား သတိန္ဒြေသည် စင်ကြယ်၏။

ဈာန်ဝိမောက္ခတရားတို့ကို ဆင်ခြင်သောသူအား သမာဓိန္ဒြေသည် စင်ကြယ်၏။

နက်နဲသော ဉာဏ်အကျင့် (ဂမ္ဘီရဉာဏစရိယ) တရားကို ဆင်ခြင်သောသူအား ပညိန္ဒြေသည် စင်ကြယ်၏။

**၄** သာသဝဝိမောက္ခမည်သောတရား အနာသဝဝိမောက္ခမည်သော တရားတို့ကို တိကျစွာ ဖြေဆိုပါ။ (ပါ - ၂၃၇)

အဖြေ။ သာသဝဝိမောက္ခ မည်သောတရား-

ရူပါဝစရဈာန် ၄-ပါး၊ အရူပသမာပတ် ၄-ပါး၊ ပေါင်း ၈-ပါး တို့ဖြစ်ပါသည်။

အနာသဝ ဝိမောက္ခမည်သော တရား- အရိယမဂ် ၄-ပါး၊ သာမညဖလ ၄-ပါး၊ နိဗ္ဗာန်တို့တည်း။

**၅** အဘယ်ပညာသည် "သစ္ဆိကိရိယာပညာ" မည်ကြောင်း ထင်ရှားအောင် ဖြေဆို၍၊ ပဋိသမ္ဘိဒါလေးပါးတို့တွင် အဘယ်ကြောင့် နိရုတ္တိပဋိသမ္ဘိဒါကို မမွပဋိသမ္ဘိဒါ၏ အခြားမဲ့၌ ပြအပ်ပါသနည်း။ (၄ - ၁၊ ၃၃)

အဖြေ။ ပဋိဝေဓ၏ အစွမ်းဖြင့်လည်းကောင်း၊ ပဋိလာဘ၏ အစွမ်းဖြင့်လည်းကောင်း မျက်မှောက်ပြုသော ပညာသည် သစ္ဆိကိရိယာပညာ-မည်၏။

http://www.dhammadownload.com



အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ-နှစ်ပါးစုံ၏ သဒ္ဒါသဘောကို ဆုံးဖြတ်ကြောင်း အရာဖြစ်သောကြောင့် ဓမ္မပဋိသမ္ဘိဒါ၏ အခြားမဲ့၌ နိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်ကို ပြဆိုရ၏။

၆ သဒ္ဓါစသော ဣန္ဒြေ ၅ - ပါးတို့သည် အဘယ်ကို အစိုးရသောကြောင့် ဣန္ဒြေမည်ကြောင်း အသီးသီး ဖြေဆိုပါ။ (၄ - ၁၊ ၈၁)

အဖြေ။ သဒ္ဓါသည် ဆုံးဖြတ်ခြင်းလက္ခဏာ၌ အစိုးရသောကြောင့် ဣန္ဒြေမည်၏။

ဝီရိယ သည် ချီးမြှောက်ခြင်းလက္ခဏာ၌ အစိုးရသောကြောင့် ဣန္ဒြေမည်၏။

သတိ သည် ထင်ရှားသော ဥပဋ္ဌာနလက္ခဏာ၌ အစိုးရသောကြောင့် ဣန္ဒြေမည်၏။

သမာဓိသည် မပျံ့လွင့်သောလက္ခဏာ၌ အစိုးရသောကြောင့် ဣန္ဒြေမည်၏။

ပညာ သည် ဒဿနလက္ခဏာ၌အစိုးရသောကြောင့် ဣန္ဒြေမည်၏။

၇ ဧကတ္တကာယ ဧကတ္တသညီမည်သော သတ္တဝါများကို အကြောင်းနှင့်တကွ ပြည့်စုံစွာ ဖော်ပြပါ။ (၄ - ၁၊ ၁၀၅)

အဖြေ။ ပရိတ္တာသုဘာ, အပ္ပမာဏာသုဘာ, သုဘကိဏှာ ဗြဟ္မာတို့သည် စတုက္ကနည်း၌ တတိယဈာန်, ပဉ္စကနည်း၌ စတုတ္ထဈာန် ပရိတ္တ, မဇ္ဈိမ, ပဏီတအားဖြင့် ထိုဘုံ၌ဖြစ်ကြကုန်၏။ ကာယအားဖြင့် တူကုန်၏။ စတုတ္ထဈာန်သညာအားဖြင့်လည်း တူကုန်၏။ ထို့ကြောင့် ဧကတ္တကာယ၊ ဧကတ္တသညီ မည်ကုန်၏။

၈ အဘယ်တရားများသည် အဘယ်ကြောင့် ပရိယာယဒုက္ခမည်ပါသနည်း ဖြေဆိုပါ။ (၄ - ၁၊ ၁၃၃)

http://www.dhammadownload.com



အဖြေ။ ဒုက္ခ ဒုက္ခကိုကြည့်၍ ကြွင်းသောဒုက္ခသည်ငင်း၊ ဒုက္ခသစ္စဝိဘင်း၌ လာသော ဇာတိအစရှိသော အလုံးစုံသောဒုက္ခသည်လည်းကောင်း ထိုထိုဒုက္ခဆင်းရဲ၏ အကြောင်းဝတ္ထုဖြစ်သောကြောင့် ပရိယာယဒုက္ခ မည်၏။
[ဒုက္ခဒုက္ခသည် နိပ္ပရိယာယ(မုချ) ဒုက္ခမည်၏။]

**၉** ဥပေက္ခာ ၁၀-ပါး သရုပ်ကို ၎င်းတို့၏တရားကိုယ်နှင့်တကွ တိကျမှန်ကန်အောင်ဖော်ပြပါ။ (၄ - ၁၊ ၁၇၃)

အဖြေ။ ဥပေက္ခာ ၁၀-ပါး
ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ ဝီရိယုပေက္ခာ၊ သင်္ခါရုပေက္ခာ၊ ဝေဒနုပေက္ခာ၊ ဝိပဿနုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ၊ ပေါင်း ၁၀-ပါးတို့တည်း။
ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ-ခြောက်ပါးတို့၏ အရကား တတြမဇ္ဈတ္တုပေက္ခာတည်း။
သင်္ခါရုပေက္ခာ၊ ဝိပဿနုပေက္ခာ နှစ်ပါးတို့၏ အရကား ပညာတည်း။
ဝီရိယုပေက္ခာ အရကား အလယ်အလတ်ဝီရိယ ဟုဆိုအပ်သော ဥပေက္ခာတည်း။
ဝေဒနုပေက္ခာ၏အရကား ဒုက္ခလည်းမဟုတ်၊ သုခလည်း မဟုတ်ဟု အမှတ်ရှိသော ဥပေက္ခာဝေဒနာတည်း။

**၁၀** ကာမေသု မိစ္ဆာစာရာ၏တရားကိုယ်ဓမ္မကို လိုအပ်သောအဓိပ္ပါယ်နှင့် တကွဖော်ပြ၍၊ ၎င်း၏ ကမ္မပထမြောက် အင်္ဂါများကိုလဲ ညွှန်ကြားခဲ့ပါ။ (၄ - ၁၊ ၂၀၄)

အဖြေ။ ကာမေသုမိစ္ဆာစာရ၏ တရားကိုယ်ဓမ္မ-
မေထုန်မှီဝဲလိုသဖြင့် ကာယဒွါရ၌ဖြစ်သော မသွားအပ်သော မာတုရက္ခိတာအစရှိကုန်သော အရာဌာနတို့၌ လွန်ကျူးခြင်း စေတနာသည် ကာမေသု မိစ္ဆာစာရာ မည်၏။

http://www.dhammadownload.com



ဂုဏ်း၏ ကမ္ဘပထမြောက်သော အင်္ဂါများ၊
မလားထိုက်၊ မမှီဝဲ ထိုက်သောဝတ္ထုဖြစ်ခြင်း၊ ထိုဝတ္ထု၌ မှီဝဲလို
စိတ်ရှိခြင်း၊ မှီဝဲလို၍ အားထုတ်ခြင်း၊ မဂ်နှင့်မဂ်ထိ တွေ့မှီဝဲခြင်း။

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၆-ခုနှစ်၊

❶ န တဿ အဒ္ဒိဋ္ဌမိဓတ္ထိ ကိဉ္စိ၊ အထော အဝိညာတမဇာနိတဗ္ဗံ။
သဗ္ဗံ အဘိညာသိ ယဒတ္ထိ နေယျံ၊ တထာဂတော တေန သမန္တစက္ခုတိ။
ဟူသော ပါဠိတော်ကို အနက်ယောဇနာပါ။ (ပါ - ၁၂၇)

အဖြေ။ တဿ-တထာဂတဿ-အား။ ဣဓ-ဤသုံးပါးသော လောက ဓာတ်၌။ ပညာစက္ခုနာ-ပညာမျက်စိဖြင့်။ အဒိဋ္ဌနာမ-မမြင်အပ် သော တရားမည်သည်။ ကိဉ္စိ-တစ်စုံတစ်ခုမျှ။ နတ္ထိ-မရှိ။ အထော-ထိုမှတပါး။ အဝိညာတံ-မသိအပ်သော တရားမည် သည်။ ကိဉ္စိ-တစ်စုံတစ်ခုမျှ။ န အဟောသိ-မရှိခဲ့။ အဇာနိတဗ္ဗံ-မသိအပ်မသိနိုင်သောတရားမည်သည်။ ကိဉ္စိ-တစ်စုံတစ်ခုမျှ သည်။ န ဘဝိဿတိ-မရှိလတ့်။ နေယျံ-သိအပ်သိထိုက်သော။ ကိဉ္စိ-တစ်စုံတစ်ခုသော။ ယံဓမ္မဇာတံ-အကြင်တရားသဘော သည်။ အတ္ထိ-ရှိ၏။ တံ-ထို တရားသဘောကို။ တထာဂတော-ဘုရားရှင်သည်။ အဘိညာသိ-ထူးကဲလွန်မြတ်သော သဗ္ဗညုတ ဉာဏ်တော်ဖြင့် သိတော်မူပြီ။ တေန-ထိုကြောင့်။ တထာဂတော -ဘုရားရှင်ကို။ သမန္တစက္ခုတိ- ထက်ဝန်းကျင်မြင်စွမ်းနိုင်သော ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူသည်ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

http://www.dhammadownload.com



၂ တသ္မာ ဗဟိဒ္ဓါ သင်္ခါရနိမိတ္တမှာ ဝုဋ္ဌာတိ ဝိဂတံ ဟုတွာ ဥဒ္ဓံ တိဋ္ဌတိတိ ဝုဋ္ဌာနံ၊ ဝိဝဋ္ဋတိ ပရာဝိဝဋ္ဋတိ ပရမ္မုခံ ဟောတီတိ ဝိဝဋ္ဋနံ၊ ဝုဋ္ဌာနဥ္စ တံ ဝိဝဋ္ဋနဥ္စာတိ ဝုဋ္ဌာနဝိဝဋ္ဋနံ-ဟူသော အဋ္ဌကထာပါဌ်ကို ဝိဝဋ္ဋနဥ္စ-၌ အဓိပ္ပါယ်ထင်အောင် အနက်ယောဇနာပါ။

(၄ - ၁၊ ၂၄ - ၂၅)

အဖြေ။ တသ္မာ-ထို့ကြောင့်။ ဗဟိဒ္ဓါ-ပြင်ပဖြစ်သော။ သင်္ခါရနိမိတ္တမှာ-မှ။ ဝုဋ္ဌာတိ-ထ၏။ ဝိဂတံ-ကင်းသည်။ ဟုတွာ-၍။ ဥဒ္ဓံ-အထက်၌။ တိဋ္ဌတိ-တည်၏။ ဣတိတသ္မာ-ကြောင့်။ ဝုဋ္ဌာနံ-မည်၏။ ဝိဝဋ္ဋတိ+ပရာဝဋ္ဋတိ+မျက်ကွယ်ဖြစ်၏။ ဝါ-ဆုတ်နစ်၏။ ပရမ္မုခံ-မျက်ကွယ်သည်။ ဟောတိ-၏။ ဣတိ-တသ္မာ-ကြောင့်။ ဝိဝဋ္ဋနံ-မည်၏။ ဝုဋ္ဌာနဥ္စ-ပြင်ပသင်္ခါရနိမိတ်မှထသည်လည်း။ ဟောတိ-၏။ တံ-ထိုပြင်ပသင်္ခါရနိမိတ်မှထခြင်းသည်။ ဝိဝဋ္ဋနဥ္စ-မျက်ကွယ်ဖြစ်သည်လည်း၊ ဝါ-ဆုတ်နစ်သည်လည်း။ ဟောတိ-၏။ ဣတိ+တသ္မာ-ကြောင့်။ ဝုဋ္ဌာနဝိဝဋ္ဋနံ-မည်၏။

၃ အရဏဝိဟာရတရားများကို သရုပ်နှင့်တကွ ပြဆိုပါ။ (၁၃၃၂-ခု)
(ပါ - ၉၄)

အဖြေ။ အရဏဝိဟာရ တရားများ-နှင့်သရုပ်

ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် အာကာသာနဥ္စာယတနသမာပတ်၊ ဝိညာနဥ္စာယတနသမာပတ်၊ အာကိဥ္စညာ ယနသမာပတ်၊ နေဝသညာနာသ ညာသမာပတ်။

ပထမစျာန် ဖြင့် နီဝရဏတို့ကို ပယ်၏။

ဒုတိယစျာန် ဖြင့် ဝိတက်ဝိစာရကို ပယ်၏။

တတိယစျာန် ဖြင့် ပီတိကို ပယ်၏။

စတုတ္ထစျာန် ဖြင့် သုခဒုက္ခတို့ကို ပယ်၏။

အာကာသာနဥ္စာယတနသမာပတ် ဖြင့် ရူပသညာ ပဋိဃသညာ နာနတ္တသညာကို ပယ်၏။

ဝိညာဏဥ္စာယတနသမာပတ်ဖြင့် အာကာသာနဥ္စာယ တန သညာကို ပယ်၏။

http://www.dhammadownload.com



အာကိဉ္စညာယတနသမာပတ်ဖြင့် ဝိညာဏဉ္စာယတနသမာပတ်ကို ပယ်၏။

နေဝသညာနာသညာ ယတနသမာပတ်ဖြင့် အာကိဉ္စညာယတနသမာပတ်ကို ပယ်၏။ ထို့ကြောင့် အရဏဝိဟာရ-ဟုခေါ်၏။ (အရဏဝိဟာရ-ကိလေသာမြူကင်းသောနေခြင်း။)

၄ အနိစ္စ, ဒုက္ခ, အနတ္တ-အားဖြင့်နှလုံးသွင်းသောသူများအား အဘယ်သို့အားဖြင့် သင်္ခါရနိမိတ်တို့ ထင်ကြပါသနည်း၊ အဘယ်သို့သောစိတ်များဖြစ်သနည်း။(၁၃၃၂-ခုနှစ် မေးပြီး) (ပါ - ၂၄၄-၂၄၅)

အဖြေ။ အနိစ္စအားဖြင့် နှလုံးသွင်းသောသူအား အပျက်အားဖြင့် သင်္ခါရနိမိတ်တို့ ထင်ကုန်၏။ ဒုက္ခအားဖြင့်နှလုံးသွင်းသောသူအား ဘေးဘယအားဖြင့် သင်္ခါရနိမိတ်တို့ ထင်ကုန်၏။ အနတ္တအားဖြင့် နှလုံးသွင်းသောသူအား အတ္တသုညာအားဖြင့် သင်္ခါရနိမိတ်တို့သည် ထင်ကုန်၏။

အနိစ္စအားဖြင့် နှလုံးသွင်းသောသူအား ဆုံးဖြတ်ခြင်းများသော (အဓိမောက္ခဗဟုလ)စိတ် ဖြစ်၏။ ဒုက္ခအားဖြင့် နှလုံးသွင်းသောသူအား ငြိမ်းချမ်းခြင်းများသော (ပဿဒ္ဓိဗဟုလ) စိတ်ဖြစ်၏။ အနတ္တအားဖြင့် နှလုံးသွင်းသောသူအား နှစ်သက်ခြင်းများသော (ဝေဒဗဟုလ)စိတ် ဖြစ်၏။

၅ မိစ္ဆာဉာဏ်ဖြစ်ပုံ မိစ္ဆာဉာဏအရနှင့် မိစ္ဆာဝိမုတ္တိအရတို့ကို ပြပါ။ (၄ - ၁၊ ၁၁၂)

အဖြေ။ မိစ္ဆာဉာဏ်ဖြစ်ပုံ

"မကောင်းမှုပြုရာတို့၌ အကြောင်းဥပါယ်ကို ကြံစည်ခြင်း၏ အစွမ်းဖြင့် မကောင်းမှုကိုပြု၍ ငါသည် ကောင်းစွာပြုအပ်ပြီ" ဟု ဆင်ခြင်သော အခြင်းအရာအားဖြင့်လည်း ဖြစ်သော တွေဝေမှုမောဟတည်း။

မိစ္ဆာဉာဏအရကား တွေဝေမှုမောဟ ရ၏။

http://www.dhammadownload.com



မိစ္ဆာဝိမုတ္တိအရ ကား (ကိလေသာမှ မလွတ်သေးသည် ဖြစ်လျက် ကိလေသာမှ လွတ်ပြီးဟု တင်မှတ်သော) မှားယွင်းသော မိစ္ဆာသညာ ရ၏။

❻ သမ္မာဒိဋ္ဌိ၏ နာနာက္ခဏ, နာနာရမ္မဏ, ဧကက္ခဏ, ဧကာရမ္မဏကာလ-တို့ကိုပြပြီးလျှင်၊ ကိစ္စအားဖြင့် ရအပ်သော ဧင်းအမည်များကိုလည်း ပြပါ။ (၄ - ၁၊ ၁၅၀)

အဖြေ။ * သမ္မာဒိဋ္ဌိသည် မဂ်၏ရှေ့အဘို့ကာလ၌ နာနာက္ခဏ+နာနာရမ္မဏဖြစ်၏။ မဂ္ဂကာလ၌ ဧကက္ခဏ+ဧကာရမ္မဏ ဖြစ်၏။
* သမ္မာဒိဋ္ဌိသည် ကိစ္စအားဖြင့်--
ဒုက္ခေ ဉာဏံ၊ သမုဒယေဉာဏံ၊ နိရောဓေ ဉာဏံ၊ မဂ္ဂေ ဉာဏံ-ဟူ၍ နာမည်လေးမျိုးတို့ကို ရ၏။

❼ ဥပ္ပါဒ ပဝတ္တ နိမိတ္တ အာယူဟနာ ပဋိသန္ဓိ ဂတိ နိဗ္ဗတ္တိ ဥပပတ္တိ-တို့၏အရများကိုအသီးအသီး ပြဆိုပါ။ (၄ - ၁၊ ၂၄၂-၂၄၇)

အဖြေ။ ဥပ္ပါဒ-အရကား ရှေ့ဘဝကံကြောင့် ယခုဘဝ၌ ခန္ဓာဖြစ်ပေါ်ခြင်း။
ပဝတ္တ-အရကား ရှေ့ဘဝကံကြောင့် ပဋိသန္ဓေအခါ ခန္ဓာဖြစ်ပွားခြင်း။
နိမိတ္တ-အရကား-အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့်ပြားသော သင်္ခါရနိမိတ်။
အာယူဟန-အရကား နောင်ဘဝနောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကုသိုလ် အကုသိုလ်ကံ၊
ပဋိသန္ဓိ-အရကား နောင်ဘဝ၌ ပဋိသန္ဓေအခါ၌ ခန္ဓာဖြစ်ခြင်း။
ဂတိအရကား ပဋိသန္ဓေကိုဖြစ်စေသော တစ်စုံတစ်ခုသော ဂတိတည်း။
နိဗ္ဗတ္တိ အရကား ခန္ဓာတို့၏ ဖြစ်ခြင်းတည်း။
ဥပပတ္တိ အရကား ကုသိုလ်သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်၏

http://www.dhammadownload.com



လည်းကောင်း ပြဟွာဘုံ၌ ဖြစ်သောပုဂ္ဂိုလ်၏ လည်းကောင်း ဤသို့ ဈာနဝိဘင်း၌ ဟောအပ်သော မဟာဂ္ဂုတ်ဝိပါက်ဖြစ်ခြင်း တည်း။

**၈** ဂဏနဝါရ-၌ သောဠသဝတ္ထုက စတုက္ကလေးပါးတို့၏သရုပ်ကို အသီးအသီးထုတ်ဆိုပြပါ။ (၄ - ၂၊ ၆၉)

အဖြေ။ သောဠသဝတ္ထုက စတုက္ကလေးပါးတို့၏သရုပ်

ဒီဃံ၊ ရဿံ၊ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ပဿမ္ဘယံကာယသင်္ခါရံ ဟူသော ကာယာနုပဿနာစတုက္က။

ပီတိပဋိသံဝေဒီ၊ သုခပဋိသံဝေဒီ၊ စိတ္တသင်္ခါရပဋိသံဝေဒီ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ ဟူသော ဝေဒနာနုပဿနာစတုက္က။

စိတ္တပဋိသံဝေဒီ၊ အဘိပ္ပမောဒယံ စိတ္တံ၊ သမာဒဟံစိတ္တံ၊ ဝိမောစယံ စိတ္တံဟူသော စိတ္တာနုပဿနာစတုက္က။

အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီဟူသော ဓမ္မာနုပဿနာ စတုက္က။

ဤစတုက္က လေးပါးတို့၏အစွမ်းဖြင့် သောဠသဝတ္ထုဖြစ်၏၊

**၉** နိရောဓူပဋ္ဌာနကုသလ မည်ကြောင်းနှင့် နိရောဓူပဋ္ဌာနကုသလ မည်သော ပုဂ္ဂိုလ်ကို ပြပါ။ (၄ - ၂၊ ၁၄၆)

အဖြေ။ ခိဏာသဝဗလ၏အစွမ်းဖြင့် နိဗ္ဗာန်သို့ ညွတ်သောစိတ်ရှိသည်၏ အဖြစ်ကြောင့် ရဟန္တာပုဂ္ဂိုလ်သည်ပင် နိရောဓူပဋ္ဌာနကုသလ မည်၏။

**၁၀** ဝိက္ခေပကိလေသုပ္ပတ္တိတို့နှင့် စပ်၍ မန္ဒပည, တိက္ခပည, အတိတိက္ခပည-ယောဝါဝစရပုဂ္ဂိုလ်တို့၏ ဝိသေသကို ပြဆိုပါ။ (၄ - ၂၊ ၁၉၅)

အဖြေ။ မန္ဒပညယောဂါဝစရပုဂ္ဂိုလ်သည် အလင်းရောင်တည်းဟူသော ဩဘာသ အစရှိသည်တို့၌ ဖျံ့လွင့်ခြင်းသို့သော်လည်းကောင်း၊ ကြွင်းသော ကိလေသာဖြစ်ခြင်းသို့သော်လည်းကောင်း

http://www.dhammadownload.com



ရောက်၏။

[မဖို့မပညာယောဂါဝစရပုဂ္ဂိုလ်သည် အလင်း ရောင်စသည်တို့၌ ပျံ့လွင့်ခြင်းသို့သာ ရောက်၏။ ကြွင်းသော ကိလေသာဖြစ်ခြင်းသို့ရောက်။ အဓိမာန်ဖြစ်၏။]

တိက္ခပညပုဂ္ဂိုလ်သည် ပျံ့လွင့်ခြင်းသို့ ရောက်သော်လည်း ထိုအဓိမာန်ကို ပယ်ရှား၍ ဝိပဿနာကို အားထုတ်၏။ အတိတိက္ခပညပုဂ္ဂိုလ်သည် ပျံ့လွင့်ခြင်းသို့မရောက်၊ ကြွင်းသော ကိလေသာဖြစ်ပေါ်ခြင်းသို့လည်း မရောက်ပါ။

❑ ❑ ❑

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၇-ခုနှစ်၊

**၁** အောက်ပါ ပါဠိတော်လာဂါထာကို အနက်သမ္ဗန်ခဲ့ပါ။

အာရမ္မဏအန္ဝယေန၊ ဥဘော ဧကဝဝတ္ထနာ။
နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏဝိပဿနာ။ (ပါ - ၅၆)

အဖြေ။ အာရမ္မဏအန္ဝယေန-မျက်မှောက်မြင်အပ်ပြီးသောအာရုံသို့ အစဉ်လိုက်သော အနုမာနဉာဏ်ဖြင့်။ ဥဘော-နှစ်မျိုးလုံးသော အာရုံတို့ကို။ ဧကဝဝတ္ထာနာ-တူညီကြသည်ဟုပိုင်းခြားမှတ်သားနိုင်ခြင်းလည်းကောင်း။ နိရောဓေ-ဘင်ဟုဆိုအပ်သောချုပ်ခြင်း၌။ အဓိမုတ္တာ-စိတ်ဝင်စားသည်၏အဖြစ်, ညွတ်ကိုင်းသည်၏ အဖြစ်လည်းကောင်း။ ဧသာ-ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိပဿနာသည်။။ ဝယလက္ခဏဝိပဿနာ-ဝယလက္ခဏာ ဝိပဿနာ မည်၏။

**၂** အောက်ပါ အဋ္ဌကထာလာ ဂါထာကို အနက်သမ္ဗန်ခဲ့ပါ။

တယမိဓ နိရောဓသုည်၊ တယေန တေနာပိ နိဗ္ဗုတိ သုညာ။
သုညော ဖလေန ဟေတု၊ ဖလမ္ပိ တံဟေတုနာ သုည်။ (၄ - ၁၊ ၁၈၅)

http://www.dhammadownload.com



အဖြေ။ ဣဓ-ဤသစ္စာအရာ၌။ တယံ-ဒုက္ခစသား သစ္စာသုံးပါးသည်။ နိရောဓသုည-နိရောဓသစ္စာမှ ဆိတ်သုဉ်း၏။ နိဗ္ဗုတိပိ-နိရောဓ သစ္စာသည်လည်း။ တေနတယေန-ထိုဒုက္ခစသား သစ္စာသုံးပါးမှ။ သုညာ-ဆိတ်သုဉ်း၏။ ဟေတု-အကြောင်းသမုဒယ, မဂ္ဂသည်။ ဖလေန-အကျိုးဒုက္ခနိရောဓမှ၊ သုညော-ဆိတ် သုဉ်း၏။ ဖလမ္ပိ-အကျိုးဒုက္ခ, နိရောဓသည်လည်း။ တံဟေတုနာ ထိုအကြောင်း သမုဒယ, မဂ္ဂမှ၊ သုညံ ဆိတ်သုဉ်း၏။

❷ သစ္စာအနက် ၁၆-ချက်ကို မှန်ကန်အောင် ထုတ်ပြခဲ့ပါ။ (ပါ - ၁၁၄)

အဖြေ။ ဒုက္ခသစ္စာ၏ ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ,။ သမုဒယသစ္စာ၏ အာယူဟနဋ္ဌ, နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပလိဗောဓဋ္ဌ။ နိရောဓသစ္စာ၏ နိဿရဏဋ္ဌ၊ ဝိဝေကဋ္ဌ၊ အသင်္ခတဋ္ဌ၊ အမတဋ္ဌ။ မဂ္ဂသစ္စာ၏ နိယျာနဋ္ဌ၊ ဟေတုဋ္ဌ၊ ဒဿနဋ္ဌ၊ အာဓိပတေယျဋ္ဌ။ ဤကား သစ္စာအနက် ၁၆-ချက်တည်း။

❹ ဣဒ္ဓိဆယ်မျိုးကို ပါဠိမြန်မာတွဲဘက်၍ ဖော်ပြပါ။ (ပါ - ၃၈၃)

အဖြေ။ ဣဒ္ဓိ-၁၀-မျိုး

၁။ အဓိဋ္ဌာန်၏ အစွမ်းဖြင့် ပြီးသောတန်ခိုးသည် အဓိဋ္ဌာန ဣဒ္ဓိ။

၂။ ပင်ကိုယ်အဆင်းကို စွန့်ခြင်းအခြင်းအရာအားဖြင့် ဖြစ်သော တန်ခိုးသည် ဝိကုဗ္ဗနာဣဒ္ဓိ။

၃။ ခန္ဓာကိုယ်အတွင်း၌ အခြားသောစိတ်ဖြင့်ပြီးသော ကိုယ်၏ ဖန်တီးခြင်းအစွမ်းဖြင့် ဖြစ်သောတန်ခိုးသည် မနောမယိဒ္ဓိ မည်၏။

၄။ ဉာဏ်ဖြစ်သည်မှ ရှေး၌လည်းကောင်း၊ နောက်၌လည်း ကောင်း၊ ထိုခဏ၌လည်းကောင်း၊ ဉာဏ်အားလျော်စွာ ဖြစ်သော တန်ခိုးအထူးသည် ဉာဏဝိပ္ဖါရာဣဒ္ဓိ မည်၏။

http://www.dhammadownload.com



၅။ သမာဓိဖြစ်သည်မှ ရှေး၌လည်းကောင်း နောက်၌လည်းကောင်း၊ ထိုခဏ၌လည်းကောင်း၊ သမာဓိအားလျော်စွာ ဖြစ်သော တန်ခိုးအထူးသည် သမာဓိဝိပ္ဖါရာ ဣဒ္ဓိမည်၏။

၆။ စိတ်၏ လေ့လာသည်၏ အဖြစ်သို့ ရောက်ကုန်သော အရိယာတို့၏သာလျှင် ဖြစ်သင့်သော တန်ခိုးသည် အရိယာဣဒ္ဓိ မည်၏။

၇။ ကံ၏ အကျိုး၏အစွမ်းဖြင့်ဖြစ်သော တန်ခိုးအထူးသည် ကမ္မဝိပါကဇာဣဒ္ဓိ မည်၏။

၈။ ရှေး၌ပြုအပ်သော ကောင်းမှုကြောင့်ဖြစ်သော တန်ခိုးအထူးသည် ပုညဝတောဣဒ္ဓိ မည်၏။

၉။ အတတ်ဝိဇ္ဇာကြောင့်ဖြစ်သော တန်ခိုးအထူးသည် ဝိဇ္ဇာမယာဣဒ္ဓိ မည်၏။

၁၀။ ထိုထိုကောင်းစွာ အားထုတ်မှုကြောင့် ထိုထိုကံ၏ ပြီးပြည့်စုံခြင်းတန်ခိုးသည် တတ္ထ တတ္ထ သမ္မာပယောဂပစ္စယာ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ မည်၏။

**၅** သမသီသီရဟန္တာပုဂ္ဂိုလ်အပြားကို ဖော်ပြပြီးလျှင် ရောဂသမသီသီ ဖြစ်ပုံကို ထင်ရှားအောင် ဖော်ပြခဲ့ပါ။ (၄ - ၁၊ ၃၉)

အဖြေ။ သမသီသီရဟန္တာ ပုဂ္ဂိုလ်အပြား

၁။ ဣရိယာပထ သမသီသီ

၂။ ရောဂ သမသီသီ

၃။ ဇီဝိတ သမသီသီ

၁။ စင်္ကြံ လျှောက်လျက်ပင်, ရပ်လျက်ပင်, ထိုင်လျက်ပင်, လျောင်းအိပ်လျက်ပင် ဝိပဿနာ အားထုတ်၍ ရဟန္တာ ဖြစ်ပြီး ထိုထို စင်္ကြံလျှောက်လျက် အစရှိသော ဣရိယာပုတ်အတိုင်းပင် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် ဣရိယာပထ သမသီသီ ရဟန္တာ မည်၏

http://www.dhammadownload.com



၂။ ရောဂါတစ်ခုရပြီး ရောဂါဖြစ်နေစဉ်မှာပင် ဝိပဿနာအား ထုတ်၍ ရဟန္တာဖြစ်ကာ ထိုရောဂါဖြင့်ပင် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် ရောဂ သမသီသီ ရဟန္တာမည်၏။

၃။ ကိလေသသီသ တည်းဟူသော အဝိဇ္ဇာသည်လည်းကောင်း ပဝတ္တသီသတည်းဟူသော ဇီဝိတိန္ဒြေသည်လည်းကောင်း အတူတူကုန်ဆုံးသော ရဟန္တာ မည်၏။

**၆** သင်္ခတသင်္ခါရ၊ အဘိသင်္ခတသင်္ခါရ၊ အဘိသင်္ခါရဏကသင်္ခါရ၊ ပယောဂါဘိသင်္ခါရ-တို့၏အရကို အသီးသီးဖော်ပြခဲ့ပါ။ (၄ - ၁၊ ၅၇)

အဖြေ။ သင်္ခတသင်္ခါရ-အရကား အကြောင်းနှင့်တကွ ဖြစ်ကုန်သော တရားအားလုံးတို့တည်း။

အဘိသင်္ခတသင်္ခါရ-အရကား ကံကြောင့်ဖြစ်ကုန်သော တေဘူမက ရူပါရူပဓမ္မ တို့တည်း။

အဘိသင်္ခရဏကသင်္ခါရ-အရကား အဝိဇ္ဇာ ပစ္စယာ သင်္ခါရာမှ လာသော ဘုံသုံးပါး၌ ဖြစ်ကုန်သော ကုသိုလ်အကုသိုလ် စေတနာ တို့တည်း။

ပယောဂါဘိသင်္ခါရ-အရကား ကာယိက စေတသိက ဝီရိယ တည်း။

**၇** မုဒု၊ မဇ္ဈိမ၊ တိက္ခ ဖြစ်သော သောတာပန်ပုဂ္ဂိုလ်တို့၏ အမည်နှင့် ပဋိသန္ဓေနေနိုင်သော အကြိမ်တို့ကို တိကျစွာ ဖော်ပြခဲ့ပါ။(၄ - ၂၊ ၆၇)

အဖြေ။ မုဒုပညာ သောတာပန်သည် သတ္တက္ခတ္တုပရမ မည်၏။ ပဋိသန္ဓေ ဘဝခုနစ်ကြိမ် နေနိုင်၏။

မဇ္ဈိမပညာသောတာပန်သည် ကောလံကောလ မည်၏။ ပဋိသန္ဓေဘဝ ခြောက်ကြိမ် နေနိုင်၏။

တိက္ခပညာသောတာပန်သည် ဧကဗီဇီ မည်၏။ ပဋိသန္ဓေ ဘဝတစ်ကြိမ်သာ နေနိုင်၏။

http://www.dhammadownload.com



(၈) နဝ ကေဝိဓာ ဧကော၊ ဒွေဓာထ စတုပဉ္စဓာ။
အဋ္ဌဓာ နဝဓာ စေဝ၊ ဣတိ ဆဒ္ဓါ ဘဝန္တိ တေ။
အဋ္ဌကထာလာဂါထာ၌နဝသင်္ချာ၏ သင်္ချေယျနှင့် ကေသင်္ချာ၏ သင်္ချေယျ ငါးမျိုးတို့ကိုအသီးအသီး ကောက်ပြခဲ့ပါ။ (၄ - ၂၊ ၂၂၅)

အဖြေ။ နဝ ကေဝိဓာ ဧကော သင်္ချာစသည်တို့၌ သင်္ချေယျများ
နဝအရကား-ဆန္ဒ၊ စိတ္တ၊ ပီတိ၊ ပဿဒ္ဓိ၊ ဥပေက္ခာ၊ သက်ပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ-တို့တည်း။ ကေဝိဓ-အရကား ဆန္ဒိဒ္ဓိပါဒ် စသည်၏ အစွမ်းဖြင့် ဖြစ်၏။
ဧကော-ဒွေဓာ-အရ သဒ္ဓါတစ်ပါး, ဣန္ဒြိယ, ဗလအားဖြင့် နှစ်ပါးတို့တည်း။ စတု ပဉ္စဓာ-အရကား-သမာဓိတစ်ပါး။ ဣန္ဒြိယ, ဗလ, ဗောဇ္ဈင်္ဂ, မဂ္ဂင်- အားဖြင့် စတုဓာ ဖြစ်၏။
- ပညာတစ်ပါး ဣဒ္ဓိပါဒ်, ဣန္ဒြိယ, ဗလ၊ ဗောဇ္ဈင်၊ မဂ္ဂင် အားဖြင့် ပဉ္စဓာ ဖြစ်၏။
- အဋ္ဌဓာ နဝဓာ အရကား-သတိတစ်ပါး၊ သတိပဋ္ဌာန် ၄-ပါး၊ ဣန္ဒြိယ၊ ဗလ၊ ဗောဇ္ဈင်၊ မဂ္ဂင်အားဖြင့် အဋ္ဌဓာ ဖြစ်၏။ ဝီရိယတစ်ပါး-သမ္မပ္ပဓာန် ၄-ပါး ဣဒ္ဓိပါဒ်၊ ဣန္ဒြိယ၊ ဗလ၊ ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် နဝဓာ ဖြစ်၏။

(၉) စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိ နှစ်ပါးတို့၏ အရကို တိကျစွာ ဖော်ပြပြီးလျှင် စေတောဝိမုတ္တိ ပညာဝိမုတ္တိ၊ မည်ခြင်း၏အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။ (၄ - ၂၊ ၂၃၄)

အဖြေ။ စေတောဝိမုတ္တိ-အရကား အရဟတ္တဖိုလ်နှင့် ယှဉ်သော သမာဓိတည်း။ ပညာဝိမုတ္တိ အရကား အရဟတ္တဖိုလ်နှင့် ယှဉ်သော ပညာတည်း။
သမာဓိသည် ရာဂမှ လွတ်ကင်းသည်၏ အဖြစ်ကြောင့် စေတောဝိမုတ္တိ မည်၏။
ပညာသည် အဝိဇ္ဇာမှ လွတ်ကင်းသည်၏ အဖြစ်ကြောင့် ပညာဝိမုတ္တိ မည်၏။

(၁၀) အနတ္တာနုပဿနာ နှစ်ဆယ့်ငါးပါး၊ အနိစ္စာနုပဿနာ ငါးဆယ်ဖြစ်ပုံတို့ကို အကျဉ်းချုပ် ထင်ရှားအောင် ဖော်ပြခဲ့ပါ။ (၄ - ၂၊ ၃၁၈)

http://www.dhammadownload.com



အဖြေ။ ပရတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော အားဖြင့် ခန္ဓာတစ်ပါးပါး၌ ငါးပါး ငါးပါးပြု၍ ခန္ဓာငါးပါးတို့၌ အနတ္တာနုပဿနာ ၂၅-ပါး ဖြစ်၏။

အနိစ္စတော, ပလောကတော, စလတော, ပဘင်္ဂုတော, အဒ္ဓုဝတော, ပရိဏာမဓမ္မတော၊ အသာရကတော၊ ဝိဘဝတော၊ သင်္ခတတော၊ မရဏဓမ္မတော အားဖြင့် ခန္ဓာတစ်ပါးပါး၌ ဆယ်ပါးဆယ်ပါးပြု၍ ခန္ဓာငါးပါးတို့၌ အနိစ္စာနုပဿနာ ၅၀ ဖြစ်၏။

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၈-ခုနှစ်၊

ပါဠိတော်လာ အောက်ပါဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၁ ကထံ အာဒီနဝေ ဉာဏံ၊ ပဉ္စ ဌာနေ သု ဇာယတိ။
ပဉ္စ ဌာနေ သန္တိပဒေ၊ ဒသ ဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။ (ပါ - ၅၈)

အဖြေ။ ကထံ အာဒီနဝေဉာဏံ-ဤအာဒီနဝဉာဏ်သည်။ ပဉ္စဌာနေသု-ငါးပါးသောအရာတို့၌။ ဇာယတိ-ဖြစ်၏။ ကထံသန္တိပဒေဉာဏံ-ဤသန္တိပဒဉာဏ်သည်။ ပဉ္စသုဌာနေသု-ငါးပါးကုန်သောအရာဌာနတို့၌။ ဇာယတိ-၏။ (အာဒီနဝေဉာဏံ-အာဒီနဝဉာဏ်ကို။ ပဇာနန္တော-အပြားအားဖြင့် သိသော ယောဂီပုဂ္ဂိုလ်သည်။) ဒသဉာဏေ-ဆယ်ပါးသောဉာဏ်တို့ကို။ ပဇာနာတိ-အပြားအားဖြင့်သိ၏။ ဒွိန္နံဉာဏာနံ-နှစ်ပါးကုန်သောဉာဏ်တို့၌။ ကုသလတာ-ကုသလတာယ-လိမ္မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု-အထူးထူးသော အယူဝါဒတို့၌။ ဝါ-တို့ကြောင့်။ န ကမ္ပတိ-မတုန်မလှုပ်။

၂ အဋ္ဌကထာလာ အောက်ပါဂါထာကို အနက်မှန်မှန် ပေးခဲ့ပါ။
အရာ သံသာရစက္ကဿ၊ ဟတာ ဉာဏာသိနာ ယတော။
လောကနာထေန တေနေသ၊ အရဟန္တိ ပဝုစ္စတိ။(၁၃၁၉-ခု)
(ဋ - ၁၊ ၁၉၇)

http://www.dhammadownload.com



အဖြေ။ လောကနာထေန-သတ္တဝါတို့ ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားသည်။ ယတော-အကြင်အကြောင်းကြောင့်။ သံသာရစက္ကဿ-သံသရာစက်ဘီး၏။ အရာ-အကန့်အထောက်ဆန်ကို။ ဉာဏာသိနာ-ဉာဏ်တည်းဟူသောသံလျက်ဖြင့်။ ဟတာ-ဖျက်ဆီးအပ်ပြီ။ တေန-ထို့ကြောင့်။ သော+သော လောကနာထော-ထိုမြတ်စွာဘုရားကို။ အရဟန္တိ-အရဟံဟူ၍။ ပဝုစ္စတိ-ဆိုအပ်၏။

❸ မကောင်းသောအခြင်းအရာရှိသော (ဒွါကာရ) ပုဂ္ဂိုလ်များကို စုံလင်အောင်သရုပ်ထုတ် ပြခဲ့ပါ။ (ပါ - ၁၁၆)

အဖြေ။ ဒွါကာရ (မကောင်းသော အခြင်းအရာရှိသော) ပုဂ္ဂိုလ်များ- သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်၊ အားထုတ်မှုဝီရိယ မရှိသော ပုဂ္ဂိုလ်။ ပျင်းရိသောပုဂ္ဂိုလ်။ မေ့လျော့ သတိကင်းမဲ့သောပုဂ္ဂိုလ်၊ သမာဓိ မရှိသောပုဂ္ဂိုလ်၊ ပညာမရှိသောပုဂ္ဂိုလ်များ ဖြစ်ပါသည်။

❹ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ယုတ်မာသော (ဝသလ) ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း။တိကျစုံလင်စွာ ဖြေဆိုခဲ့ပါ။ (ပါ - ၁၆၀)

အဖြေ။ အကြင်ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏။ ရန်ငြိုးဖွဲ့တတ်၏။ သူ့ကျေးဇူးကို ချေဖျက်တတ်သော အကျင့်ရှိ၏။ ပျက်သောအယူရှိ၏။ လှည့်ပတ်တတ်၏။ ထိုပုဂ္ဂိုလ်သည် ဝသလ ပုဂ္ဂိုလ်မည်၏။

❺ ဗုဒ္ဓစက္ခု အမည်ရသော ဉာဏ်တို့ကို အစဉ်အတိုင်းပြဆို၍၊ အဘယ့်ကြောင့် ထိုအစဉ်အတိုင်း ပြဆိုသည်ကိုလည်း ဖော်ပြပါ။

(ဋ - ၁၊ ၅၂)

အဖြေ။ ဗုဒ္ဓစက္ခု ၂-ပါး။

ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ အာသယာနုသယဉာဏ်။

ဘုရားရှင်တို့သည် သတ္တဝါတို့၏ သန္တာန်ကို ကြည့်ရှုတော်မူလတ်သော် ရှေးဦးစွာ ဣန္ဒြေရင့်ကျက်သည်, မရင့်ကျက်သည်ကို ကြည့်ရှုတော်မူကုန်၏။ ဣန္ဒြေရင့်ကျက်သည်ကို သိ၍

http://www.dhammadownload.com



အလိုအာသယစသည်တို့အားလျော်စွာ တရားဟောခြင်းအကျိုးငှာ ထိုမှ သတ္တဝါတို့၏ အာသယာနုသယစရိုက်တို့ကို ကြည့်ရှုတော်မူကုန်၏။ ထို့ကြောင့် ရှေးဦးစွာ ဣန္ဒြိယပရောပရိယတ္တဉာဏ်ကို ပြ၏။ ထို၏အခြားမဲ့၌ အာသယာနုသယဉာဏ်ကို ပြ၏။

❻ နေက္ခမ္မ, အဝိက္ခေပ, ဉာဏ တို့၏ ဆန့်ကျင်ဘက်များနှင့်၊ တရားကိုယ်များကို အသီးအသီး ယှဉ်တွဲပြခဲ့ပါ။ (၄ - ၁၊ ၉၆)

အဖြေ။ နေက္ခမ္မ၏ ဆန့်ကျင့်ဘက်ကား ကာမစ္ဆန္ဒတည်း။
တရားကိုယ်ကား အလောဘတည်း။
အဝိက္ခေပ၏ ဆန့်ကျင်ဘက်ကား ဥဒ္ဓစ္စတည်း။
တရားကိုယ်ကား သမာဓိတည်း။
ဉာဏ၏ ဆန့်ကျင်ဘက်ကား အဝိဇ္ဇာတည်း။
တရားကိုယ်ကား ဉာဏ်တည်း။

❷ တဒင်္ဂပ္ပဟာန်၏ သဘောအဓိပ္ပါယ်ကို ဥပမာဆောင်၍ ထင်ရှားအောင် ဖြေဆိုခဲ့ပါ။ (၁၃၃၃-ခုနှစ်) (၄ - ၁၊ ၁၁၅)

အဖြေ။ ညဉ့်အခါ၌ ထွန်းညှိအပ်သော ဆီမီးဖြင့် အမိုက်အမှောင်ကို ပယ်သကဲ့သို့ ထိုထိုဝိပဿနာဖြင့် အစိတ်ဖြစ်သော ဈာန်အင်္ဂါနှင့် ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်ပင်လျှင် ထိုထိုပယ်သင့်, ပယ်ထိုက်သော တရားကို ပယ်ခြင်းသည် တဒင်္ဂပဟာန်မည်၏။

❸ နက်နဲသောကြောင့် မြင်နိုင်ခဲသော သစ္စာတရားတို့ကို ထုတ်ပြ၍၊ အဘယ်ဉာဏ်ကို ဝဝတ္ထာနဉာဏ်ဟု ခေါ်ရကြောင်း ရှင်းပြခဲ့ပါ။ (၄ - ၁၊ ၁၅၂-၁၅၂)

အဖြေ။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတရားနှစ်ပါးတို့တည်း။
[ထိုသစ္စာတရားနှစ်ပါးတို့ကို မြင်ခြင်းငှာ အားထုတ်ခြင်းသည် ဘဝဂ်ကိုကိုင်ခြင်းငှာ လက်ကိုဖြန့်သည်သကဲ့သို့ရင်း, အစိတ်

http://www.dhammadownload.com



တစ်ရာ ခွဲစိတ်ထားသော သားမြီးဆံ၏ အဖျားတစ်ခုနှင့် အဖျားတစ်ခု ဆက်စပ်သည်ကဲ့သို့ရင်း ဖြစ်၏။ ထို့ကြောင့် ထိုနိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါးတို့သည် နက်နဲသည်၏ အဖြစ်ကြောင့် မြင်နိုင်ခဲကုန်၏]

အကျဉ်းအားဖြင့်လည်းကောင်း၊ အကျယ်အားဖြင့်လည်းကောင်း၊ ကြားခဲ့သောသစ္စာလေးပါးတို့၏အနက်ကို ဓမ္မသဘောဖြင့်လည်းကောင်း၊ လက္ခဏာအားဖြင့်လည်းကောင်း၊ ဆင်ခြင်သုံးသပ်၏။ "ဤတရားတို့သည် ဤသစ္စာ၌ အကျုံးဝင်ကုန်၏။ ဤသစ္စာ၏ ဤမျှသောလက္ခဏာတည်း။"ဟု ဆုံးဖြတ်ချက်သန္နိဋ္ဌာန်ပြု၏။ ဤဉာဏ်ကို ဝဝတ္ထာနဉာဏ်ဟုခေါ်သည်။

**၉** အဘယ့်ကြောင့် အဘယ်တရားသည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်မည်ပါသနည်း။ အသီးအသီးဖြစ်သင့်သလို ဖြေဆိုခဲ့ပါ။

(၄ - ၁၊ ၁၀၇)

အဖြေ။ သမာပတ်ရှစ်ပါးတို့သည် ပထဝီကသိုဏ်း အစရှိသော အာရုံကိုကပ်၍ ရှုကုန်၏။ ထို့ကြောင့် အာရမ္မဏူပနိဇ္ဈာန်မည်ကုန်၏။

ဝိပဿနာသည် အနိစ္စအစရှိသော လက္ခဏာကို ကပ်၍ ရှုသောကြောင့် လက္ခဏူပနိဇ္ဈာန် မည်၏။

မဂ်သည် ဝိပဿနာပြုအပ်ပြီးသော ကိစ္စကို မဂ်ဖြင့် အလိုရှိခြင်းကြောင့် လက္ခဏူပနိဇ္ဈာန် မည်၏။

ဖိုလ်သည် နိရောဓသစ္စာဖြစ်သော မှန်သော လက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာန် မည်၏။

**၁၀** ပိသုဏာဝါစာ အရ တရားကိုယ်ဓမ္မကို လိုအပ်သော အခိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ ၎င်း၏ ကမ္မပထမြောက်ကြောင်း အင်္ဂါများကိုလည်း ညွှန်းကြားခဲ့ပါ။

(၄၁၊၂၀၅)

အဖြေ။ ညစ်ညူးသော စိတ်ရှိသောသူ၏ သူတပါးတို့ ကွဲခြင်းငှာလည်းကောင်း, မိမိအား ချစ်စိမ့်သောငှာလည်းကောင်း ကာယဝစီပ

http://www.dhammadownload.com



ယောဂကို ဖြစ်စေတတ်သော စေတနာသည် ပိသုဏာဝါစာ မည်၏။

ငြင်း၏အင်္ဂါများ-

ကွဲထိုက်သော သူတပါးဖြစ်ခြင်း၊

"ဤသို့ပြောလျှင် ဤသူတို့သည် ကွဲကြကုန်လတ့်" ဟု ကွဲခြင်း ငှာရှေးရှု၍ ပြုခြင်း။

"ဤသို့ပြောလျှင် ငါ့ကိုချစ်ကျွမ်းဝင်လတ့်" ဟု ချစ်စေလိုခြင်း။

အားထုတ်ခြင်း။

ထိုသူအား ထိုအကျိုးကိုသိခြင်း။

ꩻꩻꩻ

## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၃၉-ခုနှစ်

**၁** ပါဠိတော်လာ အောက်ပါဂါထာကို အနက်မှန်အောင် ပေးခဲ့ပါ။

ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ၊ အဋ္ဌ စိတ္တဿ ဂေါစရာ။

ပုထုဇ္ဇနဿ ဒွေ ဟောန္တိ၊ တယော သေက္ခဿ ဂေါစရာ။

တယော စ ဝီတရာဂဿ၊ ယေဟိ စိတ္တံ ဝိဝဋ္ဋတိ။ (ပါ - ၆၃)

အဖြေ။ ပဋိသင်္ခါ-သန္တိဋ္ဌာနာ-ဆင်ခြင်၍ ကောင်းစွာတည်ကုန်သော။ အဋ္ဌ-ရှစ်ပါးကုန်သော။ ပညာ-သင်္ခါရုပေက္ခာဉာဏ်တို့သည်။ စိတ္တဿ-သမာဓိစိတ်၏။ ဂေါစရာ-ကျက်စားရာနယ်ပယ်တို့ သည်။ ဟောန္တိ-ကုန်၏။ ဒွေ-သမထဝိပဿနာတို့၏ အစွမ်းဖြင့် နှစ်ပါးသော သင်္ခါရုပေက္ခာတို့သည်။ ပုထုဇ္ဇနဿ-ပုထုဇဉ် ပုဂ္ဂိုလ် ၏။ ဂေါစရာ-ကျက်စားရာနယ်ပယ်တို့သည်။ ဟောန္တိ-ကုန်၏။ တယော-သမထဝိပဿနာဖလသမာပတ်တို့၏ အစွမ်းဖြင့် သုံးပါးကုန်သော သင်္ခါရုပေက္ခာတို့သည်။ သေက္ခဿ-သေက္ခ ပုဂ္ဂိုလ်၏။ ဂေါစရာ-ကျက်စားရာ နယ်ပယ်တို့သည်။ ဟောန္တိ ကုန်၏။ ဝီတရာဂဿ-ရဟန္တာပုဂ္ဂိုလ် ၏။ ဂေါစရာ-ကျက်စားရာ ဖြစ်သော သင်္ခါရုပေက္ခာတို့သည်လည်း။ တယော-သုညတဖလ

http://www.dhammadownload.com



သမာပတ်စသည် တို့၏အစွမ်း ဖြင့် သုံးပါးတို့သည်။ ဟောန္တိ-ကုန်၏။ ယေဟိ-ယင်းသခ်ီ ရုပေက္ခာတို့ဖြင့်။ စိတ္တံ-စိတ်သည်။ (ဝိတက္ကဝိစာရာဒိတောဝါ- ဝိတက်ဝိစာရစသည်မှသော်လည်းကောင်း။ ဥပ္ပါဒါဒိတောဝါ- ဥပ္ပါဒစသည်မှသော်လည်းကောင်း) ဝိဝဋ္ဋတိ ဆုတ်နစ်ဖဲခွာ၏။

❷ အဋ္ဌကထာလာ အောက်ပါဂါထာကို အနက်မှန်အောင် ပေးခဲ့ပါ။

တံ ဝိနာ နာညတော ဒုက္ခံ၊ န ဟောတိ န စ တံ တတော။

ဒုက္ခဟေတု နိယာမေန၊ ဣတိ သစ္စံ ဝိသတ္တိကာ။ (ဋ္ဌ - ၁/၅၈)

အဖြေ။ ဒုက္ခံ-ဒုက္ခသစ္စာသည်။ တံ-ထိုသမုဒယသစ္စာကို။ ဝိနာ-ကင်း၍။ အညတော-အခြားသောသစ္စာတရားမှ။ နဟောတိ။ မဖြစ်။ တံ-ထိုဒုက္ခသစ္စာသည်။ တတော-ထိုသမုဒယသစ္စာမှ။ န ဟောတိ-မဖြစ်သည်။ န စ-နဟိဧဝ-၊ မဟုတ်သည်သာလျှင်တည်း။ ဣတိ-ဤသို့။ ဒုက္ခဟေတုနိယာမေန-ဒုက္ခ၏အကြောင်းဟူသောအမှတ်အသားဖြင့်။ ဝိသတ္တိကာ-အာရုံ၌ကပ်ငြိတတ်သောတဏှာသည်။ သစ္စံ-သစ္စာမည်၏။

❸ အပ္ပဋိကူလေ ပဋိကူလသညီ ဝိဟရတိ ဟူသောပါဠိ၌ စက်ဆုတ်ဘွယ် မဟုတ်သောဝတ္ထု၌ စက်ဆုတ်ဘွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေခြင်း၏ အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ရေးခဲ့ပါ။ (ပါ - ၃၉၀)

အဖြေ။ နှစ်သက်ဖွယ်ရာဝတ္ထု၌ အသုဘအားဖြင့် ဖြန့်နှံ၏၊ ဝါ-ပြီးစေ၏။ အနိစ္စအားဖြင့်လည်း ကပ်ဆောင်၏၊ ဤသို့ပြုခြင်းသည် အပ္ပဋိကူလေ+စက်ဆုပ်ဖွယ်မဟုတ်သောဝတ္ထု၌။ ပဋိကူလသညီ-စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍။ ဝိဟရတိ-နေခြင်းသည် မည်၏။

❹ စရိယာကထာလာ စရိယသရုပ်ကို စုံလင်စွာ ဖော်ပြခဲ့ပါ။(ပါ - ၄၀၀)

http://www.dhammadownload.com



အဖြေ။ စရိယာသရုပ် ၈-ပါး

ဣရိယာပထစရိယာ - ဣရိယာပုထ် လေးပါး။
အာယတနစရိယာ - အတွင်းအပြင်အာယတန ခြောက်ပါး။
သတိစရိယ - သတိပဋ္ဌာန် လေးပါး။
သမာဓိစရိယ - ဈာန် လေးပါး။
ဉာဏစရိယာ - အရိယသစ္စာ လေးပါး။
မဂ္ဂစရိယ - အရိယမဂ် လေးပါး။
ပတ္တိစရိယ - သာမညဖလ လေးပါး။
လောကတ္ထစရိယ - ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ သာဝက (တစ်စိတ်တစ်ပိုင်း)

**၅** ဒွေ ဓာတုယော ဟူသောပါဠိ၌ နှစ်ပါးသော ဓာတ်တို့၏ အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ရေးခဲ့ပါ။ (၄ - ၁၊ ၆၂)

အဖြေ။ ဒွေ ဓာတုယော-

များလှကုန်သော အကြောင်းတို့သည် ပေါင်းဆုံ၍ပြုပြင်စီရင်အပ်သောခန္ဓာငါးပါးတို့သည် သင်္ခတဓာတု မည်၏။

တစ်စုံတစ်ခုသော အကြောင်းတို့သည် မပြုပြင်မစီရင်အပ်သော နိဗ္ဗာန်သည် အသင်္ခတဓာတု မည်၏။

**၆** ပဉ္စဝိမုတ္တာယတနာနိ-၌ "ပဉ္စ"သင်္ချာ၏ သင်္ချေယျကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြခဲ့ပါ။ (၄ - ၁၊ ၆၃)

အဖြေ။ ပဉ္စ ဝိမုတ္တာယတနာနိ၏သင်္ချေယျ-

၁။ မိမိ၏အကျိုးစီးပွား အလို့ငှာ သူတစ်ပါးတို့သည် ပြောကြားအပ်သောတရားဒေသနာကို နားထောင်ခြင်း။
၂။ သူတစ်ပါးတို့၏ အကျိုးစီးပွားအလို့ငှာ မိမိ၏ ကြားခဲ့သောတရားကို ဟောကြားပြောပြခြင်း။
၃။ အကြင်ကြားခဲ့ဘူးသော တရားကို ရွတ်ဆိုခြင်း။
၄။ ကြားခဲ့ဘူးသော တရားကို စိတ်ဖြင့်အဖန်ဖန်ကြံစည်ခြင်း။

http://www.dhammadownload.com



၅။ ကသိုဏ်းအသုဘ စသည်တို့၌ လျော်သောအာရုံရှိခြင်း။

**၇** အနိစ္စာနုပဿနာစသော အနုပဿနာ ၇ ပါးကို ဆန့်ကျင်ဘက်တရားများနှင့် ယှဉ်တွဲဖော်ပြခဲ့ပါ။ (၄ - ၁၀၊ ၈၆)

အဖြေ။ အနိစ္စာနုပဿနာသည် နိစ္စသညာ၏ ဆန့်ကျင်ဘက်။
ဒုက္ခာနုပဿနာသည် သုခသညာ၏ ဆန့်ကျင်ဘက်။
အနတ္တာနုပဿနာသည် အတ္တသညာ၏ဆန့်ကျင်ဘက်။
နိဗ္ဗိဒါနုပဿနာသည် နန္ဒီ၏ ဆန့်ကျင်ဘက်။
ဝိရာဂါနုပဿနာသည် ရာဂ၏ဆန့်ကျင်ဘက်။
နိရောဓနုပဿနာသည် သမုဒယ၏ ဆန့်ကျင်ဘက်။
ပဋိနိဿဂ္ဂါနုပဿနာသည် စွဲလမ်းခြင်းအာဒါန၏ ဆန့်ကျင်ဘက်။

**၈** ခယာနုပဿနာဉာဏ်, ဝယာနုပဿနာဉာဏ်တို့၏ အဓိပ္ပါယ်ကို တိကျစွာ ဖော်ပြခဲ့ပါ။ (၄ - ၁၊ ၉၆-၉၇)

အဖြေ။ ပစ္စုပ္ပန်ဖြစ်ကုန်သော ရူပက္ခန္ဓာ စသည်တို့၏ အပျက်ဘင်ကိုမြင်သော ရှုသောဉာဏ်သည်လည်းကောင်း၊ ထိုထိုခန္ဓာတို့၏ အပျက်ဘင်ကို မြင်သည်၏အခြားမဲ့၌ ထိုဘင်ကို အာရုံပြုသောစိတ်စေတသိက်တို့၏ အပျက်ဘင်ကိုမြင်သော ရှုသောဉာဏ်သည်လည်းကောင်း ခယာနုပဿနာဉာဏ်-မည်၏။

ပစ္စုပ္ပန်ခန္ဓာတို့၏ အပျက်ဘင်ကို မြင်သည်၏ အခြားမဲ့၌ ထိုဘင်အားလျော်စွာဖြင့်ပင် အတိတ်အနာဂတ်ခန္ဓာတို့၏ အပျက်ဘင်ကို မြင်သော ရှုသောဉာဏ်သည် ဝယာနုပဿနာဉာဏ် မည်၏။

**၉** နဝတဏှာမူလကာတိ-၌ "နဝ"သချာ၏ သချေယျကို တိကျစွာ ဖော်ပြခဲ့ပါ။ (၄ - ၁၊ ၉၆-၉၇)

အဖြေ။ နဝ တဏှာမူလကာ-၏ သချေယျ-

http://www.dhammadownload.com



တဏှာကို အကြောင်းပြု၍ ရှာမှီးခြင်းဖြစ်၊ ရှာမှီးခြင်းကို အကြောင်းပြု၍ ရရှိခြင်းဖြစ်၏။ ရရှိခြင်းကို အကြောင်းပြု၍ ဆုံးဖြတ်ခြင်း ဝိနိစ္ဆယဖြစ်။ ဝိနိစ္ဆယကို အကြောင်းပြု၍ ဆန္ဒရာဂ ဖြစ်၊ ဆန္ဒရာဂကို အကြောင်းပြု၍ တဏှာဒိဋ္ဌိတို့ဖြင့် သက်ဝင်ခြင်းအဇ္ဈောသာနဖြစ်။ အဇ္ဈောသာနကို အကြောင်းပြု၍ တဏှာ ဒိဋ္ဌိတို့ဖြင့် သိမ်းဆည်းခြင်း ပရိဂ္ဂဟဖြစ်။ ပရိဂ္ဂဟကို အကြောင်းပြု၍ မစ္ဆရိယဖြစ်၊ မစ္ဆရိယကို အကြောင်းပြု၍ စောင့်ရှောက်ခြင်း အာရက္ခဖြစ်၊ အာရက္ခကို အကြောင်းပြု၍ များစွာသော အကုသိုလ်တို့ ဖြစ်ကုန်၏။

**၁၀** သီလဝိသုဒ္ဓိစသော ၇ ပါးသော ဝိသုဒ္ဓိတို့ဖြင့် စင်ကြယ်စေအပ်သော မလတို့ကိုယှဉ်တွဲ၍ ပြခဲ့ပါ။ (၄ - ၁၊ ၁၁၉)

အဖြေ။ သီလဝိသုဒ္ဓိ ဖြင့် ဒုဿီလမလကို စင်ကြယ်စေ၏။
စိတ္တဝိသုဒ္ဓိ ဖြင့် ကာမစ္ဆန္ဒစသော စိတ္တမလကို စင်ကြယ်စေ၏။
ဒိဋ္ဌိဝိသုဒ္ဓိ ဖြင့် သတ္တဒိဋ္ဌိမလကို စင်ကြယ်စေ၏။
ကင်္ခါဝိတရဏာဝိသုဒ္ဓိ ဖြင့် အဒ္ဓါသုံးပါးတို့၌ သတ္တကင်္ခါမလကို စင်ကြယ်စေ၏။
မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိဖြင့် အမဂ္ဂမလကို စင်ကြယ်စေ၏။
ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိဖြင့် နိစ္စသညာဒိမလကို စင်ကြယ်စေ၏။
ဉာဏဒဿန ဝိသုဒ္ဓိ ဖြင့် မိမိမဂ်က သတ်အပ်သော ကိလေသာမလကို စင်ကြယ်စေ၏။

✦✦✦

http://www.dhammadownload.com



## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၀-ခုနှစ်၊

၁ အောက်ပါ ပါဠိတော် ဂါထာကို အနက်မှန်မှန် ပေးခဲ့ပါ။

ဆ ဧတေ ဥပက္ကိလေသာ၊ အာနာပါနဿတိသမာဓိဿ။

ယေဟိ ဝိကမ္ပမာနဿ၊ နော စ စိတ္တံ ဝိမုစ္စတိ။

ဝိမောက္ခံ အပ္ပဇာနန္တာ၊ တေ ဟောန္တိ ပရပတ္တိယာ။ (ပါ - ၁၆၄)

အဖြေ။ ဧတေ ဆ-ဤခြောက်ပါးတို့သည်။ အာနာပါနဿတိ သမာဓိဿ-အာနာပါနဿတိ သမာဓိ၏။ ဥပက္ကိလေသာ-ညစ်ညူးကြောင်း ဥပတ္တိလေသတို့တည်း။ ယေဟိ-ယင်းဥပက္ကိလေသတို့သည်။ ဝိကမ္ပမာနဿ-ပုံ့လွင့်ခြင်းသို့ ရောက်စေအပ်သောသူ၏။ စိတ္တံ- စိတ်သည်။ နောစဝိမုစ္စတိ-ဝင်သက်ထွက်သက် အာရုံ၌လည်း မသက်ဝင်၊ ဆန့်ကျင်ဘက် တရားတို့မှလည်း မလွတ်မြောက်။ ဝိမောက္ခံ-သက်ဝင်ခြင်း, လွတ်မြောက်ခြင်းကို။ အပ္ပဇာနန္တာ- မျက်မှောက်ကိုယ်တွေ့အားဖြင့် မသိကုန်သော။ တေ-ထိုပုဂ္ဂိုလ် တို့သည်။ ပရပတ္တိယာစ-သူတစ်ပါးပြောချက်ကိုသာ အားကိုးယုံကြည်ရကုန်သည်လည်း။ ဟောန္တိ-ကုန်၏။

၂ အဋ္ဌကထာလာ အောက်ပါဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

ယထေဝ ဒီပင်္ကရဗုဒ္ဓအာဒယော၊ သဗ္ဗညုဘာဝံ မုနယော က္ကမာဂတာ။ တထာ အယံ သကျမုနီပိ အာဂတော၊ တထာဂတော ဝုစ္စတိ တေန စက္ခုမာ။ (၁- ၁၉၁)

အဖြေ။ က္ကမ-ဤသတ္တလောက၌။ ဒီပင်္ကရဗုဒ္ဓ အာဒယော-ဒီပင်္ကရဗုဒ္ဓ အစရှိကုန်သော။ မုနယော-ဘုရားရှင်တို့သည်။ ယထေဝ-အဘိနီဟာရစသော သုံးပါးသော အကြောင်းအခြင်းအရာအားဖြင့် သာလျှင်။ သဗ္ဗညုဘာဝံ-သဗ္ဗညုတို့၏အဖြစ်သို့၊ အာဂတာ-ရောက်တော်မူကြကုန်ပြီ။ တထာ ဧဝ-အဘိနီဟာရစသော

http://www.dhammadownload.com



သုံးပါးသော ထိုအခြင်းအရာအားဖြင့်သာလျှင်၊ အယံသကျမုနိပိ-သာကီနွယ်ဖွား ဤငါတို့ မြတ်စွာဘုရားသည်လည်း၊ သဗ္ဗညုဘာဝံ-သဗ္ဗညုအဖြစ်သို့၊ အာဂတော-ရောက်တော်မူပြီ၊ တေန-ထို့ကြောင့်၊ စက္ခုမာ-ငါးဖြာသော စက္ခုရှိတော်မူသော မြတ်စွာဘုရားကို၊ တထာဂတော-တထာဂတဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

**၃** ကုပ္ပဝိမောက္ခမည်သောတရား၊ အကုပ္ပဝိမောက္ခမည်သောတရားတို့ကို တိကျစွာ ပြဆိုခဲ့ပါ။ (ပါ - ၂၃၇)

အဖြေ။ ရူပဈာန် ၄-ပါး၊ အရူပသမာပတ် ၄-ပါးတို့သည် ကုပ္ပဝိမောက္ခမည်၏။

အရိယမဂ် ၄-ပါး၊ သာမညဖလ ၄-ပါး၊ နိဗ္ဗာန်-တို့သည် အကုပ္ပဝိမောက္ခ မည်၏။

**၄** အဘယ်ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သောသူအား အဘယ်ဣန္ဒြေ စင်ကြယ်ပါသနည်း၊ အသီးအသီး ပြည့်စုံစွာ ဖော်ပြခဲ့ပါ။ (ပါ - ၁၉၈)

အဖြေ။ သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြည်သော သူအား သဒ္ဓိန္ဒြေသည် စင်ကြယ်၏။

ပျင်းရိသော ပုဂ္ဂိုလ်ကို ရှောင်ကြည် သောသူအား ဝီရိယိန္ဒြေသည် စင်ကြယ်၏။

သတိကင်းမဲ့ မေ့လျော့သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်သောသူအား သတိန္ဒြေသည် စင်ကြယ်၏။

သမာဓိမရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်သောသူအား သမာဓိန္ဒြေသည် စင်ကြယ်၏။

ပညာမဲ့သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်သောသူအား ပညိန္ဒြေသည် စင်ကြယ်၏။

http://www.dhammadownload.com



၅ အဘယ်ပညာသည် အဘိညာပညာမည်ကြောင်း ထင်ရှားအောင် ပြဆို၍၊ ပဋိသမ္ဘိဒါ လေးပါးတို့တွင် အတ္ထပဋိသမ္ဘိဒါကို အဘယ့်ကြောင့် ရှေးဦးစွာ ပြအပ်ပါသနည်း။ (၄ - ၁၊ ၃၅)

အဖြေ။ ရုပ်နာမ်တရားတို့၏ ဖောက်ပြန်သော ရုပ္ပနအစရှိသော သဘောအားဖြင့် ကောင်းစွာသိသော ပညာသည် အဘိညာ ပညာမည်၏။

ပစ္စုယုပ္ပန်အကျိုးတရားသည် ဒုက္ခသစ္စာသကဲ့သို့ ထင်ရှား၏။ ကောင်းစွာသိလွယ်၏။ ထို့ကြောင့် ရှေးဦးစွာ အတ္ထပဋိသမ္ဘိဒါ ဉာဏ်ကို ပြအပ်ပါသည်။

၆ ဒွတ္တိံသကာယ ကမ္မဋ္ဌာန်းကို စီးဖြန်းသောပုဂ္ဂိုလ်အား အဘယ်အခြင်းအရာအားဖြင့်ထင်လျှင် မည်သည့်ကမ္မဋ္ဌာန်းများ ဖြစ်နိုင်သည်ကို ပြည့်စုံစွာ ဖေါ်ပြခဲ့ပါ။ (၄ - ၁၊ ၇၅)

အဖြေ။ ဆံပင်စသည်တို့၌ စက်ဆုပ်ဖွယ်အားဖြင့် ဒွတ္တိံသကာယ ကမ္မဋ္ဌာန်းကို စီးဖြန်းသောပုဂ္ဂိုလ်အား ထင်သည်ရှိသော် ကာယဂတာသတိ၏ အစွမ်းဖြင့် အသုဘကမ္မဋ္ဌာန်းသည် ဖြစ်၏။ ဆံပင်စသည်တို့၌ အဆင်းအားဖြင့် ထင်သည်ရှိကုန်သော် ကသိဏ ကမ္မဋ္ဌာန်းသည် ဖြစ်၏။ ဓာတ်အားဖြင့် ထင်သည်ရှိကုန်သော် စတုဓာတု ဝဝတ္ထာနကမ္မဋ္ဌာန်း ဖြစ်၏။

၇ နာနတ္တကာယ နာနတ္တသညီမည်သော သတ္တဝါများကို အကြောင်းနှင့် တကွပြည့်စုံအောင် ဖေါ်ပြခဲ့ပါ။ (၄ - ၁၊ ၁၀၃-၁၀၄)

အဖြေ။ အပိုင်းအခြားမရှိသော စကြာဝဠာတို့၌ အပိုင်းအခြားမရှိကုန်သော လူတို့၏ အဆင်းသဏ္ဌာန် စသည်အားဖြင့် လူနှစ်ယောက်တို့သည် ချွတ်ချွတ်တူသည်မရှိ။ အဆင်းသဏ္ဌာန် အားဖြင့် တူကြသော်လည်း ရှေးကြည့်ခြင်း, ငဲ့စောင်းကြည့်ခြင်း စသည်တို့ဖြင့် မတူခြားနားကြသည်သာ။ ထို့ကြောင့် နာနတ္တကာယ ဟုဆို၏။

http://www.dhammadownload.com



ကာမာဝစရနတ် ခြောက်ထပ်တို့တွင်လည်း အချို့နတ်တို့၏ ကိုယ်ကာယသည် ညီမဲ၏။ အချို့ အဝါအစရှိသော အဆင်းရှိ၏။ ထိုနတ်တို့၏ ပဋိသန္ဓေသညာသည်လည်း တိဟိတ်, ဒွိဟိတ်ဟူ၍ မတူကွဲပြား၏။ ထို့ကြောင့် ကာမာဝစရနတ်ခြောက်ထပ်တို့သည် နာနတ္တကာယ၊ နာနတ္တသညီ မည်၏။

အပါယ်လေးပါးမှ လွတ်ကုန်သော ပုနဗ္ဗသုမာတာ ဘီလူးမအစရှိကုန်သော နတ်တို့သည်၎င်း၊ အခြားကုန်သော ဝိမာနိကပြိတ္တာတို့သည်၎င်း၊ ယင်းတို့၏ကာယသည် ဖြူမဲစသဖြင့်၎င်း၊ ပိန်ဝ စသည်ဖြင့်လည်းကောင်း၊ မတူကွဲပြား၏။ ၎င်းပြိတ္တာတို့၏ ပဋိသန္ဓေသညာသည်လည်း အဟိတ်, ဒွိဟိတ်, တိဟိတ်ဟူ၍ ကွဲပြား၏။ ထို့ကြောင့် နာနတ္တ ကာယ၊ နာနတ္တသညီ-ဟုဆို၏။

**၇** ဇာတိကို ဒုက္ခဟူ၍ ဟောတော်မူရခြင်း၏အကြောင်းကို ဖော်ပြ၍၊ အဘယ်အနာမျိုးသည် ပဋိစ္ဆန္နဒုက္ခ မည်ကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။ (၄၅ - ၁၊ ၁၃၂)

အဖြေ။ တစ်ပါးမက များပြားလှကုန်သော ဒုက္ခဆင်းရဲတို့၏ အကြောင်း အရာဝတ္ထုဖြစ်သောကြောင့် ဇာတိကို 'ဒုက္ခ' ဟူ၍ ဟောတော်မူရသည်။

နားစူး, သွားစူးနာ, ရာဂကြောင့် ဖြစ်သော ပူပန်မှု, ဒေါသကြောင့်ဖြစ်သော ပူပန်မှု အစရှိသော ကိုယ်စိတ်၌ ဖြစ်သော ရောဂါအနာသည် မေးပြီးမှ သိနိုင်သောကြောင့် လည်းကောင်း အားထုတ်မှု၏ မထင်ရှားသောကြောင့်လည်း ကောင်း ပဋိစ္ဆန္နဒုက္ခ မည်၏။

**၉** ပီတိငါးမျိုးတို့၏သဘောအဓိပ္ပါယ်ကို ထင်ရှားစွာ ဖြေဆိုပြီးလျှင်၊ ဤ၌ အလိုရှိအပ်သော ပီတိကိုလည်း ဖော်ထုတ်ခဲ့ပါ။ (၄၅ - ၁၊ ၁၆၉)

http://www.dhammadownload.com



အဖြေ။ ပီတိ ၅-မျိုး

၁။ ကိုယ်၌ မွေးညှင်းထကာမျှသာ ပြုနိုင်သောပီတိသည် ခုဒ္ဒိကာ ပီတိ မည်၏။

၂။ လျှပ်စီးလက်သည်နှင့်တူသော မကြာခဏ မကြာခဏ ဖြစ်သောပီတိသည် ခဏိကာပီတိ မည်၏။

၃။ သမုဒ္ဒရာကမ်းခြေကို ရိုက်ခတ်တွေ့ထိသော ရေလှိုင်းသကဲ့သို့ ကိုယ်ကာယသည် အောက်သို့သက်၍ သက်၍ ပျက်သွားသောပီတိသည် ဩက္ကန္တိကာပီတိ မည်၏။

၄။ အားရှိသည်ဖြစ်၍ ကိုယ်ကာယသည် အထက်သို့တက်၍ ကောင်းကင်၌ ခုန်လွှားစေသော အတိုင်းအတာသို့ ရောက်သော ပီတိသည် ဥဗ္ဗေဂါပီတိ မည်၏။

၅။ အားအလွန်ကြီးသော ပီတိသည် ဖရဏာပီတိ မည်၏။ ဤ၌ ဖရဏာပီတိကို အလိုရှိအပ်၏။

**၁၀** အဿာသ ပဿာသတို့၏ အာဒိ, မဇ္ဈ, ပရိယောသာန တို့ကို ပြည့်စုံစွာ ဖော်ပြ၍။ ထိုအဿာသပဿာသတို့၏ အာဒိ၊ မဇ္ဈ၊ ပရိယောသာန တို့ကို အစဉ်လိုက်၍ရှုသော ယောဂီပုဂ္ဂိုလ်အား သမာဓိ ရနိုင်၊ မရနိုင် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။ (၁၃၃၀၊ မေးပြီး) (၄ - ၂၊ ၇၂)

အဖြေ။ (ဝင်သက်) အဿာသ၏ အာဒိ-ကား နှာဖျား၊ မုခနိမိတ်။ မဇ္ဈ-ကား ဟဒယ။ ပရိယောသာန-ကား နာဘိ-ချက်တည်း။ (ထွက်သက်) ပဿာသ၏ အာဒိ-ကား နာဘိ-ချက်။ မဇ္ဈ-ကား ဟဒယ။ ပရိယောသာန-ကား နှာဖျား, မုခနိမိတ်, ပြင်ပအာကာသ တို့တည်း။

ထိုအဿာသပဿာသတို့၏ အစ, အလယ်, အဆုံးတို့ကို အစဉ်လိုက်၍ ရှုသောယောဂီပုဂ္ဂိုလ်အား ဌာနအမျိုးမျိုးသို့ အစဉ် လိုက်ရသဖြင့် စိတ်သည် ကိုယ်တွင်း၌ ပျံ့လွင့်ခြင်းသို့ ရောက်၏။ ကိုယ်တွင်း၌ ပျံ့လွင့်ခြင်းသို့ရောက်သောစိတ်သည် တစ်ခုတည်း သောအာရုံ၌ မတည်နိုင်သောကြောင့် သမာဓိ မရနိုင်။

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၁-ခုနှစ်

**၁** ပါဠိတော်လာ အောက်ပါ ဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

"ယော ဘူတံ ဘူတတော ဒိသွာ၊ ဘူတဿ စ အတိက္ကမံ။

ယထာ ဘူတေ'ဓိမုစ္စတိ၊ ဘဝတဏှာ ပရိက္ခယာ။" (ပါ - ၁၅၉)

အဖြေ။ ယောဘိက္ခု-သည်။ ဘူတံ-ဟုတ်မှန်သောခန္ဓာငါးပါး ဆင်းရဲတရားကို။ ဘူတတော-ဟုတ်မှတ်သော ဆင်းရဲသဘောဖြင့်။ ဒိသွာစ-မြင်၍လည်းကောင်း။ ဘူတဿ-အတိက္ကမံ-ဟုတ်မှန်သော ဆင်းရဲကို ကျော်လွန်ကြောင်းဖြစ်သော အရိယမဂ်ကိုလည်း။ ဒိသွာစ-မြင်၍လည်းကောင်း။ ဘဝတဏှာ ပရိက္ခယာ-ဘဝတဏှာ ကုန်ခြင်းကြောင့်။ ယထာဘူတေ-မဖောက်မပြန် မှန်ကန်သော နိဗ္ဗာန်၌။ အဓိမုစ္စတိ-နှလုံးသွင်းဝင်စား၏။

**၂** အဋ္ဌကထာလာ အောက်ပါဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

"ယာနိ သောတာနိ လောကသ္မိံ (အဇိတာတိ ဘဂဝါ)၊

သတိ တေသံ နိဝါရဏံ။

သောတာနံ သံဝရံ ဗြူမိ၊ ပညာယေတေ ပိဓိယရေ"တိ။

(ဌ - ၁၊ ၂၀၂။ ဌ - ၂၊ ၅၂)

အဖြေ။ အဇိတ-အဇိတ။ လောကသ္မိံ-၌။ ယာနိသောတာနိ-အကြင်တဏှာဒိဋ္ဌိ, ကြွင်းသောကိလေသာ ဒုစ္စရိတ, အဝိဇ္ဇာတည်းဟုသော အယဉ်တို့သည်။ (သဝန္တိ-တသွင်သွင်စီးနေကုန်၏။) သတိ-သတိသည်။ တေသံ-ထိုတဏှာဒိဋ္ဌိ, ကြွင်းသော ကိလေသာ, ဒုစ္စရိတ, အဝိဇ္ဇာဟူသော အယဉ်တို့ကို။ နိဝါရဏံ တားမြစ်ကြောင်းတရားတည်း။ (တမေဝသတိံ-ထိုသတိကိုပင်)သောတာနံ-အယဉ်တို့အား။ သံဝရံ-စောင့်စည်းကြောင်း တရားဟူ၍။ ဗြူမိ-ဟောတော်မူ၏။ ဧတေ-ဤတဏှာဒိဋ္ဌိ စသော အယဉ်တို့ကို။ ပညာယ-မဂ်ပညာဖြင့်။ ပိဓိယရေ၊ မိမိသန္တာန်၌ မစီးဝင်အောင် ပိတ်ပင်အပ်ကုန်ရာ၏။

http://www.dhammadownload.com



၃ သမထ၏အစွမ်းဖြင့် ဖြစ်သော သခါရုပေက္ခာဉာဏ်နှင့် ဝိပဿနာ၏ အစွမ်းဖြင့်ဖြစ်သော သခါရုပေက္ခာဉာဏ်တို့၏ သရုပ်ကို သဒ္ဒါမျှ ဖော်ပြခဲ့ပါ။ (ပါ - ၆၂)

အဖြေ။ သမထ၏ အစွမ်းဖြင့်ဖြစ်သော သခါရုပေက္ခာဉာဏ်သည် ၈-ပါး အပြားရှိ၏။

ဝိပဿနာ၏ အစွမ်းဖြင့်ဖြစ်သော သခါရုပေက္ခာဉာဏ်သည် ၁၀-ပါး အပြားရှိ၏။

၄ သာမယိက ဝိမောက္ခတရားနှင့် အသာမယိက ဝိမောက္ခတရားတို့ကို တိကျစွာဖော်ပြခဲ့ပါ။ (ပါ - ၂၃၆)

အဖြေ။ သာမယိကဝိမောက္ခတရား-

ရူပဈာန် ၄-ပါး။ အရူပသမာပတ် ၄-ပါးတို့တည်း။

အသာမယိက ဝိမောက္ခတရား၊

အရိယ မဂ် ၄-ပါး၊ သာမညဖလ ၄-ပါး၊ နိဗ္ဗာန် တို့တည်း။

၅ မုခ, ဝိမောက္ခမုခ, ဝိမောက္ခပစ္စနီက, ဝိမောက္ခာနုလောမ တို့၏ တရားကိုယ်ဖမ္မများကို အသီးသီးဖော်ပြခဲ့ပါ။ (ပါ - ၁၊ ၂၆၄)

အဖြေ။ မုခ-အရ - မဂ္ဂဝိမောက္ခ၌ဖြစ်သော ရာဂ စသော အပြစ်ကင်းကုန်သော ကုသိုလ်ဖြစ်ကုန်သော ဗောဓိပက္ခိယ တရား ၃၇-ပါးတို့တည်း။

ဝိမောက္ခမုခ-အရ - ထိုဗောဓိပက္ခိယတရားတို့၏ အာရုံဖြစ်သော အေးငြိမ်းသော နိဗ္ဗာန်တည်း

ဝိမောက္ခပစ္စနီကအရ - အကုသလမူလ ၃-ပါး၊ ဒုစရိုက် ၃-ပါး၊ အကုသိုလ်တရားအားလုံးတို့တည်း။

http://www.dhammadownload.com



ဝိမောက္ခာနုလောမ အရ- ကုသလမူလ ၃-ပါး၊ သုစရိုက် ၃ ပါး၊ ကုသိုလ်တရား အားလုံးတို့ တည်း။

၆ ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ တို့၏ ဖြစ်ရာဘူမိတို့ကို ပိုင်းခြား၍ဖော်ပြခဲ့ပါ။ (၄ - ၁၊ ၃၂)

အဖြေ။ သင်္ခါရပရိစ္ဆေဒမှစ၍ ပစ္စယပရိဂ္ဂဟတိုင်အောင်သည် ဉာတပရိညာဘူမိတည်း။

ကလာပသမ္မသနမှစ၍ ဥဒယာနုပဿနာ တိုင်အောင် သည် တီရဏပရိညာဘူမိတည်း။

ဘင်္ဂါနုပဿနာကို အစပြု၍ အထက်၌ ပဟာနပရိညာဘူမိ တည်း။

၇ အဋ္ဌမိစ္ဆတ္တတာတိ-၌ အဋ္ဌသင်္ချာ၏ သင်္ချေယျကို ထုတ်ပြပြီးလျှင်၊ အသေက္ခ ဓမ္မဆယ်ပါးလာ အသေက္ခ သမ္မာဉာဏ်၏ အရကိုလည်း ဖော်ပြခဲ့ပါ။ (၄ - ၁/ ၁၁၁၊ ၁၂၉)

အဖြေ။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ။

အသေက္ခ၊ သမ္မာ ဉာဏ်-အရကား အရဟတ္တဖလ ပညာကို ကြည့်၍ ကြွင်းသော လောကီပညာတည်း။

၈ ပရိယာယ ဒုက္ခ အပြားကို မမှားအောင် ဖော်ပြ၍၊ ရှေးဆရာဆရာကြီးများသစ္စာလေးပါးနှင့် ပတ်သက်၍ လောကသားတို့ အသိဉာဏ်အား ထင်ရှားစေရန် ဥပမာစကားဖြင့် မိန့်ကြားခဲ့ကြရာ အရှင်သည်လည်း အဋ္ဌကထာဆရာ၏စကားရပ်တစ်ခုကိုယူ၍ သစ္စာလေးပါး၏ သဘောသွားကို ဥပမာစကားဖြင့် ထင်ရှားအောင် ဖြေဆိုပါ။ (၄ - ၁၊ ၁၈၄။ ၄ - ၁၊ ၁၃၃)

အဖြေ။ ပရိယာယဒုက္ခ အပြား-

ဝိပရိဏာမဒုက္ခ၊ သင်္ခါရဒုက္ခ၊ ပဋိစ္ဆန္နဒုက္ခ၊ အပ္ပဋိစ္ဆန္နဒုက္ခ သည်လည်းကောင်း၊ ဒုက္ခသစ္စဝိဘင်၌လာသော ဇာတိအစရှိသော

http://www.dhammadownload.com



အားလုံးသော ဒုက္ခသည်လည်းကောင်း၊ (ထိုထိုဒုက္ခ၏ ဝတ္ထုဖြစ်သောကြောင့်) ပရိယာယ ဒုက္ခ မည်၏။

ဒုက္ခသစ္စာသည် ရောဂါသကဲ့သို့တည်း။

သမုဒယသစ္စာသည် ရောဂါ၏အကြောင်းသကဲ့သို့တည်း။

နိရောဓသစ္စာသည် ရောဂါပျောက်ကင်းသကဲ့သို့တည်း။

မဂ္ဂသစ္စာသည် ဆေးသကဲ့သို့တည်း။

**၉** သင်္ခါရုပေက္ခာ ၁၅-ပါးတို့ကို သိသာရုံမျှ ရေတွက်ပြ၍၊ စတ္တာရိ စက္ကာနိ-၌အလို႔ရှိအပ်သော စက္ကကိုသာ ဖော်ပြခဲ့ပါ။ (၄ - ၁၊ ၂၅၂၊ ၂၇၂)

အဖြေ။ သင်္ခါရုပေက္ခာ ၁၅-ပါး

သမထ၏အစွမ်းဖြင့် ၈-ပါး၊ မဂ် ၄-ပါး၊ ဖိုလ် ၃-ပါးအားဖြင့် ၇-ပါး၊ စုစုပေါင်း ၁၅-ပါးတည်း။

စတ္တာရိ စက္ကာနိ-၌ ဒါရုစက္က, ရတနစက္က, ဓမ္မစက္က၊ ဣရိယာပထစက္က၊ သမ္ပတ္တိစက္က ဟူ၍ ငါးပါးအပြားရှိရာတွင်] ဤနေရာ၌ သမ္ပတ္တိစက်ကို အလိုရှိအပ်၏။ [မှတ်ဖွယ်။ ။သမ္ပတ္တိစက် ၄-ပါး၊ ပတိရူပဒေသဝါသ၊ သပ္ပုရိသာဝဿယ၊ အတ္တသမ္မာပဏိဓိ၊ ပုဗ္ဗေကတပုညတာ။]

**၁၀** နိရောဓသမာပတ်မှထသော ပုဂ္ဂိုလ်၏စိတ်သည် အဘယ်သို့ ညွတ်ကိုင်းပါသနည်း၊ ဆစ်ပိုင်း ကျနု ဉာဏ်ကသိုဏ်းပြ၍ ရှေးဘဝ၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကိုအောက်မေ့နိုင်သော ပုဂ္ဂိုလ်များကို အောက်မေ့နိုင်သမျှ ကာလနှင့် တွဲစပ်ဖြေဆိုပါ။ (၄ - ၁၊ ၃၂၃)

အဖြေ။ နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်၏စိတ်သည် နိဗ္ဗာန်သို့ ညွတ်ကိုင်းပါသည်။

ရှေးဘဝ၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ပုဂ္ဂိုလ်များ-တိတ္ထိ၊ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



တိတ္ထိတို့သည် ကမ္ဘာလေးဆယ်၊
ပကတိသာဝကတို့သည် ကမ္ဘာတစ်ရာ၊ ကမ္ဘာတစ်ထောင်၊
မဟာသာဝက တို့သည် ကမ္ဘာတစ်သိန်းတို့ကို အောက်မေ့နိုင်ကုန်၏။

အဂ္ဂသာဝကတို့သည် တစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းကို အောက်မေ့နိုင်ကုန်၏။
ပစ္စေကဗုဒ္ဓါတို့သည် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကို အောက်မေ့နိုင်ကုန်၏။
ဘုရားရှင်တို့သည် အပိုင်းအခြားမရှိ အောက်မေ့နိုင်ကုန်၏။

## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၂-ခုနှစ်၊

**၁** ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒိနဝေ ဣဒံ။ ကို အနက်ပေးပါ။
(ပါ - ၅၈)

အဖြေ။ ဥပ္ပါဒဉ္စ-ဖြစ်ပေါ်ခြင်းကိုလည်းကောင်း။ ပဝတ္တဉ္စ-ဖြစ်ပွားခြင်းကိုလည်းကောင်း။ နိမိတ္တဉ္စ-သင်္ခါရနိမိတ်ကိုလည်းကောင်း။ အာယူဟနဉ္စ-အားထုတ်ခြင်းကိုလည်းကောင်း။ ပဋိသန္ဓိံ-ပဋိသန္ဓေကိုလည်းကောင်း။ ဒုက္ခန္တိ-ဟူ၍။ ပဿတိ-မြင်၏ ဣဒံ-ဤအမြင်သည်။ အာဒိနဝေဉာဏံ-အာဒိနဝဉာဏ်မည်၏။

**၂** ဘဝေါ ကုလံ နိကာယော စ၊ သီလံ ပညတ္တိ လက္ခဏံ။
ပသူတိ သန္ဓိ စေဝါတိ၊ ဇာတိအတ္ထာ ပဝေဒိတာ။ ကို အနက်ပေးပါ။
(၄ - ၁၊ ၁၃၂)

အဖြေ။ ဘဝေါ-ဘဝသည်လည်းကောင်း၊ ကုလံစ-အမျိုးသည်လည်းကောင်း၊ နိကာယော-အပေါင်းအစုသည်လည်းကောင်း၊ သီလံစ-သီလသည်လည်းကောင်း၊ ပညတ္တိစ-ပညတ်သည်လည်းကောင်း၊ လက္ခဏံစ-သင်္ခတလက္ခဏာသည် လည်း

http://www.dhammadownload.com



ကောင်း၊ ပသူတိ-မွေးဖွားခြင်းသည်လည်းကောင်း၊ သန္ဓိစ-ပဋိသန္ဓေခန္ဓာသည်လည်း ကောင်း၊ ဣတိ-ဤသို့။ ဇာတိအတ္တာ-ဇာတိအနက်တို့ကို။ ပဝေဒိတာ-အပြားအားဖြင့်သိအပ်ကုန်၏။

၇ မဂ်လေးပါးတို့တွင် အဘယ်မဂ်ဖြင့် အဘယ်ကိလေသာတို့ကို ပယ်ခြင်းသည် သီလမည်သနည်း၊ သီလမယဉာဏနိဒ္ဒေသအရ အသီးသီး ဖြေဆိုခဲ့ပါ။ (ပါ - ၄၆)

အဖြေ။ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌေကဋ္ဌကိလေသာတို့ကိုပယ်ခြင်းသည် သီလမည်၏။ သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းကုန်သော ကိလေသာတို့ကိုပယ်ခြင်းသည် သီလမည်၏။ အနာဂါမိမဂ်ဖြင့် သိမ်မွေ့ကုန်သောကိလေသာတို့ကိုပယ်ခြင်းသည် သီလမည်၏။ အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို ပယ်ခြင်းသည် သီလမည်၏။

၄ အညိန္ဒြေသည် အဘယ်မျှလောက်သောဌာနသို့ ရောက်နိုင်သနည်း သရုပ်ပြ၍၊ ထိုဌာနတို့၌ အညိန္ဒြေ၏သဟဇာတအခြံအရံဖြစ်ကုန်သော ဣန္ဒြေတို့ကိုလည်း ဖော်ပြခဲ့ပါ။ (ပါ - ၁၁၁- ၂)

အဖြေ။ အညိန္ဒြေသည် ခြောက်ဌာနတို့သို့ ရောက်နိုင်၏။

သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်ဌာနတို့တည်း။

ထိုဌာနတို့၌ အညိန္ဒြေ၏ သဟဇာတအခြံအရံဖြစ်ကုန်သော ဣန္ဒြေများ-

သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, မနိန္ဒြေ, သောမနဿိန္ဒြေ, ဇီဝိတိန္ဒြေ-တို့ဖြစ်ကုန်၏။

၅ အလုံးစုံသော လောကီသမာဓိသည် မည်သည့် မုဒိန္ဒြိယ-တိက္ခိန္ဒြိယ ပုဂ္ဂိုလ်တို့အား မည်သို့သောအဖို့ရှိသနည်း ခွဲခြားဖြေဆို၍၊ ဒုက္ခအရိယာသစ္စာ၌ ဗျာဓိဒုက္ခကို မဟောရခြင်းအကြောင်းကို အဋ္ဌကထာအလိုကျ ရှင်းပြပါ။ (ဋ္ဌ - ၁၊ ၁၃၁- ၁၃၅)

http://www.dhammadownload.com



အဖြေ။ အလုံးစုံသော လောကီသမာဓိသည် မေ့လျော့စွာနေသော မုဒိန္ဒြိယပုဂ္ဂိုလ်အား ဟာနဘာဂိယ-ယုတ်သောအဘို့သည် ဖြစ်၏၊ ရှိ၏။ မမေ့မလျော့နေသော မုဒိန္ဒြိယပုဂ္ဂိုလ်အား ဌိတိဘာဂိယ-တည်သောအဘို့ရှိ၏။ တဏှာစရိုက်ရှိသော တိက္ခိန္ဒြိယပုဂ္ဂိုလ်အား ဝိသေသဘာဂိယဖြစ်၏။ ဒိဋ္ဌိစရိုက်ရှိသော တိက္ခိန္ဒြိယပုဂ္ဂိုလ်အား နိဗ္ဗေဓဘာဂိယ ဖြစ်၏။

ကာယိကဒုက္ခကို ယူခြင်းဖြင့်ပင် ဗျာဓိဒုက္ခကိုယူအပ်ပြီးသည်ဖြစ်သောကြောင့် ဒုက္ခအရိယသစ္စာ၌ ဗျာဓိဒုက္ခကိုမဟော။

၆ အဘယ်သို့သော မဂ်တို့ကို ပဌမဈာနိကမဂ်ဟု ဆိုနိုင်သနည်း ရှင်းပြ၍၊ သမံ စေတီတိ သမာဓိ-၌ သမံနှင့် သမာဓိပုဒ်တို့၏အရကို အကြောင်းပြလျက် ယူခဲ့ပါ။ (၄ - ၁၊ ၁၈၀-၂၂၀)

အဖြေ။ ဝိပဿနာနိယမအားဖြင့် သုက္ခဝိပဿကပုဂ္ဂိုလ်အားဖြစ်သော မဂ်လည်းကောင်း၊ သမာပတ်ရသောပုဂ္ဂိုလ်အား ဈာန်ကိုအခြေခံမပြုမူ၍ ဖြစ်သောမဂ်သည်လည်းကောင်း၊ ပဌမဈာန်ကိုအခြေခံပြု၍ ပကိဏ္ဏကသင်္ခါရတို့ကိုသုံးသပ်၍ ဖြစ်စေအပ်သောမဂ်သည်လည်းကောင်း၊ ပဌမဈာနိကမဂ်ဖြစ်၏။

သမံ စေတီတိ သမာဓိ၌ သမံ-အရကား အပ္ပနာရ၏။ ထိုအပ္ပနာသည် ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေတတ်, ဖျက်စီးတတ်သောကြောင့်ရင်း-ပစ္စနီကဝိသမ မရှိသောကြောင့်ရင်း သမ-မည်၏။

သမာဓိ-အရကား မုဒုဖြစ်သော ပုဗ္ဗဘာဂသမာဓိ-ရ၏။

၇ ကာမာဝစရကုသိုလ်တရားတို့ကို သြဠာရိက, သုခုမ-တို့ဖြင့် အဋ္ဌကထာဆရာအလိုကျ ဝေဘန်ခွဲခြားပြခဲ့ပါ။ (၄ - ၁၊ ၂၄၁)

အဖြေ။ ဒါနမယ ကာမာဝစရကုသိုလ်သည် သြဠာရိက၊
သီလမယ ကာမာဝစရကုသိုလ်သည် သုခုမ။

http://www.dhammadownload.com



သီလမယ ကာမာဝစရကုသိုလ်သည် ဩဠာရိက။
ဘာဝနာမယ ကာမာဝစရကုသိုလ်သည် သုခုမ။
ဒွိဟိတ် ဘာဝနာမယ ကာမာဝစရကုသိုလ်သည် ဩဠာရိက။
တိဟိတ် ဘာဝနာမယ ကာမာဝစရကုသိုလ်သည် သုခုမ။
တိဟိတ် သသင်္ခါရိက ကာမာဝစရကုသိုလ်သည် ဩဠာရိက။
တိဟိတ် အသင်္ခါရိက ကာမာဝစရကုသိုလ်သည် သုခုမ။

၈ အဓိပညာဝိပဿနာမဂ်မည်သောတရားတို့ကို အဋ္ဌကထာအလိုကျ ထုတ်ပြခဲ့ပါ။ (၄ - ၁၊ ၂၄၁)

အဖြေ။ ရူပက္ခန္ဓာ အစရှိသောအာရုံကို ခယဝယအားဖြင့် ရှုတတ်သော ပညာသည်လည်းကောင်း၊ ဘင်ကိုရှုတတ်သော(ဘင်္ဂါနုပဿနာ)ပညာသည်လည်းကောင်း၊ သုညအားဖြင့်ထင်ခြင်း ဝိပဿနာပညာသည်လည်းကောင်း၊ အဓိပညာဝိပဿနာ မဂ်တရားမည်၏။

၉ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်ပြီးသည်၏အခြားမဲ့၌ သစ္စာကို ဆင်ခြင်၏ဟု မိန့်ဆိုခဲ့ရာ သစ္စာလေးပါး ဆင်ခြင်ပုံကို အဋ္ဌကထာအလိုကျ ဖော်ပြခဲ့ပါ။ (၄ - ၁၊ ၂၆၂)

အဖြေ။ သစ္စာလေးပါးဆင်ခြင်ပုံ-
"ငါသည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခဲ့ပြီ။
ငါသည် သမုဒယသစ္စာကို ပယ်ခဲ့ပြီ။
ငါသည် နိရောဓသစ္စာကို မျက်မှောက်ပြုခဲ့ပြီ။
ငါသည် မဂ္ဂသစ္စာကို ပွားများအားထုတ်ခဲ့ပြီ။"

၁၀ လောက တရန္တိတိ လောကုတ္တရာ-အရ မဂ်လေးပါးတို့တွင် အဘယ်မဂ်သည် အဘယ်လောကကို လွန်မြောက်သနည်း ဖြေဆို၍၊ ပဌမဟာပုဒ်တို့၏သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။ (၄ - ၂၊ ၂၂၆-၃၀၀)

အဖြေ။ သောတာပတ္တိမဂ်သည် အပါယ်လောကကို လွန်မြောက်၏။
သကဒါဂါမိမဂ်သည် ကာမာဝစရလောကတစ်စိတ်ကို လွန်

http://www.dhammadownload.com



မြောက်၏။ အနာဂါမိမဂ်သည် ကာမာဝစရလောကကို လွန်မြောက်၏။ အရဟတ္တမဂ်သည် ရူပါရူပါဝစရလောကကို လွန်မြောက်၏။

ပဥ္စမဟာပုညသရုပ်

မေဏ္ဍကသေဋ္ဌိ။ သူဌေးကတော် စန္ဒပဒုမာ။
သား-ဓနဥ္စယသူဌေး၊ ချွေးမ-သုမနဒေဝီ။ ကျွန် ပုဏ္ဏ-တို့ဖြစ်သည်။

## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၃-ခုနှစ်၊

၁ သ ဝေ ဘူတပရိညာတော၊ ဝီတတဏှာ ဘဝါဘဝေ။
ဘူတဿ ဝိဘဝါ ဘိက္ခု၊ နာဂစ္ဆတိ ပုနဗ္ဘဝံ။ ကို အနက်ပေးပါ။
(ပါ - ၁၅၉)

အဖြေ။ ဝေ-စင်စစ်။ ဘူတပရိညာတော-ဟုတ်မှန်သောဆင်းရဲကို ပိုင်းခြားသိပြီးသည်ဖြစ်၍။ ဘဝါဘဝေ-ဘဝငယ်ဘဝကြီး၌။ ဝါ-သဿတ, ဥစ္ဆေဒ၌။ ဝီတတဏှော-တဏှာကင်းပြီးသော။ သ-သောဘိက္ခု-သည်။ ဘူတဿ-ဟုတ်မှန်သောခန္ဓာငါးပါး ဆင်းရဲတရား၏။ ဝိဘဝါ-မရှိခြင်း, ချုပ်ကင်းခြင်းကြောင့်။ ပုနဗ္ဘဝံ-တစ်ဖန်ဖြစ်ခြင်းသို့။ နာဂစ္ဆတိ-မလာရောက်။

၂ ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ ကို အနက်ပေးပါ။
(၄ - ၁၂၄၂)

အဖြေ။ ပဗ္ဗုဠကံ-ရေပွတ်ကို။ ပဿေယထာ-ဖြစ်၍ပျက်သည်ဟု ရှုရာသကဲ့သို့။ လောကံ-ခန္ဓာငါးပါး-ဟုဆိုအပ်သောလောကကို။ ပဿေ-ဖြစ်၍ပျက်သည်ဟု ရှုရာ၏။ မရီစိကံ-မျက်လှည့်ကို။ ဝါ-တံလျှပ်ကို။ ပဿေယထာ-ထင်သည့်အတိုင်းမဟုတ်-ရှုရာ

http://www.dhammadownload.com



သကဲ့သို့။ လောကံ-ခန္ဓာငါးပါးတည်းဟူသောလောကကို။ ပဿေ-ထင်သည့်အတိုင်း မဟုတ်-ဟုရှုရာ၏။ ဧဝံ-ဤသို့။ လောကံ-ခန္ဓာငါးပါးတည်းဟူသောလောကကို။ အဝေက္ခန္တံ-ရှုသောရဟန်းကို။ မစ္စုရာဇာ-သေမင်းသည်။ နပဿတိ-မမြင်။

**၃** ဥဒယဗ္ဗယဉာဏ်အဆင့်သို့ ရောက်သောယောဂီသည် ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုရှုလျှင် အဘယ်မျှလောက်သော လက္ခဏာတို့ကို မြင်ပါသနည်းပြည့်စုံစွာ ဖော်ပြပါ။ (ပါ - ၅၃)

အဖြေ။ ဥဒယဗ္ဗယဉာဏ်အဆင့်သို့ရောက်သော ယောဂီသည် ရူပက္ခန္ဓာ၏ပျက်ခြင်းကို ရှုလျှင်-ငါးပါးကုန်သော လက္ခဏာတို့ကိုမြင်၏။

၁။ "အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏"ဟူ၍ အကြောင်းချုပ်ခြင်းကြောင့် ရူပက္ခန္ဓာပျက်ခြင်းကို မြင်၏။

၂။ "တဏှာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏"ဟူ၍ အကြောင်းချုပ်ခြင်းကြောင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကို မြင်၏။

၃။ "ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်၏"ဟူ၍ အကြောင်းချုပ်ခြင်းကြောင့် ရူပက္ခန္ဓာပျက်ခြင်းကို မြင်၏။

၄။ "အဟာရ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏"ဟူ၍ အကြောင်းချုပ်ခြင်းကြောင့် ရူပက္ခန္ဓာ၏ပျက်ခြင်းကို မြင်၏။

၅။ "ဖောက်ပြန်ခြင်းပျက်စီးခြင်း လက္ခဏာကို ရှုသည်ဖြစ်၍လည်း ရူပက္ခန္ဓာ၏ ပျက်ခြင်းကို မြင်၏။

**၄** ဝိပ္ပန္နဒိဋ္ဌိပုဂ္ဂိုလ်သုံးယောက်နှင့် သမ္ပန္နဒိဋ္ဌိပုဂ္ဂိုလ်သုံးယောက်တို့ကို မှန်ကန်စွာရေးပြပါ။ (ပါ - ၁၅၉)

အဖြေ။ ဝိပန္နဒိဋ္ဌိ ပုဂ္ဂိုလ် ၃-ယောက်

တိတ္ထိ၊ တိတ္ထိ၏သာဝက၊ မိစ္ဆာအယူရှိသူတို့ဖြစ်ကြသည်။

သမ္ပန္နဒိဋ္ဌိပုဂ္ဂိုလ် ၃-ယောက်

မြတ်စွာဘုရား၊ ဘုရားရှင်၏သာဝက၊ မှန်သောအယူရှိသူတို့ဖြစ်ကြသည်။

http://www.dhammadownload.com



၅ ပဥ္စန္နံ ဣတ္ထဓ နိဋ္ဌာ-၌ ပဥ္စသင်္ချာ၏ သခ်ေျယျတို့ကို ထုတ်ပြပြီးလျှင်၊ ဝိပ္ပန္ဒိဋ္ဌိတရားသုံးပါးကိုလည်း မှန်ကန်စွာ ပြခဲ့ပါ။ (ပါ - ၁၆၀)

အဖြေ။ ပဥ္စန္နံ ဣတ္ထဓနိဋ္ဌာ-၌ ပဥ္စ၏သခ်ေျယျ-

၁။ သတ္တက္ခတ္တုပရမသောတာပန်၊

၂။ ကောလံ ကောလ သောတာပန်၊

၃။ ဧကဗီဇီ သောတာပန်၊

၄။ သကဒါဂါမ် ပုဂ္ဂိုလ်၊

၅။ မျက်မှောက်ဘဝ၌ ရဟန္တာဖြစ်သောပုဂ္ဂိုလ်တို့ဖြစ်ကြသည်။

ဝိပန္နဒိဋ္ဌိတရား ၃-ပါး

၁။ "ဤအရာသည် ငါ၏ဥစ္စာတည်း"ဟူသော ဝိပန္နဒိဋ္ဌိ။

၂။ "ဤအရာသည် ငါတည်း"ဟူသော ဝိပန္နဒိဋ္ဌိ။

၃။ "ဤအရာသည် ငါ၏ အတ္တလိပ်ပြာတည်း"ဟူသော ဝိပန္နဒိဋ္ဌိ။ တို့ဖြစ်ကြသည်။

၆ ယေကေစိ ဘိက္ခဝေ မယိ အဝေစ္စပသန္နာ၊ သဗ္ဗေ တေ သောတာပန္နာ-၌ အဘယ်ပုဂ္ဂိုလ်များကို အဘယ်ကြောင့် သောတာပန်ခေါ်ရသည်ကို အဋ္ဌကထာအလိုကျ ရှင်းပြပါ။ (၄ - ၂၆၈)

အဖြေ။ "ယေကေစိ ဘိက္ခဝေ။ ပ။ သောတာပန္နာ"-၌ အရိယမဂ်၏ အစွမ်းဖြင့်သိ၍ မတုန်မလှုပ်သော သဒ္ဓါတရားဖြင့် ဘုရားရှင်၏ အပေါ်၌ ယုံကြည်သောကြောင့် အရိယမဂ်အယဉ်သို့ ရောက်ကြကုန်သော အလုံးစုံကုန်သော အရိယဖိုလ်၌ တည်ကုန်သော ပုဂ္ဂိုလ်တို့သည် သောတာပန်ပုဂ္ဂိုလ်တို့ မည်ကုန်၏။

၇ သောတာပန်သုံးမျိုးတို့ကို နေရမည့်ဘဝများနှင့်တွဲစပ်ပြ၍၊ ဘဝါဘဝေ-၌ဘဝ+အဘဝအရကိုလည်း အဋ္ဌကထာလာတိုင်း ဖြေပါ။(၄ - ၂၆၇)

အဖြေ။ သတ္တက္ခတ္တုပရမသောတာပန်သည် ကာမဘုံ၌ ခုနှစ်ဘဝ။

http://www.dhammadownload.com



ကောလံကောလသောတာပန်သည် ကာမဘုံ၌ ခြောက်ဘဝ။ ဧကဗီဇိသောတာပန်သည် ကာမဘုံ၌ တစ်ဘဝသာ နေရသည်။ (ရူပဘုံအရူပဘုံတို့၌ကား ဘဝများစွာနေရသည်။)

ဘဝါဘဝေ-၌ ဘဝ-အရကား ငယ်သောဘဝ၊ သဿတဘဝ-ရ၏။ အဘဝ-အရကား-ကြီးသောဘဝ၊ ဥစ္ဆေဒ-ရ၏။

**၈** နိရောဓသမာပတ်ဝင်စားနိုင်သူများကိုပြ၍ သေသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့၏ ထူးခြားချက်များကိုလည်း ပြပါ။

(၂၆-ခုမေးပြီး)(၄ - ၁၊ ၂၈၆-၂၈၉-၂၉၀)

အဖြေ။ သမာပတ်ရှစ်ပါးတို့ကို ရကြကုန်သော အနာဂါမ်-ရဟန္တာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်ကို ဝင်စားနိုင်ကြသည်။

သေသူနှင့်နိရောဓသမာပတ်ဝင်စားသူတို့၏ ထူးခြားချက်များ---သေသူသည် ကာယစသောသင်္ခါရသုံးပါး ချုပ်၏။ အသက်ဇီဝိတ ကုန်ဆုံး၏။ ကမ္မဇတေဇောကိုယ်ငွေ့တို့ ငြိမ်းကုန်၏။ စက္ခုစသော ဣန္ဒြေတို့သည် ပျက်စီးကုန်၏။ နိရောဓသမာပတ် ဝင်စားသူတို့သည် ကာယ၊ ဝစီ၊ စသောသင်္ခါရသုံးပါးတို့သည် ချုပ်ငြိမ်းကုန်၏။ အသက်ဇီဝိတ မကုန်ဆုံး။ ကမ္မဇတေဇော+ ကိုယ်ငွေ့တို့မချုပ်ငြိမ်း။ စက္ခုစသော ဣန္ဒြေတို့သည် မပျက်စီးကြကုန်။

**၉** ဗုဒ္ဓခေတ်သုံးမျိုးကို ပြ၍၊ ထိုခေတ်များ၏ပမာဏကိုလည်း ပြပါ။

(၄ - ၁၊ ၃၂၆)

အဖြေ။ ဗုဒ္ဓခေတ် ၃-မျိုး

ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်။

ဇာတိခေတ်သည် စကြာဝဠာ တစ်သောင်းအပိုင်းအခြား ပမာဏရှိ၏။

အာဏာခေတ်သည် ရတနာပရိတ်စသည်တို့၏ အာနုဘော်သက်ရောက်နိုင်သည့် ကုဋေတစ်သိန်း စကြာဝဠာအပိုင်းအခြား ပမာဏရှိ၏။

http://www.dhammadownload.com



ဝိသယခေတ်သည် စကြာဝဠာအပိုင်းအခြား ပမာဏမရှိ။ များပြားလှ၏။

၁၀ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ် တူ/မတူ အကျဉ်းမျှ ရှင်းပြပါ။
(၄ - ၂၊ ၂၃)

အဖြေ။ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့သည် မတူကြပါ။ ဒသဗလဉာဏ်သည် အကြောင်းဟုတ်သည်၊ အကြောင်းမဟုတ်သည်ကို သိခြင်း အစရှိသော မိမိ၊ မိမိကိစ္စကိုသာလျှင် သိ၏။ ထိုထက်ပို၍ မသိနိုင်။

သဗ္ဗညုတဉာဏ်သည် အကြောင်းဟုတ်သည် မဟုတ်သည်ကိုသိခြင်းအစရှိသော မိမိ၊ မိမိကိစ္စကိုလည်း သိ၏။ မိမိ၊ မိမိကိစ္စမှကြွင်းကျန်သော ထိုထက်လွန်သောကိစ္စကိုလည်း သိ၏။

http://www.dhammadownload.com



## ပဋ္ဌသမ္ဘိဒါမင်္ဂ မြန်မာဂုဏ်ထူး ၁၃၄၄-ခုနှစ်၊

၁။ "ဥန္နိတကော လောကသန္နိဝါသော ဟညတိ နိစ္စမတာဏော ပတ္တဒဏ္ဍော တက္ကရောစာတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတီတိ။" ကို အနက်ပေးပါ။ (ပါ - ၁၂၃)

အဖြေ။ "လောကသန္နိဝါသော-လောကသား သတ္တဝါအပေါင်းသည်။ ဥန္နိတကော-ဇာတိသည်ယူ၍ ဇရာစသောဥပဒ္ဒဝေါသည် ဆောင်အပ်သည်။ ဟုတ္ဝာစ-ဖြစ်၍လည်းကောင်း။ အတာဏော-မှီခိုရာအားကိုးရာမရှိသည်။ ဟုတ္ဝာစ-ဖြစ်၍လည်းကောင်း။ ပတ္တဒဏ္ဍော-မင်းစသည်တို့သည် ရအပ်သောအာဏာဒဏ်ရှိသည်။ ဟုတ္ဝာစ-ဖြစ်၍လည်းကောင်း။ တက္ကရောစ-သူခိုးသည်လည်းကောင်း။ နိစ္စံ-အမြဲမပြတ်။ ဟညတိ-နှိပ်စက်ညှဉ်းဆဲ၏" ဣတိ-ဤသို့။ ပဿန္တာနံ-မြင်တော်မူကုန်သော။ ဘဂဝန္တာနံ-ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော။ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏။ သတ္တေသု-သတ္တဝါတို့၌။ မဟာကရုဏာ-သည်။ ဩက္ကမတိ-သက်ဝင်တော်မူ၏။

၂။ **သန္တာနေ ယံဖလံ ဧတံ၊ နာညဿ န စ အညတော။**
**ဗီဇာနံ အဘိသင်္ခါရော၊ ဧတဿတ္ထဿ သာဓကော။** ကိုအနက်ပေးပါ။ (၄ - ၁၊ ၃၂၀)

အဖြေ။ သန္တာနေ-ခန္ဓာအစဉ်၌။ ယံဖလံ-အကြင်အကြောင်းကြောင့်ဖြစ်သော အကျိုးတရားသည်။ အတ္ထိ-ရှိ၏။ ဧတံ-ထိုအကျိုးတရားသည်။ အညဿ-အခြားသောအကြောင်းအရာ၏။ ဖလံ-သည်။ နဟောတိ-မဟုတ်။ အညတောစ-အခြားသောအကြောင်းကြောင့်လည်း။ နဟောတိ-မဟုတ်။ ဗီဇာနံ-မျိုးဗီဇတို့ကို။ အဘိသင်္ခါရော-ပြုပြင်စီရင်တတ်သောကံစသည်သည်။ ဧတဿ+အတ္ထဿ-ထိုအကျိုး၏။ သာဓကော-ပြီးစေတတ်သော အကြောင်းတည်း။

http://www.dhammadownload.com



**၃။ သာမယိကဝိမောက္ခ, အသာမယိကဝိမောက္ခ တို့၏သရုပ်ကို ထုတ်ပါ။** (ပါ - ၂၃၆)

အဖြေ။ သာမယိကဝိမောက္ခ-သရုပ်

ရူပဈာန် ၄-ပါး၊ အရူပသမာပတ် ၄-ပါးတို့တည်း။

အသာမယိက ဝိမောက္ခ သရုပ်

အရိယမဂ် ၄-ပါး၊ သာမညဖလ ၄-ပါး၊ နိဗ္ဗာန်။

**၄။ အဘယ်မဂ်ဖြင့် အဘယ်သံယောဇဉ်တို့ကို ပယ်၍၊ အဘယ်အနုသယတို့ ကင်းကုန်ပါသနည်း။** (ပါ - ၂၈၅)

အဖြေ။ **သောတာပတ္တိမဂ်ဖြင့်** သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ+သံယောဇဉ် သုံးပါးတို့ကို ပယ်၍ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယနှစ်ပါးတို့သည် ကင်းကုန်၏။ **သကဒါဂါမိမဂ်ဖြင့်** ရုန့်ရင်းသော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ် နှစ်ပါးတို့ကို ပယ်၍ ရုန့်ရင်းသောကာမရာဂါနုသယ, ပဋိဃာနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ **အနာဂါမိမဂ်ဖြင့်** သိမ်မွေ့သော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ် နှစ်ပါးတို့ကို ပယ်၍သိမ်မွေ့သော ကာမရာဂါနုသယ, ပဋိဃာနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ **အရဟတ္တမဂ်ဖြင့်** ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာသံယောဇဉ် ငါးပါးတို့ကိုပယ်၍ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ သုံးပါးတို့သည် ကင်းကုန်၏။

**၅။ မဟာကရုဏာဉာဏ်၏အခြားမဲ့၌ သဗ္ဗညုတဉာဏ်ကို ပြရခြင်း၏ အကျိုးကို ဖော်ပြ၍၊ ငရဲသားတို့၏အာဟာရကိုလည်း ဖော်ပြပါ။** (၄ - ၁၊ ၅၂-၆၁)

အဖြေ။ မဟာကရုဏာဉာဏ်၏ ထက်ဝန်းကျင်စင်ကြယ်သည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာ မဟာကရုဏာဉာဏ်၏ အခြားမဲ့၌ သဗ္ဗညုတဉာဏ်ကို ပြရ၏။

**ငရဲသားတို့၏ အာဟာရကား** ကံသည်သာ တည်း။

http://www.dhammadownload.com



အကြောင်းကံဖြင့် ထိုငရဲသားတို့သည် ငရဲ၌ ဖြစ်ကုန်၏။ ထိုကံသည် ပင် ထိုငရဲသားတို့၏ တည်ခြင်း၏အကြောင်းဖြစ်သောကြောင့် **အာဟာရ** ဖြစ်၏။

၆။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ရနိုင်သော ပုဂ္ဂိုလ်များကို ၎င်းအောက်မေ့နိုင်သောဘဝအရေအတွက်နှင့်တကွ ယှဉ်တွဲ၍ ဖော်ပြပါ။
(၁၃၃၁-၄၁-ခုနှစ် မေးပြီး)(၄ - ၁၊ ၃၂၃)

အဖြေ။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ရနိုင်သောပုဂ္ဂိုလ်များ-
တိတ္ထိ၊ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေက ဗုဒ္ဓါ၊ မြတ်စွာဘုရား။
**တိတ္ထိတို့သည်** ကမ္ဘာကပ်ပေါင်း လေးဆယ်တို့ကိုသာ အောက်မေ့နိုင်ကုန်၏။ **ပကတိသာဝကတို့သည်** ကမ္ဘာကပ်ပေါင်းတစ်ရာ, တစ်ထောင်ကို အောက်မေ့နိုင်ကုန်၏။
**မဟာသာဝကတို့သည်** ကမ္ဘာကပ်ပေါင်းတစ်သိန်းတို့ကို အောက်မေ့နိုင်ကုန်၏။ **အဂ္ဂသာဝကတို့သည်** ကမ္ဘာကပ်ပေါင်း တစ်အသင်္ချေနှင့် ကမ္ဘာကပ်တစ်သိန်းကို အောက်မေ့နိုင်ကုန်၏။
**ပစ္စေကဗုဒ္ဓါတို့သည်** ကမ္ဘာကပ်ပေါင်း နှစ်အသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကို အောက်မေ့နိုင်ကုန်၏။
**မြတ်စွာဘုရားတို့သည်** ကမ္ဘာကပ်ပေါင်း မရေတွက်နိုင်အောင် ကို အောက်မေ့နိုင်ကုန်၏။

၇။ ဒိဋ္ဌိနှင့် ပဟာနေကဋ္ဌကိလေသာ, သဟဇေကဋ္ဌကိလေသာတို့ကို စိတ္တုပ္ပါဒ်အားလျော်စွာ ခွဲခြားဖြေဆိုပါ။ (၁၃၃၂-ခုနှစ် မေးပြီး)
(၄-၁၊ ၁၂၄-၁၂၅။ ၄-၂၊ ၅၅-၅၆)

အဖြေ။ ဒိဋ္ဌိနှင့် ပဟာနေကဋ္ဌ ကိလေသာများ
အပါယ်လားစေအပ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ-ဟူသော ကိလေသာ

http://www.dhammadownload.com



ကိုးပါးတို့သည် ဒိဋ္ဌိနှင့်တကွပဟာနေကဌဖြစ်၍ သောတာပတ္တိမဂ်ဖြင့် ပယ်ကုန်၏။ ရာဂဒေါသမောဟ အမျိုးရှိကုန်သော တစ်ထောင့်ငါးရာကိလေသာတို့တွင် သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိကို ပယ်အပ်သည်ရှိသော် ဒိဋ္ဌိနှင့်တကွ အပါယ်လားစေအပ်သော ကိလေသာအားလုံးတို့ကို ပဟာနေကဌအစွမ်းဖြင့် ပယ်ကုန်၏။

ဒိဋ္ဌိနှင့် သဟဇေကဋ္ဌ ကိလေသာများ-

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့်ယှဉ်သော အသင်္ခါရိကစိတ်နှစ်ပါးတို့ကို ပယ်အပ်ကုန် သည်ရှိသော် ထိုစိတ်တို့နှင့်အတူတကွဖြစ်သော လောဘ၊ မောဟ၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ တည်းဟူသော ဤကိလေသာတို့ကို သဟဇေကဋ္ဌအစွမ်းဖြင့် ပယ်အပ်ကုန်၏။

ဒိဋ္ဌိနှင့်ယှဉ်သော သသင်္ခါရိကစိတ်နှစ်ပါးတို့ကို ပယ်အပ်ကုန်သည်ရှိသော် ထိုစိတ်တို့နှင့်တကွ ဖြစ်သော လောဘ၊ မောဟ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ တည်းဟူသော ဤကိလေသာတို့ကို သဟဇေကဋ္ဌအစွမ်းဖြင့် ပယ်ကုန်၏။

[မှတ်ချက်။ ။ ကိလေသာတို့ကိုသာ ရွေးထုတ်ပြီးဖြေဆိုသင့်၏။ ဗဟုသုတဖြစ်စေရန် အကျယ်ရေးသားထားသည်။]

**၈။ ဝိမောက္ခန္တိကမေတ် ဗုဒ္ဓါနံ ဘဂဝန္တာနံ-၌ ဝိမောက္ခ, ဝိမောက္ခန္တ, ဝိမောက္ခန္တိက-အရတို့ကို အသီးသီးဖော်ပြပါ။**

(၅-၂၈၆)

အဖြေ။ **ဝိမောက္ခ**-အရကား အရဟတ္တမဂ်တည်း။

**ဝိမောက္ခန္တ**-အရကား အရဟတ္တဖိုလ်တည်း။

**ဝိမောက္ခန္တိက**-အရကား သဗ္ဗညုတဘာဝ နှင့် ဗုဒ္ဓတည်းဟူသော နေမိတ္တိကနာမ်တည်း။[သဗ္ဗညုတအဖြစ်သည် အရဟတ္တမဂ်ဖြင့်ပြီး၏။ အရဟတ္တဖိုလ် ဖြစ်သော် ပြီးစီး၏။ ထို့ကြောင့် သဗ္ဗညုတအဖြစ်သည် **ဝိမောက္ခန္တိက** မည်၏။]

http://www.dhammadownload.com



**၉။** သူမိုက်လက္ခဏာနှင့် ပညာရှိလက္ခဏာတို့ကို ပြည့်စုံအောင် ဖော်ပြပါ။ (၅-၂၊၂၄၃)

အဖြေ။ သူမိုက်လက္ခဏာ(ဗာလလက္ခဏာ)များ
မကောင်းသောအကြံကို ကြံစည်လေ့ရှိခြင်း။
မကောင်းသောစကားကို ပြောလေ့ရှိခြင်း။
မကောင်းသောအမှုကို ပြုလေ့ရှိခြင်း။

ပညာရှိ(ပဏ္ဍိတ)လက္ခဏာများ
ကောင်းသောအကြံကို ကြံစည်လေ့ရှိခြင်း။
ကောင်းသောစကားကို ပြောလေ့ရှိခြင်း။
ကောင်းသောအမှုကို ပြုလေ့ရှိခြင်း။

**၁၀။** အဓိဋ္ဌာနိဒ္ဓိနှင့် ဝိကုဗ္ဗနိဒ္ဓိတို့၏ အထူးကို ရေးခဲ့ပါ။ (၅၊ ၂၊ ၂၆၄။ ၂၇၇)

အဖြေ။ ပကတိ ပင်ကိုအဆင်းသဏ္ဌာန်ကို မစွန့်မူ၍ အဓိဋ္ဌာန်၏ အစွမ်းဖြင့် အခြားသောအဆင်းပုံသဏ္ဌာန်ကို ပြခြင်းသည် အဓိဋ္ဌာနိဒ္ဓိ မည်၏။

ပကတိပင်ကိုယ်အဆင်းပုံသဏ္ဌာန်ကို စွန့်၍ အဓိဋ္ဌာန်၏ အစွမ်းဖြင့် မိမိကိုယ်ကို အခြားသောအခြင်းအရာအားဖြင့် ပြခြင်းသည် ဝိကုဗ္ဗနိဒ္ဓိ မည်၏။

✻ ✻ ✻

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၅-ခုနှစ်၊

၁။ အောက်ပါ ဂါထာကို အနက်ယောဇနာပါ။

အတီတာနုဓာဝနံ စိတ္တံ၊ အနာဂတပဋိကင်္ခနံ လီနံ။

အတိပဂ္ဂဟိတံ အဘိနတံ၊ အပနတံ စိတ္တံ န သမာဓိယတိ။

(ပါ- ၁၆၅)

အဖြေ။ အတီတာနုဓာဝနံ-အတိတ်သို့အစဉ်လိုက်သော။ စိတ္တံ-စိတ်သည်လည်းကောင်း။ အနာဂတပဋိကင်္ခနံ-အနာဂတ်ကို မျှော်လင့်တောင့်တသော။ စိတ္တံ-သည်လည်းကောင်း။ လီနံ-တွန့်ဆုတ်သော။ စိတ္တံ-သည်လည်းကောင်း။ အတိပဂ္ဂဟိတံ-အလွန်ချီးမြှောက်အပ်သော။ စိတ္တံ-သည်လည်းကောင်း။ အဘိနတံ-အလွန်ညွတ်သော။ စိတ္တံ-သည်လည်းကောင်း။ အပနတံ-ဖဲခွာသော။ စိတ္တံ-သည်လည်းကောင်း။ နသမာဓိယတိ-မတည်ကြည်။

၂။ အောက်ပါ ဝါကျတို့ကို ပြည့်စုံစွာ အနက်ယောဇနာပါ။

ယံဒတ္ထိ ယံ ဘူတံ၊ တံ ပဇဟတိ ဥပေက္ခံ ပဋိလဘတိ။ (၄-၁၊ ၁၃၄)

အဖြေ။ ယံ-အကြင်ခန္ဓာငါးပါးတရားသည်။ အတ္ထိ-ရှိ၏။ ယံ-အကြင် ခန္ဓာငါးပါးတရားသည်။ ဘူတံ-ထင်ရှားဖြစ်၏။ တံ-ထိုတရားကို။ ပဇဟတိ-မုစ္စိတုကမျတာဉာဏ်ဖြင့် ပယ်၏။ ဥပေက္ခံ-သင်္ခါရ လက္ခဏာကို စူးစမ်းဆင်ခြင်ခြင်း၌ လျစ်လျူရှုခြင်းကို။ ပဋိလ ဘတိ-ရ၏။

၃။ အဘယ်သို့ဖြစ်သော ဉာဏ်သည် သမသီသဋ္ဌဉာဏ်မည်သည်ဟု ပြ၍၊ ပလိဗောဓ သီသ, ဝိနိဗန္ဓနသီသ, အဓိမောက္ခသီသ, ပဝတ္တသီသ, သင်္ခါရသီသ, ဂေါစရသီသ တို့၏ အရကို ကောက်ပြပါ။ (ပါ-၉၈-၉၉)

အဖြေ။ အလုံးစုံသောတရားတို့ကို ကောင်းစွာဖြတ်ရာ၌လည်းကောင်း ချုပ်စေရာ၌လည်းကောင်း တစ်ဖန်မထခြင်းမဖြစ်ခြင်း၌လည်း

http://www.dhammadownload.com



ကောင်း ဖြစ်သောပညာသည် **သမသီသဥာဏ်** မည်၏။

**ဗလိဗောဓသီသ**-အရကား တဏှာတည်း။

**ဝိနိဗန္ဓနသီသ**-အရကား မာနတည်း။

**အဓိမောက္ခသီသ**-အရကား သဒ္ဓါတည်း။

**ပဝတ္တသီသ**-အရကား ဇီဝိတိန္ဒြေတည်း။

**သင်္ခါရသီသ**-အရကား နိရောဓနိဗ္ဗာန်တည်း။

**ဂေါစရသီသ**-အရကား ဝိမောက္ခတည်းဟူသော နိဿရဏ ဝိမုတ္တိနိဗ္ဗာန်တည်း။

**၄။** ဒိဋ္ဌိကထာပါဠိနှင့်အညီ ဒိဋ္ဌိဋ္ဌာန, ဒိဋ္ဌိပရိယုဋ္ဌာန, ဒိဋ္ဌိ, ဒိဋ္ဌာဘိနိဝေသ တို့၏ သရုပ်ကို သချာမျှ ထုတ်ပြ၍၊ ဒိဋ္ဌိဋ္ဌာနသမုဃ္ဃါတ-အရကို ကောက်ပြပါ။ (ပါ-၁၂၉)

အဖြေ။ ဒိဋ္ဌိဋ္ဌာန ၈-ပါးတည်း။

ဒိဋ္ဌိပရိယုဋ္ဌာန - ကား **၁၈-ပါးတည်း။**

ဒိဋ္ဌိ - ကား **၁၆-ပါးတည်း။**

ဒိဋ္ဌာဘိနိဝေသ - ကား **၃၀၀-ပါးတည်း။**

ဒိဋ္ဌိဋ္ဌာနသမုဃ္ဃာတအရကား **သောတာပတ္တိမဂ်တည်း။**

**၅။** သမသီသဥာဏ်၌ "သမ"မည်ခြင်း၏အကြောင်းကို ဖြေ၍၊ "သမ" သရုပ်ကို အဋ္ဌကထာနှင့်အညီ အကျဉ်းမျှထုတ်ပြပါ။ (ဋ္ဌ-၁၊ ၂၉၁)

အဖြေ။ ကာမစ္ဆန္ဒစသည်တို့ကို ငြိမ်းစေအပ်သည်၏အဖြစ်ကြောင့် "သမ" မည်၏။

သမ-သရုပ်

| | |
|---|---|
| နေက္ခမ္မ စသည်တို့သည် | ၇-ပါး |
| ရူပါရူပစျာန် | ၈-ပါး |
| မဟာဝိပဿနာ | ၁၈-ပါး |
| အရိယမဂ် | ၄-ပါး |
| စုစုပေါင်း | ၃၇-ပါးတို့ ဖြစ်ကြသည်။ |

http://www.dhammadownload.com



၆။ ဈာန်ကို ခဏမျှ ဝင်စားနိုင်ခြင်း၊ ကြာမြင့်စွာ ဝင်စားနိုင်ခြင်းတို့၌ အဘယ်သို့ပြု၍ ဖြစ်သည်ဟု ဥပမာပြည့်စုံစွာဖြင့် ဖြေဆိုပါ။

(၄-၁၊ ၂၁၄)

အဖြေ။ ကာမ၏အပြစ်ကို ဆင်ခြင်ခြင်းစသည်တို့ဖြင့် ကာမစ္ဆန္ဒကို ကောင်းစွာ မခွာမူ၍, ကာယငြိမ်းအေးခြင်း၏အစွမ်းဖြင့် ကာယ ရုန့်ရင်းမှုကို ကောင်းစွာမငြိမ်းမူ၍, သမထနိမိတ်ကို နှလုံးသွင်းခြင်း၏အစွမ်းဖြင့် ဥဒ္ဓစ္စကုက္ကုစ္စကို ကောင်းစွာမပယ်နှုတ်မူ၍, အခြားကုန်သော သမာဓိ၏ဆန့်ကျင်ဘက်တရားတို့ကိုလည်း ကောင်းစွာမသုတ်သင်မူ၍ ဈာန်ကိုဝင်စားသောရဟန်းသည် မသန့်ရှင်းမစင်ကြယ်သော နေရာအရပ်သို့ဝင်မိသော ပျားပိတုန်းသည်ကဲ့သို့၎င်း, မသန့်ရှင်းမစင်ကြယ်သော ဥယျာဉ်သို့ ဝင်မိသောရှင်ဘုရင်သည်ကဲ့သို့၎င်း လျင်စွာသာလျှင် ဈာန်မှထ၏။ ဈာန်ကိုခဏမျှ ဝင်စားနိုင်၏။

သမာဓိ၏ဆန့်ကျင်ဘက်တရားတို့ကို ကောင်းစွာသုတ်သင်ပြီး၍ ဈာန်ဝင်စားသောရဟန်းသည် ကောင်းစွာသန့်ရှင်းသုတ်သင်အပ်သော အရပ်သို့ ဝင်မိသောပျားပိတုန်းသည် သကဲ့သို့၎င်း, ကောင်းစွာသန့်ရှင်းသောဥယျာဉ်သို့ ဝင်မိသော ရှင်ဘုရင်သည်သကဲ့သို့၎င်း ကြာမြင့်စွာ ဈာန်ကို ဝင်းစားနိုင်၏။

၇။ အဋ္ဌာရသ ဂေါတြဘူစမ္ဘာ၊ တိဏ္ဏံ ဝိမောက္ခာနံ ပစ္စယော-၌ ဂေါတြဘူစမွ ၁၈-ပါးတို့က ဝိမောက္ခ ၃-ပါးတို့အား ကျေးဇူးပြုပုံကို အဋ္ဌကထာနှင့်အညီ ခွဲခြားပြပါ။ (၄-၁၊၂၅၅)

အဖြေ။ လောကုတ္တရာဝိမောက္ခသုံးပါးတို့အား သမထဂေါတြဘူသည် ပကတူပနိဿယအားဖြင့် ကျေးဇူးပြု၏။

ဝိပဿနာဂေါတြဘူသည် အနန္တရ သမနန္တရ ဥပနိဿယ အားဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



၃။ စေတောပရိယဉာဏလာဘီပုဂ္ဂိုလ်၏ သူတစ်ပါးစိတ်ကို သိရန် ကျင့်အပ်သော ကျင့်စဉ်ကို သိသာရုံမျှ ဖော်ပြ၍၊ ယင်းပုဂ္ဂိုလ်တို့ မသိနိုင်သော စိတ်ကိုလည်း ဖြေပါ။ (၄-၁၊ ၃၁၄၊ ၃၁၆)

အဖြေ။ စေတောပရိယဉာဏလာဘီပုဂ္ဂိုလ်သည် သူတစ်ပါးစိတ်ကို သိလိုသော် ရှေးဦးစွာ ဒိဗ္ဗစက္ခုဉာဏ်ကို ဖြစ်စေအပ်၏။ ထို့နောက် **အာလောက ကသိုဏ်း**ကို ပွားစေ၍ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သူတစ်ပါး၏ ဟဒယရုပ်ကိုမှီ၍ ဖြစ်နေသော **သွေး၏အဆင်းကို ရှု၍ရှု၍** စိတ်ကို ရှာဖွေအပ်၏။

ပုထုဇဉ်တို့သည် အရိယာတို့၏ မဂ်ဖိုလ်စိတ်ကို မသိကြ။ အရိယာပုဂ္ဂိုလ်တို့တွင်လည်း အောက်အောက်ပုဂ္ဂိုလ်တို့သည် အထက်အထက်ပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ်စိတ်ကို မသိကြ။

၄။ သဗ္ဗံ သင်္ခတ မသင်္ခတံ အနဝသေသံ ဇာနာတီတိ သဗ္ဗညုတဉာဏံ-၌ ပညတ်ကို မဆိုခြင်းအကြောင်းကို ပြည့်စုံစွာ ဖြေပြီးလျှင်၊ သဗ္ဗညုတဉာဏ်နှင့် အနာဝရဏဉာဏ်တို့ တူ၊ မတူ အကြောင်းပြ၍ ဖြေပါ။ (၄-၂၊ ၃၆)

အဖြေ။ ပညတ်တို့သည် အကြောင်းတရားတို့သည် မပြုအပ်သော ကြောင့် အသင်္ခတအဖို့သို့ သက်ဝင်၏။ ထို့ကြောင့် ပညတ်ကို မဆို။

သဗ္ဗညုတဉာဏ်နှင့် အနာဝရဏဉာဏ်သည် **အတူတူပင်** ဖြစ်၏။ အနာဝရဏဉာဏ်သည် တရားဓမ္မအားဖြင့် သီးခြားမရှိ။ ဉာဏ်တစ်ခုတည်းကိုသာ အခြင်းအရာ အားဖြင့် ကွဲပြားသော ကြောင့် သဒ္ဒိန္ဒြိယ, သဒ္ဓါဗလံစသည်တို့ကဲ့သို့ နှစ်ပါးအပြားအား ဖြင့် ဆိုအပ်၏။

**သဗ္ဗညုတဉာဏ်သည်ပင်** ထိုဉာဏ်အားအပိတ်အပင်အတားအဆီးမရှိသောကြောင့်၎င်း, တစ်စုံတစ်ခုသောဓမ္မသည်၎င်း တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်၎င်း တားမြစ်ခြင်းကို ပြုခြင်းငှာ မတတ်စွမ်းနိုင်သောကြောင့် **အနာဝရဏ** ဟုဆို၏။ ခပ်သိမ်း

http://www.dhammadownload.com



ကုန်သောတရားတို့သည် အာဝဇ္ဇန်းနှင့် ဆက်စပ်သည်၏အဖြစ်ကြောင့် အနာဝရဏ-ဟုဆို၏။

၁၀။ နာရာယနသင်္ဃာတဗလ-ဟူသည် အဘယ်ဗလ-ဟုဖြေ၍၊ မြတ်စွာဘုရား၏ ကာယဗလကို ပကတိဆင်၊ ယောကျာ်းတို့၏ ဗလနှင့် နှိုင်းယှဉ်ပြပါ။ (၅-၂၊ ၂၃၀)

အဖြေ။ ဆဒ္ဒန်ဆင် ဆယ်ကောင်တို့၏အားသည် ဘုရားရှင်တစ်ပါး၏အားတည်း၊ ဘုရားရှင်၏ကာယဗလကိုပင် 'နာရာယနသင်္ဃာတဗလ' ဟုဆိုအပ်၏။

ဘုရားရှင်၏ကာယဗလသည် ပကတိဆင်၏အရေအတွက်အားဖြင့် ဆင်တို့၏ ကုဋေတစ်ထောင်အား ရှိ၏။

ယောကျာ်းအရေအတွက်အားဖြင့် ယောကျာ်းကုဋေတစ်သောင်းအား ရှိ၏။

❀ ❀ ❀

## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၆-ခုနှစ်၊

၁။ အောက်ပါ ဝါကျများကို အနက်ယောဇနပါ။
ယေကေစိ ဘိက္ခဝေ မယိ နိဋ္ဌံ ဂတာ၊ သဗ္ဗေ တေ ဒိဋ္ဌိသမ္ပန္နာ။
တေသံ ဒိဋ္ဌိသမ္ပန္နာနံ ပဉ္စန္နံ ဣဓ နိဋ္ဌာ ပဉ္စန္နံ ဣဓ ဝိဟာယ နိဋ္ဌာ။
(ပါ- ၁၆၀၊ သျှ- ၁၇၇)

အဖြေ။ ဘိက္ခဝေ-တို့။ ယေကေစိ-အကြင်ပုဂ္ဂိုလ်တို့သည်။ မယိ-ငါဘုရား၌။ နိဋ္ဌံ-မဂ်ဉာဏ်၏အစွမ်းဖြင့် ဆုံးဖြတ်ခြင်းသို့။ ဝါ=ယုံမှားခြင်းကင်းခြင်းသို့။ ဂတာ-ရောက်ကုန်၏။ သဗ္ဗေ-အလုံးစုံကုန်သော။ တေ-ထိုပုဂ္ဂိုလ်တို့သည်။ ဒိဋ္ဌိသမ္ပန္နာ-ဒိဋ္ဌိ+ဉာဏ် အမြင်နှင့်ပြည့်စုံကုန်၏။ ဒိဋ္ဌိသမ္ပန္နာနံ-ဒိဋ္ဌိနှင့်ပြည့်စုံကုန်သော။တေသံ-ထိုပုဂ္ဂိုလ်တို့တွင်။ ပဉ္စန္နံ-ငါးယောက်ကုန်သောပုဂ္ဂိုလ်တို့ ၏။ ဣဓ-ဤကာမဓာတ်၌။ နိဋ္ဌာ-ပြီးဆုံးကုန်၏။ ပရိနိဗ္ဗာန်ပြု ကုန်၏။ ပဉ္စန္နံ-ငါး

http://www.dhammadownload.com



ယောက်ကုန်သောပုဂ္ဂိုလ်တို့အား။ ဣစ-ဤကာ မဘာဝကို။ ဝိဟာယ-စွန့်၍။ နိဋ္ဌာ-သုဒ္ဓါဝါသာပြဟ္မာဘုံ၌ ပရိနိဗ္ဗာန်ပြု၍ ပြီးဆုံးကုန်၏။

၂။ အောက်ပါဂါထာကို အနက်ယောဇနာပါ။
ယာနိစ တိဏ္ဏိ ယာနိစ သဋ္ဌိ၊ သမဏပ္ပဝါဒသိတာနိ ဘူရိပညာ။
သညက္ခရသညနိဿိတာနိ၊ ဩသရဏာနိ ဝိနေယျ ဩဃတမ'ဂါ။
(၅-၂၊ ၄၄)

၃။ အာနနှင့် အာပါနတို့၏ အထူးကိုဖော်ပြ၍ "သော ဣမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ"၌ ဥပမာန ဥပမေယျတို့ကို ပြည့်စုံအောင် စပ်ဟပ်ပြခဲ့ပါ။ (ပါ -၁၇၃)

အဖြေ။ အာန-သည် ဝင်သက် အဿာသတည်း။ ပဿာသမဟုတ်။
အာပါန-သည် ထွက်သက်ပဿာသတည်း။ အဿာသမဟုတ်။
အဗ္ဘာ-တိမ်တိုက်သည် ကိလေသာတည်း။ စန္ဒော-လမင်းသည် အရိယဉာဏ်တည်း။ လမင်းနတ်သားသည် ရဟန်းတည်း။

၄။ ပတ္တိစရိယာ၏ အဓိပ္ပါယ်ကို ရေး၍၊ ၎င်းသည် အဘယ်ပုဂ္ဂိုလ်တို့၏ စရိယာဖြစ်သည်ကိုလည်း ညွှန်ပြခဲ့ပါ။ (ပါ- ၂၁၅-၆။ ၆၂၊ ၁၃၉)

အဖြေ။ လေးပါးကုန်သောသာမညဖလတို့၌ ဖြစ်ခြင်းသည် ပတ္တိစရိယာ မည်၏။
ပတ္တိစရိယာသည် ရအပ်ပြီးသောဖိုလ်ရှိကုန်သောပုဂ္ဂိုလ်တို့၏ စရိယာ ဖြစ်သည်။

၅။ ဣမေ ဘိက္ခု သုညာဂါရဂတော ဝါ နိသီဒတိ-၌ သုညာဂါရ သရုပ်ကို ပါဠိတော်လာအတိုင်း ကုန်စင်အောင် ထုတ်ပြပါ။
(ပါ-၁၇၄။ ၅-၂၊ ၈၉)

အဖြေ။ သုညာဂါရ သရုပ်-
လူ, ရဟန်းတို့နှင့် တစ်စုံတစ်ယောက်မျှမရောနှောသော နှစ်ဖက်

http://www.dhammadownload.com



မိုးကျောင်း၊ တစ်ဖက်မိုးကျောင်း၊ ပြဿဒ်ရှည်၊ ပြဿာဒ်ဦးပြည်၊ လိုဏ်ဂူ တို့တည်း။

၆။ သုတမယဉာဏနိဒ္ဒေသ ပဟာတဗ္ဗနိဒ္ဒေသ-၌ ရူပရာဂ အစရှိသည်တို့လည်း ရှိကုန်လျက် ၎င်းတို့ကို ဟောတောမမူပဲ အသ္မိမာန တစ်ခုတည်းကိုသာ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။ (၄-၁၊ ၁၀၉)

အဖြေ။ ရူပရာဂစသည်တို့သည် ရှိကုန်သော်လည်း ဒိဋ္ဌိနှင့်တူသည်၏အဖြစ်ဖြင့် ထိုအသ္မိမာနသည် ရှုန့်ရင်းသည်၏အဖြစ်ကြောင့် အသ္မိမာန တစ်ခုတည်းကိုသာ ဟောတော်မူသည်။

၇။ အတ္ထသန္ဒဿနဉာဏနိဒ္ဒေသ ပကာသနာနိဒ္ဒေသ-၌ လောကီတရားတို့ကိုသာ ဟော၍၊ လောကုတ္တရာတရားတို့ကို မဟောခြင်း၏ အကြောင်းကို ရေးခဲ့ပါ။ (၄-၁၊ ၂၉၅)

အဖြေ။ အနိစ္စ စသည်တို့၏အစွမ်းဖြင့် ထင်ရှားပြခြင်းငှာ အားထုတ်သည်၏အဖြစ်ကြောင့်၎င်း, လောကုတ္တရာတို့သည်လည်း သုံးသပ်ခြင်းသို့ မကပ်ရောက်သည်၏အဖြစ်ကြောင့်၎င်း လောကီတရားတို့ကိုသာ ဟော၍ လောကုတ္တရာတရားတို့ကို မဟောပါ။

၈။ ဝေ မေ သုတံ ဧကံ သမယံ ဘဂဝါ, ဟူသော သဒ္ဒါတို့ဖြင့် ညွှန်ပြအပ်သော သမ္ပတ္တိတို့ကို အသီးသီးခွဲခြားဖြေဆိုပါ။ (၄-၂၊ ၁၂၇)

အဖြေ။ ဝေ-သဒ္ဒါဖြင့် ဒေသနာသမ္ပတ္တိ ကိုပြ၏။
မေ သုတံ-သဒ္ဒါဖြင့် သာဝကသမ္ပတ္တိ ကိုပြ၏။
ဧကံ သမယံ-ဖြင့် ကာလသမ္ပတ္တိ ကိုပြ၏။
ဘဂဝါ-ဖြင့် ဒေသကသမ္ပတ္တိ ကိုပြ၏။

၉။ နာမပစ္စယာပိ ဝိညာဏံ၊ ဝိညာဏပစ္စယာပိ နာမံ, ၌ နာမ အရ၊ ဝိညာဏ အရတို့ကို ကောက်ပြ၍၊ နိဗ္ဗာန်ကို မဂ်ဟူ၍ ခေါ်ရခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။ (၄-၂၊ ၁၇၃-၁၈၁)

http://www.dhammadownload.com



အဖြေ။ နာမပစ္စယာပိ ဝိညာဏံ-၌ **နာမအရကား** ပဋိသန္ဓေခဏ၌ ဝိပါကဟိတ်သုံးပါး, ကြွင်းစေတသိက်များတို့တည်း။ **ဝိညာဏအရကား** ပဋိသန္ဓေဝိညာဏ်တည်း။

ဝိညာဏပစ္စယာ နာမရူပံ-၌ **ဝိညာဏအရကား** ပဋိသန္ဓေဝိညာဏ်တည်း။ **နာမံ**-အရကား ပဋိသန္ဓေခဏ၌ ဝိပါကဟိတ်သုံးပါးနှင့် ကြွင်းစေတသိက်များတည်း။

နိဗ္ဗာန်ကို သံသရာ ဆင်းရဲဒုက္ခ ဖိစီးနှိပ်စက်ခံရကုန်သော၊ ဆင်းရဲဒုက္ခမှလွတ်မြောက် လိုကုန်သော သူတော်ကောင်း တို့သည် ရှာမှီးအပ် သောကြောင့် 'မဂ်' ဟု ဆိုအပ်၏။

**၁၀။** ပဋိသန္ဓိက္ခဏေ တယော ဇီဝိတာသင်္ခါရာ,၌ ဇီဝိတသင်္ခါရသုံးမျိုးတို့ကို ဖော်ပြ၍၊ စတ္တာရိ စ သာမညဖလာနိ,၌ သာမည အရကိုလည်း ကောက်ပြခဲ့ပါ။ (၄-၂၊ ၁၇၂-၂၂၅)

အဖြေ။ ဇီဝိတသင်္ခါရ သုံးပါး သရုပ်

ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ ဟုဆိုအပ်သော **အာယု**။

တေဇောဓာတ်ဟုဆိုအပ်သော **ဥသ္မာ-ကိုယ်ငွေ့**။

ပဋိသန္ဓေ ဝိညာဏ်ဟုဆိုအပ်သော ဝိညာဏ်တို့တည်း။

စတ္တာရိသာမညဖလာနိ-၌ **သာမည** အရကား သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ် အရဟတ္တမဂ် ဟူသော အရိယမဂ် ၄-ပါးတို့တည်း။

* * *

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၇-ခုနှစ်၊

**၁။ အောက်ပါ ဂါထာကို သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ, အဘိဓေယျတ္ထ ပေါ်လွင်အောင် အနက် သမ္ဗန်ပါ။**

**သာမိသဉ္စ နိရာမိသံ၊ ပဏိဟိတဉ္စ အပ္ပဏိဟိတံ။**

**သညုတ္တဉ္စ ဝိသညုတ္တံ၊ ဝုဋ္ဌိတဉ္စ အဝုဋ္ဌိတံ။** (ပါ-၆၆)

အဖြေ။ သာမိသဉ္စ-နိကန္တိကိလေသာမိသနှင့်တကွဖြစ်သော မဟဂ္ဂုတ်ဂေါတြဘူဉာဏ်ရှစ်ပါးကိုလည်းကောင်း။ နိရာမိသဉ္စ-နိကန္တိကိလေသာမိသကင်းသော ဝိပဿနာဂေါတြဘူဉာဏ်ဆယ်ပါးကိုလည်းကောင်း။ ပဏိဟိတဉ္စ-နိကန္တိဖြင့်တောင့်တအပ်သော မဟဂ္ဂုတ်ဂေါတြဘူဉာဏ်ရှစ်ပါးကိုလည်းကောင်း။ အပ္ပဏိဟိတဉ္စ-နိကန္တိဖြင့် မတောင့်တအပ်သော ဝိပဿနာဂေါတြဘူဉာဏ်ဆယ်ပါးကိုလည်းကောင်း။ သညုတ္တဉ္စ-နိကန္တိနှင့် ယှဉ်စပ်သော မဟဂ္ဂုတ် ဂေါတြဘူဉာဏ်ရှစ်ပါးကိုလည်းကောင်း။ ဝိသညုတ္တဉ္စ=နိကန္တိနှင့်မယှဉ်စပ်သော ဝိပဿနာဂေါတြဘူဉာဏ် ဆယ်ပါးကိုလည်းကောင်း။ ဝုဋ္ဌိတဉ္စ-နိကန္တိမှလည်းကောင်း ဗဟိဒ္ဓသင်္ခါရနိမိတ်မှလည်းကောင်း ထသော ဝိပဿနာဂေါတြဘူဉာဏ်ဆယ်ပါးကိုလည်းကောင်း။ အဝုဋ္ဌိတဉ္စ-နိကန္တိမှလည်းကောင်း ဗဟိဒ္ဓသင်္ခါရနိမိတ်မှလည်းကောင်း မထသော မဟဂ္ဂုတ်ဂေါတြဘူဉာဏ်ရှစ်ပါးကိုလည်းကောင်း။ (ဝေဒိတဗ္ဗံ-သိအပ်၏)

**● အောက်ပါ ဝါကျကို ဥပမာလင်္ကာရနည်းဖြင့် ကတ္တားထည့်၍ အနက်ပေးပါ။ အရည် ပဝိသိတွာန၊ ဂဏှာတိ ဖလမုတ္တမံ။ (၄-၂၊ ၈၉)**

အဖြေ။ ဒီပိကော-ကျားသစ်သည်။ နိလီယိတွာ-ပုန်းအောင်း၍။ မိဂေ-သားကောင်တို့ကို။ ဂဏှာတေ+က္ကဝ-ဖမ်းယူသည်သကဲ့သို့။ တထာ-ထိုဥပမာနည်းတူစွာ။ ဗုဒ္ဓပုတ္တော-ဝိပဿနာတရားအားထုတ်သောယောဂီပုဂ္ဂိုလ် ဘုရားသားသည်။ အရည်-တောသို့။ ပဝိသိတွာန-ဝင်၍။ ဥတ္တမံ-မြင့်မြတ်သော။ ဖလံ-ဖိုလ်တရားကို။ ဂဏှာတိ-ယူ၏။

http://www.dhammadownload.com



၇။ အဘယ်သီလကို ပရိယန္တပါရိသုဒ္ဓိသီလ-ဟု ခေါ်ဆိုပါသနည်း ဖော်ပြ၍၊ အဘယ် အကြောင်းများကြောင့် မြတ်စွာဘုရားကို တထာဂတ ခေါ်ဆိုရကြောင်းကိုလည်း အကျဉ်းချုပ်အားဖြင့် ကုန်စင်အောင် ဖော်ပြပါ။ (၄-၁၊ ၁၉၀)

အဖြေ။ အပိုင်းအခြားသိက္ခာပုဒ်ရှိကုန်သော လူသာမဏေတို့၏ သီလသည် ပရိယန္တပါရိသုဒ္ဓိသီလ မည်၏။

တထာဂတ ခေါ်ရကြောင်းအကျဉ်းချုပ်

* ရှေးဘုရားရှင်တို့သည်ကြွတော်မူလာကြသည် သကဲ့သို့ ကြွလာတော်မူသောကြောင့် လည်းကောင်း။
* ရှေးဘုရားရှင်တို့သည် လူဖြစ်သောခဏတွင်ပင် ကြွလှမ်းကြသည်သကဲ့သို့ ကြွလှမ်းတော်မူသောကြောင့် လည်းကောင်း။
* ရုပ်နာမ်တို့၏ ဟုတ်မှန်သောလက္ခဏာကို ဉာဏ်တော်ဖြင့် မချွတ်မယွင်းပဲ ရောက်လာတတ်သောကြောင့် လည်းကောင်း။
* မှန်ကန်သောသစ္စာတရားတို့ကို ထိုးထွင်းသိမြင်တော်မူသောကြောင့် လည်းကေင်း။
* အမှန်အတိုင်း မြင်တော်မူတတ်သောကြောင့် လည်းကောင်း။
* အမှန်အတိုင်း ပြောတော်မူတတ်သောကြောင့် လည်းကောင်း။
* ပြောတော်မူသည့်အတိုင်းပြုတော်မူတတ်သောကြောင့် လည်းကောင်း။
* သတ္တဝါအားလုံးတို့အပေါ်၌ သီလစသော ဂုဏ်တော်တို့ဖြင့် လွန်ကဲထူးမြတ် လွှမ်းမိုးတတ်သောအနက်သဘောကြောင့်လည်းကောင်း၊ မြတ်စွာဘုရားကို တထာဂတ-ဟု ခေါ်ဆိုပါသည်။

http://www.dhammadownload.com


၄။ "သမံ သေတီတိ သမာဓိ" ၌ အဘယ်ကြောင့် အဘယ်တရားသည် "သမ" မည်ပါသနည်း ဖော်ပြ၍၊ "ဝိသမံ နေသတိ" ၌ "ဝိသမံ" အရကိုလည်း ဖော်ပြပါ။ (၄-၁၊ ၂၂၀)

အဖြေ။ အပ္ပနာတရားသည် ဆန့်ကျင်ဘက်တရားတို့ ငြိမ်းစေတတ်, ပျောက်ပျက်စေတတ်သောကြောင့်လည်းကောင်း, ဆန့်ကျင်ဘက် မညီမျှသောတရား မရှိသောကြောင့် လည်းကောင်း 'သမ' မည်၏။

ဝိသမံ နေသတိ-၌ ဝိသမ-အရကား ထိုထို ဈာန်တို့၏ဆန့်ကျင်ဘက်တရား တို့တည်း။

၅။ ဂေါစရနာနတ္တညာဏနိဒ္ဒေသ-လာ "ဓမ္မာ အဝိဇ္ဇာ သမ္ဘူတာတိ ဝဝတ္ထေတိ" ၌ "ဓမ္မ" အရ တရားတို့ကို ထုတ်ပြ၍၊ အနိန္ဒြိယဗဒ္ဓရုပ်စသည်တို့သည် ဝိပဿနာရှုထိုက်သောတရားများ မဟုတ်ကုန် ဟုဆိုလျှင် အဘယ်ပါဠိတော်နှင့် ဆန့်ကျင်မည်နည်း။ (၄-၁၊ ၂၆၄)

အဖြေ။ ဓမ္မာ အဝိဇ္ဇာ သမ္ဘူတာတိ-၌ ဓမ္မ-အရကား ဘဝင်စိတ်နှင့်ယှဉ်ကုန်သော နာမ်ခန္ဓာသုံးပါး။ ဓမ္မာယတန၌အကျုံးဝင်ကုန်သော သုခုမရုပ် ကမ္မသမုဋ္ဌာန်ရုပ်တို့သည်လည်းကောင်း ရုပ်စသည် အားလုံးတို့သည် လည်းကောင်းတည်း။

**အနိန္ဒြိယဗဒ္ဓရုပ်စသည်တို့သည်** ဝိပဿနာရှုထိုက်သော တရားများမဟုတ်ကုန်-ဟုဆိုလျှင်"သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ" ဟူသောပါဠိတော်နှင့် ဆန့်ကျင်ပါသည်။

၆။ ဘူမိနာနတ္တညာဏနိဒ္ဒေသ-လာ "စတ္တာရိ ဓမ္မပဒါနိ"၌ "စတ္တာရိ" သရုပ်ကိုထုတ်၍၊ ၎င်းတို့၏ အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။ (၄-၁၊၂၇၂)

အဖြေ။ စတ္တာရိ ဓမ္မပဒါနိ-၌ စတ္တာရိ သရုပ်

အနဘိဇ္ဈာ ဓမ္မပဒ၊ အဗျာပါဒ ဓမ္မပဒ၊ သမ္မာသတိ ဓမ္မပဒ၊ သမ္မာသမာဓိ ဓမ္မပဒ တို့တည်း။

http://www.dhammadownload.com



အလောဘသည်လည်းကောင်း, အဘိဇ္ဈာမဟုတ်သော တရား၏အစွမ်းဖြင့် ရအပ်ကုန်သော ဈာန် ဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်တို့သည်လည်းကောင်း **အနဘိဇ္ဈာဓမ္မပဒ** မည်၏။

အဒေါသသည်လည်းကောင်း မေတ္တာကို အဦးပြုသဖြင့် ရအပ်ကုန်သော ဈာန် စသည်တို့သည်လည်းကောင်း **အဗျာပါဒဓမ္မပဒ** မည်၏။

ကောင်းစွာထူထောင်အပ်သော သတိသည်လည်းကောင်း သတိကိုအဦးပြုသဖြင့် ရအပ်သောဈာန်စသည်တို့သည်လည်းကောင်း **သမ္မာသတိဓမ္မပဒ** မည်၏။

သမာပတ်ရှစ်ပါးသည်လည်းကောင်း သမာပတ်ရှစ်ပါးကို အဦးပြုသဖြင့် ရအပ်သော ဈာန်စသည်တို့သည်လည်းကောင်း **သမ္မာသမာဓိ ဓမ္မပဒ** မည်၏။

၇။ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို အရိယ ဟုခေါ်ဆိုရပါသနည်း ဖော်ပြ၍၊ သမ္မန္နဒိဋ္ဌိ သုံးမျိုးကိုလည်း ထုတ်ဖော်ရှင်းလင်းပါ။ (၄-၂၊ ၅၁၊ပါ-၁၆၀)

အဖြေ။ [ကိလေသာတို့မှ ဝေးသည်၏အဖြစ်ကြောင့်လည်းကောင်း အကျိုးစီးပွားမရှိသည်၌ လှုပ်ရှား၊ အားထုတ်ခြင်းမရှိသော ကြောင့်လည်းကောင်း, အကျိုးစီးပွားရှိသည်၌ လှုပ်ရှားအားထုတ်တော်မူသောကြောင့်လည်းကောင်း, နတ်လူတို့နှင့်ကွာဝေးတော်မူသောကြောင့်လည်းကောင်း] ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့သည် **အရိယ** မည်ကုန်၏။

[ဤနေရာ၌ ဗုဒ္ဓတို့ကိုသာ အရိယ-ဟုဆိုကုန်၏။]

**သမ္မန္နဒိဋ္ဌိ ၃-မျိုး**

"ဤဥစ္စာသည် ငါ့ဥစ္စာမဟုတ်" ဟူသော သမ္မန္နဒိဋ္ဌိ၊
"ဤအရာသည် ငါမဟုတ်" ဟူသော သမ္မန္နဒိဋ္ဌိ၊
"ဤအတ္တသည် ငါ၏အတ္တလိပ်ပြာ မဟုတ်" ဟူသော သမ္မန္နဒိဋ္ဌိ။

http://www.dhammadownload.com



**၈။ အန္တရာယပရိနိဗ္ဗာယီ, ဥပဟစ္စပရိနိဗ္ဗာယီ, အသင်္ခါရပရိနိဗ္ဗာယီ တို့၏ အဓိပ္ပါယ်ကို ရှင်းပြ၍၊ ကောလံကောလ သောတာပန်သည် ဘဝပေါင်းမည်မျှ ပဋိသန္ဓေ နေ ရဦးမည်နည်း။** (၄-၂၆၇-၆၈)

အဖြေ။ အသက်အပိုင်းအလယ်၏ အကြား၌ပင်လျှင် ကိလေသာပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသော အနာဂါမ်ပုဂ္ဂိုလ်သည် **အန္တရာပရိနိဗ္ဗာယီ** မည်၏။

အသက်ပိုင်းအလယ်ကို ကျော်လွန်၍လည်းကောင်း, သေမှုပြုခြင်းသို့ ကပ်ရောက်၍လည်းကောင်း ကိလေသာပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသော အနာဂါမ်ပုဂ္ဂိုလ်သည် **ဥပဟစ္စပရိနိဗ္ဗာယီ** မည်၏။

စေ့ဆော်မှုလုံ့လပယောဂ မရှိသဖြင့် လွန်စွာလုံ့လပြုမှုကို မပြုမူ၍သာလျှင် ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် **အသင်္ခါရ ပရိနိဗ္ဗာယီ** မည်၏။

ကောလံကောလ သောတာပန်သည် ဘဝပေါင်းခြောက်ဘဝမျှ ကာမဘုံ၌ ပဋိသန္ဓေ နေရသည်။ [ရူပအရူပဘုံ၌မူ ဘဝပေါင်းများစွာလည်း ပဋိသန္ဓေ နေနိုင်သည်။]

**၉။ "သံဝေဂဝတ္ထု" မည်မျှရှိသည်ကို ဖော်ပြ၍၊ ဣန္ဒြိယကထာ-၌ သမန္တစက္ခု, ဗုဒ္ဓစက္ခု, ဗုဒ္ဓဉာဏတို့၏ အရကို ဖော်ပြပါ။** (၄-၂ ၁၄၅-၁၄၇)

အဖြေ။ **သံဝေဂဝတ္ထု ၈-ပါး**

ပဋိသန္ဓေရခြင်းဇာတိ၊ အိုခြင်းဇရာ၊ ဖျားနာခြင်း-ဗျာဓိ၊ သေခြင်း-မရဏ၊ ၄-ပါး။

အပါယ်ဆင်းရဲဒုက္ခ၊ အတိတ်၌ ဝဋ်ရင်းရှိသောဆင်းရဲဒုက္ခ၊ အနာဂတ်၌ ဝဋ္ဋမူလကဒုက္ခ၊ ပစ္စုပ္ပန်၌ အာဟာရကိုရှာဖွေရခြင်း အရင်းရှိသော ဆင်းရဲဒုက္ခ ၄-ပါး၊ ပေါင်း ၈-ပါးတို့တည်း။

**သမန္တစက္ခု-အရကား** သဗ္ဗညုတဉာဏ်တည်း။

**ဗုဒ္ဓစက္ခု-အရကား** ဣန္ဒြိယပရောပရိယတ္တဉာဏ်၊

http://www.dhammadownload.com



အာသယာနုသယဉာဏ် တို့တည်း။
ဗုဒ္ဓဉာဏ-အရကား ဣန္ဒြိယပရောပရိယတ္တဉာဏ်၊
အာသယာနုသယဉာဏ် တို့တည်း။

၁၀။ ဉာဏဝိပ္ပါရိဒ္ဓိ-တို့၏ အဓိပ္ပါယ်ကို စုံလင်စွာရှင်းပြ၍၊ သိခိမြတ်စွာဘုရား၏ မြို့တော်, ခမည်းတော်, မယ်တော်တို့၏ အမည်များကို ဖော်ပြပါ။
(၄-၂၊ ၂၆-၅-၂၇၅)

အဖြေ။ ဉာဏ်ဖြစ်ပေါ်သည်မှ ရှေ့၌လည်းကောင်း နောက်၌လည်းကောင်း ထိုခဏ၌လည်းကောင်း ဉာဏ်၏တန်ခိုးအာနုဘော်ကြောင့်ဖြစ်ပေါ်လာသော တန်ခိုးထူးသည် **ဉာဏဝိပ္ပါရာဣဒ္ဓိ** မည်၏။

သိခိမြတ်စွာဘုရား၏မြို့တော်ကား **အရုဏဝတီမြို့**တည်း
ခမည်းတော်ကား **အရုဏဝတ** တည်း။
မယ်တော်ကား **ပဘာဝတီ** တည်း။

* * *

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၄၈-ခုနှစ်၊

၁။ **အနတ္တနိ "အနတ္တာ"တိ၊ အသုဘံ အသုဘတဒ္ဒသုံ။**
**သမ္မာဒိဋ္ဌိ သမာဒါနာ၊ သဗ္ဗံ ဒုက္ခံ ဉပစ္စဂုံ။ ဟူသော ပါဠိဂါထာကို ကတ္တားထည့်၍ ဒုက္ခံ-၌ ကုဋ္ဌိတ အနက်ထင်စေလျှက် အနက်ပေးခဲ့ပါ။**

အဖြေ။ အနတ္တနိ-အတ္တမဟုတ်သည်၌။ အနတ္တာယတိ-အတ္တမဟုတ်ဟူ၍ လည်းကောင်း။ အသုဘံ-မတင့်တယ်သော အသုဘသဘောကို။ အသုဘတော-မတင့်တယ်သောအသုဘ အားဖြင့်။ [သပ္ပညာ-ကျွတ်ထိုက် ကုန်သော ပညာရှိတို့သည်။ ကတ္တားထည့်] အဒ္ဒသုံ-မြင်ကုန်ပြီ။ သမ္မာဒိဋ္ဌိသမာဒါနာ-မှန်သော အသိအမြင်ကို ယူကုန်သည်ဖြစ်၍။ သဗ္ဗံ-အလုံးစုံသော။ ဒုက္ခံ-ဝဋ်ဆင်းရဲကို။ ဉပစ္စဂုံ-ကျော်လွန်ကုန်ပြီ။

http://www.dhammadownload.com



၂။ အဋ္ဌကထာလာ အောက်ပါဂါထာကို အနက်ပေးခဲ့ပါ။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ ရုက္ခော ပုနရေဝ ရုဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊ နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။
(၄-၁၊ ၁၄၇)

အဖြေ။ မူလေ-အမြစ်သည်။ အနုပဒ္ဒဝေ-ဥပါဒ်မရှိသည်ရှိသော်။ ဒဠှေ-အခိုင်အမာ ရှိသော်။ ဆိန္နောပိ-ဖြတ်အပ်သော်လည်း။ ရုက္ခော-သစ်ပင်သည်။ ပုနဒေဝ-တဖန်သာလျှင်။ ရုဟတိယထာ-ပေါက်ရောက်စည်းကားပြန်သကဲ့သို့။ ဧဝမ္ပိ-ဤအတူလည်း။ တဏှာနုသယေ-တဏှာနုသယသည်။ အနူဟတေ-မပြတ်သည်ရှိသော်။ ဣဒံ ဒုက္ခံ-ဤပဋိသန္ဓေအစရှိသော ဆင်းရဲသည်။ ပုနပ္ပုနံ-အဖန်တလဲလဲ။ နိဗ္ဗတ္တတိ-ဖြစ်၏။

၃။ ဓမ္မဋ္ဌိတိဉာဏနိဒ္ဒေသလာ ဌိတိ ၉-ပါး သရုပ်ကို မြန်မာဘာသာဖြင့် ရေးခဲ့ပါ။ (ပါ- ၄၈)

အဖြေ။ ဌိတိ ၉-ပါးသရုပ်

| | |
|---|---|
| ဖြစ်ပေါ်ခြင်း | ဥပ္ပါဒဋ္ဌိတိ။ |
| ဖြစ်ပွားလျက်တည်ခြင်း | ပဝတ္တဋ္ဌိတိ။ |
| အကြောင်းဖြစ်လျက်တည်ခြင်း | နိမိတ္တဋ္ဌိတိ။ |
| အားထုတ်လျက်တည်ခြင်း | အာယူဟနဋ္ဌိတိ။ |
| ဆက်စပ်လျက်တည်ခြင်း | သညောဂဋ္ဌိတိ။ |
| ကြောင့်ကြလျက်တည်ခြင်း | ပလိဗောဓဋ္ဌိတိ။ |
| မူလအကြောင်းဖြစ်၍တည်ခြင်း | သမုဒယဋ္ဌိတိ။ |
| ဇနကအကြောင်းဖြစ်၍တည်ခြင်း | ဟေတုဋ္ဌိတိ။ |
| ဥပတ္ထမ္ဘကအကြောင်းဖြစ်၍တည်ခြင်း | ပစ္စယဋ္ဌိတိ။ |

၄။ ပုထုဇဉ်, သေက္ခ, ရဟန္တာတို့အား အဘယ်မျှသော အခြင်းအရာတို့ဖြင့် သင်္ခါရုပေက္ခာ ၌ စိတ်ကို ရှေးရှုဆောင်သည်ကို ဖော်ပြပြီး၊ အဘယ်မျှသော သင်္ခါရုပေက္ခာတို့သည် ကုသိုလ်မည်ကုန်သနည်း ဖြေဆိုခဲ့ပါ။
(ပါ-၅၉-၆၃)

http://www.dhammadownload.com



အဖြေ။ ပုထုဇဉ်အား[သင်္ခါရုပေက္ခာကို နှစ်လည်းနှစ်သက်၏။ ရှုလည်း ရှု၏ဟူသော]အခြင်းအရာနှစ်ပါးတို့ဖြင့် သင်္ခါရုပေက္ခာ၌ စိတ်ကို ရွေးရှုဆောင်၏။

သေက္ခပုဂ္ဂိုလ်အား[သင်္ခါရုပေက္ခာကို နှစ်သက်လည်း နှစ်သက်၏။ ရှုလည်းရှု၏။ ဆင်ခြင်၍လည်း ဖလသမာပတ်ကို ဝင်စား၏ ဟူသော] အခြင်းအရာသုံးပါးတို့ဖြင့် သင်္ခါရုပေက္ခာ၌ စိတ်ကို ရွေးရှုဆောင်၏။

ရဟန္တာပုဂ္ဂိုလ်အား[သင်္ခါရုပေက္ခာကို ရှုလည်းရှု၏။ ဆင်ခြင်၍လည်း ဖလသမာပတ်ကို ဝင်စား၏။ ထိုသင်္ခါရုပေက္ခာကို လျစ်လျူရှု၍လည်း သုညတ, အနိမိတ္တ, အပ္ပဏိဟိတဝိဟာရဖြင့် နေ၏-ဟူသော] အခြင်းအရာသုံးပါးတို့ဖြင့် သင်္ခါရုပေက္ခာ၌ စိတ်ကိုရွေးရှုဆောင်၏။

သင်္ခါရုပေက္ခာ ၁၅-ပါးတို့သည် ကုသိုလ်မည်ကုန်၏။ [သင်္ခါရုပေက္ခာ ၃-ပါးတို့သည် အဗျာကတမည်ကုန်၏။ အကုသိုလ်-သင်္ခါရုပေက္ခာမရှိ။]

၅။ အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်၌ ဉာဏ်မသက်ရောက်နိုင်သည်ကို ဖော်ပြပြီး ဒိဋ္ဌိကထာလာ ကာမဓာတ်ကို စွန့်၍ သုဒ္ဓါဝါသပြဟ္မာဘုံ၌ ပရိနိဗ္ဗာန် ပြုနိုင်သော ပုဂ္ဂိုလ်များကိုလဲ ရေးပြခဲ့ပါ။

(ပါ-၁၅၉-၁၆၀)

အဖြေ။ ကြံဆ၍ဟောပြောတတ်ကြကုန်သော ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိ နှစ်ပါးတို့ကိုမှီကြကုန်သော ပုဂ္ဂိုလ်တို့အား ချမ်းသာအစစ်အမှန်ဖြစ်သော သက္ကာယဒိဋ္ဌိ၏ချုပ်ရာနိဗ္ဗာန်၌'ဆင်းရဲဒုက္ခ' ဟုမှားယွင်းသော အမှတ်သညာရှိသောကြောင့် နိဗ္ဗာန်၌ ဉာဏ်မသက်ရောက်နိုင်။

ကာမဓာတ်ကိုစွန့်၍ သုဒ္ဓါဝါသပြဟ္မာဘုံ၌ ပရိနိဗ္ဗာန်ပြုနိုင်သောပုဂ္ဂိုလ်များ (ဣဓ ဝိဟာယ နိဋ္ဌာ-သရုပ် ၅-ပါး)

http://www.dhammadownload.com


၁။ အသက်ပိုင်းအလယ်၏ အကြား၌ပင် ကိလေသာပရိနိဗ္ဗာန် ဖြင့်ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်(အန္တရာပရိနိဗ္ဗာယီ၊)

၂။ အသက်ပိုင်းအလယ်ကို လွန်၍လည်းကောင်း, သေဆုံး ခြင်းသို့ရောက်၍လည်းကောင်း ကိလေသာပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်။ (ဥပဟစ္စပရိနိဗ္ဗာယီ)

၃။ စေ့ဆော်မှုလုံ့လပယောဂမရှိသဖြင့် လွန်စွာအားထုတ်မှု မပြုမူ၍သာ ကိလေသာပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်။ (အသင်္ခါရပရိနိဗ္ဗာယီ။)

၄။ စေ့ဆော်မှုဖြင့် ဆင်းရဲပင်ပန်းစွာ လွန်စွာအားထုတ်မှုပြု ၍သာလျှင် ကိလေသာပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်။ (သသင်္ခါရပရိနိဗ္ဗာယီ။)

၅။ အထက်အရပ်ဟတ္တမဂ်ရေအယဉ်ရှိသော အကနိဋ္ဌဘုံသို့ သွားသော အနာဂါမ်ပုဂ္ဂိုလ်။ (ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ)

**၆။** သမ္မာဒိဋ္ဌိမဂ္ဂင်၏ဝေါသဂ္ဂ အဘယ်မျှရှိသည်ကို ရေတွက်ပြပြီး၊ စရိယ ကထာလာ စရိယဘေဒကိုလဲ ရေတွက်ခဲ့ပါ။ (ပါ-၃၉၇-၄၀၀)

အဖြေ။ သမ္မာဒိဋ္ဌိမဂ္ဂင်၏ **ဝေါသဂ္ဂ ၅-ပါး။**

ဝိက္ခမ္ဘနဝေါသဂ္ဂ၊ တဒင်္ဂဝေါသဂ္ဂ၊ သမုစ္ဆေဒဝေါသဂ္ဂ၊ ပဋိပ္ပဿဒ္ဓိ ဝေါသဂ္ဂ၊ နိဿရဏဝေါသဂ္ဂ။

စရိယကထာလာ-**စရိယဘေဒ ၈-ပါး။**

ဣရိယာပထစရိယ၊ အာယတနစရိယ၊ သတိစရိယ၊ သမာဓိစရိ ယ၊ ဉာဏစရိယ၊ မဂ္ဂစရိယ၊ ပတ္တိစရိယ၊ လောကတ္ထစရိယ-ပေါင်း ၈-ပါးတို့တည်း။

**၇။ သီလ၏ လက္ခဏာ, ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ဖော်ပြပြီး၊ ဗုဒ္ဓစကျအရကိုလဲ ရေးခဲ့ပါ။** (၄-၁၊ ၂-၁၄၇)

အဖြေ။ သီလ၏ လက္ခဏာကား- အလေ့အကျင့်+သီလနတည်း။

သီလ၏ ရသကား- ဒုဿီလျဝိဒ္ဓံသန-သီလမရှိသည်၏

http://www.dhammadownload.com



အဖြစ်ကို ဖျက်ဆီးခြင်း။ အနဝဇ္ဇရသ-အပြစ်မရှိခြင်း သမ္ပတ္တိရသတည်း။

သီလ၏ ပစ္စုပ္ပဋ္ဌာန်ကား- သောစေယျ ပစ္စုပ္ပဋ္ဌာန်+ဖြူစင်ခြင်း ပစ္စုပ္ပဋ္ဌာန်တည်း။

သီလ၏ ပဒဋ္ဌာန်ကား- ဟိရီဩတ္တပ္ပတည်း။

ဗုဒ္ဓစက္ခု-အရကား- ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ အာသယာနုသယဉာဏ်။

**၈။** ဉာဏကထာလာ"သံခိတ္တေန ပဉ္စုပ္ပါဒါနက္ခန္ဓာ ဒုက္ခာ" ဝယ် သံခိတ္တအရ အဘယ်ကို ရည်ရွယ်၍ ဟောသည်ကို ရှင်းပြပြီး သံခိတ္တဒုက္ခ အဘယ်နှစ်ပါးရှိသည်ကိုလဲ ရေးခဲ့ပါ။ (ဋ္ဌ-၁၊၁၃၈)

အဖြေ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၌ သံခိတ္တ-အရ ဒေသနာကို ရည်ရွယ်၍ ဟောပါသည်။ အကြောင်းကား ဒုက္ခသည် ဤမျှကုန်သောအရေအတွက်တို့သည် ဒုက္ခတစ်ရာတို့တည်း။ ဤမျှကုန်သော အရေအတွက်တို့သည် ဒုက္ခတစ်ထောင်တို့တည်းဟူ၍ အကျဉ်းချုံးခြင်းငှာ မတတ်နိုင်။ ဒေသနာသည်ကား တတ်နိုင်၏။ ထို့ကြောင့် "ဒုက္ခမည်သည် အခြားတစ်စုံတစ်ရာ မဟုတ်။ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခတို့တည်း " ဟူ၍ဒေသနာကို အကျဉ်းချုံးလိုသောကြောင့် ဤသို့ဟောပါသည်။

* သံခိတ္တဒုက္ခသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့တည်း။

**၉။** (က) ဘုရားရှင်၏ ဓမ္မစက္ကပဝတ္တနတရားတော်ကို ဟောတော်မူရာ အချိန်အခါ ကာလ။ (ခ) အစည်းအဝေးတက်သော ဗြဟ္မာ အရေ အတွက်။ (ဂ) ထိုအချိန်ဝယ် ယှဉ်ရာ နက္ခတ်။ (ဃ) ဓမ္မစက္က အရတို့ကို ကောက်ပြခဲ့ပါ။ (ဋ္ဌ-၂၊ ၂၁၅-၂၁၇)

http://www.dhammadownload.com



အဖြေ။ (က) အနောက်အရပ်၌နေဝင်သော+အရှေ့အရပ်၌ လပြည့်ဝန်းသည် ထွက်လာသောအချိန်။
(ခ) ပြဟ္မာပေါင်း ၁၈-ကုဋေ။
(ဂ) ဥတ္တရာသာဠနက္ခတ်
(ဃ) ပဋိဝေဓဉာဏ်၊ ဒေသနာဉာဏ်

၁၀။ အနာဂါမိမဂ်သည် မိမိဖြစ်ဆဲ ဖြစ်ခိုက် အဘယ်တရားတို့ကို ပယ်သည်ကို ဖော်ပြ လျှက်၊ ပဥ္စန္နံ မဟာပုညာနံ ပုညဝတော ဣဒ္ဓိ ဝယ် "ပဥ္စမဟာပုည" တန်ခိုးကြီးသူ ၅-ဦးတို့ကို ရေတွက်ခဲ့ပါ။ (၄ - ၂ ၃၀၀။ ပါ - ၇၀)

အဖြေ။ အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, သိမ်မွေ့သော ကာမရာဂါနုသယ, ပဋိဃာနုသယတရားတို့ကို ပယ်၏။

ပဥ္စ မဟာပုည+တန်ခိုးကြီးသူ ၅-ဦး
မေဏ္ဍကသူဌေး၊ သူဌေးကတော် စန္ဒပဒုမာ၊ သူဌေးသား ဓနဥ္စယ၊ ချွေးမ-သုမနဒေဝီ၊ ကျွန်-ပုဏ္ဏ။

✱ ✱ ✱

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၀-ခုနှစ်၊

၁။ အဇာတံ ဇာတေန ပုဒ်တို့၏ အဘိဓေယျတ္ထကို ဖော်၍၊ ကြိယာ၏ ကတ္တား, ကံတို့ကို ထည့်စွက်ပြီး အောက်ပါ ဂါထာကို အနက်ပေးခဲ့ပါ။

အဇာတံ ဈာပေတိ ဇာတေန၊ ဈာနံ တေန ပဝုစ္စတိ။
ဈာနဝိမောက္ခေ ကုသလတာ၊ နာနာဒိဋ္ဌိသု နကမ္ပတိ။ (ပါ - ၆၇)

အဖြေ။ ဇာတေန-ထင်ရှားဖြစ်ပေါ်လာသော လောကုတ္တရာဈာန်ဖြင့်။ အဇာတံ-မဖြစ်ပေါ်သေးသော ကိလေသာအပေါင်းကို။ တံသမင်္ဂီ ပုဂ္ဂလော-ထိုလောကုတ္တရာဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဈာပေတိ-လောင်ကျွမ်းစေ၏။ တေန-ထို့ကြောင့်။ တံ

http://www.dhammadownload.com



လောကုတ္တရာ-ကို။ ချာန်-ချာန်ဟူ၍။ တထာဂတေန-သည်။ ပဝုစ္စတိ-ဆိုအပ်၏။ ချာနဝိမောက္ခေ-ချာနဝိမောက္ခ၌။ ကုသလတာ-လိမ္မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု-အထူးထူးသော အယူဝါဒတို့၌။ ဝါ-တို့ကြောင့်။ တံချာနသမင်္ဂီပုဂ္ဂလော-ထိုလောကုတ္တရာချာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်။ နကမ္ပတိ-မတုန်လှုပ်။

၂။ အောက်ပါ အဋ္ဌကထာပါဌ်ကို ပါမောဇ္ဇ၌ ပ-၏အနက်ကို ဖေါ်ထုတ်လျက် အနက် သမ္ဗန်ပါ။ ပမုဒိတဿာတိ တေန ပါမောဇ္ဇေန ပမုဒိတဿ တုဋ္ဌဿ။ (ဌ - ၁၊ ၂၇၄)

အဖြေ။ ပမုဒိတဿာတိ-ပမုဒိတဿဟူသည်ကား။ တေနပါမောဇ္ဇေန-ထိုအမှုအစ၌ဖြစ်သော အားနည်းသောပီတိဖြင့်။ ပမုဒိတဿ-ဝမ်းမြောက်သောယောဂီအား။ တုဋ္ဌဿ-ကျေနပ်နှစ်သက်သော ယောဂီပုဂ္ဂိုလ်အား။

၃။ ဣန္ဒြိယပရောပရိယတ္တဉာဏ်နိဒ္ဒေသလာ တိက္ခိန္ဒြိယ, မုဒိန္ဒြိယပုဂ္ဂိုလ်များကို ရေတွက်ပြီးလျှင် ပရလောကဝဇ္ဇဘယဒဿာဝီနော၌ ဝဇ္ဇ-သရုပ် ထုတ်ပြခဲ့ပါ။ (ပါ - ၁၁၆-၇)

အဖြေ။ တိက္ခိန္ဒြိယပုဂ္ဂိုလ်များ-

သဒ္ဓါရှိသောပုဂ္ဂိုလ်၊ လုံ့လဝီရိယရှိသောပုဂ္ဂိုလ်၊ သတိထင်ရှားရှိသောပုဂ္ဂိုလ်၊ သမာဓိရှိသောပုဂ္ဂိုလ်၊ ပညာရှိသောပုဂ္ဂိုလ်။ မုဒိန္ဒြိယပုဂ္ဂိုလ်များ သဒ္ဓါမဲ့သောပုဂ္ဂိုလ်၊ ပျင်းရိသောပုဂ္ဂိုလ်၊ မေ့လျော့သောပုဂ္ဂိုလ်၊ သမာဓိမရှိသောပုဂ္ဂိုလ်၊ ပညာမရှိသောပုဂ္ဂိုလ်။

ပရလောကဝဇ္ဇဘယဒဿာဝိနော-၌ ဝဇ္ဇ-သရုပ်၊ ကိလေသာအားလုံး၊ ဒုစ္စရိုက်အားလုံး၊ အဘိသင်္ခါရအားလုံး၊ ဘဝကိုရစေ ရောက်စေတတ်သောကံတို့တည်း။

http://www.dhammadownload.com



၄။ သေယျထာပိ မဏိ ကရဏ္ဍေ ပက္ခိတ္တော အသ-ဟူသော ဥပမာန ပါဠိတော်ကို ဥပမေယျနှင့် တွဲစပ်၍၊ ရုပ်၌ အတ္တရှုပုံကို ပြဆိုပြီးလျှင် ဝိမောက္ခကထာလာ ဝိမောက္ခအပြားကို သချာမျှ ဖော်ပြပါ။

(ပါ - ၁၃၉- ၂၃၀)

အဖြေ။ မဏိ-၏ဥပမေယျကား အတ္တ။ ကရဏ္ဍက၏ ဥပမေယျကား ဣမသ္မိံ ရူပေ တည်း။။

ရုပ်၌ အတ္တရှုပုံ

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို အတ္တအားဖြင့် ရှု၏။ ထိုပုဂ္ဂိုလ်အား ဤသို့ အကြံဖြစ်၏။ "ဤဝေဒနာသညာသင်္ခါရ ဝိညာဏ်သည် ငါ၏အတ္တတည်း။ ထိုငါ၏အတ္တသည် ဤရုပ်၌ ရှိ၏" ဟု ရုပ်၌ မိမိကိုယ်ကို ရှု၏။

ဝိမောက္ခအပြား သုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတ ဝိမောက္ခ တည်း။

၅။ ဇရာပိ ဒုက္ခာ-၌ ဇရာအပြားကို ရေတွက်ပြ၍၊ ကတမံ ဒုက္ခံ အရိယသစ္စံ-၌ ဗျာဓိဒုက္ခ မဟောရခြင်းအကြောင်းကိုလဲ ဖော်ပြပါ။ (၄ - ၁၊ ၁၃၅)

အဖြေ။ ဇရာအပြား(ဇရာသရုပ်)

၁။ အကြောင်းတို့သည် စီရင်အပ်သော သင်္ခတလက္ခဏာ။

၂။ သွားကျိုးခြင်း စသည်ဖြင့် သမုတ်အပ်သောခန္ဓာအစဉ်၌ ဘဝတစ်ခုတွင် အကျုံးဝင်သော ခန္ဓာဟောင်းနွမ်းသည်၏ အဖြစ်။

ဇရာဒုက္ခ၏ အခြားမဲ့၌ ဗျာဓိဒုက္ခကို ဆိုသင့်သော်လည်း ကာယိကဒုက္ခကိုယူခြင်းဖြင့်ပင် ဗျာဓိဒုက္ခကို ယူအပ်ပြီး သည် ဖြစ်သောကြောင့် ဗျာဓိဒုက္ခကို မဟောပါ။

၆။ သင်္ခါရုပေက္ခာဉာဏနိဒ္ဒေသလာ ကုသိုလ်သင်္ခါရုပေက္ခာသရုပ်ကို ဖော်ပြ၍၊ တိသော သင်္ခါရုပေက္ခာ အဗျာကတာ-၌ သင်္ခါရုပေက္ခာ သုံးပါးသည် အဘယ်ကြောင့် အဗျာကတဖြစ်ရသည်ကို ဖြေဆိုပါ။ (၄ - ၁၊ ၂၅၂)

http://www.dhammadownload.com



အဖြေ။ ကုသိုလ် သဉ္စေရုပေက္ခာ ၁၅-ပါး
သမထ၏အစွမ်းဖြင့် ၈-ပါး
မဂ်လေးပါး, ဖိုလ်သုံးပါးတို့၏အစွမ်းဖြင့် ၇-ပါး။

ရဟန္တာတို့သည် ဖလသမာပတ်ကိုဝင်စားသော် သင်္ခါရုပေက္ခာကို ကင်းကွာ၍ ဝင်စားခြင်းငှာ မတတ်နိုင်သောကြောင့် သင်္ခါရုပေက္ခာသုံးပါးသည် အဗျာကတ ဖြစ်သည်။

၇။ စတ္တာရော သတိပဋ္ဌာနာ၌ အဘယ်သို့သော သဘောရှိသော, အဘယ်တရားကို သတိပဋ္ဌာန်ဟု ခေါ်ဆိုပါသနည်း၊ အာရုံ, ရှုပုံ, ပယ်ခွာကိစ္စအားဖြင့် ထင်ရှားအောင် ဖော်ပြဖြေဆိုပါ။(၄ - ၁၊ ၉၁။ ၄ - ၂၊ ၂၂၃)

အဖြေ။ ထိုထိုကာယဝေဒနာစိတ္တဓမ္မအာရုံတို့၌ အသုဘဒုက္ခအနိစ္စအနတ္တ အခြင်းအရာကို ယူခြင်း၏အစွမ်းဖြင့်လည်းကောင်း သုဘ, သုခ, နိစ္စ, အတ္တ, သညာတို့အား ပယ်သောကိစ္စကို ပြီးစေခြင်း၏အစွမ်းဖြင့်လည်းကောင်း သက်ဝင်၍ ကပ်ပြီးတည်သော သတိတရားကိုပင် သတိပဋ္ဌာန် ဟုဆို၏။

၈။ ဒသဗလဉာဏ်တို့တွင် (က) အဝိတက္ကအဝိစာရဖြစ်သော ဒသဗလဉာဏ် မည်မျှအရေအတွက်ရှိသည်ကို (ခ) စတုတ္ထဒသဗလ ဉာဏ်သည် အဘယ်အရာကို သိသည်တို့ကိုဖြေဆိုပါ။ (၄ - ၂၊ ၃၅-၆)

အဖြေ။ (က) အဝိတက္က အဝိစာရ ဖြစ်သော ဒသဗလဉာဏ်သည် နှစ်ပါး ရှိ၏။

(ခ) စတုတ္ထဒသဗလဉာဏ်သည် ဓာတ်တို့၏ ထူးခြားထွေပြားသောအကြောင်းအရာကို သိ၏။

၉။ တသ္မာ သုညော လောကောတိ ဝုစ္စတိ-၌ အဘယ်၏မရှိခြင်းကို သုညဟုခေါ်ဆိုရပါသနည်း ဖြေဆို၍၊ အဘယ်၏အစွမ်းနှင့်ပြည့်စုံသောငါးကို (က) တိမိင်္ဂလငါး၊ (ခ) တိမိတိမိင်္ဂလငါးဟုခေါ်ဆိုရသည်ကိုလဲ ဖြေဆိုခဲ့ပါ။ (၄ - ၂၊ ၂၃၈-၂၅၇)

http://www.dhammadownload.com



အဖြေ။ ဤလောကဌ် အတ္တသည်လည်းမရှိ အတ္တနိယသည်လည်းမရှိသည်ကို **သုည**-ဟုဆိုပါသည်။

(က) တိမိငါးမျိုးကို မျိုစားခြင်းငှာ တတ်စွမ်းနိုင်သော တိမိငါးထက် ခန္ဓာကိုယ်ကြီးသောငါးမျိုးသည် **'တိမိင်္ဂလငါး'**မည်၏၊

(ခ) တိမိင်္ဂလငါးမျိုးကို မျိုစားခြင်းငှာ တတ်စွမ်းနိုင်သော ခန္ဓာကိုယ် ယူဇနာငါးရာအတိုင်းအရှည်ရှိသောငါးမျိုးသည် **တိမိတိမိင်္ဂလငါး** မည်၏။

**၁၀။ စူဠပန်မထေရ်သည် အဘယ်ထူးခြားချက်ကြောင့် မနောမယကာယကို ဖန်ဆင်းနိုင်သူတို့တွင် အတော်ဆုံးဖြစ်ရပါသနည်း ဖြေဆိုခဲ့ပါ။**

(၄ - ၂၊ ၂၇၁)

အဖြေ။ စူဠပန်မထေရ်သည် အာဝဇ္ဇန်းတစ်ခုတည်းဖြင့်ပင် ရဟန်းအပါးတစ်ထောင်ကို ဖန်ဆင်းနိုင်၏။ ရဟန်းနှစ်ပါးတို့ကို ချွတ်ချွတ်တူသည်တိုကို မပြု၊ တစ်ခုတည်းသောအမှုအလုပ်ကို ပြုလုပ်နေသည်တို့ကို မပြု။ ထို့ကြောင့် မနောမယကာယကို ဖန်ဆင်းနိုင်သူတို့တွင် အတော်ဆုံး ဖြစ်ရပါသည်။

(မှတ်ချက်။ ။ အဌကထာကို ပြန်ကြည့်စေလိုပါသည်။)

* * *

## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၀-ခုနှစ်၊

**၁။ အောက်ပါ ဝါကျကို ပါဌသေသနှင့်တကွ "သော"ဌ် ပေါ်လွင်အောင် အနက်စွဲပြီး၊ ဥပမာလင်္ကာရနည်းဖြင့် အနက်ယောဇနာပါ။**

**"သော ဣမံ လောကံ ပဘာသေတိ"။** (ပါ - ၁၇၀)

အဖြေ။ အဗ္ဘာ-တိမ်တိုက်မှ။ မုတ္တော-လွတ်သော။ စန္ဒိမာ-လသည်။ ဣမံ လောကံ-ဤဩကာသလောကကို။ ပဘာသေတိဣဝ-ထွန်းလင်းထင်ရှားစေသကဲ့သို့။ ဧဝံ-တထာ-ထိုဥပမာနည်းတူစွာ။

http://www.dhammadownload.com



သော-ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ဣမံလောကံ-ဤခန္ဓာငါးပါး ဟူသောလောကကို။ ပဘာသေတိ-ထွန်းလင်းထင်ရှားစေ၏။

၂။ အောက်ပါဂါထာကို ဝိဘာဝယံ-၌ နှစ်နည်းကြံ၊ အနက်ယောဇနာခဲ့ပါ။
နိမိတ္တေ ဌပယံ စိတ္တံ၊ နာနာကာရံ ဝိဘာဝယံ။
ဓီရော အဿာသပဿာသေ၊ သကံ စိတ္တံ နိဗန္ဓတိ။ (ဌ - ၂၊ ၉၉)

အဖြေ။ နိမိတ္တေ-ပဋိဘာဂနိမိတ်၌။ စိတ္တံ-ဘာဝနာစိတ်ကို။ ဌပယံ-ထားအပ်သော။ ဓီရော-ပညာရှိသည်။ အဿာသပဿာသေ-ဝင်သက်ထွက်သက်၌။ နာနာကာရံ-ဒီဃ, ရဿဟူသော အမျိုးမျိုးသောအခြင်းအရာကို။ ဝိဘာဝယံ-ဝိဘာဝယန္တော-ကွယ်ပျောက်စေလျက်။ ဝါ-အထူးပွားစေလျက်။ ဝါ-ထင်ရှားစေလျက်။ သကံ-မိမိဥစ္စာဖြစ်သော။ စိတ္တံ-ဘာဝနာ စိတ်ကို။ နိဗန္ဓတိ-အပွနာပေါ်လာအောင် ဖွဲ့အပ်၏။

၃။ မဂ်လေးပါးကို ပါဠိတော်၌ ဟောတော်မူသည့် ဆိန္နဝဋုမများနှင့် တွဲစပ်ဖော်ပြပြီးလျှင်၊ အပရိယာပန္နဘူမိတရားများကိုလည်း ဖော်ပြခဲ့ပါ။ (ပါ - ၇၀-၈၁)

အဖြေ။ သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, မိမိစိတ်၏အညစ်အကြေးအပူအပင်များတို့သည် အကြွင်းမဲ့ဖြတ်တောက်ခြင်းဖြင့် ကောင်းစွာဖြတ်တောက်ကုန်၏။

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, ရုန့်ရင်းသော ကာမရာဂါနုသယ, ပဋိဃာနုသယ, မိမိစိတ်၏အညစ်အကြေးအပူအပင်များတို့သည် ကောင်းစွာပြတ်တောက်ကုန်၏။

အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ သိမ်မွေ့သောကာမရာဂါနုသယ, ပဋိဃာနုသယ,

http://www.dhammadownload.com



မိမိစိတ်၏အညစ်အကြေးအပူအပင်များတို့သည် ကောင်းစွာပြတ်ကုန်၏။

အရဟတ္တမဂ်ဖြင့် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ, မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ, မိမိစိတ်၏ အညစ် အကြေးအပူအပင်များတို့သည် ကောင်းစွာပြတ်ကုန်၏။

အပရိယာပန္နဘူမိတရားများ

မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ အသခ်တဓာတ်ဟူသော နိဗ္ဗာန်။

၄။ ဥဒယဗ္ဗယဉာဏနိဒ္ဒေသပါဠိတော်လာ ခန္ဓာငါးပါးလုံးကို တူညီသည့် ဥဒယရှုနည်းများကို သိသာရံဖော်ပြပြီးလျှင်၊ မတူညီသည့် ဝယရှုနည်းများကိုလည်း ရနိုင်သည့်ခန္ဓာနှင့် တွဲစပ်ဖော်ပြခဲ့ပါ။ (ပါ - ၅၃-၅၄)

အဖြေ။ ခန္ဓာငါးပါးလုံးကို တူညီသည့်ဥဒယရှုနည်း-

"အဝိဇ္ဇာ, တဏှာ, ကံကြောင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဖြစ်၏" ဟူ၍ အကြောင်းဖြစ်ခြင်းသဘောအားဖြင့် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကို ရှု၏။

နိဗ္ဗတ္တိ-ဖြစ်ခြင်းလက္ခဏာကို ရှုသည်ဖြစ်၍လည်း ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကို ရှု၏။

မတူညီသည့် ဝယရှုနည်းများကို ရနိုင်သည့်ခန္ဓာနှင့်တွဲစပ် "အာဟာရ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏။" ဟူ၍ အကြောင်းချုပ်သောသဘော အားဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကို ရှု၏။ "ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ, သညာ, သင်္ခါရတို့ ချုပ်၏" ဟူ၍ အကြောင်းချုပ်သော သဘောအားဖြင့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၏ ပျက်ခြင်းကို ရှု၏။

"နာမ်ရုပ် ချုပ်သောကြောင့် ဝိညာဏ်ချုပ်၏" ဟူ၍ အကြောင်းချုပ်သောသဘောအားဖြင့် ဝိညာဏက္ခန္ဓာကို ရှု၏။

http://www.dhammadownload.com



**၅။** အဝိဇ္ဇာသင်္ခါရနိဒ္ဒေသလာ "ဥဘောပေတေ ဓမ္မာ ပစ္စယသမုပ္ပန္နာ"၌ ပစ္စယ-အရနှင့် သမုပ္ပန္န-အရကို ယှဉ်စပ်ဖော်ပြပြီးလျှင်၊ အဝိဇ္ဇာပဋိစ္စ-၌ ပဋိစ္စပုဒ်ဖြင့် ပြအပ်သည့် အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

(ဒု - ၁၊၂၂၂-၂၂၃)

အဖြေ။ ပစ္စယ-အရကား အဝိဇ္ဇာတည်း။

သမုပ္ပန္န-အရကား သင်္ခါရ တည်း။

အဝိဇ္ဇာပဋိစ္စပုဒ်ဖြင့် အဝိဇ္ဇာသည် သင်္ခါရကို ဖြစ်စေနိုင်စွမ်းရှိသည်၏အဖြစ်ကို ပြ၏။

**၆။** အနတ္တာ အသာရကဋ္ဌေန-၌ သာရ-အရကို ဖော်ပြပြီးလျှင်၊ သမာနဝါဒ ထက်ပိုလွန်သည့် ကေစိဝါဒလာ သမ္မသနနည်းတို့ကိုလည်း အကျဉ်းချုပ် ရေတွက်ပြပါ။ (ဒု - ၁၊ ၂၂၉-၂၃၀)

အဖြေ။ အနတ္တာ အသာရကဋ္ဌေန-၌ သာရ-အရကား

"အတ္တလိပ်ပြာ, နေလေ့ရှိသည် ဟူသောနိဝါသီ, ပြုပြင်သူဟူသောကာရက၊ ခံစားတတ်သူဟူသောဝေဒက၊ အလိုအတိုင်းနေရသည်ဟူသော သယံဝါသီ" ဤသို့ကြံစည်အပ်သော **အတ္တသာရ** တည်း။

**ကေစိဝါဒ သမ္မသနနည်း**

သဗ္ဗံ ရူပံ, သဗ္ဗံ ဝေဒနံ၊ သဗ္ဗံ သညံ၊ သဗ္ဗေ သင်္ခါရေ၊ သဗ္ဗံ ဝိညာဏံ-ပုဒ်ကိုလည်းထည့်သွင်း၍ ခန္ဓာတစ်ပါး, တစ်ပါး၌ တစ်ဆယ့်နှစ်ပါး, တစ်ဆယ့်နှစ်ပါးပြု၍ ခန္ဓာငါးပါးလျှင် ၆၀-ဖြစ်၏၊ ၎င်း၆၀-ကို အနုပဿနာ ၃-ပါးနှင့် မြှောက်သော် သမ္မသန-တစ်ရာ့ရှစ်ဆယ် ဖြစ်ကုန်၏။

**၇။** အာဝဇ္ဇနကိရိယာဗျာကတာ ဝိညာဏစရိယာ ရှုပေသု-၌ ဝိညာဏ-အရကို ဖော်ပြပြီးလျှင်၊ အာဝဇ္ဇန, ကိရိယ, အဗျာကတတို့၏ အဓိပ္ပါယ်ကိုလည်း အဌကထာနည်းကျကျရှင်းပြခဲ့ပါ။ (ဒု - ၁၊ ၂၆၅)

http://www.dhammadownload.com



အဖြေ။ ဝိညာဏ-အရကား စက္ခုဝိညာဏ်ဒွေးတည်း။
ဘဝင်စိတ်အစဉ် မှ ဖယ်ရှား၍ ရူပါရုံ၌ စိတ်သန္တာန်အစဉ်ကို ဆင်ခြင်ညွတ်ကိုင်း တတ်သောကြောင့် **အာဝဇ္ဇန** မည်၏။
ဝိပါက်မရှိသောကြောင့် ပြုခြင်းမျှသည် **ကိရိယာ** မည်၏။
ကုသိုလ်, အကုသိုလ်၏အစွမ်း ဖြင့် မဆိုထိုက်သောကြောင့် **အဗျာကတ** မည်၏။

၈။ ကာမာဝစရဘူမိ-၌ ကာမ-အရကို အကြောင်းနှင့်တကွ အပြည့်အစုံ ဖော်ပြပြီးလျှင်၊ **အဝစရ** ဖြစ်ပုံကိုလည်း ရေးခဲ့ပါ။ (၄ - ၁၂၆၈)

အဖြေ။ ကာမာဝစရဘူမိ-၌ **ကာမ** အရကား
ကိလေသကာမ, ဝတ္ထုကာမ တို့တည်း။
**ကိလေသကာမသည်** ရှာမှီးတတ်သောကြောင့် ကာမ မည်၏။
ဝတ္ထု ကာမသည် ရှာမှီးအပ်သောကြောင့် ကာမ မည်၏။
ထိုကာ မနုစ်မျိုးတို့သည် ပဝတ္တိ၏အစွမ်းဖြင့် အကြင်အရပ်၌ လှည့်လည်ကျက်စား၏။ ထိုအရပ်သည် ကာမကျက်စားရာ အရပ်ဖြစ်သောကြောင့် **ကာမာဝစရ** မည်၏။

၉။ ကာမာဝစရ၌ကဲ့သို့ "ဉာဏသမ္ပယုတ္တေ"ဟု မဟောဘဲ "ရူပါဝစရာနံ ကတိနံ ဟေတူနံ"ဟု ဟောတော်မူခြင်းအကြောင်းကို ဖော်ပြပြီးလျှင်၊ အသုရကာယနှင့်အသုရကို ဂတိ ငါးမျိုးတွင် အဘယ်ဂတိ၌ ထည့်သွင်းယူရမည်ကိုလည်း ဖော်ပြခဲ့ပါ။ (၄ - ၂/ ၁၇၀)

အဖြေ။ ရူပါဝစရတို့သည် တိဟိတ်ကေန်ဖြစ်သည်၏ အဖြစ်ကြောင့် "ဉာဏသမ္ပယုတ္တေ"ဟု မဟော။
အသုရကာယကို ပေတ္တိဝိသယဂတိ-၌ ထည့်သွင်းရ၏။
အသုရကို ဒေဝဂတိ-၌ ထည့်သွင်းရ၏။

၁၀။ ဣဒံ ဒုက္ခံ အရိယသစ္စန္တိမေ ဘိက္ခဝေ စသည်ဖြင့် အဘယ်ကို ပြတော်မူပါသနည်း ဖော်ပြ ဖြေဆိုပြီးလျှင်၊ တိပရိဝဋ္ဋ-၌ သချာ၏ သချေ်ယျကိုလည်း ထုတ်ပြခဲ့ပါ။ (၄ - ၂/ ၂၁၆)

http://www.dhammadownload.com



အဖြေ။ ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ-စသည်ဖြင့် မိမိ၏ ထိုး ထွင်းသိသော အစဉ်+ပဋိဝေဓဉာဏ်ကို ပြ၏။

**တိပရိဝဋ္ဋ၏သင်္ချေယျကား သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် တည်း။**

❖ ❖ ❖

## <u>ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်းထူး ၁၃၅၁-ခုနှစ်၊</u>

၁။ **ယော ဘူတံ ဘူတတော ဒိသွာ၊ ဘူတဿ စ အတိက္ကမံ။**
**ယထာဘူတေ'ဓိမုစ္စတိ၊ ဘဝတဏှာ ပရိက္ခယာ။** (ပါ - ၁၅၉)

အဖြေ။ ယောဘိက္ခု-သည်။ ဘူတံ-ဟုတ်မှန်သောခန္ဓာငါးပါးဆင်းရဲ တရားကို။ ဘူတတော-ဟုတ်မှန်သောဆင်းရဲအားဖြင့်။ ဒိသွာ မြင်၍။ ဝါ-သိ၍။ ဘူတဿ-ဟုတ်မှန်သောဆင်းရဲဒုက္ခကို။ အတိက္ကမံ-ကျော်လွန်ကြောင်းဖြစ်သော အရိယမဂ်ကို။ ဒိသွာစ- ၍လည်းကောင်း။ ဘဝတဏှာပရိက္ခယာ-ဘဝတဏှာကုန်ခြင်း ကြောင့်။ ယထာဘူတေ-မဖောက်မပြန် မှန်ကန်သောနိဗ္ဗာန်၌။ အဓိမုစ္စတိ-နှလုံးသွင်းဝင်စား၏။

၂။ **ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရဗ္ဘ ပစ္စယာ။**
**အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။ ဟူသောဂါထာကို အာရဗ္ဘ၏အဘိဓေယျတ္ထပေါ်လွင်စေလျက် အနက်ပေးခဲ့ပါ။**

အဖြေ။ ယံကိဉ္စိ-အလုံးစုံသော၊ ဒုက္ခံ-ဒုက္ခသည်။ သမ္ဘောတိ-ဖြစ်၏။ သဗ္ဗံ-အလုံးစုံဖြစ်သော။ ဒုက္ခံ-ဒုက္ခသည်။ အာရဗ္ဘပစ္စယာ-ကံ- ဟုဆိုအပ်သောအကြောင်းကြောင့်။ သမ္ဘောတိ-ဖြစ်၏။ အာရ မ္ဘာနံ-ကံတို့၏။ နိရောဓေန-ချုပ်ခြင်းကြောင့်။ ဒုက္ခဿ-ဆင်းရဲ ဒုက္ခ၏။ သမ္ဘဝေါ-ဖြစ်ခြင်းသည်။ နတ္ထိ-မရှိ။

http://www.dhammadownload.com



**၃။** **သီလမယဉာဏနိဒ္ဒေသလာ သီလ ၅-မျိုး သရုပ်ကို အဓိပ္ပါယ်နှင့်တကွ ပြဆိုပါ။** (ပါ - ၄၁)

အဖြေ။ သီလ ၅-မျိုး

၁။ သိက္ခာပုဒ်အပိုင်းအခြားရှိကုန်သော လူ, သာမဏေတို့၏ သီလသည် **ပရိယန္တပါရိသုဒ္ဓိသီလ** မည်၏။

၂။ သိက္ခာပုဒ် အပိုင်းအခြားမရှိကုန်သော ရဟန်းတို့၏ သီလသည် **အပရိယန္တ ပါရိသုဒ္ဓိသီလ** မည်၏။

၃။ ကုသိုလ်တရား၌ အားထုတ်ကြသော, သေက္ခကျင့်ဝတ်၌ ဖြည့်ဆည်းအားထုတ်ကြသော, ကိုယ်၌, အသက်၌ ငဲ့ကွက်မရှိကြသော စွန့်အပ်ပြီးသောအသက်ရှိကြသော ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သီလသည် **ပရိပုဏ္ဏပါရိသုဒ္ဓိသီလ** မည်၏။

၄။ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ သီလသည် **အပရာမဋ္ဌ သီလ** မည်၏။

၅။ ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့၏ သီလသည် **ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ** မည်၏။

**၄။** **အဋ္ဌဒိဋ္ဌိဋ္ဌာနာနိ၌ အဋ္ဌသရုပ်ကို ရေတွက်ခဲ့ပါ။** (ပါ - ၁၃၂)

အဖြေ။ အဋ္ဌ ဒိဋ္ဌိဋ္ဌာနာနိ-သရုပ်

ခန္ဓာ ဒိဋ္ဌိဋ္ဌာန၊ အဝိဇ္ဇာ ဒိဋ္ဌိဋ္ဌာန၊ ဖဿ၊ သညာ၊ ဝိတက္က၊ အယောနိသောမနသိကာရ၊ ပါပမိတ္တ၊ ပရတောဃောသဒိဋ္ဌိဋ္ဌာန။

**၅** (က) အဘိသင်္ခါရဏကသင်္ခါရ၊ (ခ) ပယောဂါဘိသင်္ခါရ၊
(ဂ) ဝစီသင်္ခါရ၊ (ဃ) ကာယသင်္ခါရ၊
(င) စိတ္တသင်္ခါရ တို့၏တရားကိုယ်ကို ကောက်ပြပါ။ (၄ - ၁၊ ၅၇)

အဖြေ။ (က) တေဘူမိကကုသိုလ်, အကုသိုလ်စေတနာ။

(ခ) ကာယိက စေတသိက ဝီရိယ။

http://www.dhammadownload.com



(ဂ) ဝိတက် ဝိစာရ။
(ဃ) ဝင်သက် ထွက်သက်+အဿာသပဿာသ။
(င) သညာ+ဝေဒနာ။

**၆။** **ဒွေမာတုယော-၌ ဒွေသရုပ်ကို အဓိပ္ပါယ်နှင့်တကွ ထုတ်ပြပါ။**
**(၄ - ၁၊ ၆၂)**

အဖြေ။ ဒွေမာတုယော-၌ ဒွေသရုပ်
တစ်ပါးမက များလှစွာသော အကြောင်းတို့သည် ပေါင်းစု၍ ပြုအပ်သော ခန္ဓာငါးပါးသည် **သခ်တမာတု** မည်၏။
**တစ်စုံတစ်ခု** သောအကြောင်းတို့သည် မပြုအပ် မစီရင်အပ်သောနိဗ္ဗာန်သည် **အသခ်တမာတု** မည်၏။

**၇။** **ပဉ္စဓမ္မက္ခန္ဓာ-၌ ပဉ္စသရုပ်ကို အဘိဓေယျတ္ထနှင့်တကွ ဖော်ပြပါ။**
**(၄ - ၁၊ ၁၂၆)**

အဖြေ။ ပဉ္စ ဓမ္မက္ခန္ဓာ-၌ ပဉ္စ သရုပ်
သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ၊ ဝိမုတ္တိက္ခန္ဓ၊ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ၊ ပေါင်း ၅-ပါးတို့တည်း။
**လောကီလောကုတ္တရာ** သီလသမာဓိပညာတို့သည် သီလ, သမာဓိ, ပညာက္ခန္ဓတို့၏ အရတည်း။ **ဝိမုတ္တိက္ခန္ဓ** အရကား သမုစ္ဆေဒ ပဋိပ္ပဿဒ္ဓိ နိဿရဏ ဝိမုတ္တိ-တို့တည်း၊ **ဝိမုတ္တိဉာဏဒဿနက္ခန္ဓ** အရကား-ဝိမုတ္တိပစ္စဝေက္ခဏာသုံးပါး တို့ပင်တည်း။

**၈။** **သစ္စာတရားတို့ကို ၄-ပါးအောက်အယုတ်အားဖြင့်ငင်း ၄-ပါးထက်အလွန်အားဖြင့်ငင်း အဘယ်ကြောင့် ဟောတော်မမူပါသနည်း ဖြေပါ။**
**(၄ - ၁၊ ၁၈၃)**

အဖြေ။ အခြားတစ်ပါးသောတရား၏ မဖြစ်သင့်သောကြောင့်လည်းကောင်း တစ်စုံတစ်ခုသောသစ္စာတရားကို မပယ်ရှားထိုက်,

http://www.dhammadownload.com



မှုပယ်ရှားသင့်သောကြောင့်လည်းကောင်း သစ္စာတရားလေးပါး တို့ကိုသာ မယုတ်မလွန် ဟောတော်မူပါသည်။

၉။ အနိန္ဒြိယဗဒ္ဓရုပ်များကို ဝိပဿနာမရှုအပ်ဟူသောစကား သင့်/မသင့်၊ အာဂမယုတ္တိ ဖြင့် ဖြေဆိုပါ။ (၅ - ၁၊ ၂၆၄)

အဖြေ။ "သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိ န္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ၊" ဟူသော ပါဠိစကားကို ထောက်ဆ၍ အနိန္ဒြိယဗဒ္ဓရုပ်များကို ဝိပဿနာမရှုအပ်ဟူ သောစကားသည် မသင့်ပါ။

၁၀။ နဝဟိ အာဃာတဝတ္ထူဟိ-၌ နဝသံရုပ် ထုတ်ပြပါ။ (၅ - ၂၊ ၃၀)

အဖြေ။ "ငါ့အား အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ" ဟုကြံ၍ ရန်ငြိုးဖွဲ့၏။ "ငါ့အား အကျိုးမဲ့ကို ပြုကျင့်နေ၏"ဟုကြံ၍ ရန်ငြိုးဖွဲ့၏။ "ငါ့အားအကျိုး မဲ့ကို ပြုကျင့်လိမ့်မည်"ဟု ကြံ၍ ရန်ငြိုးဖွဲ့၏။ ၃-ပါး။ "ငါ၏ ချစ်မြတ်နိုးသူအား အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ၊ ပြုကျင့်နေ၏၊ ပြုကျင့်လိမ့်မည်"ဟုကြံစည်၍ ရန်ငြိုးဖွဲ့၏။ ၃-ပါး။ "ငါ၏ မချစ် မနှစ်သက်သောသူအား အကျိုးကို ပြုကျင့်ခဲ့ပြီ။ ပြုကျင့်နေ၏။ ပြုကျင့်လိမ့်မည်"ဟုကြံစည်၍ ရန်ငြိုးဖွဲ့၏။ ၃-ပါး။ ပေါင်း အာဃာတဝတ္ထု ၉-ပါးတို့တည်း။

* * *

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၂-ခုနှစ်၊

**၁။ အောက်ပါ ဂါထာကို နိဿယနည်းကျအောင် အနက်ပေးပါ။**

**န တဿ အဒ္ဒိဋ္ဌ မိဓတ္ထိကိဉ္စိ၊ အထော အဝိညာတမဇာနိတဗ္ဗံ။**

**သဗ္ဗံ အဘိညာသိ ယဒတ္ထိ နေယျံ၊ တထာဂတော တေန သမန္တစက္ခုတိ။**

(ပါ - ၂၂၇)

အဖြေ။ တဿ+တထာဂတဿ-ထိုမြတ်စွာဘုရားအား။ ဣဓ-ဤသုံးပါးသောလောကဓာတ်၌။ ပညာစက္ခုနာ-ဖြင့်။ အဒိဋ္ဌံနာမ-မမြင်အပ်သောတရားမည်သည်။ ကိဉ္စိ-တစ်စုံတစ်ခုမျှ။ နအတ္ထိ-မရှိ။ အထော-ထိုမှတပါး။ အဝိညာတံ-မသိခဲ့သောတရားသည်။ ကိဉ္စိ-တစ်စုံတစ်ခုမျှ။ နအဟောသိ-မရှိခဲ့။ ကိဉ္စိ-တစ်စုံတစ်ခုသော။ အဇာနိတဗ္ဗံ-မသိအပ်, မသိနိုင်သောတရားမည်သည်။ နဘဝိဿတိ-မရှိလတ္တံ့။ နေယျံ-သိအပ်သိထိုက်သော။ ယံဓမ္မဇာတံ- အကြင်တရားသဘော သည်။ အတ္ထိ-ရှိ၏။ တံသဗ္ဗံ-ထိုအလုံးစုံသော တရားသဘောကို။ တထာဂတော-သည်။ အဘိညာသိ-ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူပြီ။ တေန-ထို့ကြောင့်။ တထာဂတော-ကို။ သမန္တစက္ခုတိ-ထက်ဝန်းကျင်မြင်စွမ်းနိုင်သော ဉာဏ်မျက်စိနှင့်ပြည့်စုံတော်မူသည်ဟူ၍။ ဝုစ္စတိ-ဆို အပ်၏။

**၂။ ရာဂါဒိကော ကိလေသော စိတ္တသန္တာနေ ဘူတော အရိတိ ဘူအရိ၊ တဿ ဘူရိဿ မဒ္ဒနီ ပညာ ဘူရိမဒ္ဒနီပညာတိ ဝတ္တဗ္ဗေ မဒ္ဒနီသဒ္ဒလောပံ ကတွာ ဘူရိပညာတိ ဝုတ္တံ ဟူသော ဝါကျကို ကတ္တားပုဒ်ထည့်၍ အနက်ပေးခဲ့ပါ။**

အဖြေ။ ရာဂါဒိကော-ရာဂအစရှိသော။ ကိလေသော-သည်။ စိတ္တသန္တာနေ-စိတ်၏အစဉ်၌။ ဘူတော-ထင်ရှားရှိသော။ အရိ-ရန်သူတည်း။ ဣတိ-ထို့ကြောင့်။ ဘူအရိ-မည်၏။ တဿဘူရိဿ-ထိုထင်ရှားရှိသော ကိလေသာရန်သူကို။ မဒ္ဒနီ-လွှမ်းမိုးနှိပ်ကွပ်

http://www.dhammadownload.com



သော။ ပညာ-ပညာသည်။ ဘူရိမဒ္ဒနီပညာ-မည်၏။ ဣတိ-ဤသို့။ ဝတ္တဗ္ဗေ-ဆိုသင့်လျက်။ မဒ္ဒနီသဒ္ဒလောပံ-မဒ္ဒနီသဒ္ဒါ ချေခြင်းကို။ ကတွာ-ပြု၍။ ဘူရိပညာတိ-ဘူရိပညာဟူ၍။ တထာဂတေန-သည်။ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

၃။ အဿာသ ပဿာသတို့ကို ထွက်သက် ဝင်သက်ဟုရင်း ဝင်သက်ထွက်သက်ဟုရင်း အဆိုကွဲပြားလျက်ရှိရာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်အလိုရှင်းပြ၍၊ အဒိဋ္ဌ, အဝိညာတ, အဇာနိတဗ္ဗ, နေယျတရားများကိုလဲ ခွဲခြားပြပါ။ (ပါ - ၁၇၀-၂၂၇)

အဖြေ။ အဿာသသည် ဝင်သက်တည်း ထွက်သက်မဟုတ်။ ပဿာသသည် ထွက်သက်တည်း။ ဝင်သက်မဟုတ်။

၄။ ဉာဏ်၏ပြန့်နှံ့ခြင်းရှိသောတန်ခိုးများကို ပြ၍၊ ယင်းတန်ခိုးများမည်သူတို့အား ဖြစ်သည်ကိုလဲ ပြခဲ့ပါ။ (ပါ - ၃၈၉)

အဖြေ။ ဉာဏ်၏ပြန့်နှံ့ခြင်းရှိသောတန်ခိုးများ(ဉာဏဝိပ္ဖါရာဣဒ္ဓိ) အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်သောအနက်သဘောသည် ပြီး၏။ ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်သောအနက်သဘောသည် ပြီး၏။ အနတ္တာနုပဿနာဖြင့် အတ္တသညာကို။ နိဗ္ဗိဒါနုပဿနာဖြင့် နန္ဒိကို။ ဝိရာဂါနုပဿနာဖြင့် ရာဂကို။ နိရောဓနုပဿနာဖြင့် သမုဒယကို။ ပဋိနိဿဂ္ဂါနုပဿနာဖြင့် အာဒါနကို ပယ်သောသဘောသည် ပြီးစီး၏။

ယင်းတန်ခိုးများသည် အရှင်ဗာကုလအားလည်းကောင်း အရှင်သံကိစ္စအားလည်းကောင်း အရှင်ဘူတပါလအားလည်းကောင်း ဖြစ်သည်။

၅။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တရားတို့ကို ကလာပသမ္မသနနည်းဖြင့်ရှုရာဝယ် မည်သည့် ပစ္စုပ္ပန်ကို ရှုရမည်ကိုပြ၍၊ ဣမေဓမ္မာပရိညေယျာ-ဌ မည်သည့်ပရိညာကို ယူရမည်ကိုလဲ အကြောင်းနှင့်တကွ ပြပါ။ (ဋ - ၁၊ ၁၈-၁၀၁)

http://www.dhammadownload.com



အဖြေ။ အဋ္ဌိ သန္တတိ ခဏပစ္စုပ္ပန်တို့တွင် **သန္တတိပစ္စုပ္ပန်ကို** ရှုရသည်။ ဣမေဝမွာ ပရိညေယျာ-၌ ပရိညာသဒ္ဒါဖြင့် ဉာတ, တီရဏ, ပဟာနပရိညာသုံးပါးတို့ကို သိမ်းဆည်းယူအပ်သော်လည်း အောက်၌ 'အဘိညေယျာ'ဟု ဉာတပရိညာကို ဆိုအပ်ပြီးဖြစ်သောကြောင့်လည်းကောင်း အထက်၌ 'ပဟာတဗ္ဗာ'ဟု ပဟာနပရိညာကို ဆိုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဤ၌ **တီရဏပရိညာကိုသာ** ယူရမည်။

၆။ **ဝဩဠာရိက, သုခုမ ဝေဒနာကို ရှုရာတွင် သဘာဝအားဖြင့် ဩဠာရိကဝေဒနာ, သုခုမဝေဒနာတို့ကို အကြောင်းနှင့်တကွ ခွဲပြပါ။** (၄ - ၁၊ ၂၃၀)

အဖြေ။ **ဒုက္ခဝေဒနာသည်** သာယာဖွယ် မရှိသောကြောင့်လည်းကောင်း ပြန့်နှံ့ခြင်းနှင့်တကွ ဖြစ်သောကြောင့်လည်းကောင်း ချောက်ချားမှုကိုပြုသောကြောင့်လည်းကောင်း ထိတ်လန့်ဖွယ်ဖြစ်သောကြောင့်လည်းကောင်း လွှမ်းမိုးအပ်သောကြောင့်လည်းကောင်း သုခ, ဥပေက္ခာဝေဒနာနှစ်ပါးတို့ထက် ရုန့်ရင်း၏။

**သုခ, ဥပေက္ခာဝေဒနာနှစ်ပါးတို့သည်** သာယာဖွယ်ရှိသောကြောင့်လည်းကောင်း ငြိမ်းအေးသောကြောင့်လည်းကောင်း မွန်မြတ်သောကြောင့်လည်းကောင်း နှစ်သက်ဖွယ်ဖြစ်သောကြောင့်လည်းကောင်း, အလယ်အလတ်ဖြစ်သောကြောင့်လည်းကောင်း ဒုက္ခဝေဒနာထက် သိမ်မွေ့၏။

**သုခဒုက္ခဝေဒနာ နှစ်ပါးတို့သည်** ပြန့်နှံ့ခြင်းနှင့်တကွဖြစ်သောကြောင့်လည်းကောင်း ထိတ်လန့်ဖွယ်ဖြစ်သောကြောင့်လည်းကောင်း ချောက်ချားသောကြောင့်လည်းကောင်း ထင်ရှားသောကြောင့်လည်းကောင်း ဥပေက္ခာဝေဒနာထက် ရုန့်ရင်း၏။

**ဥပေက္ခာဝေဒနာသည်** ဆိုအပ်ခဲ့သောနည်းမှပြန်သောအားဖြင့် သုခဒုက္ခဝေဒနာ နှစ်ပါးထက် သိမ်မွေ့၏။

http://www.dhammadownload.com



ဤသို့ သဘာဝအားဖြင့် ဩဠာရိကသုခုမဝေဒနာတို့ကို ရှုအပ်မှတ်အပ်၏။

**၇။** သဗ္ဗ သဒ်တမသဒ်တဲ အနဝသေသ ဇာနာတိ-၌ သဗ္ဗနှင့် အနဝသေသ ခြားနားချက်ကို ခွဲပြ၍၊ ပဇာနန္တော ဝိဇာနန္တော စရတိ-၌ ပဇာနန္တ, ဝိဇာနန္တတို့၏ထူးခြားချက်ကို ပြပါ။ (၄ - ၂၊ ၇၆-၁၄၀)

အဖြေ။ ဇာတိအားဖြင့် အလုံးစုံသောဓမ္မတို့ကို အကြွင်းမဲ့ပိုင်းခြားယူခြင်းသည် 'သဗ္ဗ' မည်၏။

တစ်ခုတည်းသောတရားဓမ္မကို အလုံးစုံသောအခြင်းအရာအားဖြင့် အကြွင်းမဲ့ပိုင်းခြားယူခြင်းသည် 'အနဝသေသ' မည်၏၊

သစ္စာလေးပါးကို အပြားအားဖြင့် သိသောပညာဖြင့် အပြားအားဖြင့်သိခြင်းသည် ပဇာနန္တ မည်၏။

ကြန္ဒြေနှင့်ယှဉ်သောဇောလျှင် ရှေ့သွားရှိသော အာဝဇ္ဇန်းဝိညာဏ်ဖြင့် အာရုံကို သိခြင်းသည် ဝိဇာနန္တ မည်၏။

**၈။** မည်သည့်တရားကို အဘယ်ကြောင့် အနုလောမိကခန္တိဟု ဆိုရသည်ကို ပြ၍၊ ယင်း အနုလောမိကခန္တိအပြားကိုလဲ ခွဲပြပါ။ (၄ - ၂၊ ၇၁၅)

အဖြေ။ ဝိပဿနာဉာဏ်သည်ပင် လောကုတ္တရာမဂ်သို့(အစဉ်လိုက်သည်)လျော်သည်၏အဖြစ်ဖြင့် သင်္ခါရတရားအားလုံးတို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် နှစ်သက်သောကြောင့် အနုလောမိကခန္တိ မည်၏။

ကလာပသမ္မသနမှစ၍ ဥဒယဗ္ဗယဉာဏ်အဆုံးထိသည် မုဒုကာနုလောမိကာခန္တိ။

ဘင်္ဂါနုပဿနာမှစ၍ သင်္ခါရုပေက္ခာဉာဏ်အဆုံးထိသည် မဇ္ဈိမာနုလောမိကာခန္တိ။

အနုလောမဉာဏ်သည် တိက္ခာနုလောမိကာခန္တိ။

http://www.dhammadownload.com



**၉။ မဂ္ဂေါပိ ·ဒုဝိဓော သမထဝိပဿနာဘေဒတော-၌ မည်သည့်မဂ်ကို သမထဆို၍၊ မည်သည့်မဂ်ကို ဝိပဿနာဟု ဆိုရမည်ကို အကြောင်းနှင့် တကွ ပြပါ။**

အဖြေ။ သမထဝိပဿနာယာနိက တို့ဖြင့် ရသင့်ရထိုက်ရအပ်သောမဂ်၏အစွမ်းဖြင့် **သမ္မာဝါစာအစရှိသည်တို့ကို** သမထယာနဖြင့် သိမ်းဆည်းယူအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ **သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့ကို** ဝိပဿနာယာနဖြင့် သိမ်းဆည်းယူအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း "**သမထ ဝိပဿနာဘေဒတော**"ဟုဆိုအပ်၏။

သီလကိုလည်း သမထနှင့်နီးကပ်သောအကြောင်းဖြစ်သောကြောင့် သမထဖြင့်ယူခြင်းငှာ သင့်၏။

**၁၀။ မြတ်စွာဘုရားသည် ဒိဗ္ဗ, ဗြဟ္မ, အရိယ ဝိဟာရတို့တွင် အဘယ်ကာလ၌ အဘယ်အကျိုးငှါ အဘယ်ဝိဟာရဖြင့် သီတင်းသုံး ခံတော်မူသည်ကို ခွဲခြားပြပါ။** (ဂဏ္ဌိ - ၂၈၇)

အဖြေ။ န ပန ဘဂဝါ အန္တောနဂရေ ဓမ္မဒေသနက္ခဏေ ဝိဟာရတိ။ ရူပါဝစရ စတုတ္ထဈာနံ, စတသော အပ္ပမညာယော၊ စတုတ္ထဈာနိက ဖလသမာပတ္တိ ဒိဗ္ဗ ဗြဟ္မ အရိယ ဝိဟာရာ။ တေသု ခေါ ဘဂဝတာ လောဘ ဒေါသ မောဟုဿန္နကာလေ လောကေ တဿ သကပဋိပတ္တိယာ ဝိနယနတ္တံ ဝိဟာရိတဗ္ဗတ္တာ တေသံ တေသမ္ပိ စ သာဓာရဏော ဣရိယာပထဝိဟာရောတိ အာဟ "ဣဓပနာ"တိအာဒိ။

✱ ✱ ✱

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၃-ခုနှစ်၊

**၁။** **အောက်ပါ ဂါထာကို သချာ၏ သင်္ချေယျ ဖေါ်ထုတ်၍ အနက်ယောဇနာပါ။ ဆ စေတေ ဥပက္ကိလေသာ၊ အာနာပါနဿတိသမာဓိဿ။ ယေဟိ ဥပက္ကိလိဋ္ဌသင်္ကပ္ပေါ၊ အဓိစိတ္တံ နပ္ပဇာနာတိ။** (ပါ - ၁၆၅)

အဖြေ။ ဆ-ခြောက်ပါးကုန်သော။ စေတေ-ဤအတိတ်သို့အစဉ်လိုက်သောစိတ်, အနာဂတ်ကို မျှော်လင့်တောင့်တသောစိတ်, တွန့်ဆုတ်သောစိတ်, အလွန်ကြွတက်သောစိတ်, အလွန်ညွတ်သောစိတ်, ဖဲခွာသောစိတ်တို့သည်။ အာနာပါနဿတိ သမာဓိဿ-၏။ ဥပက္ကိလေသာ-ညစ်ညူးကြောင်းဥပက္ကိလေသတို့တည်း။ ယေဟိ-ယင်းဥပက္ကိလေသတို့ဖြင့်။ ဥပက္ကိလိဋ္ဌသင်္ကပ္ပေါ=ညစ်ညူးသော အကြံအစည်ရှိသော ပုဂ္ဂိုလ်သည်။ အဓိစိတ္တံ-လွန်ကဲထူးမြတ်သောစိတ်ဟုဆိုအပ်သော **သမာဓိကို**။ နပ္ပဇာနာတိ-မျက်မှောက်ကိုယ်တွေ့အားဖြင့် မသိနိုင်။ ဝါ-မရနိုင်။

**၂။** **အောက်ပါ အဋ္ဌကထာပါဌ်ကို သမ္ဗန်နာမ်အစွဲ မလွဲစေမူ၍ အနက်ယောဇနာပါ။ သာ သသမ္ဘာရဇိဝှါယ အတိအဂ္ဂမူလပဿာနိ ဝဇ္ဇေတွာ ဥပရိမတလမဇ္ဈေ ဘိန္နဥပ္ပလဒလဂ္ဂသဏ္ဌာနေ ပဒေသေ ဇိဝှါဝိညာဏာဒီနံ ယထာရဟံ ဝတ္ထုဒွါရဘာဝံ သာဓယမာနာ တိဋ္ဌတိ။** (ဋ္ဌ - ၁-၇၄)

အဖြေ။ သာ+ဇိဝှာ= ထိုဇိဝှာဟူသော လျှာ၏အကြည်ဓာတ်သည်။ သသမ္ဘာရဇိဝှာယ-အဆောက်အဦနှင့်တကွသော ဇိဝှာဟူသော လျှာ၏။ အတိအဂ္ဂမူလပဿာနိ-အလွန်ဖြစ်သော အဖျား, အရင်း, နံဘေးတို့ကို။ ဝဇ္ဇေတွာ-ကြဉ်၍။ ဥပရိမတလမဇ္ဈေ-အထက်အပြင်၏ အလယ်ဖြစ်သော။ ဘိန္နဥပ္ပလ ဒလဂ္ဂသဏ္ဌာနေ-ကွဲနေသောကြာညိုပွင့်ချပ်၏ အဖျားပုံသဏ္ဌာန်ရှိသော။ ပဒေသေ-အရပ်၌။ ဇိဝှာဝိညာဏာ ဒီနံ-ဇိဝှာဝိညာဏ် စသည်တို့အား။ ယထာရဟံ-ထိုက်သည်အားလျော်စွာ။ ဝတ္ထုဒွါရ

http://www.dhammadownload.com



ဘာဝံ-ဝဍ္ဍုဒ္ဓါရအဖြစ်ကို။ သာဓယမာနာ-ပြီးစေလျက်။ တိဋ္ဌတိ-တည်၏။

၃။ ဣဒ္ဓိဝိဓအဘိညာဏ်ရလိုသော ပုဂ္ဂိုလ်များ ပွားများရမည့် တရားများကို ပွားများနည်းနှင့်တကွ ဖေါ်ပြပြီးလျှင်၊ ဣဒ္ဓိဝိဓအဘိ ညာဏ် ရ ပုဂ္ဂိုလ်တို့ ရရှိအပ်သောအကျိုး တရားတို့ကိုလည်း ပြည့်စုံအောင် ဖြေဆိုပါ။

(ပါ - ၁၀၇)

အဖြေ။ **ဣဒ္ဓိဝိဓအဘိညာဏ်ကို ရလိုသော ပုဂ္ဂိုလ်များသည်** ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသဟုဆိုအပ်သော ဣဒ္ဓိပါဒ်တရားများကို ပွားများရသည်။ ဤဣဒ္ဓိပါဒ်လေးပါးတရားတို့၌ စိတ်ကိုထက်ဝန်းကျင်မှထုံစေရသည်။ ဆုံးမရ၏။ စိတ်နူးညံ့အောင် အမှု၌ ကြံ့ခိုင်အောင်ပြုရသည်။ ထိုသို့ပြုပြီးသော် ကိုယ်ကို စိတ်၌ ကောင်းစွာထားရသည်။ စိတ်ကိုလည်း ကိုယ်၌ ကောင်းစွာထား ရသည်။ ကိုယ်အားဖြင့် စိတ်ကိုညွတ်စေရသည်။ စိတ်အားဖြင့် ကိုယ်ကို ညွတ်စေရသည်။ အဓိဋ္ဌာန်ပြုရသည်။ ထိုသို့ပြုပြီးလျှင် သုခသညာ, လဟုသညာကို ကိုယ်၌သက်ဝင်၍ နေရသည်။ ထိုသို့ပွားများအပ်ပြီးသော စင်ကြယ်ဖြူဖွေးသော စိတ်ဖြင့် ဣဒ္ဓိဝိဓအဘိညာဏ် အကျိုးငှာ စိတ်ကိုညွတ်ထားရသည်။

**ဣဒ္ဓိဝိဓအဘိညာဏ်ရပုဂ္ဂိုလ်တို့ ရရှိအပ်သောအကျိုးတရားများ. . .** တစ်ယောက်တည်းဖြစ်၍လည်း များစွာဖြစ်၏။ များစွာဖြစ်၍လည်း တစ်ယောက်တည်းဖြစ်နိုင်၏။ မျက်မှောက် မျက်ကွယ်, နံရံတစ်ဖက်, တံတိုင်းတစ်ဖက်, တောင်တစ်ဖက် အရပ်သို့ မထိ ခိုက်ဘဲ ကောင်းကင်၌သွား ရသကဲ့သို့ သွားနိုင်၏။ ရေ၌ ငုပ်လိုက် ပေါ်လိုက်ပြုနိုင်သကဲ့သို့ မြေကြီး၌ လည်း မကွဲမပေါက်ဘဲသွား နိုင်၏။ ငှက်သည် ကောင်းကင်၌ သွားနိုင်သကဲ့သို့ ကောင်းကင် ၌လည်း တင်ပလ္လင်ခွေဖြင့် သွားနိုင်၏။ တန်ခိုးကြီးသော နေလတို့ကိုလည်း လက်ဖြင့်သုံး သပ်နိုင်။ ၏။ ပြဟ္မာ့ဘုံတိုင်အောင်လည်း ကိုယ်ဖြင့် အလိုသို့ လိုက်စေနိုင်၏။

http://www.dhammadownload.com



**၄။ ချုပ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော "ဝေါသဂ္ဂ"တို့ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပြီးလျှင်၊ ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုရာ၌ သတ္တဝါတို့အပေါ် သိမြင်ပုံ အခြင်းအရာကိုလည်း ပါဠိတော်လာတိုင်း ဖြေဆိုပါ။ (ပါ - ၂၂၁-၂၉)**

အဖြေ။ ချုပ်ခြင်း(နိရောဓ)၏အစွမ်းဖြင့် ကိလေသာတို့ကိုလည်း ကောင်း ခန္ဓာတို့ကိုလည်းကောင်း စွန့်သော ပရိစ္စာဂဝေါသဂ္ဂသည်လည်းကောင်း ချုပ်ရာ နိဗ္ဗာန်ဓာတ်ဖြင့် စိတ်သို့ပြေးဝင်သော ပက္ခန္ဒနဝေါသဂ္ဂ သည်လည်းကောင်း ဖြစ်၏။

ဘုရားရှင်သည် ဗုဒ္ဓစက္ခုဖြင့် သတ္တဝါတို့ကို ကြည့်ရှုရာ၌ နည်းသောကိလေသာမြူမျက်စိရှိသော သတ္တဝါ၊ များသော ကိလေသာမြူမျက်စိရှိသောသတ္တဝါ၊ ဣန္ဒြေထက်သော သတ္တဝါ၊ ဣန္ဒြေနုသောသတ္တဝါ၊ ကောင်းသောအခြင်းအရာရှိသောသတ္တဝါ၊ မကောင်းသောအခြင်းအရာရှိသောသတ္တဝါ၊ သိစေလွယ်သောသတ္တဝါ၊ သိစေခက်သောသတ္တဝါ၊ ပရလောက၏အပြစ်ကို ဘေးအဖြစ်ရှုနေသောအချို့သတ္တဝါ၊ မရှုဘဲနေသောအချို့သတ္တဝါတို့ကို မြင်တော်မူ၏။

**၅။ ရဟန္တာပုဂ္ဂိုလ်၏ ဗလဆယ်တန် အားမာန်တို့တွင် သုံးခုမြောက် အားမာန်ကို ပါဠိတော်လာတိုင်း ဖြေဆိုပြီးလျှင်၊ သေခါသေခဗလ-၌ သမ္မာဉာဏ် အရကို တိကျအောင် ကောက်ပြပါ။**

**(ပါ - ၃၅၅။ ၄ - ၂၊ ၂၂၉)**

အဖြေ။ ရဟန္တာပုဂ္ဂိုလ်အား ဥပဓိဝိဝေကဟုဆိုအပ်သော နိဗ္ဗာန်သို့ ညွတ်သော, ကိုင်းသော, ရှိုင်းသော, ကိလေသာတို့မှကင်းဆိတ်သောစိတ်၊ နိဗ္ဗာန်၌ပျော်မွေ့သောစိတ်၊ အလုံးစုံသော အာသဝေါတရားတို့မှမကပ်ငြိသောစိတ်သည် ဖြစ်၏။ ထိုကဲ့သို့သော စိတ်ဖြစ်ခြင်းသည် ရဟန္တာပုဂ္ဂိုလ်၏ အားအင်ဗလ ဖြစ်၏။

သေခါသေခဗလ၌ သမ္မာဉာဏ-အရကား ပစ္စဝေက္ခဏာဉာဏ် တည်း။ [ထိုပစ္စဝေက္ခဏာဉာဏ်သည် လောကီဖြစ်သော်

http://www.dhammadownload.com



လည်း သေခပုဂ္ဂိုလ်အား ဖြစ်သောကြောင့် **သေခဖလ**ဟူ၍၎င်း၊ အသေခပုဂ္ဂိုလ်အား ဖြစ်သောကြောင့် **အသေခဖလ** ဟူ၍၎င်း၊ ဆို၏။]

**၆။** ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌ "ဓမ္မ" အရကို တိကျအောင် ကောက်ပြပြီးလျှင်၊ ယင်းသတိပဋ္ဌာန် ပွားများအားထုတ်ပုံကို ယောဂီသူတော်စင်တို့ နည်းယူနိုင်လောက်အောင် အစဉ်ကျစွာ ဖြေဆိုပါ။

(ဌ - ၂၊ ၃၁၄) (ပါ - ၄၀၈)

အဖြေ။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌ **ဓမ္မ-အရကား** ကာယ ဝေဒနာ စိတ္တတို့မှ ကြွင်းကျန်ကုန်သော တေဘူမကတရားတို့ကို ရ၏။

**ဓမ္မာနုပဿနာသတိပဋ္ဌာန်ကိုအားထုတ်ပုံ**

ကာယ ဝေဒနာ စိတ္တတို့ကို ကြဉ်၍ ကြွင်းကျန်ကုန်သော တေဘူမကတရားတို့ကို အနိစ္စအားဖြင့် အဖန်ဖန်ရှုရသည်။ နိစ္စအားဖြင့် မရှုရ။ ဒုက္ခအားဖြင့် ရှုရ၏။ သုခအား ဖြင့် မရှုရ။ အနတ္တအားဖြင့်ရှုရသည်။ အတ္တအားဖြင့် မရှုရ။ ငြီးငွေ့ရသည် မနှစ်သက်ရ။ တပ်ခြင်းကင်းရသည်။ မတပ်မက်ရ။ ချုပ်ရသည်။ မဖြစ်စေရ။ စွန့်ရသည်။ မယူရ။

**၇။** ပဉ္စင်္ဂိကော သမာဓိ-၌ ပဉ္စ အရ, ပဉ္စင်္ဂိက အရ တို့ကို ကောက်ပြပြီးလျှင်၊ အရာအားလုံး၏ပျက်စီးမှုကို မရဏ-ဟု ခေါ်နိုင်, မခေါ်နိုင်ကိုလည်း ခွဲခြားဖြေဆိုပါ။ (ဌ - ၁၊ ၁၁၇) (ဌ - ၁၊ ၁၄၂)

အဖြေ။ ပဉ္စင်္ဂိကော သမာဓိ-၌ **ပဉ္စ-အရကား**

ပီတိဖရဏတာ, သုခဖရဏတာ၊ စေတောဖရဏတာ၊ အာလောကဖရဏတာ၊ ပစ္စဝေက္ခဏာနိမိတ် တို့တည်း။

**ပဉ္စင်္ဂိကအရကား** စတုတ္ထဈာန်သမာဓိ တည်း။

အရာအားလုံး၏ ပျက်စီးမှုကို မရဏ-ဟု မခေါ်နိုင်ပါ။ **ဇီဝိတိန္ဒြေနှင့်စပ်သောအရာ၏ပျက်စီးမှုကိုသာလျှင် မရဏခေါ်နိုင်၏။**

http://www.dhammadownload.com



ဇီဝိတိန္ဒြေ နှင့်မစပ်သောအရာ၏ပျက်စီးမှုကား မရဏဟု မခေါ်နိုင်ပါ။

**၈။** **နိရောဓသမာပတ်-ကို သခ်တ, အသခ်တ ဖြစ်သင့်/မဖြစ်သင့် စိစစ်ပြီးလျှင်၊ ယင်း သမာပတ်ကို မည်သို့ခေါ်ဆိုသင့်သည်ကိုလည်း အကြောင်းပြကာ ဖြေဆိုပါ။ (၄ - ၁၊ ၂၉၀)**

အဖြေ။ နိရောဓသမာပတ်ကို သခ်တ ဟူ၍လည်းကောင်း၊ အသခ်တ ဟူ၍လည်းကောင်း(လောကီဟူ၍ငင်း၊ လောကုတ္တရာ ဟူ၍ငင်း၊) မဖြစ်သင့်၊ မဆိုသင့်။ အကြောင်းကား သဘာဝအားဖြင့် မရှိသောကြောင့်တည်း။

သမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ အစွမ်းဖြင့် **သမာပန္နမည်သည်** ဖြစ်နိုင်သောကြောင့် **နိပ္ဖန္နဟူ၍** ဆိုသင့်၏။ **အနိပ္ဖန္နဟူ၍ကား** မဆိုသင့်ပါ။

**၉။** **သေယျပုဂ္ဂိုလ်၏ သေယျမာန် ဖြစ်ပုံကို ပုဂ္ဂိုလ်အလိုက် ခွဲခြားဝေဖန်ပြီးလျှင်၊ ဒသဗလဉာဏ်ကို ဝိတက္ကတိက်ဖြင့် ဝေဖန်ပါ။ (၄ - ၂၊ ၃၀-၂၃၅)**

အဖြေ။ သေယျပုဂ္ဂိုလ်၏ သေယျမာန်ဖြစ်ပုံ

**ရှင်ဘုရင်သည်** "တိုင်းပြည်ဖြင့်သော်လည်းကောင်း၊ ဥစ္စာစနေဖြင့်သော်လည်းကောင်း၊ ယာဉ်ရထားတို့ဖြင့်သော်လည်းကောင်း ဘယ်သူသည် ငါနှင့်တူသောသူသည် ရှိသနည်း" ဟု ဤမာနကို ပြု၏။

**ရဟန်းသည်လည်း** "သီလဓုတင်စသည်တို့ဖြင့် ငါနှင့်တူသောသူသည် အဘယ်သူရှိသနည်း" ဟု ဤမာနကို ပြု၏။

ဒသဗလဉာဏ်ကို ဝိတက္ကတိက်ဖြင့် ဝေဖန်ပုံ

အစဉ်အားဖြင့် ခုနှစ်ပါးသောဒသဗလဉာဏ်တို့သည် သဝိတက္က သဝိစာရ၊ ရှစ်ခုမြောက်, ကိုးခုမြောက်သောဒသဗလ

http://www.dhammadownload.com



ဉာဏ်တို့သည် အဝိတက္ကအဝိစာရ၊ အာသဝက္ခယဉာဏ်သည် ရံဖန်ရံခါ သဝိတက္ကသဝိစာရ၊ ရံဖန်ရံခါ အဝိတက္ကဝိစာရမတ္တ၊ ရံဖန်ရံခါ အဝိတက္ကအဝိစာရ တည်း။

၁၀။ **သီဟနာဒံ နဒတိ-၌ ပမာ, ပမေနှစ်ထွေအလိုက် သီဟ, သီဟနာဒ မည်ပုံကို ပြည့်စုံစွာ ဖြေဆိုပါ။** (၄ - ၂၊ ၂၃၂)

အဖြေ။ ခြင်္သေ့ကို သည်းခံတတ်သောကြောင့်လည်းကောင်း သတ်တတ် သောကြောင့်လည်းကောင်း **သီဟ**-ဟုခေါ်ဆိုအပ်သကဲ့သို့။ ဘုရားရှင်သည် လောကဓံတို့ကို သည်းခံနိုင်သောကြောင့်လည်းကောင်း ပရပ္ပဝါဒတို့ကို ပယ်ဖျက်သတ်တတ်သောကြောင့် လည်းကောင်း **သီဟ**-ဟုခေါ်ဆို၏။

ခြင်္သေ့သည် ခြင်္သေ့အားနှင့်ပြည့်စုံသည်ဖြစ်၍ အလုံးစုံသော အရပ်၌ ရဲရင့်သည် မွေးညင်းထခြင်းကင်းသည်ဖြစ်၍ ရဲရင့်သော ခြင်္သေ့ဟိန်းသံကို မြည်ဟောက်၏သကဲ့သို့ ဘုရားရှင်တည်းဟူသော **သီဟ**သည်လည်း ဘုရားရှင်၏ဗလအစွမ်းတို့နှင့် ပြည့်စုံသည်ဖြစ်၍ ရှစ်ပါးကုန်သော ပရိသာတ်တို့၌ ရဲရင့်သည် မွေးညင်းထခြင်းကင်းသည်ဖြစ်၍ အထူးထူးအပြားပြားသော ဒေသနာတင့်တယ်စံပယ်ခြင်းနှင့်ပြည့်စုံသော မြတ်သော ကျူးရင့်အသံကို ကျူးရင့်တော်မူ၏။ ထို့ကြောင့် **သီဟနာဒ** မည်၏။

* * *

http://www.dhammadownload.com


## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၄-ခုနှစ်၊

၁။ အောက်ဖော်ပြပါ ဂါထာကို သမ္ဗန်ပုဒ်များ ထည့်၍ အနက်ပေးပါ။

ဝိကုမ္ဘပတိ န ကိလိဿတိ၊ ဘာဝနာ န ပရိဟာယတိ။
န စ ဝိကုမ္ဘတေ စိတ္တံ န ကိလိဿတိ၊ န စဝတိ စိတ္တဘာဝနာ။

(ပါ - ၂၉၃)

အဖြေ။ (တိက္ခပညဿ-ပညာထက်သောပုဂ္ဂိုလ်၏။ စိတ္တံ-သည်။) ဝိကုမ္ဘပတိ-ပျံ့လွင့်၏။ နကိလိဿတိ-မညစ်နွမ်း။ ဘာဝနာ-သည်။ နပရိဟာယတိ-မဆုတ်ယုတ်။ (အတိတိက္ခ ပညဿ-အလွန်ပညာထက်သောပုဂ္ဂိုလ်၏။ စိတ္တံ-သည်။ န စ ဝိကုမ္ဘတေ-ပျံ့လည်းမပျံ့လွင့်။ န စ ကိလိဿတိ-ညစ်လည်းမညစ်နွမ်း။ စိတ္တဘာဝနာ-သည်။ န စဝတိ-မရွေ့လျော။

၂။ အောက်ပါ အဋ္ဌကထာပါဌ်ကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

ပရိမဇ္ဇတီတိ သမန္တတော အာဒါသတလံ ဝိယ ပရိမဇ္ဇတိ။ အယံ ပနဿ ဣန္ဒြိ အဘိညာပါဒကဈာနဝသေနေဝ ဣဇ္ဈတိ န တွေဝ ကသိဏသမာပတ္တိ နိယမော။ (ဋ္ဌ - ၁၊ ၃၁၂)

အဖြေ။ ပရိမဇ္ဇတီတိ-ပရိမဇ္ဇတိ-ဟူသည်ကား။ သမန္တတော-ထက်ဝန်းကျင်မှ။ အာဒါသတလံ-ကြေးမုံပြင်ကို။ ပရိမဇ္ဇတိဝိယ-သုံးသပ်၏သကဲ့သို့။ ပရိမဇ္ဇတိ-ထက်ဝန်းကျင်မှသုံးသပ်၏။ အဿ-ထို ရဟန္တာပုဂ္ဂိုလ်၏။ အယံဣဒ္ဓိ-ဤဣဒ္ဓိဝိဓတန်ခိုးသည်။ အဘိညာ ပါဒကဈာနဝသေနေဝ-အဘိညာဉ်ပါဒကစျာန်၏ အစွမ်းဖြင့် သာလျှင်၊ ဣဇ္ဈတိ-ပြီးစီးပြည့်စုံ၏။ တွေ-ဤဣဒ္ဓိဝိဓတန်ခိုး၌၊ ဝါ-ဤဣဒ္ဓိဝိဓအဘိညာဏ်၌။ ကသိဏ သမာပတ္တိနိယမော-ကသိုဏ်းဝင်စားခြင်းနည်းလမ်း သည်။ နတ္ထိ-မရှိ။

http://www.dhammadownload.com



၃။ မဟာဝဂ္ဂဒိဋ္ဌိကထာလာ အဋ္ဌ ဒိဋ္ဌိဋ္ဌာနာနိ-၌"ဒိဋ္ဌိ ဖြစ်ကြောင်း ရှစ်ပါး"ကို ဖြေဆိုပါ။ (ပါ - ၁၃၂)

အဖြေ။ အဋ္ဌဒိဋ္ဌိဋ္ဌာနိ-ဒိဋ္ဌိဖြစ်ကြောင်း ရှစ်ပါး
ခန္ဓာပိ ဒိဋ္ဌိဋ္ဌာနံ၊ အဝိဇ္ဇာပိ ဒိဋ္ဌိဋ္ဌာနံ၊ ဖဿောပိ ဒိဋ္ဌိဋ္ဌာနံ၊ သညာပိ ဒိဋ္ဌိဋ္ဌာနံ၊ ဝိတက္ကောပိ ဒိဋ္ဌိဋ္ဌာနံ၊ အယောနိသောမနသိကာရောပိ ဒိဋ္ဌိဋ္ဌာနံ၊ ပါပမိတ္တောပိ ဒိဋ္ဌိဋ္ဌာနံ၊ ပရတောဃောသောပိ ဒိဋ္ဌိဋ္ဌာနံ။

၄။ အာနာပါနဿတိကထာ သတောကာရိဉာဏနိဒ္ဒေသ၌"ဣဓ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ (လ) သတိံ ဥပဋ္ဌပေတွာ" ၌ ဘိက္ခု အရကိုလည်းကောင်း၊ သုညာဂါရဂတော-၌ သုည အရ, အဂါရ အရကိုလည်းကောင်း ဖြေဆိုခဲ့ပါ။ (ပါ - ၁၇၄)

အဖြေ။ ဘိက္ခု-အရကား ကလျာဏပုထုဇဉ်ရဟန်း၊ သေက္ခရဟန်း၊ ပျက်စီးတုန်လှုပ်ခြင်းမရှိသော အရဟတ္တဖိုလ်တရားရှိသော ရဟန္တာရဟန်းတို့တည်း။
သုညာဂါရဂတော-၌ သုညအရကား-လူတို့ နှင့်လည်းကောင်း ရှင်ရဟန်းတို့နှင့်လည်းကောင်း တစ်စုံတစ်ယောက်သောသူ နှင့် ရောပြွမ်းခြင်း မရှိခြင်းတည်း။
အဂါရ-အရကား- နှစ်ဖက်မိုး ဝိဟာရကျောင်း၊ တစ်ဖက်မိုးအမှုယောဂကျောင်း၊ ပြာသာဒ်ရှည် ခေါ် ပါသာဒ။ ပြာသာဒ်ဦးပြည်းခေါ် ဟမ္မိယ၊ လိုဏ်ခေါင်းခေါ် ဂူဟ တို့တည်း။

၅။ သုဘူတိမထေရ် အရဏဝိဟာရီ၊ ဧတဒဂ္ဂဘွဲ့တံဆိပ်ရာထူးရခြင်း၏ အကြောင်းကိုလည်းကောင်း၊ အခြားဓမ္မကထိကရဟန္တာမထေရ်များ ယင်းဘွဲ့ တံဆိပ်ရာထူး မရခြင်း၏ အကြောင်းကိုလည်းကောင်း ဖြေဆိုခဲ့ပါ။ (ဋ္ဌ - ၁၊ ၃၇)

အဖြေ။ သုဘူတိမထေရ်သည် တရားဟောရာတွင်"ဤအံကျင့်သည်

http://www.dhammadownload.com



မှားယွင်းသောအကျင့်တည်း၊ ဤအကျင့်သည် မှန်ကန်သော, ကောင်းမွန်သောအအကျင့်တည်း" ဟူ၍ တရားဓမ္မအား ဖြင့်သာ လျှင် တရားကို ဟောတော်မူသောကြောင့် အရဏ ဝိဟာရီ ဧတဒဂ်ဘွဲ့ထူးကို ရတော်မူသည်။

**အခြားကုန်သော ဓမ္မကထိက ရဟန္တာတို့သည်** တရားကို ဟောသော်"ကောင်းသော မှန်သောအကျင့်ကို ကျင့်ကုန်သော် ကောင်းစွာကျင့်သောပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။ မှားယွင်းသော အကျင့်ကိုကျင့်ကုန်သော် မှားယွင်းစွာကျင့်သောပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏" ဟူ၍ ပုဂ္ဂိုလ်၏အစွမ်းဖြင့်လည်း ချီးမွမ်းခြင်းကြည် ညိုခြင်းတို့ကို ပြု၍ တရားကို ဟောတော်မူကုန်သောကြောင့် ယင်းဘွဲ့ထူးကို မရကြပါကုန်။

**၆။ နိရောဓေ တဿ နိဿရဏံ-၏ အဓိပ္ပါယ်ကို ရှေးအဋ္ဌကထာဖွင့်နှင့် အညီ ပြည့်စုံစွာ ရေးခဲ့ပါ။ (၅ - ၁၊ ၁၁၄)**

အဖြေ။ နိရောဓေ တဿ နိဿရဏံ-၌ **အရဟတ္တဖိုလ်ကို** နိရောဓ-ဟု အလိုရှိအပ်၏။ မှန်၏။ အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို မြင်လတ် သော် နောက်တစ်ဖန် သင်္ခါရအားလုံးတို့သည် မဖြစ်ကြကုန်" ဟု အရဟတ္တဟုဆိုအပ်သော နိဗ္ဗာန်၏ အကြောင်းပစ္စယဖြစ် သောကြောင့် **နိရောဓ**-ဟုအဋ္ဌကထာဆရာ ဆို၏။

**၇။ ဒိဗ္ဗစက္ခုဉာဏနိဒ္ဒေသ၌ အာလောကသည် မနသိ ကရောတိ-ဝယ် အာလောကအရ ယူရမည့် အာလောကကို အချိန်အခါနှင့်တကွ ပြည့်စုံ စွာဖြေဆိုပါ။ (၅ - ၁၊ ၃၃၄)**

အဖြေ။ အာလောကသည်-၌ **အာလောက**-အရကား

နေ့အခါ၌လည်းကောင်း ညဥ့်အခါ၌လည်းကောင်း နေအလင်း ရောင် လမင်း, ပတ္တမြားအလင်းရောင်ကို အာလောက+အလင်း ရောင်-ဟုနှလုံးသွင်း၏။ | ဤသို့နှလုံးသွင်းခြင်းသည်လည်း အာလောက+အလင်းရောင်ဟူသော သညာကို စိတ်နှလုံး၌

http://www.dhammadownload.com



ဖြစ်စေတတ်သောကြောင့် "အာလောကသည် မနသိကာရောတိ"ဟုဆိုအပ်၏။]

၈။ "သဗ္ဗံ သင်္ခတမသင်္ခတံ အနဝသေသံ ဇာနာတိ" ၌ သဗ္ဗ-သဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်ကိုလည်းကောင်း၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့် သင်္ခတ, အသင်္ခတ တရားတို့ကို သိပုံအခြင်းအရာ အထူးကိုလည်းကောင်း၊ ပညတ်တရားများကို သင်္ခတာသင်္ခတ နှစ်မျိုးတို့တွင် အဘယ်ကြောင့် အဘယ်၌ သွင်းယူရမည်ကိုလည်းကောင်း ဖြေဆိုပါ။ (ဠ - ၂၊ ၃၆)

အဖြေ။ သဗ္ဗံသဒ္ဒါဖြင့် ဇာတိအားဖြင့် အလုံးစုံသောတရားတို့ကို အကြွင်းမဲ့ပိုင်းခြားသိမ်းယူခြင်းဟု သိစေအပ်ပါသည်။

သဗ္ဗညုတဉာဏ်တော်ဖြင့် သင်္ခတတရားကို အနိစ္စ ဒုက္ခ အနတ္တအစရှိသော အခြင်းအရာတို့ဖြင့် အကြွင်းမဲ့ကို သိ၏။

အသင်္ခတတရားကို သုညတ အနိမိတ္တ အပ္ပဏိဟိတ အစရှိကုန်သော အခြင်းအရာတို့ဖြင့် အကြွင်းမဲ့သိ၏။

ပညတ်သည် အကြောင်းတို့သည် မပြုပြင်မစီရင်အပ်သည်၏အဖြစ်ကြောင့် အသင်္ခတ၌ သွင်းယူရသည်။

၉။ ဝေါဒါနဉာဏနိဒ္ဒေသလာ ဒါနူပသဂ္ဂ၊ ဥပဋ္ဌာနေကတ္တ-၌ (က) ဒါနူပသဂ္ဂ-အရ (ခ)ဒါနူပသဂ္ဂုပဋ္ဌာနေကတ္တ-အရတို့ကို ထုတ်ပြခဲ့ပါ။(ဠ - ၂၊ ၇၅)

အဖြေ။ (က) ဒါနူပသဂ္ဂ-အရကား ဒါနဝတ္ထုကို စွန့်ကြဲပေးကမ်းခြင်းစေတနာတည်း။

(ခ) ဒါနူပသဂ္ဂုပဋ္ဌာနေကတ္တ-အရကား စာဂါနုဿတိသမာဓိတည်း။

http://www.dhammadownload.com



၁၀။ မြတ်စွာဘုရားသည် တစ်ပါးသော နတ်လူပရိသတ်တွေ ထင်ရှားရှိပါလျက် တရားဟောခါနီးအခါ၌ အဘယ်ကြောင့် ရဟန်းတော်များကိုသာလျှင် ဦးစားပေး၍ "ဘိက္ခဝေါ" ဟု ခေါ်တော်မူသည်ကို ဖြေဆိုပါ။ (၄၅ - ၂/၁၃၀)

အဖြေ။ အကြီးအကဲ, မြင့်မြတ်, အနီးအနား အမြဲခစားဆည်းကပ်၍ တရားဒေသနာ၏ အိုးခွက်သဖွယ် ဖြစ်သောကြောင့် ရဟန်းတော်များကိုသာလျှင် ဦးစားပေး၍ 'ဘိက္ခဝေါ' ဟုခေါ်တော်မူသည်။

* * *

## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၅-ခုနှစ်၊

၁။ အောက်ပါ ပါဠိတော်လာ ဂါထာကို ဒွိန္နံ၏သရုပ် ဖော်ထုတ်၍ အနက်ပေးခဲ့ပါ။

ဝိမောက္ခစရိယံ ဇာနာတိ၊ နာနတ္တေကတ္တကောဝိဒေါ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။(ပါ - ၆၈)

အဖြေ။ (ယော-အကြင်ပုဂ္ဂိုလ်သည်။) ဝိမောက္ခစရိယံ-ဝိမောက္ခတို့၏ ဖြစ်ခြင်းကို။ ဇာနာတိ, အသမ္မောဟ၏အစွမ်း, ပစ္စဝေက္ခဏာ၏ အစွမ်းအားဖြင့် သိ၏။ သော-ထိုပုဂ္ဂိုလ်သည်။ နာနတ္တေကတ္တကောဝိဒေါ-ဝိမောက္ခတို့၏ ထူးသည်၏အဖြစ်, တူသည်၏ အဖြစ်၌ လိမ္မာသည်။ ဟောတိ-၏။ (သော-ထိုပုဂ္ဂိုလ်သည်) ဒွိန္နံ-ဒဿန, ဘာဝနာအားဖြင့် နှစ်ပါးကုန်သော။ ဉာဏာနံ-ဉာဏ်တို့၌။ ကုသလတာ+ကုသလတာယ=လိမ္မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု-အထူးထူးသောအယူဝါဒတို့၌။ ဝါ-တို့ကြောင့်။ နကမ္ပတိ-မတုန်မလှုပ်။

http://www.dhammadownload.com



၂။ အောက်ပါ အဋ္ဌကထာလာ ဂါထာကို အနက်ပေးခဲ့ပါ။
နိမိတ္တေ ဌပယံ စိတ္တံ၊ နာနာကာရံ ဝိဘာဝယံ။
ဓီရော အဿာသပဿာသေ၊ သကံ စိတ္တံ နိဗန္ဓတိ။ (ဋ - ၁၊ ၂၉)

အဖြေ။ နိမိတ္တေ-ပဋိဘာဂနိမိတ်၌။ စိတ္တံ-ဘာဝနာစိတ်ကို။ ဌပယံ-ထားသော။ ဓီရော-ပညာရှိသည်။ အဿာသပဿာသေ-ဝင်သက်ထွက်သက်၌။ နာနာကာရံ-ဒီဃရဿဟူသော အမျိုးမျိုးသောအခြင်းအရာကို။ ဝိဘာဝယံ+ဝိဘာဝယန္တော-ထင်ရှားစေလျက်။ ဝါ-အထူးပွားစေလျက်။ သကံ-မိမိဥစ္စာဖြစ်သော။ စိတ္တံ-ဘာဝနာစိတ်ကို။ နိဗန္ဓတိ-အပ္ပနာပေါ်လာအောင်ဖွဲ့ထား၏။

၃။ ပုထုဇဉ်ပုဂ္ဂိုလ်နှင့်ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင် ခြင်းသည် အဘယ်သို့တူညီပါသနည်း။(ပါ - ၆၀)

အဖြေ။ ပုထုဇဉ်ပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာကို အလွန်နှစ်သက်ခြင်းကြောင့် စိတ်သည် ညစ်ညူး၏။ ဘာဝနာ၏ဆန့်ကျင်ဘက်အနှောင့်အယှက်ဖြစ်၏။ ပဋိဝေဓ၏ အန္တရာယ်ဖြစ်၏။ နောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းအထောက်အပံ့ ဖြစ်၏။
သေက္ခပုဂ္ဂိုလ်အားလည်း သင်္ခါရုပေက္ခာကို အလွန်နှစ်သက်သောကြောင့် စိတ်သည် ညစ်ညူး၏။ ဘာဝနာ၏အနှောက်အယှက်ရန်သူ ဖြစ်၏။ အထက်မဂ်ကို ထိုးထွင်းသိခြင်း၏ အန္တရာယ်သည် ဖြစ်၏။ နောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းအထောက်အပံ့ ဖြစ်၏။ ပုထုဇဉ်ပုဂ္ဂိုလ်နှင့် ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည်ဤသို့ တူညီပါသည်။

၄။ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်တို့အား အဘယ်သို့ သင်္ခါရတို့သည် ထင်ကုန်၍၊ "အဘယ်တရားများသောစိတ် ဖြစ်ပါသနည်း" အသီးသီးခွဲခြား ဖြေဆိုခဲ့ပါ။ (ပါ - ၂၄၄-၅)

http://www.dhammadownload.com



အဖြေ။ အနိစ္စအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား **ပျက်ခြင်း+ခယအား** ဖြင့် သခ်ါရတို့သည် ထင်ကုန်၏။ ဒုက္ခအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား **ဘေးဘယအားဖြင့်** သခ်ါရတို့သည် ထင်ကုန်၏။ အနတ္တအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား **အတ္တဆိတ်သုဉ်း ခြင်းသုညအားဖြင့်** သခ်ါရတို့သည် ထင်ကုန်၏။

အနိစ္စအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား **ဆုံးဖြတ်ခြင်း အဓိမောက္ခများသောစိတ်သည်** ဖြစ်၏။ ဒုက္ခအားဖြင့် နှလုံး သွင်းသော ပုဂ္ဂိုလ်အား **အေးငြိမ်းခြင်းပဿဒ္ဓိများသော စိတ်သည်** ဖြစ်၏။ အနတ္တအား ဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား **အသိဉာဏ်များသောစိတ်သည်** ဖြစ်၏။

၅။ ဝိဝဋ္ဋာနုပဿနာဟူသည် အဘယ်ဉာဏ်ဖြစ်သည်ဟု ပြဆို၍၊ ဤဉာဏကထာ၌ အနုလောမဉာဏ်ကို သီးခြား ဟော/မဟော အကြောင်းနှော၍ ဖြေပြခဲ့ပါ။ (၄ - ၁၊ ၉၇)

အဖြေ။ အနုလောမဉာဏ်၏ အစွမ်းဖြင့် ဖြစ်သောဂေါတြဘုဉာဏ်သည် **ဝိဝဋ္ဋနာနုပဿနာ** မည်၏။

အနုလောမဉာဏ်ဖြင့် ဂေါတြဘုဉာဏ်၏ ပြီးစီးသောကြောင့် ဂေါတြဘုဉာဏ်ကို ဟောအပ်သော် အနုလောမဉာဏ်ကို ဟောအပ်ပြီးသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ဉာဏကထာ၌ အနုလောမဉာဏ်ကို သီးခြားမဟော။

၆။ ပျက်စီးခြင်း(ဗျသန)တရား ၅-ပါးတို့ကို နိပ္ပန္န, အနိပ္ပန္န အားဖြင့် လည်းကောင်း၊ ကုသိုလ်, အကုသိုလ်အားဖြင့်လည်းကောင်း ခွဲခြား ပြခဲ့ပါ။ (၄ - ၁၊ ၁၄၇)

အဖြေ။ ဉာတိဗျသန, ဘောဂဗျသန နှစ်ပါးတို့သည် **အနိပ္ပန္န**။ နောက် ရောဂဗျသန, သီလဗျသန, ဒိဋ္ဌိဗျသန သုံးပါးတို့သည် **နိပ္ပန္န** တည်း။

http://www.dhammadownload.com



ဉာတိ, ဘောဂ, ရောဂ ဗျသနသုံးပါးတို့သည် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်။ သီလဗျသန, ဒိဋ္ဌိဗျသန နှစ်ပါးသည် အကုသိုလ်တည်း။

၇။ ဩက္ကန္တိကာပီတိ၏ အဓိပ္ပါယ်ကို ရေး၍၊ ပီတိ ၅-မျိုးတို့တွင် အဘယ်သမာဓိနှင့်ယှဉ်သော အဘယ်ပီတိကို ဝိဝေကဇံ ပီတိသုခံ-၌ ပီတိ-အရ ယူအပ်ပါသနည်း။ (၄ -၁၊ ၁၆၉-၁၇၀)

အဖြေ။ သမုဒ္ဒရာကမ်းကို ရိုက်ခတ်သောလှိုင်းတံပိုးကဲ့သို့ ကိုယ်ကာယ သက်၍သက်၍ ပျက်သွားသောပီတိသည် ဩက္ကန္တိကာပီတိ မည်၏။

အပ္ပနာသမာဓိ၏ မူလအရင်းအမြစ်ဖြစ်၍ တိုးပွားလာသော အပ္ပနာသမာဓိနှင့်ယှဉ်သော ဖရဏာပီတိကို ဝိဝေကဇံပီတိ သုခံ-၌ ပီတိ-အရ ယူအပ်ပါသည်။

၈။ သဠာယတနပစ္စယ ... (see note)

၈။ သင်္ခါရုပေက္ခာကို နှစ်သက်သော ပုထုဇဉ်ပုဂ္ဂိုလ်သည် ကာမသုဂတိဘုံ၌ ဖြစ်လျှင် အဘယ့်ကြောင့် အဘယ်သည် ဇနကအကြောင်း, အဘယ်သည် ဥပတ္ထမ္ဘကအကြောင်း ဖြစ်ပါသနည်း။ (၄ - ၁၊ ၂၅၀)

အဖြေ။ လောဘကိလေသာအဖော်သဟဲဖြစ်သောကံသည် အကျိုးဝိပါက်ကိုဖြစ်စေသောကြောင့် ကံသည် ဇနကအကြောင်းဖြစ်၍ ကိလေသာသည် ဥပတ္ထမ္ဘက အကြောင်း ဖြစ်ပါသည်။

၉။ သောတာပန် ၃-မျိုးကို ဉာဏအားဖြင့်လည်းကောင်း၊ ဘဝအားဖြင့်လည်းကောင်း သတ်မှတ်ပြ၍၊ ယင်းသောတာပန် ၃-မျိုးကို အဘယ်ဘုံ၏ အစွမ်းဖြင့် ဟောသည်ကိုလည်း အကြောင်းနှင့်တကွ ရေးခဲ့ပါ။ (၄ - ၂၊ ၆၇)

အဖြေ။ မုဒုပညာ သောတာပန်သည် ခုနစ်ဘဝ ဖြစ်ရသောကြောင့် သတ္တက္ခတ္တုပရမ မည်၏။

မဇ္ဈိမပညာ သောတာပန်သည် ခြောက်ဘဝ ဖြစ်ရသောကြောင့်

http://www.dhammadownload.com



**ကောလံကောလ** မည်၏။

**တိက္ခပညာ** သောတာပန်သည် **တစ်ဘဝ** ဖြစ်ရသောကြောင့် **ဧကဗီဇီ** မည်၏။

ယင်းသောတာပန် ၃-မျိုးကို **ကာမဘုံ၏ အစွမ်းဖြင့်** ဟောတော်မူပါသည်။ ရူပအရူပဘုံ၌ကား များစွာကုန်သောပဋိသန္ဓေကို ယူနိုင်သောကြောင့်တည်း။

**၁၀။** **တန်ခိုးရှင်၏ (က) ပါဒကစျာန်စိတ်ကို ကိုယ်ပေါ်သို့တင်၍ သွားခြင်းနှင့် (ခ) ကိုယ်ကို ပါဒကစျာန်စိတ်ပေါ်သို့တင်၍ သွားခြင်းတို့၏ ခြားနားချက်ကို ရေး၍၊ ရှင်ဗာကုလလောင်းလျာသည် ငါး၏ဝမ်း၌ ကိန်း၍ နေရပါလျက် ရောဂါမရ မသေရခြင်းသည် "အဘယ်တန်ခိုးဣဒ္ဓိပါနည်း" အကြောင်းပြ ဖြေခဲ့ပါ။** (၄ - ၂၊ ၂၇၃-၄၊ ၂၈၀)

အဖြေ။ (က) ပါဒကစျာန်စိတ်ကို ကိုယ်ပေါ်သို့တင်၍ သွားခြင်းသည် ဖြည်းဖြည်းသွားရ၏။ အသွားနှေး၏။

(ခ) ကိုယ်ကို ပါဒကစျာန်စိတ်အပေါ်သို့တင်၍ သွားခြင်းသည် မြန်မြန်သွားနိုင်၏။ အသွားမြန်၏။

ပစ္ဆိမဘဝိက ဖြစ်သော **အရှင်ဗာကုလ၏ထိုအတ္တဘော**ဖြင့် ရသင့်ရထိုက်သော အရဟတ္တမဂ်+ဖိုလ်ဉာဏ်၏ အာနုဘော်ဖြင့် ဖြစ်သောကြောင့် **ဉာဏဝိပ္ဖါရာ တန်ခိုးဣဒ္ဓိပါဒ်** ဖြစ်သည်။

✱ ✱ ✱

http://www.dhammadownload.com



## ပဋ္ဌသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၆-ခုနှစ်၊

၁။ အောက်ပါ ဂါထာကို သဗ္ဗနာမ်ပုဒ်တို့၏ အစွဲ မလွဲစေဘဲ အနက်ယောဇနာခဲ့ပါ။

ဘဝဥ္စ ဒိဋ္ဌိံ ဝိဘဝဥ္စ ဒိဋ္ဌိံ၊ ဧတံ ဒွယံ တက္ကိကာ နိဿိတာသေ။
တေသံ နိရောဓမှိ န ဟ'တ္ထိ ဉာဏံ၊ ယတ္ထာယံ လောကော ဝိပရီတသညီ။
(ပါ - ၁၅၉)

အဖြေ။ တက္ကိကာ-ကြံဆ၍ ပြောဟောသောပုဂ္ဂိုလ်တို့သည်။ ဘဝဥ္စဒိဋ္ဌိံ-ဘဝဒိဋ္ဌိ, သဿတဒိဋ္ဌိကိုလည်းကောင်း။ ဝိဘဥ္စဒိဋ္ဌိံ-ဝိဘဝဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိကိုလည်းကောင်း။ **ဧတံဒွယံ-ဤဒိဋ္ဌိနှစ်ပါးကို။** နိဿိတာ-မှီကုန်၏။ ကသ္မာ-အဘယ်ကြောင့်နည်းဟူမူကား။ အယံ လောကော-ဤသတ္တဝါအပေါင်းသည်။ **ယတ္ထ-အကြင်ချမ်းသာအစစ်ဖြစ်သောနိရောဓ၌။** ဝိပရီတသညီ-ဆင်းရဲဟုဖောက်ပြန်မှားယွင်းသော အမှတ်သညာရှိ၏။ **တသ္မိံနိရောဓမှိ-ထိုချမ်းသာအစစ်ဖြစ်သော သက္ကာယ၏ချုပ်ရာနိဗ္ဗာန်၌။ တေသံ-ထိုကြံဆ၍ ပြောဟောသောပုဂ္ဂိုလ်တို့၏။** ဝ-အား။ ဉာဏံ-သိမြင်မှု, ဉာဏ်ပညာသည်။ ဟိယသ္မာ-အကြင်ကြောင့်။ နတ္ထိ-မရှိ။ တသ္မာ-ထို့ကြောင့်။ ဧတံဒွယံ-ဤဒိဋ္ဌိနှစ်ပါးကို။ နိဿိတာ-မှီကုန်၏။

၂။ **အောက်ပါ အဋ္ဌကထာပါဌ်ကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။**

**ယံ ပန ဇာတဿ တရုဏဝဏ္ဏသဒိသဿ သုကုမာရသရီရဿ ဟတ္ထဂဟဏနှာပန ဓောဝနစောဠပရိမဇ္ဇနာဒိကာလေ သူစိမုခခုရဓာရာ ဝိဇ္ဈနဖာလနသဒိသံ ဒုက္ခမုပ္ပဇ္ဇတိ၊ ဣဒံ မာတုကုစ္ဆိတော ဗဟိ နိက္ခမနမူလကံ ဒုက္ခံ။** (၄ - ၁၊ ၁၃၄)

အဖြေ။ ဇာတဿ-ဖြစ်ပေါ်သော။ တရုဏဝဏသဒိသဿ-နုသောအိုင်အမာနှင့်တူသော။ သုကုမာရသရီရဿ-နူးညံ့သိမ်မွေ့သော သူငယ်ကိုယ်၏။ ဟတ္ထဂဟဏနှာပန ဓောဝနစောဠပရိမဇ္ဇနာဒိ

http://www.dhammadownload.com



ကာလေ-လက်ဖြင့်ကိုင်တွယ်ခြင်း ရေချိုးပေးခြင်း ဆေးကြောခြင်း အဝတ်ဖြင့်သုံးသပ်ခြင်းအစရှိသောအခါ ကာလ၌။ သုစိမုခ ခုရဓာရာဝိဖ္လနဖာလနသဒိသံ-အပ်ဖျား, သင်ဓုန်းသွားတို့ဖြင့် ထိုးဆွခြင်း ခွဲခြင်းနှင့်တူသော။ ယံဒုက္ခံ-အကြင်ဆင်းရဲဒုက္ခသည်။ ဥပ္ပဇ္ဇတိ- ဖြစ်၏။ က္ကဒံ-ဤဆင်းရဲဒုက္ခသည်။ မာတုကုစ္ဆိတော-အမိဝမ်းမှ။ ဗဟိနိက္ခမနမူလကံ-ပြင်ပသို့ထွက်လာခြင်းအကြောင်းရင်းရှိသော။ ဒုက္ခံ-ဆင်းရဲဒုက္ခတည်း။

**၃။ စိတ်၌ဖြစ်သော ချမ်းသာဟူသည် အဘယ်နည်း ဟူသော အမေး၏ အဖြေကို ရေး၍၊ အဘယ်သို့လျှင် (က) သမောဓာနဋ္ဌ၊ (ခ) အဓိဂမနဋ္ဌ၊ (ဂ) ပဋိလာဘဋ္ဌ၊ (ဃ)ပဋိဝေဓဋ္ဌ၊ (င) သစ္ဆိကိရိယဋ္ဌ၊ (စ) ဖဿနဋ္ဌ၊ (ဆ) အဘိသမယဋ္ဌ အားဖြင့် သုံးပါးသော ဝိမောက္ခတို့သည် တစ်ခုတည်းသော ခဏ၌ ဖြစ်ကုန်သနည်း?အနိစ္စအားဖြင့်နှလုံးသွင်း သော ပုဂ္ဂိုလ် အတွက်သာ ဖြေဆိုခဲ့ပါ။ (ပါ- ၂၆၁-၅၈၆)**

အဖြေ။ စိတ်၌ဖြစ်သောချမ်းသာဟူသည်-

စိတ်၌ဖြစ်သောသာယာဖွယ်, စိတ်၌ဖြစ်သောချမ်းသာသုခသည်ရင်း, စိတ်၏အတွေ့အထိကြောင့်ဖြစ်သော ခံစားအပ်သော သာယာဖွယ်ချမ်းသာသုခသည်ရင်း, စိတ်၏အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ချမ်းသာသုခဝေဒနာသည်ရင်း, စိတ်၌ဖြစ်သောချမ်းသာသုခ တည်း။

**အနိစ္စအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည်** နိစ္စနိမိတ်မှ လွတ်မြောက်သောကြောင့် **အနိမိတ္တဝိမောက္ခ** ဖြစ်၏။ အကြင်နိစ္စနိမိတ်မှ လွတ်၏။ ထိုနိစ္စနိမိတ်၌ တောင့်တမှု မပြုသောကြောင့် **အပ္ပဏိဟိတဝိမောက္ခ** ဖြစ်၏။ အကြင်နိစ္စနိမိတ်၌ မတောင့်တ၊ ထို နိစ္စနိမိတ်မှ ဆိတ်သုဉ်းသောကြောင့် **သုညတဝိမောက္ခ** ဖြစ်၏။ အကြင်နိစ္စနိမိတ်မှ ဆိတ်သုဉ်း၏။ ထိုနိစ္စနိမိတ်မှ နိမိတ်ကင်း သောကြောင့် **အနိမိတ္တဝိမောက္ခ** ဖြစ်၏။ ဤသို့

http://www.dhammadownload.com



သမောဓာနင္မ။ ပ။ အဘိသမယဋ္ဌအားဖြင့် သုံးပါးကုန်သော ဝိမောက္ခတို့သည် တစ်ခုတည်းသောခဏ၌ ဖြစ်ကုန်၏။

၄။ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေနှင့် စပ်သော (က)အကြည်၊ (ခ) အနောက်၊ (ဂ) သောက်ဖွယ် တို့ကို အသီးအသီး ရေးသားဖော်ပြ၍၊ အဘယ်သည် ကံ၏အကျိုးကြောင့် ဖြစ်သော တန်ခိုး ဖြစ်ပါသနည်း?(ပါ-၂၇၈၊ ၃၉၁)

အဖြေ။ သဒ္ဓိန္ဒြေနှင့်စပ်သော (က) ဆုံးဖြတ်ခြင်း အဓိမောက္ခ အကြည်။ (ခ) သဒ္ဓါကင်းမဲ့ခြင်း-အနောက်။ (ဂ) သဒ္ဓါမဲ့သော အဖတ်အနောက်ကိုစွန့်၍ သဒ္ဓိန္ဒြေ၏ဆုံးဖြတ်ခြင်း+အဓိမောက္ခအကြည်ကို သောက်ခြင်းသည် မဏ္ဍပေယျ။

ဝီရိယိ န္ဒြေနှင့်စပ်သော (က) ချီးမြှောက်ခြင်းပဂ္ဂဟအကြည်။ (ခ) ပျင်းရိခြင်းကောသဇ္ဇ-အနောက် အဖတ်၊ (ဂ) ထိုပျင်းရိခြင်း ကောသဇ္ဇကိုစွန့်၍ စွန့်၍ ဝီရိယိန္ဒြေ၏ချီးမြှောက်ခြင်း ပဂ္ဂဟမဏ္ဍကို သောက်ခြင်းသည် မဏ္ဍပေယျ တည်း။

အလုံးစုံကုန်သော ငှက်တို့အားလည်းကောင်း အလုံးစုံကုန် သောနတ်တို့အားလည်းကောင်း အချို့ကုန်သောလူတို့အား လည်းကောင်း အချို့ကုန်သော ဝိနိပါတိကတို့အားလည်း ကောင်း ဖြစ်သောတန်ခိုးသည် **ကမ္မဝိပါကဇာ** ဣဒ္ဓိ-မည်၏။

၅။ (က) ဆင်းရဲဒုက္ခကို သာယာခြင်း၊ (ခ) အိုမှု, သေမှုတို့၌ လိုလားခြင်း ရှိ/မရှိ အကြောင်းညီ ဖြေ၍၊ (ဂ) နိဗ္ဗိဒါနုပဿနာ ဖြစ်ပေါ်လာခြင်း အကြောင်းနှင့် (ဃ) ရာဂ၏ ဆန့်ကျင်ဘက် အနုပဿနာကိုလည်း ဖော်ပြခဲ့ပါ။ (၅-၁၊ ၈၆)

အဖြေ။ (က) ဆင်းရဲဒုက္ခကိုသာယာခြင်း၊ (ခ) အိုမှု သေမှုတို့၌ လိုလား ခြင်းသည်ရှိသည်။ **အကြောင်းကား** ကိုယ်၌ ဆန္ဒရာဂ တည်ရှိနေသော ကြောင့် ထိုဆန္ဒရာဂဖြင့်ပင် ဒုက္ခ ကိုရင်း အိုမှု သေမှုတို့၌ ရင်း သာယာမှု လိုလားမှု ပြု၏။

http://www.dhammadownload.com



(ဂ) အနိစ္စ, ဒုက္ခ, အနတ္တ အနုပဿနာသုံးပါးတို့ ထက်ဝန်းကျင် ပြည့်စုံသည်၏အဖြစ်ကြောင့် **နိဗ္ဗိဒါနုပဿနာ** ဖြစ်ပေါ်လာသည်။ (ဃ) ဝိရာဂါနုပဿနာ တည်း။

**၆။** **အနိစ္စာနုပဿနာ ဖြစ်သော ပုဂ္ဂိုလ်၌ ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာတို့ ဖြစ်/မဖြစ် အကြောင်းလှစ် ဖြေ၍၊ နိရောဓသမာပတ်ဝင်စားခြင်း အကြောင်းကို ဖော်ပြပြီးလျှင်၊ နိရောဓသမာပန္နပုဂ္ဂိုလ်နှင့် သေသူတို့၏ ခြားနားချက်ကိုလည်း ရေးခဲ့ပါ။** (၅-၁၊ ၂၄၀-၂၈၇)

အဖြေ။ ' အနိစ္စာနုပဿနာဖြစ်သောပုဂ္ဂိုလ်၌ ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာတို့သည်လည်း ဖြစ်၏။ အကြောင်းကား- မမြဲခြင်း အနိစ္စသည် ဒုက္ခဆင်းရဲဖြစ်သောကြောင့်ငင်း၊ ဆင်းရဲဒုက္ခသည် အစိုးမရ အနတ္တဖြစ်သောကြောင့်လည်းကောင်း အနိစ္စကိုမြင်လျှင်, ဒုက္ခကိုမြင်၏၊ ဒုက္ခကိုမြင်လျှင် အနတ္တကိုလည်း မြင်၏။ ထို့ကြောင့်တည်း။

သင်္ခါရတို့၏ ဖြစ်ခြင်းပျက်ခြင်း၌ ငြီးငွေ့၍ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ စိတ်မရှိကုန်သည်ဖြစ်၍ "အေးငြိမ်းသော နိဗ္ဗာန်သို့ရောက်၍ ချမ်းသာစွာ နေလတံ့" ဟု နှလုံးသွင်း၍ နိရောဓသမာပတ်ကို ဝင်စားကြကုန်၏။

**သေသောသူသည်** ကာယ, ဝစီ, စိတ္တ ဟူသောသင်္ခါရသုံးပါးတို့ ငြိမ်းကုန်၏။ အသက်ကုန်ဆုံး၏ ကမ္မဇတေဇောဟူသော ကိုယ်ငွေ့တို့သည် ငြိမ်းကုန်၏။ စက္ခုစသောဣန္ဒြေတို့သည် ပျက်စီးကုန်၏။

**နိရောဓသမာပတ်ဝင်စားသူသည်** ကာယစသောသင်္ခါရသုံးပါးတို့သည် ငြိမ်းကုန်၏။ အသက်ဇီဝိတသည် မကုန်ဆုံး၊ ကမ္မဇတေဇောဟူသောကိုယ်ငွေ့တို့သည် မငြိမ်းကုန်။ စက္ခုစသော ဣန္ဒြေတို့သည် မပျက်စီးကြကုန်။

http://www.dhammadownload.com



၇။ ပဝတ္တံ ပရိယာဒိယတိ-၌ ပဝတ္တအပြားကို ဖော်ပြလျက်၊ အဘယ် ပဝတ္တတို့ကို အဘယ်တို့၌ အဘယ်၏အစွမ်းဖြင့် ကုန်ခမ်းစေသနည်း? ဖြေဆိုပြီးလျှင်၊ "ကာယမ္ပိ စိတ္တေ သမောဒဟတိ၊ စိတ္တမ္ပိ ကာယေ သမောဒဟတိ" တို့၌ ကာယ, စိတ္တတို့အရကို ဖော်ပြကာ၊ အဘယ်အကျိုးငှာ ထိုသို့ ထားရ, ပြုလုပ်ရသနည်း? ဖြေဆိုခဲ့ပါ။ (၄-၁၊ ၂၉၁-၃၀၆)

အဖြေ။ (ဂဏ္ဌိမှာကြည့်ရန်) ပဝတ္တအပြားကား-ပရိယုဋ္ဌာနပဝတ္တ၊ အနုသယပဝတ္တ။

ပရိယာဒိယတီတိ ဥပစာရပ္ပနာဝသေန ဝုတ္တေသု ဝိက္ခမ္ဘနဝသေန, ဝိပဿနာဝသေန ဝုတ္တေသု တဒင်္ဂဝသေန, မဂ္ဂဝသေန ဝုတ္တေသု သမုစ္ဆေဒဝသေန, ခေပေတိ အပ္ပဝတ္တံ, ကရောတိ။

ကာယမ္ပိ စိတ္တေ သမောဒဟတီတိ အတ္တနော ကရဇကာယမ္ပိ ပါဒကဈာနစိတ္တေ သမောဒဟတိ၊ ပဝေသေတိ အာရောပေတိ၊ ကာယံ စိတ္တာနုဂတိကံ ကရောတီတိအတ္ထော။ **ဧဝံ ကရဏံ အဒိဿမာနေန ကာယေန ဂမနဿ ဥပကာရာယ ဟောတိ။**

စိတ္တမ္ပိ ကာယေ သမောဒဟတီတိ **ပါဒကဈာနစိတ္တံ အတ္တနော ကရဇကာယေ** သမောဒဟတိ အာရောပေတိ၊ စိတ္တမ္ပိ ကာယာနုဂတိကံ ကရောတီတိ အတ္ထော။ **ဧဝံ ကရဏံ ဒိဿမာနေန ကာယေန ဂမနဿ ဥပကာရာယ** ဟောတိ။

၈။ အဘယ်သည် (က) ဒိဋ္ဌိသဟဂတကာယကံ (ခ) ဒိဋ္ဌာနုလောမိကကာယကံ မည်သည်ကို ဖော်ပြ၍၊ တစ်ပါးတည်းသာ ဖြစ်သော စိတ်ကို အဘယ်ကြောင့် ဝိညာဏက္ခန္ဓာဟု ဆိုပါသနည်း? (၄-၂၊ ၄၈-၁၁၈)

အဖြေ။ (က) "သက်ရှိသတ္တဝါကို သတ်သောသူအားလည်းကောင်း သူတစ်ပါးဥစ္စာကို ခိုးယူသောသူအားလည်းကောင်း ကာမဂုဏ်၌မှားယွင်းစွာ ကျင့်သောသူအားလည်းကောင်း ထိုအကြောင်းတို့ကြောင့် မကောင်းမှုသည် မရှိ၊ မကောင်းမှု၏အကျိုးသည်လည်း မရှိ" ဟူသော ဤအယူအဆ ဤအတွေး

http://www.dhammadownload.com



အခေါ်အမြင်နှင့်တကွ ဖြစ်သော ကာယကံသည် **ဒိဋ္ဌိသဟဂုတကာယကံ** မည်၏။

(ခ) အထက်မှာ ဖော်ပြခဲ့သော အယူအဆအတွေးအခေါ် အမြင်ကိုပင် ဆောက်တည်ခြင်း ခံယူခြင်း သုံးသပ်ခြင်းသည် **ဒိဋ္ဌာနုလောမိကကာယကံ** မည်၏။

သစ်ပင်၏တစ်စိတ် တစ်ပိုင်းကိုဖြတ်သော် သစ်ပင်ကို ဖြတ်၏ဟုဆိုသကဲ့သို့ ဝိညာဏက္ခန္ဓာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော တစ်ခုတည်းသောဝိညာဏ်ကိုလည်း ရုဋ္ဌီအားဖြင့် "ဝိညာဏက္ခန္ဓာ"ဟုဆို၏။ ထို့ကြောင့် တစ်ပါးတည်းသော စိတ်ကို ဝိညာဏက္ခန္ဓာ-ဟုဆို သည်။

**၉။** **က္ခန္ဓာငါးပါးတို့တွင် သဒ္ဒိန္ဒြေ၏ ရှေ့သွားခေါင်းဆောင်ဖြစ်ပုံကို ဥပမာသွင်း၍ ရှင်းလင်းဖြေဆိုပြီးလျှင်၊ သံဝေဂဝတ္ထုရှစ်ပါးသရုပ်ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။** (၄-၂၊ ၁၃၇-၈)

အဖြေ။ သဒ္ဓါစသောက္ခန္ဒြေငါးပါးတို့သည် တစ်ခုတည်းသောအာရုံ၌ ဖြစ်ကုန်သော်လည်း သူဌေးသားလေးယောက်၊ ရှင်ဘုရင်တစ်ယောက် ပေါင်းမိတ်ဆွေငါးယောက်တို့သည် ပထမသူဌေးသား အိမ်၌ ငါးယောက်စလုံးရောက်ကြကုန်သော် အိမ်ရှင်ပထမသူဌေးသားကသာ အိမ်ရှင်သခင်ဖြစ်၍ အိမ်မှုကိစ္စကို စီရင်ရသည်၊ ကျန်လေးယောက်တို့က ငြိမ်သက်စွာ နေရကုန်၏ သကဲ့သို့ ထို့အတူ သောတာပတ္တိအင်္ဂါတို့သို့ ရောက်၍ အဓိမောက္ခလက္ခဏာရှိသော သဒ္ဓိန္ဒြေသည်သာ အကြီးအကဲ ရှေ့သွားဖြစ်၏။ ကျန်က္ခန္ဒြေတို့သည် နောက်လိုက်ဖြစ်ကုန်၏။

သံဝေဂဝတ္ထု ၈-ပါး သရုပ်

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ၄-ပါး။

အပါယဒုက္ခ၊ အတီတေ ဝဋ္ဋမူလကဒုက္ခ၊

အနာဂတေ ဝဋ္ဋမူလကဒုက္ခ၊

ပစ္စုပ္ပန္နေ အာဟာရပရိယေသနမူလကဒုက္ခ ၄-ပါး။

http://www.dhammadownload.com



၁၀။ ပစ္စဝေက္ခဏာဉာဏ်တို့တွင် အဘယ်ဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်သည်ကို ရှင်းပြ၍၊ (က) ယောနိသောမနသိကာရ (ခ) ဓမ္မာနုဓမ္မပဋိပတ္တိတို့၏ အဓိပ္ပါယ်ကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

(ဠ-၂၊ ၂၄၈-၂၃၈)

အဖြေ။ ထိုအတ္ထပဋိသမ္ဘိဒါဖြစ်သော မဂ်ဖိုလ်ဉာဏ်၏ ပစ္စဝေက္ခဏာဉာဏ်သည် "ဉာဏေသု ဉာဏံ ပဋိဘာနပဋိသမ္ဘိဒါ" ဟုဆိုသောကြောင့် **ပဋိဘာနပဋိသမ္ဘိဒါ** ဖြစ်၏။

(က) ကြားအပ်ကုန်သော တရားတို့၏ အနက်အဓိပ္ပါယ်ကို စူးစိုက်စွာ ဆင်ခြင်သည်၏အစွမ်းဖြင့် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းသည် **ယောနိသောမနသိကာရ** မည်၏။

(ခ) လောကုတ္တရာတရားတို့ကို အစဉ်လိုက်၍ဖြစ်သောသီလ အစရှိသောအကျင့်တရားအား ကျင့်ခြင်းသည် **ဓမ္မာနုဓမ္မပဋိပတ္တိ** မည်၏။

❀ ❀ ❀

## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၅၇-ခုနှစ်၊

၁။ ယထာ ကထံ ဝိယ၊ သေယျထာပိ တရုဏော ရုက္ခော အဇာတဖလော၊ တမေနံ ပုရိသော မူလံ ဆိန္ဒေယျ၊ ယေ တဿ ရုက္ခဿ အဇာတဖလာ၊ တေ အဇာတာယေဝ န ဇာယန္တိ-ဟူသော ပါဠိကို တရုဏ၏ ဒိပနတ္ထ, အဇာတဖလော-၏ အဓိပ္ပါယတ္ထ ပေါ်အောင် အနက်ပေးပါ။

အဖြေ။ ယထာ ကထံ ဝိယ-အဘယ်ကဲ့သို့ရှိသနည်းဟူမူကား။ သေယျထာပိ-ဥပမာမည်သည်ကား။ **အဇာတဖလော-အသီးမသီးသေးသော။ တရုဏော ရုက္ခော-အသီးကိုပေးတတ် ငယ်ပျိုသောသစ်ပင်သည်။** အတ္ထိ-ရှိ၏။ တမေနံ-တံ+ဧနံ-ထိုသစ်ပင်ကို။ ပုရိသော-သည်။ မူလံ-အရင်းမှ။ ဝါ-ကို။ ဆိန္ဒေယျ-

http://www.dhammadownload.com



ဖြတ်ရာ၏။ တဿရုက္ခဿ-၏။ ယေဖလာ-အကြင်အသီးတို့သည်။ အဇာတာဖလာ-အသီးတို့မဖြစ်သေးကြကုန်။ တေ-ထိုအသီးတို့သည်။ အဇာတာယေဝ-မဖြစ်သေး, မသီးသေးကြကုန်သည်ပင်လျှင်။ နဇာယန္တိ+သေယျထာပိ-မဖြစ်ကုန်, မသီးကြကုန်သည် သကဲ့သို့။

**၂။ ယောပိ စေတ္ထ ကေသလောမာဒိကော ဘူတုပါဒါယသမူဟသင်္ခါတော ကာယော၊ တတ္ထာပိ နဘူတုပါဒါယဝိနိမုတ္တကောမွောနုပဿီ၊ အထ ခေါ ကဒလိက္ခန္ဓပတ္တဝဋ္ဋိဝိနိဘုဇ္ဇကော ဝိယ ရိတ္တမုဋ္ဌိဝိနိဝေဌကော ဝိယ စ ဘူတုပါဒါယသမူဟာနုပဿီ ယေဝ-ဟူသော အဋ္ဌကထာကို အနက်ပေးပါ။** (၄-၁၊ ၁၆၁)

အဖြေ။ စ-သည်သာမကသေး။ ဧတ္ထ-ဤရူပကာယ၌။ ကေသလောမာဒိကော-ဆံပင်မွေးညင်းအစရှိသော။ ဘူတုပါဒါယသမူဟသင်္ခါတော-ဘူတရုပ်, ဥပါဒါရုပ်တို့၏အပေါင်းဟုဆိုအပ်သော။ ယောပိ ကာယော-အကြင်ရူပကာယသည်လည်း။ အတ္ထိ-ရှိ၏။ တတ္ထာပိ-ထိုရူပကာယ၌လည်း။ ဘူတုပါဒါယဝိနိမုတ္တကောမွောနုပဿီ-ဘူတရုပ်, ဥပါဒါရုပ်တို့မှလွတ်သော တစ်မျိုးသောတရားကို တဖန်ဖန်ရှုလေ့ရှိသည်။ ဟုတွာ-၍။ န ဝိဟရတိ-မနေ။ အထခေါ-စင်စစ်ကား။ ကဒလိက္ခန္ဓပတ္တဝဋ္ဋိဝိနိဘုဇ္ဇကော-ငှက်ပျောတုံး၏အရွက်, ရွက်ဖူးတို့ကို အသီးသီးခွဲခြားသော။ ပုရိသောဝိယ-ကဲ့သို့လည်းကောင်း။ ရိတ္တမုဋ္ဌိဝိနိဝေဌကော-အချည်းနှီးသောလက်ဆုပ်ကိုဖြေသော။ ပုရိသော ဝိယ-ယောကျ်ားကဲ့သို့လည်းကောင်း။ ဘူတုပါဒါယသမူဟာနုပဿီ ယေဝ-ဘူတရုပ်, ဥပါဒါရုပ်တို့၏အပေါင်းကို အဖန်ဖန်ရှုလေ့ရှိသည်သာလျှင်။ ဟုတွာ-ဖြစ်၍။ ဝိဟရတိ-နေတော်မူ၏။

http://www.dhammadownload.com



၃။ နာနတ္တ ကိုးပါးကို ပါဠိတော်၌ လာသည့်အတိုင်း မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။ (ပါ - ၉၉)

အဖြေ။ နာနတ္တ ၉-ပါး သရုပ်

ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ၊ အရတိ၊ နီဝရဏာ၊ သဗ္ဗေကိလေသာ နာနတ္တ။

[မှတ်ချက်။ မြန်မာဘာသာဖြင့် ဖြေဆိုပါ မေးလျှင် မြန်မာဘာသာဖြင့် ဖြေဆိုရန်။]

၄။ အဝိဇ္ဇာ၏ အပြစ်သည် အဘယ်အခြင်းအရာတို့ဖြင့် ဖြစ်လာသနည်း ဖြေဆို၍၊ အပ္ပရဇက္ခေ မဟာရဇက္ခေတွင် မဟာရဇက္ခေ ပုဂ္ဂိုလ်တို့ကို လည်း ထုတ်ဖော်ပြပါ။ (ပါ-၁၉၃-၁၁၆)

အဖြေ။ မမြဲသော **အနိစ္စအနက်**သဘောအားဖြင့်၎င်း, ဆင်းရဲသော **ဒုက္ခ၏အနက်**သဘောအားဖြင့်၎င်း၊ အစိုးမရ **အနတ္တ၏ အနက်**သဘောအားဖြင့်လည်းကောင်း၊ ပူလောင်သော **သန္တာပ၏အနက်**သဘောအားဖြင့်လည်းကောင်း၊ ဖောက်ပြန်သော **ဝိပရိဏာမ၏အနက်**သဘောအားဖြင့် လည်းကောင်း ဤအခြင်း အရာငါးမျိုး တို့ဖြင့် အဝိဇ္ဇာ၏ အပြစ်သည် ဖြစ်၏။

**မဟာရဇက္ခပုဂ္ဂိုလ်များ**

သဒ္ဓါကင်းမဲ့သောပုဂ္ဂိုလ်၊ ပျင်းရိသောပုဂ္ဂိုလ်၊ သတိကင်းမဲ့သော ပုဂ္ဂိုလ်၊ သမာဓိမရှိသောပုဂ္ဂိုလ်၊ ပညာမဲ့သောပုဂ္ဂိုလ်-တို့တည်း။

၅။ အဘယ်ဟိတ် ရှစ်ပါးတို့ကြောင့် အဘယ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ ဖြစ်ရပါသနည်း။ (ပါ -၂၆၆)

အဖြေ။ ဉာဏသမ္ပယုတ်ပဋိသန္ဓေခဏ၌ ဖြစ်သော ကုသိုလ်ဟိတ် ၃-ပါး၊ အကုသိုလ်ဟိတ် ၂-ပါး၊ အဗျာကတဟိတ် ၃-ပါး ပေါင်းဟိတ်-ရှစ်ပါးတို့ကြောင့် ခတ္တိယမဟာသာလ, ဗြာဟ္မဏ မဟာသာလ, ဂဟပတိမဟာသာလပုဂ္ဂိုလ်, ကာမာဝစ

http://www.dhammadownload.com



ရနတ်တို့၏ ပဋိသန္ဓေဖြစ်ရပါသည်။ ရူပါဝစရနတ် ပြဟ္မာ, အရူပါဝစရ နတ်ပြဟ္မာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေဖြစ်ရ ပါသည်။

၆။ ခန္တီသုည မည်သောတရားတို့ကို ပါဠိတော်လာသည့်အတိုင်း မြန်မာဘာသာဖြင့် ဖြေဆိုပါ။ (ပါ-၃၆၅)

အဖြေ။ **နေက္ခမ္မခန္တီ**သည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏။ **အဗျာပါဒခန္တီ**သည် ဒေါသမှ ဆိတ်သုဉ်း၏။ **အာလောကသညာခန္တီ**သည် ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏။ **အဝိက္ခေပခန္တီ**သည် ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏။ **ဓမ္မဝဝတ္ထာနခန္တီ**သည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏။ **ဉာဏခန္တီ**သည် အဝိဇ္ဇာမှ ဆိတ်သုဉ်း၏။ **ပါမောဇ္ဇခန္တီ**သည် မမွေ့လျော်ခြင်း အရတိမှ ဆိတ်သုဉ်း၏။ **ပဌမဈာနခန္တီ**သည် နီဝရဏတို့မှ ဆိတ်သုဉ်း၏။ အရဟတ္တမဂ်ခန္တီသည် အလုံးစုံသောကိလေသာတို့မှ ဆိတ်သုဉ်း၏။

၇။ **ဒိဗ္ဗစက္ခုဖြင့် အာရုံကို မြင်နိုင်ရန်အလို့ငှာ အဘယ်စျာန်၏အာရုံ ဖြစ်သော အဘယ် ကသိဏဘာသတို့ကို ယူရမည်နည်း၊ ဒုက္ခသမုဒယေ ဉာဏ်တွင် ဒုက္ခသမုဒယ ပုဒ်၏ အဓိပ္ပါယ်ကို သံ+ဥ+အယတို့၏အနက် ပေါ်လွင်စေလျက် ကျနစွာ ရေးပါ။** (၄-၁၊ ၄၉-၅၁)

အဖြေ။ ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မြင်နိုင်ရန်အလို့ငှာ ဖြန့်အပ်သောတေဇော ကသိုဏ်း ဩဒါတကသိုဏ်း အာလောက ကသိုဏ်းတို့တွင် **တစ်စုံတစ်ခုသော စတုတ္ထစျာန်အာရုံ**ဖြစ်သော ကသိဏော ဘာသကို ယူရသည်။

ဤဒုတိယသစ္စာသည် ကြွင်းသောအကြောင်းတို့နှင့်အတူတကွ ယှဉ်ခြင်းသည် ရှိလတ်သော် ဆင်းရဲဒုက္ခ၏ ဖြစ်ပေါ်ခြင်းအကြောင်းဖြစ်၏။ ထို့ကြောင့် ဆင်းရဲဒုက္ခ၏ ကိလေသာတို့နှင့် ပေါင်းဆုံယှဉ်တွဲခြင်းရှိလတ်သော် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သည်၏အဖြစ်ကြောင့် '**ဒုက္ခသမုဒယ**' ဟုဆို၏။

http://www.dhammadownload.com



၈။ "ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ" ၌ ယူရမည့် ဥပ္ပန္န တို့ကို ဖြေဆို၍၊ မဂ်ခဏ၌ အဘယ်သို့လျှင် ဥပ္ပန္နကုသိုလ်တို့ တည်နေပါသနည်း ဥပမာဆောင်၍ ဖြေပါ။ (၅ - ၁။ ၁၆၀)

အဖြေ။ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ-၌ ယူရမည့် ဥပန္နများ ဘူမိလဒ္ဓ, အာရမ္မဏာဓိဂ္ဂဟိတ, အဝိက္ခမ္ဘိတ, အသမူဟတ ဟုဆိုအပ် သော ဥပ္ပန္န ၄-ပါးတို့တည်း။ [အကြောင်းကား ထိုဥပ္ပန္နကို ပယ်ဖျောက် အပ်သည်ရှိသော် ထိုထိုလောကီ လောကုတ္တရာ ဉာဏ်သည် ဖြစ်သောကြောင့် တည်း။] [မဂ်သည်ဖြစ်လတ်သည်ရှိသော် ရှေး၌ မဖြစ်ခဲ့ဘူးသည်၏ အဖြစ်ကြောင့် အနုပ္ပန္နမည်၏ ဟုဆိုအပ်၏။ ဥပမာအားဖြင့် ပြောဆိုရလျှင် ရှေး၌မရောက်ဘူးသောအရပ်သို့ လာရောက်၍ ရှေး၌မခံစားခဲ့ဘူးသော အာရုံကို ခံစားပြီး၍ "ငါတို့သည် မရောက်ဘူးသောအရပ်သို့ လာရောက်ကြကုန်ပြီ၊ မခံစားဘူး သောအာရုံကို ခံစားကြကုန်အံ့" ဟုဆိုတတ်ကြကုန်သကဲ့သို့ တည်း။] မဂ်ဖြစ်နေသမျှကာလပတ်လုံး မဂ်ကုသိုလ်သည်တည် နေသည်မည်၏။ [မှတ်ချက်။ ဤအဖြေကို စာရေးသူ၏ စိတ် ကျေနပ်မှုကို မရခဲ့။ သောတုဇနတို့ကိုယ်တိုင် စိတ်ကြိုက်အဖြေ ကို ရှာဖွေယူကြပါရန် မေတ္တာရပ်ခံပါ၏။

၉။ (က) ပဿာသပဋိကာခ်နာ နိကန္တိ၊ (ခ) အဿာသေန အဘိတုန္န၊ (ဂ) ပဿာသ ပဋိလာဘေ မုစ္ဆနာ-တို့၏ အဓိပ္ပါယ်တို့ကို ဖြေပါ။

အဖြေ။ (က) ဝင်သက်+အဿာသရှေးသွားရှိသော ထွက်သက်+ပဿာ သကိုတောင့်တခြင်းဟုဆိုအပ်သော တပ်ခြင်းနိကန္တိသည် **ပဿာသ ပဋိကာခ်နာ နိကန္တိ** မည်၏။

(ခ) အလွန်ရှည်သော ဝင်သက်ကိုလည်းကောင်း, အလွန်တို တောင်းသော ဝင်သက်ကိုလည်းကောင်း ပြုလုပ်သော ယောဂီပုဂ္ဂိုလ်အား ဝင်သက်အကြောင်းရင်းရှိသော ကိုယ် စိတ်ပင်ပန်းခြင်း ဖြစ်နိုင်သောကြောင့် ထိုဝင်သက်

http://www.dhammadownload.com



ဖြင့် ထိုးနှက်နှိပ်စက်ခံရခြင်းသည် **အသာသေန အဘိတုန္န**-မည်၏။

(ဂ) ဝင်သက်ဖြင့် နှိပ်စက်ခံရသည်၏အဖြစ်ကြောင့် သာလျှင် ထွက်သက်၌ သာယာဖွယ်ဟုအမှတ်သညာရှိသည် ဖြစ်၍ ထွက်သက်ကိုတောင့်တရာမှ ထိုထွက်သက်ပြန် ရလာခြင်း၌ တပ်မက်ခြင်းသည် **ပဿာသပဋိလာဘေ မုစ္ဆနာ** မည်၏။

**၁၀။ သာသန ပြဟ္မစရိယ၏ (က) မဏ္ဍ၊ (ခ) ပေယျ အမည်ရခြင်း၏ အကြောင်းတို့ကို ဖြေ၍၊ ပြဟ္မအရကိုလည်း ကောက်ပြပြီးလျှင် "ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတံ မာနသံ"၌ ဓမ္မုဒ္ဓစ္စ၏ အဓိပ္ပါယ်ကိုလည်း ရေးပါ။**

**(၄-၂၊ ၁၈၁-၁၈၇)**

အဖြေ။ (က) သိက္ခာသုံးပါးဟုဆိုအပ်သော သာသနပြဟ္မစရိယသည် ကောင်း စွာပြည့်စုံသည်၏ အဖြစ်ကြောင့်လည်းကောင်း အညစ်အကြေး ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း အထူးကြည်လင် သည်၏ အဖြစ်ကြောင့်လည်းကောင်း '**မဏ္ဍ**' မည်၏။ (ခ) အကျိုး စီးပွားချမ်းသာတို့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် '**ပေယျ**' မည်၏။

အလွန်မြင့်မြတ်သော အနက်သဘောကြောင့် နိဗ္ဗာန်သည် '**ပြဟ္မ**' မည်၏။ ပြဟ္မ-အရကား နိဗ္ဗာန်တည်း။

ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတ မာနသံ ၌ ဓမ္မုဒ္ဓစ္စ အဓိပ္ပါယ်-

နုန့်သောပညာရှိကုန်သောဝိပဿနာရှုသောပုဂ္ဂိုလ်တို့၏ ညစ်ညူးကြောင်းဥပက္ကိလေသ ဝတ္ထုဖြစ်သောကြောင့် ဝိပဿ နာ၏ ညစ်ညူးကြောင်းဟု ဆိုအပ်သော ဩဘာသ အစရှိကုန် သော တရားဆယ်ပါးတို့၌ တုန်လှုပ်သောအဖြစ်၏ အစွမ်းဖြင့် ဥဒ္ဓစ္စနှင့်တကွဖြစ်သော စိတ်၏ ပျံ့လွင့်ခြင်း ဝိက္ခေပဟု ဆိုအပ် သော ဥဒ္ဓစ္စသည်-ဓမ္မုဒ္ဓစ္စ-မည်၏။

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ်၊ မြန်မာဂုဏ်ထူး ၁၃၅၉-ခုနှစ်၊

၁။ အောက်ပါဂါထာကို "ဆ"၏ သရုပ် ဖော်ထုတ်၍ အနက်ယောဇနာပါ။
ဆ စေတေ ဥပက္ကိလေသာ၊ အာနာပါနဿတိသမာဓိဿ။
ယေဟိ ဥပက္ကိလိဋ္ဌသက်ပ္ပေါ၊ အဓိစိတ္တံ နပ္ပဇာနာတိ။ (ပါ-၁၆၅-၂၂၀)

အဖြေ။ ဆ-အတိတ်သို့အစဉ်လိုက်သောစိတ်, အနာဂတ်ကိုမျှော်လင့်တောင့်တသောစိတ်, တွန့်ဆုတ်သောစိတ်, အလွန်ချီးမြှောက်အပ်သောစိတ်, အလွန်ညွတ်သောစိတ်, ဖဲခွာသောစိတ်တည်းဟူသော ခြောက်ပါးကုန်သော။ စေတေ ဥပက္ကိလေသာ-ဤညစ်ညူးကြောင်း ဥပက္ကိလေသာတို့သည်။ အာနာပါနဿတိသမာဓိဿ-၏။ ဥပက္ကိလေသာ-တို့တည်း။ ယေဟိ-ယင်းဥပက္ကိလေသတို့ဖြင့်။ ဥပက္ကိလိဋ္ဌသက်ပ္ပေါ- ညစ်ညူးသောအကြံအစည်ရှိသောပုဂ္ဂိုလ်သည်။ အဓိစိတ္တံ-လွန်ကဲထူးမြတ်သောစိတ်-ဟုဆိုအပ်သော သမာဓိကို။ နပ္ပဇာနာတိ-မျက်မှောက်ကိုယ်တွေ့အားဖြင့် မသိနိုင်။ ဝါ-မရနိုင်။

၂။ အောက်ပါ အဋ္ဌကထာလာ ဂါထာကို အနက်ယောဇနာပါ။
ယံ ပရေ သုခတော အာဟု၊ တဒရိယာ အာဟု ဒုက္ခတော။
ယံ ပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ။ (၄-၂၊ ၆၃)

အဖြေ။ ယံ-အကြင်ရူပါအဆင်းအစရှိသောတရားကို။ ပရေ-သူတစ်ပါးတို့သည်။ သုခတော-သုခချမ်းသာအားဖြင့်။ အာဟု-ပြောဆိုကြကုန်၏။ တံ-ထိုရုပ်အဆင်းအစရှိသောတရားကို။ အရိယာ-အရိယာသူတော်စင်တို့သည်။ ဒုက္ခတော-ဆင်းရဲဒုက္ခအားဖြင့်။ အာဟု-ပြောကြကုန်၏။ ယံ-အကြင်နိဗ္ဗာန်ဟူသော တရားကို။ ပရေ-သူတစ်ပါးတို့သည်။ ဒုက္ခတော-ဆင်းရဲဒုက္ခအားဖြင့်။ အာဟု-ပြောကြကုန်၏။ တံ-ထိုနိဗ္ဗာန်တရားကို။ ဝိဒူ-ဘုရားရဟန္တာစသောပညာရှိတို့သည်။ သုခတော-ချမ်းသာသုခအားဖြင့်။ အာဟု-ပြောကုန်၏။

http://www.dhammadownload.com



**၃။** “ဓမ္မနာနတ္တညာဏနိဒ္ဒေသ” လာ ကာမာဝစရတရားများကို ကုသိုလ်, အကုသိုလ်, အဗျာကတအားဖြင့် ပိုင်းခြားပြပါ။ (ပါ-၈၂)

အဖြေ။ ကုသလကမ္မပထ ဆယ်ပါးတို့သည် **ကုသိုလ်**။ အကုသလကမ္မပထဆယ်ပါးတို့သည် **အကုသိုလ်**။ ရုပ် ၂၈-ပါး၊ ကာမဝိပါက် ၂၃-ပါး၊ ကာမကြိယာ ၁၁-ပါးတို့သည် **အဗျာကတ**။

**၄။** “အဿာဒဒိဋ္ဌိ နိဒ္ဒေသ”၌ ဒိဋ္ဌိဝိပန္နပုဂ္ဂိုလ်၏ အဓိပ္ပါယ်ကို ရေး၍၊ ယင်းပုဂ္ဂိုလ်တို့နှင့် အတူတကွ နေသင့်/မနေသင့် ကိုလည်း အကြောင်းပြ၍ ဖြေဆိုပါ။ (ပါ-၁၃၄)

အဖြေ။ သမ္မာဒိဋ္ဌိကို ဖျက်စီးတတ်သော အဿာဒဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော ဒိဋ္ဌိပျက်စီးနေသောပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိပန္န မည်၏။ ယင်း ဒိဋ္ဌိဝိပန္နပုဂ္ဂိုလ်တို့နှင့် အတူတကွ မနေသင့်။ အကြောင်းကား ထိုဒိဋ္ဌိဝိပန္နတို့၏ အယူဒိဋ္ဌိသည် ယုတ်ညံ့သောကြောင့်တည်း။

**၅။** “လောဟိတံ အဘိညေယျံ”၌ လောဟိတသရုပ် ကိုရေး၍ အောက်ပါတို့၏အဓိပ္ပါယ် တို့ကိုလည်း ဖော်ပြပါ။

(က) သုခသညာ၊

(ခ) လဟုသညာ။ (၄-၁၊ ၇၇-၄၇၊ ၂-၂၇၇)

အဖြေ။ လောဟိတံ အဘိညေယျံ-၌ **လောဟိတ-သရုပ်**

အသည်း၏ အောက်အဖို့ကိုပြည့်စေ၍ နှလုံးအညို့အဆုပ်တို့၏ အထက်၌ အနည်းငယ်အနည်းငယ် ယိုစီးနေသော အညို့နှလုံး အသည်း အဆုပ်တို့ကို စိုစွတ်လျက်တည်သော တစ်ကွမ်းစား ပြည့်ကာမျှ သိုမှီးအပ်သောသွေးနှင့် ဆံပင်မွေးညင်း ခြေသည်း လက်သည်း သွားတို့၏ အသားလွတ် ရာဌာနကို လည်းကောင်း မာခြောက် သောအရေ ကိုလည်း ကောင်း ကြည်၍အကြော ကွန်ရက်အား အစဉ်လျှောက်သော အားဖြင့် အလုံးစုံ သောဥပါဒိန္နကိုယ်ကို ပြန့်နှံ့ ၍တည်သော ထိုမှဤမှရွေ့ရှား သော

http://www.dhammadownload.com



သွေးတို့တည်း။

(က) စတုတ္ထဈာန်ချမ်းသာသုခနှင့်ယှဉ်သော သညာသည် **သုခသညာ**မည်၏။

(ခ) သုခသညာ သည်ပင်လျှင် နီဝရဏတို့မှလည်းကောင်း ဝိတက်စသောဆန့်ကျင်ဘက်တို့မှလည်းကောင်း လွတ်သည်၏ အဖြစ်ကြောင့် **လဟုသညာ** မည်၏။

**၆။ ပဋိဃသညာ-အရကို အကြောင်းနှင့်တကွ ကောက်ပြပါ။ (၄-၁၂၃)**

အဖြေ။ ပဋိဃသညာ-အရကား

ကုသလဝိပါက် ၅-ပါး၊ အကုသလဝိပါက် ၅-ပါး၊ ပေါင်း ၁၀-ပါးတို့တည်း။

ဒွိပဉ္စဝိညာဏ်နှင့်ယှဉ်သောသညာသည် စက္ခုစသောဝတ္ထုတို့၏လည်းကောင်း ရူပစသောအာရုံတို့၏လည်းကောင်း ထိခိုက်သောအားဖြင့် ဖြစ်သည်၏အဖြစ်ကြောင့် **ပဋိဃသညာ**ဟုဆို၏။

**၇။ နိရောဓသမာပတ် မဝင်စားနိုင်သော ပုဂ္ဂိုလ်များကို ပြည့်စုံအောင် ဖော်ပြ၍၊ နိရောဓသမာပတ်သည် သင်္ခတ, အသင်္ခတ ၂-မျိုးတို့တွင် အဘယ်တရား ဖြစ်ပါသနည်း? အကြောင်းပြ၍ ဆုံးဖြတ်ပါ။**

**(၄-၁၊ ၂၈၆-၂၉၀)**

အဖြေ။ နိရောဓသမာပတ်မဝင်စားနိုင်သောပုဂ္ဂိုလ်များ

ပုထုဇဉ်အားလုံး၊ သောတာပန်၊ သကဒါဂါမ်၊ သုက္ခဝိပဿက အနာဂါမ်၊ သုက္ခဝိပဿကရဟန္တာ ပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်ကို မဝင်စားနိုင်ကြ။

နိရောဓသမာပတ်သည် သဘာဝအားဖြင့် မရှိသောကြောင့် သင်္ခတလည်းမဟုတ်၊ အသင်္ခတလည်းမဟုတ်။

http://www.dhammadownload.com



၈။ "အနုတ္တဂ္ဂါဟိကာဒိဠ္ဌိ နိဒ္ဒေသ" လာ ဥပ္ပဋ္ဌတိ နှင့် နိဗ္ဗတ္တတိ ကြိယာ ၂-ခုတို့၏ ထူးခြားချက်ကို ရေး၍၊ "ဝိသေသမဓိဂစ္ဆတိ"၌ ဝိသေသ အရကိုလည်း အကြောင်းနှင့် တကွ ကောက်ပြပါ။ (၄-၂၊ ၅၈-၇၈)

အဖြေ။ အဏ္ဍဇ, ဇလာဗုဇ, ယောနိထဲသို့ဝင်ခြင်း၏အစွမ်းဖြင့် ဥပ္ပဋ္ဌတိ မည်၏။

သံသေဒဇ, ဩပပါတိကယောနိထဲသို့ဝင်ခြင်း၏ အစွမ်းဖြင့် နိဗ္ဗတ္တတိ မည်၏။ ကြိယာနှစ်ခု ဤသို့ထူးခြား၏။

ဝိသေသမဓိ ဂစ္ဆတိ-၌ ဝိသေသအရကား- သံယောဇဉ်တို့ကို ပယ်ခြင်းကို ပြုသောမဂ်ကို ရ၏။ မဂ်ကို သမထဝိပဿနာတို့၏အကျိုး အာနိသင် ဖြစ်သောကြောင့် ဝိသေသ-ဟု ဆို၏။

၉။ ဓမ္မစက္က ၂-မျိုးကို ဖော်ပြ၍၊ ယင်းဓမ္မစက္ကတို့၏ ဖြစ်ရာကိုလည်း အသီးသီးဖြေဆိုပါ။ (၄-၂၊ ၂၂၁)

အဖြေ။ ဓမ္မစက္က ၂-မျိုး

ပဋိဝေဓ ဓမ္မစက္က၊ ဒေသနာဓမ္မစက္က တို့တည်း။

ပဋိဝေဓ ဓမ္မစက္က သည် ဗောဓိပလ္လင်၌ ဖြစ်၏။

ဒေသနာဓမ္မ စက္ကသည် ဣသိပတန မိဂဒါဝုန်တော၌ ဖြစ်၏။

၁၀။ "အဠ္ဌော နဝဓာ စေဝ" ၌ အဋ္ဌ, နဝတို့၏ သရုပ်ကို စုံလင်အောင် ထုတ်ပြပါ။ (၄-၂၊ ၂၂၅)

အဖြေ။ အဋ္ဌဓာ-နဝဓာ စေဝ-၌ အဋ္ဌ, နဝသရုပ်

သတိသည် သတိပဋ္ဌာန် ၄-ပါး၊ ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်၏အစွမ်းဖြင့် ရှစ်ပါး ဖြစ်၏။

ဝီရိယသည် သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ၉-ပါးဖြစ်၏။

❀ ❀ ❀

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၆၀-ခုနှစ်

**၁။** **အောက်ပါဂါထာကို အနက်ယောဇနာပါ။**

**န တဿ အဒ္ဒိဋ္ဌမိဓတ္ထိ ကိဉ္စိ၊ အထော အဝိညာတမဇာနိတဗ္ဗံ။**

**သဗ္ဗံ အဘိညာသိ ယဒတ္ထိ နေယျံ၊ တထာဂတော တေန သမန္တစက္ခုတိ။**

(ပါ - ၁၂၇)

အဖြေ။ တဿ-တထာဂတဿ-အား။ ဣဓ-ဤသုံးပါးသောလောက ဓာတ်၌။ ပညာစက္ခုနာ-ပညာမျက်စိဖြင့်၊ အဒိဋ္ဌနာမ-မမြင်အပ် သောတရားမည်သည်၊ ကိဉ္စိ-တစ်စုံတစ်ခုမျှ န အတ္ထိ-မရှိ။ အထော-ထိုမှတစ်ပါး။ ကိဉ္စိ-သော။ အဝိညာတံ-မသိအပ်သော တရားမည်သည်။ န အဟောသိ-မရှိခဲ့၊ ကိဉ္စိ-သော။ အဇာ နိတဗ္ဗံ-မသိအပ်မသိနိုင်သောတရား မည်သည်။ န ဘဝိဿတိ- မရှိလတ့်။ နေယျံ-သိအပ်သိထိုက်သော။ ကိဉ္စိ-သော။ ယံ ဓမ္မဇာတံ-အကြင်တရားသဘောသည်။ အတ္ထိ-၏။ တံ သဗ္ဗံ- ထိုအလုံးစုံသော တရားသဘောကို။ တထာဂတော-သည်။ အဘိညာသိ-ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူပြီ။ တေန-ကြောင့်။ တထာဂတော-ကို။ သမန္တစက္ခု တိ-ထက်ဝန်းကျင်မြင်နိုင်စွမ်းသော ဉာဏ်မျက်စိနှင့် ပြည့်စုံတော် မူသည် ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

**၂။** **အောက်ပါ အဋ္ဌကထာကို ကတ္တားထည့်၍ အနက်ယောဇနာပါ။**

**ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။**

**အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။**

အဖြေ။ ဇနော-လူအပေါင်းသည်။ ယံ-အကြင်မိန်းမယောကျ်ားကို။ ပဿတိ-မြင်၏ဟု သညာဒိဋ္ဌိဖြင့် သိမှတ်မှားနေ၏။ တံ-ထိုမိန်း မ, ယောကျ်ားသည်။ ဒိဋ္ဌံ-မြင်အပ်သောရူပါရုံသည်။ န-မဟုတ်။ ယံ-အကြင်ရူပါရုံကို။ ဒိဋ္ဌံ-မြင်အပ်ပြီ။ တံ-ထိုမြင်အပ်သောရူပါရုံ ကို။ န ပဿတိ-ပညာမျက်စိဖြင့် ဟုတ်မှန်စွာမမြင်။ အပဿံ-

http://www.dhammadownload.com



ပညာမျက်စိဖြင့် မှန်စွာမမြင်သော။ မူဠ္ဟော-တွေဝေသူကို။ ဗဒ္ဓတော-ငါ, ငါ့ဥစ္စာ, ငါ့အတ္တဟု တဏှာ, ဒိဋ္ဌိ, မာနကိလေသာ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့အပ်၏။ ဗဒ္ဓမာနော- တဏှာ, ဒိဋ္ဌိ မာန ကိလေသာ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့အပ်သော တွေဝေသူသည်။ န မုစ္စတိ- ကိလေသာ, သံသရာမှမလွတ် မြောက်နိုင်။

၃။ ပုထုဇဉ်, သေက္ခ, ရဟန္တာ တို့အား သင်္ခါရုပေက္ခာဉာဏ်၌ စိတ်ရွှေး ရှုဆောင်ပုံအခြင်းအရာကို အသီးသီး ဖော်ပြ၍၊ ယင်းသုံးဦးတို့၏ တူညီ သောအခြင်းအရာကိုလည်း ပြည့်စုံစွာ ရေးပါ။ (ပါ - ၆၀)

အဖြေ။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာကို အလွန်လည်းနှစ်သက်၏၊ ရှုလည်းရှု၏။ (အခြင်းအရာ ၂-ပါး)

သေက္ခပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာကို အလွန်လည်းနှစ်သက်၏။ ရှုလည်းရှု၏။ ဆင်ခြင်၍လည်း ဖလသမာပတ်ကို ဝင်စား၏။ (အခြင်းအရာ ၃-ပါး)

ရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာကို ရှုလည်းရှု၏။ ပြန်ဆင်ခြင်၍လည်း ဖလသမာပတ်ကို ဝင်စား၏။ ထိုသင်္ခါရုပေက္ခာကို လျစ်လျူရှု၍လည်း သုညတ, အနိမိတ္တ, အပ္ပဏိဟိတဝိဟာရ ဖြင့်နေ၏။(အခြင်းအရာ ၃-ပါး)

ပုထုဇဉ်ပုဂ္ဂိုလ်သည် လည်းကောင်း သေက္ခပုဂ္ဂိုလ်သည်လည်းကောင်း ရဟန္တာပုဂ္ဂိုလ် သည်လည်း ကောင်း သင်္ခါရုပေက္ခာကို အနိစ္စ ဒုက္ခ, အနတ္တအားဖြင့် ရှု၏။

၄။ အဘယ်သတ္တဝါတို့သည် ၊ ကျွတ်ထိုက်သောသတ္တဝါများ ဖြစ်ကြပါ သနည်း?ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့်အညီ ဖြေဆို၍၊ အရဟတ္တမဂ်၏ အစ, အလယ်, အဆုံးတို့ကိုလည်း ဖော်ပြပါ။ (ပါ - ၁၁၉၊ ၁၆၉)

http://www.dhammadownload.com



အဖြေ။ ကျွတ်ထိုက်သော(ဘဗ္ဗ)သတ္တဝါများ
ကံ, ကိလေသာ, ဝိပါက ဟူသောတားမြစ်တတ်သောတရားမရှိသောပုဂ္ဂိုလ်များ, သဒ္ဓါတရား, ကုသိုလ်ပြုလိုသောဆန္ဒရှိကုန်သောပုဂ္ဂိုလ်များ, ပညာရှိသောပုဂ္ဂိုလ်များတို့သည် [ကုသိုလ်တရားတို့၌ မှန်သည်၏အဖြစ်ဖြင့်မြဲသော အရိယမဂ်သို့ရောက်ထိုက်ကုန်၏။] ကျွတ်ထိုက်ကုန်၏။
**အရဟတ္တမဂ်အစကား** ပဋိပဒါဝိသုဒ္ဓိ+အကျင့်စင်ကြယ်ခြင်းတည်း။ **အလယ်ကား** ဥပေက္ခာနုဗြူဟနာ+ဥပေက္ခာကိုပွားများအားထုတ်ခြင်းတည်း။ **အဆုံးကား** ဉာဏ်ကိစ္စဖြစ်သောကောင်းစွာရွှင်ခြင်း +သမ္ပဟံသနာ တည်း။

**၅။** အောက်ပါ ဝိပဿနာပညာတို့၏အရကို ဖော်ပြ၍၊ ယင်းတို့၏ဖြစ်ရာ "ဘုံ"ကိုလည်း ရေးပါ။ (က) ဉာတပရိညာ၊ (ခ) တီရဏပရိညာ၊ (ဂ) ပဟာနပရိညာ၊ (၅ - ၁၊ ၃၂)

အဖြေ။ (က) ဉာတပရိညာ-အရကား "ရုပ်သည် ဖောက်ပြန်သောသဘောလက္ခဏာရှိ၏။ ဝေဒနာသည် ခံစားတတ်သောသဘောလက္ခဏာရှိ၏။" ဟူ၍ ထိုထိုတရားတို့၏ ကိုယ်ပိုင်လက္ခဏာကို မှတ်သားခြင်းအားဖြင့် ဖြစ်သောပညာတည်း။
(ခ) တီရဏပရိညာ-အရကား "ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ" အစရှိသောနည်းဖြင့် ထိုထိုတရားတို့၏ သာမညလက္ခဏာကို တင်၍ ဖြစ်သောလက္ခဏာလျှင်အာရုံရှိသော ဝိပဿနာပညာ တည်း။
(ဂ) ပဟာနပရိညာ-အရကား ထိုရုပ်စသောတရားတို့၌ပင်လျှင်နိစ္စသညာစသည်တို့ကို ပယ်ခြင်း၏အစွမ်းဖြင့် ဖြစ်သောလက္ခဏာသာလျှင်အာရုံရှိသော ဝိပဿနာသာ တည်း။
သခ်ီရကိုပိုင်းခြားခြင်းမှစ၍ အကြောင်းပစ္စယကိုသိမ်းဆည်းခြင်းတိုင်အောင်သည် **ဉာတပရိညာဘူမိ** တည်း။

http://www.dhammadownload.com



ကလာပသမ္မသနမှစ၍ ဥဒယဗ္ဗယာနုပဿနာ တိုင်အောင်သည် **တီရဏပရိညာဘူမိ** တည်း။

ဘင်္ဂါနုပဿနာကို အစပြု၍ အထက်၌ကား **ပဟာနပရိညာဘူမိ** တည်း။

၆။ "သမသီသဋ္ဌေ ဉာဏံ"၌ သမသီသီ၏အဓိပ္ပါယ်ကို အဋ္ဌကထာအလိုကျရေး၍၊ ဇီဝိတသမသီသီရဟန္တာ၏"ဝါရသမ"ဖြစ်ပုံကိုလည်း ရှင်းပြပါ။

(၄ - ၁၊ ၃၉)

အဖြေ။ တစ်ခုသောဣရိယာပုထ်၌လည်းကောင်း တစ်ခုသောရောဂါ၌လည်းကောင်း တူညီသောစိတ်အစဉ် သန္တတိ၏ အစွမ်းဖြင့် တစ်ခုသောဇီဝိတိန္ဒြေ ၌လည်းကောင်း နေကုန်မှုစသောသမတို့သည်လည်းကောင်း သဒ္ဓါစကုန်သောသီသ တို့သည်လည်းကောင်း ရဟန္တာပုဂ္ဂိုလ်အား ရှိကုန်သည်၏အဖြစ်ကြောင့် **သမသီသီ** မည်၏။

**ဇီဝိတသမသီသီ ရဟန္တာ၏ ဝါရသမ ဖြစ်ပုံ**

အကြင်ဝါရ၌ မဂ်မှုထ၏။ ထိုဝါရ၌ သောတာပတ္တိမဂ်၌ ပစ္စဝေက္ခဏာငါးပါး, သကဒါဂါမိမဂ်၌ ပစ္စဝေက္ခဏာငါးပါး, အနာဂါမိမဂ်၌ ပစ္စဝေက္ခဏာငါးပါး, အရဟတ္တမဂ်၌ ပစ္စဝေက္ခဏာ ၄-ပါးဟူ၍ ဆယ့်ကိုးပါးသော ပစ္စဝေက္ခဏာဉာဏ်၌တည်၍ ဘဝင်သက်ပြီးသော် ပရိနိဗ္ဗာန်ပြု၏။ ဤဝါရတူညီသောကြောင့်သာလျှင် သီသနှစ်ခုအပေါင်းကုန်ဆုံးခြင်းသည်လည်း တူညီသည် မည်၏။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်ကို '**ဇီဝိတသမသီသီ**' ဟု ဆိုအပ်၏။

၇။ အောက်ပါတို့ကို ဖော်ပြ၍ "ကာမာနမေတံ နိဿရဏံ"၌ နိဿရဏအရကို ဝိက္ခမ္ဘန, သမုစ္ဆေဒအားဖြင့် ဝေဖန်ပြီး၊ ဆယ်ပါးသီလကို လူတို့ဆောက်တည်အပ်/မအပ် ဆုံးဖြတ်ချက် ချပါ။

(က) ပရိယန္တသီလ ရနိုင်သော ပုဂ္ဂိုလ်၊ (ခ) ထိုသီလပျက်သော အချိန်၊

(၄ - ၁၊ ၁၁၃-၁၈၈)

http://www.dhammadownload.com



အဖြေ။ (က) ပရိယန္တသီလ ရနိုင်သောပုဂ္ဂိုလ်ဟူသည်။ ဥပါသက, ဥပါသိကာမပုဂ္ဂိုလ်များ, သိက္ခာမာန်, ရှင်သာမဏေ, သာမဏေမပုဂ္ဂိုလ်များ တို့တည်း။

(ခ) သိက္ခာပုဒ်ကို အပိုင်းအခြင်းပြု၍ ဆောက်တည်သောသီလသည် လွန်ကျူးသော အချိန်, သေဆုံးချိန်၌ သီလပျက်၏။ အချိန်ကာလကို ပိုင်းခြား၍ ခံယူဆောက်တည်သောသီလသည် ထိုထိုကာလကို ကျော်လွန်ချိန်၌ သီလပျက်၏။

**ကာမာန** မေတံ နိဿရဏံ-၌ ဝိက္ခမ္ဘနအားဖြင့် အသုဘစျာန်သည်လည်း ကောင်း၊ သမုစ္ဆေဒအားဖြင့် ထိုအသုဘစျာန်ကို အခြေပြု၍ ဖြစ်လာသော အနာဂါမိမဂ် သည်လည်းကောင်း **နိဿရဏအရ** တို့တည်း။

လူတို့သည် ဆယ်ပါးသီလကို ဆောက်တည်အပ်ပါသည်။

**၈။** ဘင်္ဂါနုပဿနာဉာဏနိဒ္ဒေသ-လာ "အဓိပညာဝိပဿနာ" အရကို အဋ္ဌကထာလာ အတိုင်း ရှင်းပြ၍၊ ရဟန္တာပုဂ္ဂိုလ်၏သင်္ခါရုပေက္ခာ သုံးမျိုးကို ဖော်ပြပြီး၊ ယင်းသုံးမျိုးနှင့် ကင်းလျက် သမာပတ်ဝင်စား၍ရ/မရကိုလည်း ဖြေဆိုပါ။ (၄ - ၁၊ ၂၄၁)

အဖြေ။ **အဓိပညာဝိပဿနာ** အရကား--- ရူပက္ခန္ဓာ အစရှိသော အာရုံကို ခယဝယအားဖြင့် ရှုတတ်သော ပညာသည်လည်း ကောင်း ဘင်ကိုရှုတတ်သော ဘင်္ဂါနုပဿနာ ပညာသည်လည်း ကောင်း၊ အတ္တသုညအားဖြင့် ထင်ရှားဖြစ်သောဝိပဿနာ ပညာသည်လည်းကောင်းတည်း။

**ရဟန္တာပုဂ္ဂိုလ်၏ သင်္ခါ ရုပေက္ခာသုံးမျိုး** ---

အပ္ပဏိဟိတ သုညတ အနိမိတ္တ ဖလသမာပတ်တို့၏ အစွမ်းအားဖြင့် သင်္ခါရုပေက္ခာ သုံးမျိုးတို့တည်း။

ရဟန္တာပုဂ္ဂိုလ်အားလည်း သင်္ခါရုပေက္ခာဉာဏ် ထင်ရှားရှိသော ကြောင့် ယင်းသင်္ခါရုပေက္ခာသုံးမျိုးနှင့် ကင်းလျက် သမာပတ်ဝင်စား၍ မရပါ။

http://www.dhammadownload.com



၉။ အဘယ်တရားကို "မဏ္ဍပေယျ" ဟုခေါ်သည်ကို အကြောင်းနှင့်တကွ ဖြေဆို၍၊မဏ္ဍ သုံးမျိုးကိုလည်း ထုတ်ပြပါ။ (၄ - ၂၊ ၁၈၁-၂)

အဖြေ။ သိက္ခာသုံးပါးဟုဆိုအပ်သော သာသနဗြဟ္မစရိယကို ကောင်းစွာ ပြည့်စုံသည်၏ အဖြစ်ကြောင့်လည်းကောင်း အညစ်အကြေး ကင်းစင်သည့်၏အဖြစ်ကြောင့်လည်းကောင်း အထူးကြည် လင်သောကြောင့်လည်းကောင်း အကျိုးစီးပွားချမ်းသာတို့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း မဏ္ဍပေယျ ဟုခေါ်သည်။

မဏ္ဍ ၃-မျိုး

ဓမ္မဒေသနာ မဏ္ဍ၊ ဒေသနာကို ခံယူသော ပဋိဂ္ဂဟမဏ္ဍ၊ မဂ်ဟု ဆိုအပ်သော မြတ်သောအကျင့် ဗြဟ္မစရိယ မဏ္ဍ။

၁၀။ ယုဂနဒ္ဓကထာ-လာ "ယုဂနဒ္ဓ ဘာဝေတိ"၌ သမထ နှင့် ဝိပဿနာကို ယုဂနဒ္ဓဖြစ်အောင် ပွါးများပုံကို ရေး၍၊ "ဓမ္မုဒ္ဒစ္စဝိဂ္ဂဟိတံ"၌ ဓမ္မ- အရကိုလည်း အတိအကျ ကောက်ပြပါ။ (၄ -၂၊ ၁၈၇)

အဖြေ။ သမထနှင့်ဝိပဿနာကို ယုဂနဒ္ဓဖြစ်အောင်ပွားများပုံ ပဌမစျာန်ကို ဝင်စား၏။ ထိုပဌမစျာန်မှထ၍ သင်္ခါရတို့ကို သုံးသပ်၏။ သင်္ခါရတို့ကိုသုံးသပ်ပြီး၍ ဒုတိယစျာန်ကို ဝင်စား ၏။ ထိုဒုတိယ စျာန်မှထ၍ သင်္ခါရတို့ကို သုံးသပ်၏။ သင်္ခါရတို့ ကိုသုံးသပ်ပြီး၍ တတိယစျာန်။ ပ ။ နေဝသညာ နာသညာယ တနသမာပတ်ကို ဝင်စား၏။ ထိုသမာပတ်မှထ၍ သင်္ခါရတို့ကို သုံးသပ်၏။ ဤသို့ သမထဝိပဿနာကိုအစုံအစုံ ပြု၍ ပွားများ သည်မည်၏။

ဓမ္မုဒ္ဒစ္စဝိဂ္ဂဟိတံ-၌ ဓမ္မအရကား

ဩဘာသ+အလင်းရောင်၊ ပီတိစသော ဝိပဿနာညစ်ညူး ကြောင်းတရား ဆယ်ပါးတို့တည်း။

http://www.dhammadownload.com



## ပဋိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၆၁-ခုနှစ်၊

၁။ အောက်ပါ ဂါထာကို ကံပုဒ်ထည့်၍ မှန်ကန်စွာ အနက်ယောဇနာပါ။
တေသံ သုတ္ဝာန သပ္ပညာ၊ သစိတ္တံ ပစ္စလဒ္ဓုံ တေ။
အနိစ္စံ အနိစ္စတော ဒက္ခုံ၊ ဒုက္ခမဒ္ဒက္ခုံ ဒုက္ခတော။ (ပါ - ၂၇၃)

အဖြေ။ တေသံ+ဗုဒ္ဓါနံ-ထိုမြတ်စွာဘုရားတို့၏။ ဓမ္မံ-တရားကို။ သုတွာန-နာကြားရသောကြောင့်။ သပ္ပညာ-တိဟိတ်ပဋိသန္ဓေပညာဖြင့် ပညာရှိကုန်သော။ တေသတ္တာ-ထိုသတ္တဝါတို့သည်။ သစိတ္တံ-ဖောက်ပြန်ခြင်းကင်းသော မိမိစိတ်ကို။ ပစ္စလဒ္ဓုံ-ရကုန်ပြီ။ အနိစ္စံ-မမြဲသောသဘောကို။ အနိစ္စတော-မမြဲသောအားဖြင့်။ ဒက္ခုံ-မြင်ကုန်ပြီ။ ဒုက္ခံ-ဆင်းရဲသောသဘောကို။ ဒုက္ခတော-ဆင်းရဲဒုက္ခအားဖြင့်။ အဒ္ဒက္ခုံ-မြင်ကုန်ပြီ။

၂။ တတ္ထာပိ ဟိ ဣမံ ဧျာနံ ဥပသမ္ပဇ္ဇ ဝိဟရန္တော တေသံ အမနသိကာရာယေဝ ဥပသမ္ပဇ္ဇ ဝိဟရတိ။ တာ ပန မနသိကရောန္တော အသမာပန္နော ဟောတီတိ-ဟူသော အဋ္ဌကထာပါဠိကို အနက်ယောဇနာပါ။
(ဋ - ၂၊ ၁၅၅)

အဖြေ။ ဟိ-မှန်၏။ တတ္ထာပိ-ထိုနာနတ္တသညာနံ အမနသိကာရာ-ဟူသော ပါဌ်၌လည်း။ ဣမံဧျာနံ-ဤအာကာသာနဉ္စာယတနအရူပဈာန်ကို။ ဥပသမ္ပဇ္ဇ-ရောက်၍။ ဝိဟရန္တော-နေသောသူသည်။ တာသံ-ထိုနာနတ္တသညာတို့ကို။ အမနသိကာရာယေဝ-နှလုံးမသွင်းသည်ဖြစ်၍သာလျှင်။ ဥပသမ္ပဇ္ဇ-ရောက်၍။ ဝိဟရတိ နေ၏။ တာ-ထိုနာနတ္တသညာကို။ မနသိကရောန္တော-နှလုံးသွင်းသူသည်။ အသမာပန္နော-မဝင်စားသောပုဂ္ဂိုလ်သည်။ ဟောတိ-၏။ ဣတိ-ဤ သို့။ ဝေဒိတဗ္ဗံ-သိအပ်၏။

၃။ "တထာဂတော တေန သမန္တစက္ခု"၌ သမန္တစက္ခုမည်သော ဗုဒ္ဓဉာဏ် ၁၄-ပါးကို ရေး၍၊ သာဝကတို့နှင့် ဆက်ဆံသောဉာဏ်, မဆက်ဆံသော ဉာဏ်တို့ကိုလည်း သချာမှုပြပါ။ (ပါ - ၂၂၇)

http://www.dhammadownload.com



အဖြေ။ ဗုဒ္ဓဉာဏ် ၁၄-ပါး

ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ။ ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ ဉာဏံ။ အတ္ထပဋိသမ္ဘိဒါဉာဏ် ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ ပဋိဘာနပဋိသမ္ဘိဒါ ဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ သတ္တာနံ အာသယာနုသယဉာဏ်၊ ယမကပါဋိဟာရိယဉာဏ်၊ မဟာကရုဏာသမာပတ် ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ် ပေါင်း ၁၄-ပါး တို့တည်း။

သာဝကနှင့်ဆက်ဆံသောဉာဏ်သည် ရှစ်ပါး၊ သာဝကနှင့် မဆက်ဆံသောဉာဏ်သည် ခြောက်ပါးတို့တည်း။

၄။ အောက်ပါ အနုပဿနာတို့ကို ပွါးများသဖြင့် ရရှိနိုင်သော ပညာတို့ကို ဖေါ်ပြ၍၊ ဒိဋ္ဌိကထာလာ ဒိဋ္ဌိအကြောင်း ၈-ပါးကိုလည်း ရေးပါ။

(က) အနတ္တာနုပဿနာ။ (ခ) နိရောဓာနုပဿနာ။(ပါ - ၁၃၂၊ ၃၆၇)

အဖြေ။ (က) မဟာပညာကို ရ၏။

(ခ) ဂမ္ဘီရပညာရ၏။

ဒိဋ္ဌိအကြောင်း(ဒိဋ္ဌိဋ္ဌာန) ၈-ပါး။

ခန္ဓာ၊ အဝိဇ္ဇာ၊ ဖဿ၊ သညာ၊ ဝိတက္က၊ အယောနိသောမနသိကာရ၊ ပါပမိတ္တ၊ ပရတောဃောသ။

၅။ "ကာယေ"၌ ကာယ-အရကို အကြောင်းနှင့်တကွ ဖေါ်ပြ၍၊ "ကာယေ"ဟုဟောပြီး ဖြစ်ပါလျက် "ကာယာနုပဿီ" ဟု ကာယ-သဒ္ဒါ ထပ်၍ ဟောရခြင်းအကျိုးကိုလည်း ရေးပါ။ (၌ - ၁၊ ၁၆၁-၁၆၂)

အဖြေ။ ကာယေ-၌ ကာယ အရကား။ ရူပကာယ-ကို ရ၏။

ရူပကာယကို အင်္ဂါကြီးငယ်တို့၏ လည်းကောင်း ဆံအစရှိသော ကောဋ္ဌာသ-ဟုဆိုကုန်သော ဘူတရုပ် ဥပါဒါရုပ်တရားတို့၏ လည်းကောင်း အပေါင်း၏အဖြစ်ဟူသောအနက်ကြောင့် ဆင်

http://www.dhammadownload.com



အပေါင်း ရထားအပေါင်း အစရှိသည်တို့ကဲ့သို့ ကာယ-ဟူ၍ အလိုရှိအပ်၏။

ဝေဒနာအစရှိသည်တို့နှင့် မရောသည်၏ အဖြစ်အားဖြင့် ပိုင်းခြားမှတ်သားခြင်း တခဲနက်ကို အသီးသီးခွဲခြားဝေဖန်ခြင်းအစရှိသည်ကို ပြခြင်းအကျိုးငှာ ဒုတိယကာယသဒ္ဒါကို ထပ်ဆိုရပါသည်။

၆။ (က) ပကာသနနိဒ္ဒေသ-၌ လောကီတရားကိုသာ ဟောရကြောင်းနှင့် (ခ) ကာမစ္ဆန္ဒ၏ နာနတ္တဖြစ်ရကြောင်း (ဂ) နေက္ခမ္မ၏ ဧကတ္တ ဖြစ်ရကြောင်းတို့ကို အသီးသီး ရေးပါ။ (ဌ - ၁၊ ၂၉၃)

အဖြေ။ (က) အနိစ္စ စသည်တို့၏အစွမ်းဖြင့် ထင်ရှားပြခြင်းငှာ အားထုတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ လောကုတ္တရာတို့သည်လည်း သုံးသပ်ခြင်းသို့မကပ်ရောက်သည်၏ အဖြစ်ကြောင့်လည်းကောင်း ပကာသနနိဒ္ဒေသ-၌ လောကီ တရားတို့ကိုသာ ဟော၏။

(ခ) ကာမစ္ဆန္ဒသည် အမြဲမတည်သည်၏အဖြစ်ကြောင့် လည်းကောင်း တုန်လှုပ်ခြင်းနှင့်တကွ ဖြစ်သည်၏အဖြစ်ကြောင့် လည်းကောင်း အထူးအထူးသော သဘော+နာနတ္တဖြစ်ရ၏။

(ဂ) နေက္ခမ္မသည် အမြဲတည်သည်၏ အဖြစ်ကြောင့်လည်းကောင်း တုန်လှုပ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်လည်ကောင်း တစ်ခုတည်းသောသဘော+ဧကတ္တ-ဖြစ်ရ၏။

၇။ "ဝိသေသမဓိဂစ္ဆတိ"၌ ဝိသေသ-အရကို အကြောင်းနှင့်တကွ ရေး၍၊ အပ္ပနာ၏ အတွင်း၌ သုဘ-ဟု နှလုံးသွင်းမှုမရှိဘဲလျက် "သုဘန္တွေဝ အဓိမုတ္တော"ဟု ဟောရခြင်းအကြောင်းကိုလည်း ရေးပါ။ (ဌ - ၂၊ ၇၈၊ ၁၅၀)

အဖြေ။ ဝိသေသမဓိဂစ္ဆတိ-၌ ဝိသေသ-အရကား

သံယောဇဉ်ကို ဖယ်ရှားမှုပြုသောမဂ် ရ၏။ မဂ်ကို သမထဝိပ

http://www.dhammadownload.com



သညာတို့၏ အကျိုးအာနိသင်ဖြစ်သောကြောင့် **ဝိသေသ**ဟုဆိုအပ်၏။

အပ္ပနာ၏အတွင်း၌ သုဘ-ဟုနှလုံးသွင်းမှု မရှိပါသော်လည်း ရွံရှာဖွယ် စက်ဆုပ်ဖွယ်မဟုတ်သော အခြင်းအရာ အားဖြင့် သတ္တဝါအာရုံသို့ ဖြန့်လျက်နေသော ပုဂ္ဂိုလ်သည် **'သုဘ'** ဟူ၍ သာလျှင် နှလုံးသွင်းသောကြောင့် **"သုဘန္တေဝ အဓိမုတ္တော"** ဟုဟောရ ပါသည်။

**၈။** သမယဝိမောက္ခ-အရ တရားတို့ကို အကြောင်းနှင့်တကွ အသီးသီး ဖော်ပြ၍ **"နာနတ္တဝိမောက္ခ"** မည်ခြင်းအကြောင်းကိုလည်းရေးပါ။

(၄ - ၂၊ ၁၅၇)

အဖြေ။ 'ရူပီ ရူပါနိ ပဿတိ' အစရှိကုန်သော ခုနစ်ပါးသော ဝိမောက္ခတို့သည် ဆန့်ကျင့်ဘက်တရားတို့မှ ကောင်းစွာ လွတ်မြောက်သော အနက်ကြောင့်လည်းကောင်း အာရုံ၌ အလွန်မွေ့လျော်ခြင်း၏အစွမ်းဖြင့် ကောင်းစွာသက်ဝင်ခြင်းဟူသော အနက်ကြောင့် **ဝိမောက္ခ** မည်ကုန်၏။

နိရောဓသမာပတ်သည်ကား စိတ်စေတသိက်တို့မှလွတ်မြောက်သောအနက်ကြောင့် **ဝိမောက္ခ** မည်၏။

သမာ ပတ်ကို ဝင်စားသော သမယ၌ (ဝိမုတ္တ) လွတ်မြောက်သည် ဖြစ်၏။ သမာပတ်မှထသောအခါသမယ၌ မလွတ်မြောက် (အဝိမုတ္တ) သည် ဖြစ်၏။ ထို့ကြောင့် **သမယဝိ မောက္ခ** မည်၏။

အာရုံထူးခြားကွဲပြားသည်၏ အဖြစ်ကြောင့်လည်းကောင်း အကျိုးဝိပါက် ထူးခြားကွဲပြားသည်၏ ဖြစ်ကြောင့်လည်းကောင်း **နာနတ္တဝိမောက္ခ** မည်၏။

http://www.dhammadownload.com



**၉။** **ကေစွာန် ဝိနိပါတိကာန်-၌ ဝိနိပါတိက တန်ခိုးရှင် ၄-ဦးတို့၏အမည်ကို ရေး၍၊ ဓနဥ္စယသူဌေး၏ တန်ခိုးစွမ်းအင်ကိုလည်း ဖော်ပြပါ။**
(၄ - ၂၊ ၂၉၁/၃၀၁)

အဖြေ။ ကေစွာန် ဝိနိပါတိကာန်၌ **ဝိနိပါတိက တန်ခိုးရှင် ၄-ဦး** ပိယင်္ကရမာတာ၊ ပုနဗ္ဗသုမာတာ၊ ဖုဿမိတ္တာ၊ ဓမ္မဂုတ္တာ၊ တို့တည်း။

သူတို့သည် ချမ်းသာသော ကိုယ်အပေါင်းမှ ဖောက်ပြန်၍ကျသည်၏အဖြစ်ကြောင့် ဝိနိပါတိက ဝိမာနိက ပြိတ္တာဖြစ်ကုန်၏။

**ဓနဥ္စယသူဌေးသည်** ဦးခေါင်းနှင့်တကွ ရေချိုးပြီး၍ တစ်ထောင်သောအသပြာအိတ်ကို ယူ၍ "အသပြာတို့ဖြင့် အလိုရှိကုန်သောသူတို့သည် လာကြ" ဟုကြွေးကြော်စေ၍ လာကြသော လာကြသော သူတို့အား ခွက်အပြည့်ပေးကမ်း၏။ အသပြာအိတ်၌ အသပြာတစ်ထောင်သည် ရှိလျက်သားပင် ဖြစ်၏။

**၁၀။** **"ဝေါသဂ္ဂပရိဏာမိ"၌ ဝေါသဂ္ဂ-သရုပ်ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ "ဒွါဒသနိဿယာ"၌ ဒွါဒသ-သရုပ်ကိုလည်း အဋ္ဌကထာလာအတိုင်း ကျနစွာ ရေတွက်ပြပါ။**
(၄ - ၂၊ ၃၀၆/၃၀၈)

အဖြေ။ ဝေါသဂ္ဂ ပရိဏာမိ-၌ ဝေါသဂ္ဂ သရုပ်အဓိပ္ပါယ်

**ဝိပဿနာ** ခဏ၌ တဒင်္ဂအားဖြင့်၊ မဂ်ခဏ၌ သမုစ္ဆေဒအားဖြင့် ကိလေသာတို့ကို ပယ်စွန့်ခြင်းသည် **ပရိစ္စာဂဝေါသဂ္ဂ** မည်၏။

ဝိပဿနာခဏ၌ ထိုနိဗ္ဗာန်သို့ ညွတ်သည်၏အဖြစ်ဖြင့် လည်းကောင်း မဂ်ခဏ၌ အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ သက်ဝင်ခြင်း ပြေးဝင်ခြင်းသည် **ပက္ခန္ဒနဝေါသဂ္ဂ** မည်၏။

ဒွါဒသနိဿယာ-၌ ဒွါဒသ သရုပ်. . . ဆန္ဒ သဒ္ဓါ စိတ်တို့သည် ပင်လျှင် ဝိဝေက၊ ဝိရာဂ၊ နိရောဓ၊ ဝေါသဂ္ဂ၊ လေးပါးတို့တွင် တစ်ပါး တစ်ပါး၌ သုံးပါးသုံးပါးပြု၍ တစ်ဆယ့်နှစ်ပါးသော နိဿယတို့ ဖြစ်ကုန်၏။

http://www.dhammadownload.com



## ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာဂုဏ်ထူး ၁၃၆၂-ခုနှစ်၊

၁။ အောက်ပါ ဂါထာကို မှန်ကန်စွာ အနက်ယောဇနာပါ။

ကုသလော တီသု အနုပဿနာသု၊ စတဿော စ ဝိပဿနာသု။

တယော ဥပဋ္ဌာနေ ကုသလတာ၊ နာနာဒိဋ္ဌိသု န ကမ္ပတိ။

အဖြေ။ တီသု-သုံးပါးကုန်သော။ အနုပဿနာသု-တို့၌။ ကုသလော-လိမ်မာသောယောဂီပုဂ္ဂိုလ်တို့သည်။ စတဿော+စတူသု-လေးပါးကုန်သော။ ဝိပဿနာသုစ-ဝိပဿနာတို့၌လည်းကောင်း။ တယော ဥပဋ္ဌာနေစ-ခယ, ဝယ, သုည အားဖြင့်သုံးပါးသော ထင်ခြင်း၌ လည်းကောင်း။ ကုသလတာ+ကုသလတာယ-လိမ်မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု-အထူးထူးသော အယူဝါဒတို့၌။ ဝါ-တို့ကြောင့်။ နကမ္ပတိ-မတုန်လှုပ်။

၂။ အောက်ပါ ဂါထာကို မှန်ကန်စွာ အနက်ယောဇနာပါ။

ဧကံ န ဧကတော ဣဓ၊ နာနေကမနေကတောပိ နော ဧကံ။

ဖလမတ္ထိ အတ္ထိ ပန ဧက-ဟေတုဖလဒီပနေ အတ္ထော။(၃ - ၁၊ ၃၁၈)

အဖြေ။ ဣဓ-ဤပဋ္ဌိစ္စသမုပ္ပါဒ်၌။ ဧကတော-တစ်ခုသောအကြောင်းကြောင့်(ပဝတ္တံ-ဖြစ်သော) ဧကံ-တစ်ပါးသော။ ဖလံအကျိုးသည် န အတ္ထိ-မရှိ။ အနေကံ-များစွာသော။ ဖလံ-အကျိုးသည်။ န အတ္ထိ-မရှိ။ အနေကတောပိ-များစွာသော အကြောင်းကြောင့်လည်း။ ပဝတ္တံ-ဖြစ်သော။ ဖလံ-သည်။ နော အတ္ထိ-မရှိ။ ပန တထာပိ-ထိုသို့မရှိသော်လည်း။ ဧကဟေတုဖလဒီပနေ-တစ်ခုတစ်ခုသောအကြောင်း၏ အကျိုးကို ပြရာ၌။ အတ္ထော-အကျိုးသည်။ အတ္ထိ-ရှိ၏။

http://www.dhammadownload.com



**၃။** အဋ္ဌဒိဋ္ဌိဋ္ဌာနာနိ-၌ အဋ္ဌ-သရုပ်ကို အစဉ်တကျ ရေတွက်ပြပါ။
(ပါ - ၁၃၂)

အဖြေ။ အဋ္ဌဒိဋ္ဌိဋ္ဌာနာနိ-၌ အဋ္ဌ-သရုပ်
ခန္ဓာ၊ အဝိဇ္ဇာ၊ ဖဿ၊ သညာ၊ ဝိတက္က၊ အယောနိသော မနသိကာရ၊ ပါပမိတ္တ၊ ပရတောဃောသ ဒိဋ္ဌိဋ္ဌာန။

**၄။** သုသမံ-၌ သမ-အရ, သုသမ-အရကို ဖြေဆို၍ "ဗုဒ္ဓ"ဘွဲ့တော်နှင့် ထိုက်တန်သောပုဂ္ဂိုလ်၏ အင်္ဂါရပ်တို့ကိုလည်း ဖော်ပြပါ။
(ပါ - ၁၇၁-၁၇၂)

အဖြေ။ သုသမံ-၌ **သမ-အရကား. . .** အထွတ်သို့ရောက်သော ဘာဝနာ အထူး၌ ဖြစ်ကုန်သော အပြစ်ကင်းစင်သော ဗောဓိပက္ခိယ တရား ၃၇-ပါးတို့တည်း။

**သုသမအရကား. . .**

ထိုထို ဗောဓိပက္ခိယ တရားတို့၏ အာရုံဖြစ် သော ဆင်းရဲဒုက္ခ ငြိမ်းရာ နိဗ္ဗာန်တည်း။ **ဗုဒ္ဓ-ဘွဲ့တော်နှင့်ထိုက် တန်သောပုဂ္ဂိုလ်၏ အင်္ဂါရပ်. . .** ရှေး၌ မကြားခဲ့ဘူးကုန်သော တရားတို့၌ မိမိကိုယ် တိုင်ပင် ဆရာမရှိပဲ သစ္စာတရားတို့ကို ထိုးထွင်း၍ သိတော်မူ ခြင်း၊ ထိုသစ္စာတရား တို့၌ အကုန်အစင်သိသော သဗ္ဗညုတဉာဏ်သို့ရောက်ခြင်း။ ဘု ရားရှင်တို့၏ အားအစွမ်း (ဆယ်ပါး)တို့၌လည်း အစိုးရသည်၏ အဖြစ်သို့ရောက်ခြင်း တို့တည်း။

**၅။** အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သောပညာကို အဘယ့် ကြောင့် အဓိပညာဓမ္မဝိပဿနာ-ဟု ခေါ်ရသည်ကို အဋ္ဌကထာနှင့် အညီ ရှင်းပြပါ။
(ဋ္ဌ - ၁၉၇)

အဖြေ။ ဤသို့ သင်္ခါရတို့၏ ပျက်ခြင်း ဘင်ကို မြင်၍ မြင်၍ အနိစ္စစ သည်အားဖြင့် ရှုသောပုဂ္ဂိုလ်၏ သင်္ခါရတို့သည်သာလျှင်

http://www.dhammadownload.com



ပျက်စီးကုန်၏။ သင်္ခါရတို့၏ သေခြင်းသည် အခြားတစ်စုံတစ်ခု သည်မရှိဟု ဘင်္ဂ၏အစွမ်းဖြင့် ဆိတ်သုဉ်းခြင်းကို ယူ၍ ဖြစ်သောဝိပဿနာတည်း။ ထိုဝိပဿနာကို လွန်ကဲထူးမြတ်သော ပညာလည်းဟုတ်၏၊ သင်္ခါရတရားတို့၌ ရှုသည်လည်းဟုတ်၏ ဟုပြု၍ **အဓိပညာ ဓမ္မဝိပဿနာ** ဟုဆို၏။

**၆။** **သေသောပုဂ္ဂိုလ်နှင့် နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်တို့၏ထူးခြားချက်ကို ဖော်ပြပြီး ဒိဗ္ဗစက္ခုဉာဏ်သည် ပုထုဇဉ်များအဖို့ အန္တရာယ်ဖြစ်စေတတ်ပုံကိုလည်း ဖြေဆိုပါ။** (၄ - ၁၊ ၂၈၉-၃၃၆)

အဖြေ။ သေသူသည် ကာယ, ဝစီ, စိတ္တသင်္ခါရ သုံးပါးတို့သည် ချုပ်ငြိမ်းကုန်၏။ အသက်ဇီဝိတ ကုန်၏။ ကမ္မဇတေဇော ကိုယ်ငွေ့ငြိမ်း၏။ စက္ခုစသောဣန္ဒြေတို့သည် ပျက်စီးကုန်၏။

**နိရောဓသမာပတ်ဝင်စားသူ**သည် ကာယ, ဝစီ, စိတ္တ သင်္ခါရသုံးပါးတို့သည် ချုပ်ငြိမ်းကုန်၏။ အသက်ဇီဝိတ-မကုန်၊ ကမ္မဇတေဇောကိုယ်ငွေ့ မငြိမ်း၊ စက္ခုစသောဣန္ဒြေတို့သည် မပျက်စီးကုန်။ ဤသို့ ထူးခြားပါသည်။

**ဒိဗ္ဗစက္ခု ဉာဏ်သည် ပုထုဇဉ်များအဖို့ အန္တရာယ်ဖြစ်စေပုံ. . .** ပုထု ဇဉ်ပုဂ္ဂိုလ်သည် "အကြင်အရပ်၌ အကြင်အရပ်၌ အာလောက+အလင်းရောင်သည် ဖြစ်စေ" ဟု အဓိဋ္ဌာန်ပြု၏။ ထိုထိုအရပ်သို့ မြေကြီး၊ ပင်လယ်၊ တောင်တို့ကို ဖောက်ထွင်း၍လည်း တစ်ခုတည်းသော အလင်းရောင်သည် ဖြစ်၏။ ထိုအခါ၌ ထိုပုထုဇဉ် ပုဂ္ဂိုလ်သည် ထိုမြေကြီးစသော အရပ်၌ ကြောက်ဖွယ်ဖြစ်ကုန်သော ဘီလူးရက္ခိုသ်စသော အဆင်းတို့သည် မြင်ရသော် ကြောက်ခြင်းသည် ဖြစ်၏။ ထိုသို့ကြောက်သဖြင့် စိတ်၏ပျံ့လွင့်ခြင်းသို့ ရောက၍ ဈာန်လျော၏။

http://www.dhammadownload.com



၇။ "ကမ္မဿကာ မာဏဝ သတ္တာ-သတ္တဝါတို့သည် ကံဟူသော ကိုယ်ပိုင်ဥစ္စာရှိကုန်၏" ဟူသော စကားနှင့် "အဿကော လောကော- သတ္တလောကသည် ကိုယ်ပိုင်ဥစ္စာ မရှိ" ဟူသော စကားကို မဆန့်ကျင်အောင် ရှင်းပြ၍ ဝိရာဂါနုပဿီ-၌ ဝိရာဂသရုပ် ကို တရားကိုယ်နှင့်တကွ ဖြေဆိုပါ။ (၄ - ၂၊ ၁၅-၁၀၂)

အဖြေ။ ကုသိုလ်ကံ, အကုသိုလ်ကံကို မစွန့်မပယ်မူ၍ သွားအပ်သည်ကို ရည်ရွယ်၍ '**ကမ္မဿကာ**' ဟု ဆို၏။ မိမိဥစ္စာဟုမှတ်ထင်အပ်သောအလုံးစုံကို ပယ်စွန့်၍ သွားအပ်သည်ကို ရည်ရွယ်၍ "**အဿကော**"ဟုဆို၏။ ထို့ကြောင့် ထိုစကားနှစ်ရပ်သည် မဆန့်ကျင်။

ဝိရာဂါနုပဿီ-၌ ဝိရာဂ သရုပ်

သင်္ခါရတို့၏ ခဏဘင်သည် **ခယဝိရာဂ**။

နိဗ္ဗာန်သည် **အစ္စန္တဝိ ရာဂ**။

၈။ မေတ္တာဘာဝနာပွားများပုံကို ပြဆိုရာ၌ ပါဏာ၊ ဘူတာ စသော ငါးပုဒ်တို့ အနက်ကွဲပြားမှု ရှိ/မရှိ အကြောင်းပြ ဆုံးဖြတ်ပြီး မေတ္တာ၏အာကာရ ၈-ပါးတွင် နောက်ဆုံး ၃-ပါးကိုသာ ရေးသားပါ။ (၄ -၂၊ ၂၀၉) (၂၁၁၊ ပါ - ၃၁၅)

အဖြေ။ ပါဏ, ဘူတစသော ပုဒ်တို့သည် ရုဠီ၏အစွမ်းဖြင့် တင်စား၍ သဗ္ဗသတ္တပုဒ်၏ ဝေဝစ်ပရိယာယ်ပုဒ်တို့ ဖြစ်ကုန်၏။ **အနက်ကွဲပြားမှု မရှိ-ဟု မှတ်အပ်၏**။ အကြင်ပုဂ္ဂိုလ်သည် သတ္တာ, ပါဏာ စသော ငါးပုဒ်တို့၏ သဒ္ဒါမျှသာ ကွဲပြားသည် သက်သက်ကို မယူပဲ အနက်အားဖြင့်လည်း ကွဲပြားသည်သာကို အလိုရှိကုန်အံ့။ ထိုပုဂ္ဂိုလ်၏ အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်ခြင်းသည် ဆန့်ကျင်၏။ ထို့ကြောင့် ထိုသို့သောအာဖြင့် အနက်အဓိပ္ပါယ်ကို မယူမူ၍ ဤငါးပါးကုန်သော အခြင်းအရာတို့တွင် တစ်စုံတစ်ခု၏အစွမ်းဖြင့် အပိုင်းအခြားမရှိသော မေတ္တာဖြင့် ဖြန့်၏။

http://www.dhammadownload.com



မေတ္တာ၏အာကာရ ၈-ပါးတွင် နောက်ဆုံး ၃-ပါး။
(သဗ္ဗေသတ္တာ) အဝေရိနော ဟောန္တု, မာဝေရိနော၊ သုခိနော ဟောန္တု, မာ ဒုက္ခိနော၊ သုခိတတ္တာ ဟောန္တု, မာ ဒုက္ခိတတ္တာ။

၉။ ဘုရားရှင်ကို“အနောမ ပညော” ဟုခေါ်ဆိုရခြင်းအကြောင်း အသီးသီးကို ဖော်ပြ၍ (က)အနုပ္ပန္နဿ မဂ္ဂဿ ဥပ္ပါဒေတာ (ခ) အသဉ္ဇာတဿ မဂ္ဂဿ သဉ္ဇနေတာ- ဟူ၍ မဂ္ဂဿ-အရကိုလည်း ဖြေဆိုပါ။
(၄ - ၂၊ ၂၅၃-၂၅၄)

အဖြေ။ ပညာခြေဥစ္စာ ပေါကြွယ်ဝသောကြောင့် ဘုရားရှင်ကို **အနောမ** ဟု ခေါ်ဆို၏။ ချီးမွမ်းထိုက်သော ပညာခြေရှိသောကြောင့်လည်းကောင်း အမြဲယှဉ်သော ပညာခြေရှိသောကြောင့်လည်းကောင်း အလွန်အကဲဖြစ်သော ပညာခြေ ရှိသောကြောင့်လည်းကောင်း ဘုရားရှင်ကို **ပညော**-ဟု ခေါ်ဆို၏။
(က) မိမိဘုရားရှင် သန္တာန် ၌မဖြစ်ဘူးသော သာဝကတို့နှင့် မဆက်ဆံသော အသာဓာရဏဉာဏ်ခြောက်ပါး၏ အကြောင်းဖြစ်သော အရိယမဂ်။
(ခ) ဝေနေယျသန္တာန်၌ ရှေး၌မဖြစ်ဘူးသော သာဝကပါရမီဉာဏ်၏ အကြောင်းဖြစ်သော အရိယမဂ်။

၁၀။ သတိပဋ္ဌာန်ဒေသနာတော်ကို ၄-ပါးသာ ဟောခြင်းအကြောင်းတို့ကို အကျဉ်းအားဖြင့် ပြည့်စုံအောင် ဖြေဆိုပြီး အဘယ်ကြောင့် အဘယ်တရားကို“အနုလောမိကခန္တိ” ဟု ခေါ်ဆိုရသည်ကိုလည်း ဖြေဆိုပါ။
(၄ - ၂၊၃၁၃-၃၁၅)

အဖြေ။ ဝေနေယျ သတ္တဝါတို့၏ အကျိုးစီးပွားဖြစ်သောကြောင့် **သတိပဋ္ဌာန်လေးပါးကိုသာ** ဟောရပါသည်။ သုဘ, သုခ, နိစ္စ, အတ္တ ဝိပလ္လာသတို့ကို ပယ်ခြင်းအကျိုးငှါလည်းကောင်း ဩဃ ယောဂ အာသဝ ဂန္ထ ဥပါဒါန် အဂတိတို့ကို ပယ်ခြင်းငှါလည်းကောင်း **သတိပဋ္ဌာန် ၄-ပါးကိုသာ** ဟောရပါသည်။

http://www.dhammadownload.com



ဝိပဿနာဉာဏ်ကို လောကုတ္တရာမဂ်သို့ အစဉ်အားဖြင့် လျှောက်ပတ်သောကြောင့်လည်းကောင်း အလုံးစုံကုန်သော သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် ခံ့ကျန်းနှစ်သက်သော ကြောင့်လည်းကောင်း **အနုလောမိကခန္တီ**-ဟုခေါ် ဆိုရသည်။

❊ ❊ ❊ ❊